
အမရပူရမြို့

မဟာဂန္ဓာရုံဆရာတော်

အရှင်ဓနကာဘိဝံသ

၏

တာဘဝအလုပ်အနှစ်ချုပ်



သာသနာ–၂၅၂၈။ ကောဇာ–၁၃၄၆။ ခရစ်–၁၉၀၄။

ပရိယတ်ပဋိပတ်ဖြင့်သာ

ကျေးဇူးရှင် ဆရာတော်သည် စာရေးစာချ ပရိယတ်တို့အလုပ်များဖြင့်လည်းကောင်း၊ သာသနာ့ ကျက်သရေဆောင် တပည့်များ ဖြစ်ပေါ်လာအောင် စီမံအုပ်ချုပ်ဘော်မူခြင်းဖြင့်လည်းကောင်း တသက်တာပတ်လုံး သီတင်းသုံးနေတော်မူသည်၊ ရေအိုးစင်များမှအစ ဝိနည်းနှင့်လည်းကောင်း၊ ကျန်းမာရေးနှင့်လည်းကောင်း ညီညွတ်အောင် စီမံသုံးဆောင်တော်မူသည်၊ တပည့်ဒကာ,ဒကာမတို့ကိုလည်းညွှန်ကြားအုပ်ချုပ်တော်မူသည်၊ ပွဲကြီးလမ်းကြီး, အလှူကြီးအတန်းကြီးများသို့လိုက်၍ အချိန် ဖြုန်းတော်မမူ၊ ကြီးကျယ်ခမ်းနား, ဆန်းပြားသော အသုံးအဆောင်တို့ကို သုံးစွဲကာ ဟိတ်ထုတ်တော်မမူ၊ လာသမျှဒကာ, ဒကာမ စသူတို့နှင့် အကျိုးမဲ့ ပရိယတ်, ပဋိပတ် အလုပ်များ အပျက်ခံ၍ စကားပြောနေတော်မမူပေ။

အမရပူရမြို့

မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ

၏

တရားတရောပါအနုစိန်ချုပ်

* ရိုသေစွာ စည်းကမ်းရှိရှိ ကိုင်တွယ်ပါ။
* ငှားရမ်းဖတ်ရှုပြီးလျှင် အမှတ်တရ ပြန်ပို့ပါ။

အရှင်ပဏ္ဍိတာဘိဝံသ နှင့် သိရီဇနပွတိ

(အနုနာယက, စာချုပ်ဆောင်)

ရေးသားပြုစုကြသည်

သာသနာ–၂၅၂၀။ ကျော်ဇော–၁၃၄၆။ ခရစ်–၁၉၀၄။

တဘဝ–က

* ရှိသေစွာ စည်းကမ်းရှိရှိ ကိုင်တွယ်ပါ။
* ငှားရမ်းဖတ်ရှုပြီးလျှင် အမှတ်တရ ပြန်ပို့ပါ။

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
ရေးပြခန်း		
နိဒါန်း	....	၈
ပညာရေးမြှင့်တင်	....	၁
မြှင့်တင်တော်မူပုံမှာ	....	၁
ရေးပြ	....	၂
ကျမ်းစာရေးနည်း	....	၂
ဝန်ဆောင်ရွေး	....	၃
ဆရာတော်စာရေးပုံမှာ	....	၃
အမှတ်အသား	....	၄
ဆူပူရယ်မော	....	၅
အပန်းဖြေ	....	၆
စာဖတ်ပြ	....	၆
စာလိုက်ပရိသတ်	....	၇
ဉာဏ်ထက်မြက်	....	၈
ကျက်သရေဆောင်	....	၈
အရွတ်အဖတ်	....	၉
ယိမ်းကသလို	....	၉
လေယူလေသိမ်း	....	၁၀
ယောမင်းကြီးသီချင်း	....	၁၁

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့် အမှတ် ( )

မျက်နှာဖုံးခွင့်ပြုချက် အမှတ် ( )

——

ပထမ-အကြိမ်

——

အုပ်ရေ-၃၀၀၀

——

၁၉၈၄-ခုနှစ်

——

ဇွန်လ

——

မျက်နှာဖုံးပန်းချီ-စံတိုး

——

ဘလောက်-နယူးဘားမား

——

အဖုံး-လှပို

——

စာအုပ်ချုပ်-အေးမိသားစု

——

၀မ္မဒါန

ဦးလှိုင်၊ကင်းလွတ်ခွင့် မှတ်ပုံတင်အမှတ် (၁၁၅)၊ အမှတ် (၂၁)
၁၆၂-လမ်း၊တာမွေ ရန်ကုန်မြို့က ထုတ်ဝေ၍။
ဦးခင်လှ (၀၂၉၀၅) လှုပိုပုံနှိပ်တိုက်၊ ၉၁ (က)
ဦးဖိုးစိန်လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

အကြောင်းအရာ		စာမျက်နှာ
နေနည်းထိုင်နည်း	....	၁၃
စာတက်လာပုံ	....	၁၂
စာပေအခက်အခဲ	....	၁၂
သုံးနှစ်ခန့်ကြိုးစား	....	၁၃
ပင်မလုပ်ငန်း	....	၁၄
အရည်အချင်း	....	၁၅
ငါးကျိပ်နှစ်ပါး	....	၁၆
ပြင်ဆင်ပုံနှိပ်	....	၂၆
ဆုံကျိန်း	....	၂၇
သောခက	...	၂၀
ရေးပြ	...	၂၉
ယောကျ်ားမြတ်	....	၃၀
ဗိုလ်ငါးပါး	....	၃၀
သာဆနာစောင့်ရှောက်	....	၃၁

ဒုတိယပိုင်း

မဟာဂန္ဓာရုံကျောင်းတိုက်၌		
ကျေးဇူးရှင် ဆရာတော်၏ ပညာရေးစနစ်	...	၃၂
ပညာရေးမူ	....	၃၂
မူလတန်း (ပထမ ၆-လပတ်)	....	၃၃
ပထမတန်း (ရှေပိုင်း) (ဒုတိယ ၆-လပတ်)	....	၃၅
ပထမတန်း (နောက်ပိုင်း) (တတိယ ၆-လပတ်)	...	၃၇

အကြောင်းအရာ		စာမျက်နှာ
ပထမဆင့် (စတုတ္ထ ၆-လပတ်)	....	၃၈
ဒုတိယဆင့် (ပဉ္စမ ၆-လပတ်)	....	၃၈
တတိယဆင့် (ဆဋ္ဌ ၆-လပတ်)	...	၃၈
ဆရာတော်စာဝါ	....	၃၉
အာဘိဓမ္မာ	....	၃၉
စာမေးပွဲ	....	၄၀
စာချစဉ်ငါးက်	....	၄၁
စာသင်ငယ်တပါး	....	၄၁
စာချနည်း	....	၄၂
လွဲပြောင်းပေး	....	၄၃
စာဝါနှစ်မျိုး	...	၄၃
စာကုန် စာပြော စာတတ်	....	၄၄
အဋ္ဌကထာအခြေပြု	....	၄၅
ဂဏဝါစကအဖွဲ့	....	၄၅
ပို့ချမည့်ဆရာနှင့် စာဝါအချိန်ပြဇယား	....	၄၆
ပုစ္ဆာစစ်ထုတ်ရန်ဆရာများ	....	၅၃
ပုစ္ဆာရိုက်အဖွဲ့	....	၅၄
ပုစ္ဆာကူးအဖွဲ့	....	၅၅
စာမေးပွဲဆိုင်ရာ စာရင်းစစ်ဆေးရေးပုဂ္ဂိုလ်များ		၅၅
စာစစ်လိုက်ရန် သတ်မှတ်ခြင်း	....	၅၆
ဂဏဝါစကအဖွဲ့မှ ဆုံးဖြတ်ချက်	....	၅၈

အကြောင်းအရာ		စာမျက်နှာ
ဂဏာဝါစက စာချဘုန်းကြီးမျှားစာရင်း	....	၅၉
အဖွဲ့ဥက္ကဋ္ဌ	....	၆၅
လေ့ကျင့်တန်းမြင့်	....	၆၆
အသုံးစရိတ်	....	၆၆
တာဝန်ကိုယ်စီ	....	၆၆
တာဝန်ခံ	....	၆၆
စာပြန်နည်း	....	၆၇
အသံကျယ်စာချ	....	၆၈
စာအော်သံ	....	၆၈
ဆိတ်ငြိမ်မှု	....	၆၉
ကိစ္စနှစ်ရပ်	....	၇၀
တိတ္ထိတ္ထသို	....	၇၀
သာမဏေစာပြန်ပွဲ	....	၇၁
စနစ်အကျိုး	....	၇၂
သာမဏေကျော်	....	၇၃
စာသင်စရိတ်	....	၇၄
ဆွမ်း, ဆွမ်းဟင်း	....	၇၅
စတုမဟာ	....	၇၅
အားပေးမှား	....	၇၅
ဘုရားလက်ထက်ဆွမ်း	....	၇၆
စုပေါင်းလှူ	....	၇၇

အကြောင်းအရာ		စာမျက်နှာ
ပြောပြခန်း		
အရှင်း	....	၇၉
ဂဏန်းသင်္ကေတ	....	၈၀
အရှင်းတက်ချိန်	....	၈၀
နေဝင်	....	၈၁
အချိန်ဇယား	....	၈၂
အရှင်းတုံး	....	၈၃
သွားနည်း, ဝင်နည်း	....	၈၃
သံဝေဂကဗျာ	....	၈၅
ဩဝါဒ	....	၈၅
ဩဝါဒစစ်	....	၈၆
အပြစ်စစ်ဆေး	....	၈၇
ဩဝါဒအပြန်	....	၈၈
မီးထွန်းစကားများ	....	၉၀
အလုပ်, အစား	....	၉၀
ဝက်သားတုံး	....	၉၁
ဝေစားမျစား	....	၉၁
ကုသိုလ်, အကုသိုလ်	....	၉၁
သားကလေးအသား	....	၉၂
ဗုဒ္ဓအကြံတော်	....	၉၂
သင့်တော်သောဟင်း	....	၉၃
သားကြီးငါးကြီး	....	၀၃

အကြောင်းအရာ		စာမျက်နှာ
နတ်များမကြိုက်	....	၉၄
ဆွမ်းကပ်စရိတ်	....	၉၅
သာသနအမွေ	---	၉၅
၂–ရက် ၃–ရက်ခွဲကပ်	....	၉၆
နတ်ပွဲတွင်း	....	၉၆
ကျေးဇူးများသူ	....	၉၆
သင်္ကန်းရုံ	....	၉၇
ဆွမ်းလောင်း	....	၉၇
ဆွမ်းစားခါနီး	....	၉၈
ဆွမ်းစားပုံ	....	၉၈
ဆွမ်းစားပြီးကျင့်ဝတ်	....	၉၉
သပိတ်ဆေး	....	၁၀၀
သေနာသနဝတ်	....	၁၀၀
အလုပ်တာဝန်	....	၁၀၁
အလုပ်တုံး	....	၁၀၁
စာရင်းဇယား	....	၁၀၂
သီတင်းကျွတ်လသာမကြေများ အလုပ်စာရင်း	....	၁၀၃
ဦးခြူးရှိန်ကုသိုလ်	....	၁၀၆
အချောင်သမား	....	၁၀၇
ပညာပေးဂါထာ	—	၁၀၇
အထူးအလုပ်ချိန်	....	၁၀၈

အကြောင်းအရာ		စာမျက်နှာ
အပင်း	....	၁၀၈
ဖဝေး	....	၁၀၈
မကြေးမုံ	....	၁၀၈
အချောင်မကြိုက်	....	၁၀၉
သင်္ကန်းအရောင်	....	၁၁၀
အဖိုးတန်သင်္ကန်း	....	၁၁၁
ကြာသင်္ကန်း	....	၁၁၂
ဖိနပ်	....	၁၁၂
ကထိန်	....	၁၁၃
ကထိန်မရ	....	၁၁၄
ကထိန်အကျိုး	....	၁၁၄
ပုံတော်မူခါနီးကထိန်	....	၁၁၇
သင်္ကန်းဝတ်နည်း	....	၁၁၈
ကထာသလ္လာပ သိက္ခာ	....	၁၂၇
ရှေးခေတ် သင်္ကန်းရမ်းနည်း	....	၁၃၀
သင်းပိုင်ရမ်း	....	၁၃၀
ခြုံထည်သင်္ကန်း	....	၁၃၁
လေလုံမြောင်းရှေ့	....	၁၃၁
နေထုတိုင်	—	၁၃၁
အဝဟာင်းသင်္ကန်း သုံးစွဲနည်း	....	၁၃၅
ကြမ်းတိုက် ဖုံသုတ်	—	၁၃၆

အကြောင်းအရာ		စာမျက်နှာ
သင်္ကန်းရုပ်, ခေါက်	....	၁၃၆
အဓိဋ္ဌာန် ဝိကပ္ပနာ	—	၁၃၈
ကပ္ပဝိန္ဒု	....	၁၃၉
တိစီဝရိတ်စောင်	....	၁၃၉
နိသီဒိန်	....	၁၄၀
ထီးသုံးစွဲနည်း	....	၁၄၀
ယပ်တောင်	....	၁၄၅
ခါးပန်းကြိုး နှစ်မျိုး	....	၁၄၅
ယခုခေတ် ခါးပန်းကြိုး	....	၁၄၅
ခါးပန်းသီး	....	၁၄၆
မှန်	....	၁၄၆
သူတော်စင်ဘဝ	....	၁၄၇
ဆပ်ပြာမွှေး	....	၁၄၈
လက်သည်းညှပ်	....	၁၄၈
ဆံပင်, နှာခေါင်းမွေး စသည်	....	၁၄၉
သကြား, ထန်းလျက် စသည်	....	၁၄၉
တုံးကြီးခေါက်	....	၁၅၀
အိပ်ဆုမှတ	....	၁၅၀
သဟဃေယျာ	....	၁၅၁
လူညှော့်သည်	....	၁၅၁
ဝန်ဆောင်များအား စောင့်ရှောက်	....	၁၅၁

အကြောင်းအရာ		စာမျက်နှာ
စာချုပ်နှုန်းကြီး မိဘ	....	၁၅၃
ကျောင်းတိုက် ပစ္စည်းများ	....	၁၅၃
ကပ္ပိယကုဋီ	....	၁၅၄
လက်ဖက်ရည်	....	၁၅၅
ဝတ္ထုငွေ	....	၁၅၅
မဂ္ဂင်း-စသည်	....	၁၅၆
ကော်ဇော	....	၁၅၆
တံပူနှင့် သွားတိုက်ဆေး	....	၁၅၆
ရေစစ်သောက်	....	၁၅၇
မူသုံးချက်	....	၁၅၈
သင်္ဃေးဆွမ်း	....	၁၆၂
ယသော်ဓရာ ဘိက္ခုနီ	....	၁၆၃
သရက်ဖျော်ရည်	....	၁၆၃
ဘုန်းကြီးဘဝ	....	၁၆၄
သာသနာ့မူ	....	၁၆၄
အချိန်မကြာ	....	၁၆၄
ရဟန်းခံ၌ ပြောပြတော်မူ	....	၁၆၅
ရှင်ပြု	....	၁၆၅
ကပ္ပဝိန္ဒုထိုး	....	၁၆၅
ရဟန်းခံရက်ချုပ်	....	၁၆၆
သာသနာသက္ကရာဇ် တွက်နည်း	....	၁၆၇

အကြောင်းအရာ		စာမျက်နှာ
ပရိနိဗ္ဗာန် စံချိန်	....	၁၆၇
ရဟန်းခံ အစီအစဉ်	....	၁၆၈
ဟတ္ထပါသိ	....	၁၆၉
ကမ္မဝါစာ ကိုင်ပုံ	....	၁၆၉
ရဟန်းလောင်း သံဃာမှထုတ်	....	၁၇၁
နာမည်မှည့်	....	၁၇၂
ပတ္တ ကလွံ မှီတ်ချက်	....	၁၇၂
ရဟန်းလောင်းထံသွား	....	၁၇၃
သွန်သင်	....	၁၇၄
အနာကြီး (၅)မျိုး	....	၁၇၄
လူ-စသည်	....	၁၇၄
ပြန်သွင်း	....	၁၇၅
ရဟန်းအဖြစ်တောင်း	....	၁၇၆
ဥလွန်မွတ် မှတ်ချက်	....	၁၇၈
ပုစ္ဆာ	....	၁၇၉
မေးစစ်	....	၁၇၉
အသက်နှစ်ဆယ် တွက်နည်း	—	၁၈၀
ဘုရားရှင် အလိုတော်ကျ	....	၁၈၁
မမြင်နိုင်တာမေး	....	၁၈၁
ကမ္မဝါစာဖတ်	....	၁၈၂
သုံးပါးတွဲဖတ်	....	၁၈၂

အကြောင်းအရာ		စာမျက်နှာ
ကမ္မဝါစာ ပီ, မပီ	....	၁၈၂
ပတ္တစီဝရံ	....	၁၈၃
ဒွနဲ့ ကမ္မဝါစာ	....	၁၈၃
အရိပ်တိုင်းနည်း	....	၁၈၄
အချိန်ပြောပြနည်း	....	၁၈၄
ရက်ချုပ်ပြောရမှိုး	....	၁၈၄
ပစ္စည်း၀	....	၁၈၅
မှီရာလေးပါး	....	၁၈၆
ဆွမ်းခံ	....	၁၈၆
ရှင်ဘုရင်သိ	....	၁၈၇
ကပ္ပိလ၀တ်သို့ကြွ	....	၁၈၈
နံနက်ဆွမ်းခံ	....	၁၈၈
ရှင်ဘုရင်ကြား	....	၁၈၈
ဗုဒ္ဓအန္တယ်	....	၁၈၉
ဆွမ်းခံစားပါ	....	၁၈၉
ဆွမ်းခံစားရကျိုး	....	၁၉၀
ပုံသကူသက်နှံ	....	၁၉၀
ကျောင်း	....	၁၉၁
ဆေး	....	၁၉၂
ပါရာဇိကလေးပါး	....	၁၉၂
ခွင့်ပေးခွင့်ယူ	....	၁၉၃

အကြောင်းအရာ		စာမျက်နှာ
အဓိဋ္ဌာန် စသည်	....	၁၉၃
ရဟန်းခံပြီးချိန်	....	၁၉၃
အချိန်မဖြုန်း	....	၁၉၄
တနေ့တာလုပ်ငန်း	....	၁၉၄
ဥပုသ်နေ့	....	၁၉၆
ပဋိပတ်ဝိနည်း	....	၂၀၂
ငါးပါးသီလ	....	၂၀၂
သီလအရေးကြီး	....	၂၀၂
သဒ္ဒေးဖြစ်ချင်	....	၂၀၃
တမူးရလို့ တပဲလူ	....	၂၀၃
လာဘ်ရလမ်းနှင့် နိဗ္ဗာန်လမ်း	....	၂၀၉
ကျက်သရေရှိစေခြင်း	....	၂၁၀
ဘုရားကျောင်းတိုက်	....	၂၁၀
သဒ္ဒေးသမီး မကျန်းမာ	....	၂၁၁
အရုဏ်တက် အစာစား	....	၂၁၂
ထန်းလျက်ရည်	....	၂၁၂
ခြုံထည်ကိုပတ်	....	၂၁၃
တံခါးပိတ်—ဖွင့်	....	၂၁၃
ဆေးကျောင်း	....	၂၁၄
ကော်ဖီ	....	၂၁၄
ဆန်ပြုတ်ဆွမ်း	....	၂၁၄

အကြောင်းအရာ		စာမျက်နှာ
ဆေးကျောင်းပြောင်း	....	၂၁၅
အနှောင့်အယှက်	....	၂၁၅
ကုဋီ ရေချိုးခန်း	....	၂၁၆
ပြင်ပဂိလာန	....	၂၁၆
ဆေးပေးချိန်	....	၂၁၆
ဂိလာန်များခြင်း	....	၂၁၆
ဂိလာနပြုစုသူ၏ တာဝန်	....	၂၁၇
စာချဘုန်းကြီးဖျား	....	၂၁၉
ဂိလာနုပဋ္ဌာကကျောင်း	....	၂၂၀
ဆေးကျောင်း	....	၂၂၀
ဆေးကျောင်းဟောင်း	....	၂၂၀
ဆေးကျောင်းတာဝန်	....	၂၂၀
ဆေးကျောင်းသုံးပစ္စည်း	....	၂၂၂
အထင်သေး	....	၂၂၂
သာယာအောင်ပြု	....	၂၂၂
ရေဆေး	....	၂၂၂
ရေဖျန်း	....	၂၂၃
ကြမ်းတိုက်	....	၂၂၃
အထူးသန့်ရှင်း	....	၂၂၃
ခွေးကျေး	....	၂၂၄
ဤကုဋိဦဠ်ကျင့်ဝတ်	....	၂၂၄

အကြောင်းအရာ		စာမျက်နှာ
တံထွေး,နှပ်	....	၂၂၅
မြေညှိ,သစ်ပင်သိ	....	၂၂၆
စေတီတော်	....	၂၂၆
မီး	....	၂၂၆
ပန်းအိုး	....	၂၂၇
ပန်းပင်	....	၂၂၇
ဘုရားပွဲ	....	၂၂၈
ဘုရားအာရုံပြု	....	၂၂၈
ရှုရှားပါရဂူ	....	၂၂၉
စုမေငြိုးဆောင်ရွက်	....	၂၂၉
တကိုယ်စီသန့်ရှင်းမှု	....	၂၂၉
ထန်းရွက်ကျောင်း	....	၂၃၀
ရင်ပေါင်တန်း	....	၂၃၂
ဆွမ်းခံသွား	....	၂၃၂
ဘုရားဝတ်တက်	....	၂၃၃
ဆွမ်းကြီးလောင်း	....	၂၃၃
အသုဘ	....	၂၃၄
ခရီးဝေးသွား	....	၂၃၅
ခရီးသွားစဉ်ဘုရားဝတ်တက်	....	၂၃၆
အနေအထိုင်	....	၂၃၇
အခင်းဖြင့်ထိုင်	....	၂၃၇

အကြောင်းအရာ		စာမျက်နှာ
ဘီလူး ၂-ယောက်	....	၂၃၇
အဝတ်ပတ်	....	၂၃၈
သံရိုက်	....	၂၃၈
ပြက္ခဒိန်	....	၂၃၈
ဘုရားပုံတော်	....	၂၃၈
လူနှင့်အတူထိုင်မှု	....	၂၃၉
အချင်းချင်းထိုင်မှု	....	၂၃၉
ခုတင်ပေါ်ထိုင်	....	၂၄၀
အစားအသောက်	....	၂၄၁
လက်,ပါးစပ်ဆေး	....	၂၄၁
သပိတ်ကိုင်	....	၂၄၂
သပိတ်ဆေး	....	၂၄၃
ဆွမ်းကပ်	....	၂၄၄
ကပ်ပို	....	၂၄၄
စတုမဟာစသည်	....	၂၄၅
သားကြီး,ငါးကြီး	....	၂၄၅
ပဋိလိကအစာ	....	၂၄၆
ဆွမ်းကြီးခံ	....	၂၄၆
ဘုရားပွဲ	....	၂၄၆
ကြွက်သေခန်း	....	၂၄၆
စကားများ	....	၂၄၇

အကြောင်းအရာ		စာမျက်နှာ
မုဒ္ဓါနုဿတိတရားတော်	....	၂၆၁
သမ္မတ္တိစက်တရားတော်	....	၂၆၁
ရတနသုတ်တရားတော်	....	၂၆၂
မေတ္တာသုတ်တရားတော်	....	၂၆၂
ခန္ဓသုတ်တရားတော်	....	၂၆၂
မောရသုတ်တရားတော်	....	၂၆၂
ဝဋ္ဋသုတ်တရားတော်	....	၂၆၂
ဓဇဂ္ဂသုတ်တရားတော်	....	၂၆၃
အာဠဝကဒ္ဓိယတရားတော်	....	၂၆၃
အင်္ဂုလိမာလသုတ် တရားတော်	....	၂၆၃
ဗောဇ္ဈင်္ဂသုတ်တရားတော်	....	၂၆၃
ပုဗ္ဗဏှသုတ်တရားတော်	....	၂၆၄
မဟာသမယသုတ်တရားတော်	....	၂၆၄
ဓမ္မစက္ကာသုတ်တရားတော်	....	၂၆၄
အနတ္တလက္ခဏာသုတ်တရားတော်	....	၂၆၄
ပဋ္ဌာန်းတရားတော်	....	၂၆၄
ဂန္ဓာရေစက်ချတရားတော်	....	၂၆၅
မြန်မာ့ရိုးရာ	....	၂၆၆
နိဗ္ဗာန်စေ့	....	၂၆၇
တဆင့်ဟောပြသောတပည့်	....	၂၆၈
တဆင့်ဟောသောဒကာများ	....	၂၆၈

အကြောင်းအရာ		စာမျက်နှာ
အပြောအဆို	....	၂၄၇
ကျောင်းလယ်၍စကားမပြောရ	....	၂၄၈
အပိုစကား	....	၂၄၈
မူလွတ်နေသူ	....	၂၄၉
မူသုံးချက်မှ ၁၀-ချက်အထိတိုး၍အုပ်ချုပ်	....	၂၅၁
ကျောင်းတိုက်နေလိုလျှင်	....	၂၅၂
ပြည့်စုံရမည့်အင်္ဂါ	....	၂၅၃
ဟောပြခန်း		
မန္တလေးမြို့ ဓမ္မဗိမာန်ဖွင့်ပွဲတရားတော်	....	၂၅၃
ရွှေကုန်သည်တရားတော်	....	၂၅၃
ပေါရိုသာဒတရားတော်	....	၂၅၈
သူတော်ကောင်းလက္ခဏာတရားတော်	....	၂၅၈
ခေမာဌေရိတရားတော်	—	၂၅၉
ရွှေဟင်္သာမင်းတရားတော်	....	၂၅၉
အသိဉာဏ်တိုးပွားရေးတရားတော်	....	၂၆၀
မရဏာဿတိတရားတော်	....	၂၆၀
ဦးကာက မွေးနေ့တရားတော်	....	၂၆၁
၅-ပါးသီလတရားတော်	....	၂၆၁
နိဗ္ဗာန်တရားတော်	....	၂၆၁
အနာဂတ်သာသနာရေး	....	၂၆၂
ဓမ္မာဒါသတရားတော်	....	၂၆၃

အကြောင်းအရာ	စာမျက်နှာ
သေပြခန်း	
သေရဲရမည်	၂၀၁
ကိုယ့်ကိုယ်ကိုစိတ်ချ	၂၀၁
ဆော၀ါပေါင်းစုံ	၂၀၂
သက်စောင့်	၂၀၂
ကြိုတင်ပြင်ဆင်	၂၀၄
ဆုမ်းခံသူး	၂၀၄
ကြိုတင်ပြင်ထား	၂၀၅
ရှင်လန်းတက်ကြွ	၂၀၅
စစ်ဗိုလ်နှစ်ယောက်	၂၀၆
တန်ဆောင်မုန်း,နတ်တော်	၂၀၆
ဆောင်ရွက်ချက်	၂၀၇
ရာသီဥတုဆိုး	၂၀၇
အအိပ်မခံ	၂၀၇
ပါထိုက စ၁၀၂	၂၀၀
စေတီခေါင်းပြု	၂၀၉
အာရုံကော၄်းဥစိတ်ထား	၂၉၁
ရွှမ်တော်ကြည်လင်	၂၉၂
နိဂုံး	၂၉၅

အကြောင်းအရာ	စာမျက်နှာ
နေပြခန်း	
ဆောင့်ရဲတင်းတိမ်	၂၆၉
ပရိယတ်, ပဋိပတ်	၂၆၉
ဘာ၀နာ	၂၇၀
စားရေး၀တ်ရေး	၂၇၀
တပါးတည်းနေ	၂၇၁
မြန်မာမုန့်	၂၇၁
သံဃာခွင့်ပန်	၂၇၂
ဖျော်ရည်	၂၇၃
ဝိရိယ	၂၇၃
ရွှပ်ပုံတော်	၂၇၃
စိတ်ဓာတ်	၂၇၄
ပါရမီ	၂၇၄
တရားအာရုံ	၂၇၅
ဇာတ်တော်များ	၂၇၆
အစဉ်အလာစိစစ်	၂၇၇
ကျောင်းနာမည်များ	၂၇၇
ကျောင်းဘုန်းကြီးများ	၂၇၈
နာယကများ	၂၇၈
အလုပ်ဖြင့်နေ	၂၇၉
ရွှပ်ရှင်ဇာတ်ပွဲစသည်	၂၇၉
အချိန်မဖြုန်း	၂၈၀

အကြောင်းအရာ	စာမျက်နှာ
နေပြခန်း	
ဆောင့်ရဲတင်းတိမ်	၂၆၉
ပရိယတ်, ပဋိပတ်	၂၆၉
ဘာ၀နာ	၂၇၀
စားရေး၀တ်ရေး	၂၇၀
တပါးတည်းနေ	၂၇၁
မြန်မာမုန့်	၂၇၁
သံဃာခွင့်ပန်	၂၇၂
ဖျော်ရည်	၂၇၃
ဝိရိယ	၂၇၃
ရွှပ်ပုံတော်	၂၇၃
စိတ်ဓာတ်	၂၇၄
ပါရမီ	၂၇၄
တရားအာရုံ	၂၇၅
ဇာတ်တော်များ	၂၇၆
အစဉ်အလာစိစစ်	၂၇၇
ကျောင်းနာမည်များ	၂၇၇
ကျောင်းဘုန်းကြီးများ	၂၇၈
နာယကများ	၂၇၈
အလုပ်ဖြင့်နေ	၂၇၉
ရွှပ်ရှင်ဇာတ်ပွဲစသည်	၂၇၉
အချိန်မဖြုန်း	၂၈၀

ဇာတ်ဝင်အလုပ် အနှစ်ချုပ်

သို့မဟုတ်

ဘဝကြေးမုံ

နိဒါန်း

ဆရာတော်ဦးဆောင်။ ။အမရပူရမြို့ မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီးသည် ကျေး ငှး တော်ရွှင် မဟာဂန္ဓာရုံ ဆရာတော် (အရှင်ဇနကာဘိဝံသ)၏ တည်ထောင်ဦးဆောင်မှုဖြင့် ပေါ်ပေါက်ခဲ့ပါသည်၊ **မှန်၏**-ဆရာတော်သည် ကျောင်းတိုက်ဝယ် **အ**ဆောက်အအုံများကို **စနစ်**တကျဆောက်မှုမှစ၍ သစ်ပင်သီ (စိုက်)မှုအထိ ကြောင့်ကြစိုက်၍ စီမံတော်မူ၏၊ တပည့်များ၏ **စား**ဝတ်နေရေး ကျန်းမာရေး ၌ကြောင့်ကြစိုက်၍ နေနည်းထိုင်နည်း စကားပြောနည်း တို့ကို ညွှန်ပြတော်မူကာ လွယ်ကူသော **စနစ်**ဖြင့် ပိဋကတ်ပညာကိုလည်း သင်ပေးပေ၏၊ ပဉ္စသိပ္ပံရဟန်းခံ စသော ကံကြီးကံငယ် **ကိစ္စ**များ၌လည်း ဦးစီးဆောင်ရွက်တော်မူ၏။

အပိုင်းခြောက်ပိုင်း။ ။ဆရာတော်၏ တသက်တာဝယ် (၁) ကျမ်းစာရေးသားတော်မူ၏။ (၂) ထိုကျမ်းစာများဖြင့် တပည့်များအား သင်ပြတော်မူ၏။ (၃) ဘုရားရှင်အလိုတော်အတိုင်း နေနည်းထိုင်နည်း စိတ်ထားနည်းများကို တပည့်များအား နေ့စဉ်နေ့စဉ် ပြောပြတော်မူ၏၊ (၄) ဗုဒ္ဓဘာသာဝင် ဒကာဒကာမများအား ဒါနပြုမှုမှစ၍ စနစ်တကျကုသိုလ်ပြုတတ်အောင် အခွင့်သင့်တိုင်း ဟောပြတော်မူ၏၊ (၅) မိမိကိုယ်တိုင် ဝိနည်းဖြင့်နေထိုင်၍ သုတ္တန် အဘိဓမ္မာ တရားတော်များဖြင့် စိတ်ကိုပြုပြင် ထိန်းသိမ်းပြီးလျှင် နေရာတိုင်းဝယ် သူတပါး အတုယူလောက်အောင် နေပြတော်မူ၏၊ (၆) မသေမီက အကောင်းဆုံးနေတော်မူသလိုပင် တရား ဘာဝနာဖြင့် အကောင်းဆုံးလည်း သေပြတော်မူ၏၊ ဤအပိုင်းခြောက်ပိုင်းကို မူတည်၍ ဤစာတမ်းကို ရေးပါသည်၊ ဤ**အ**ကြောင်း**အ**ရာများကို ရေးယင်းပင် တပည့်များအား ပုဂ္ဂိုလ်ကောင်းတယောက်ဖြစ်စေရန် မည်သို့စောင့်ရှောက် ထိန်းသိမ်း**ထား**သဖြင့် **စနစ်**ကျသော တပည့်ပရိသတ်ဖြစ်ပေါ်လာသည်ကို လည်းကောင်း၊ တပည့်များကလည်း **မည်**သို့ **ကောင်း**ကောင်း **မှန်**မှန် လိုက်နာကြသည်ကိုလည်းကောင်း ဤစာတမ်း၌ ဖော်ပြ**ထား**ပါသည်။

အခြေခံ။ ။မိမိတို့သည် ဆရာတော်၏ ဩဝါဒမဲ့ရရှိအပ်သော **အသိ**အလိမ္မာများ၊ ဆရာတော်ထံ စာတက်စဉ် ရရှိအပ်သော **အသိ** အလိမ္မာများ၊ ဆရာတော် ညွှန်ပြသည့် **အ**တိုင်း လက်တွေ့လိုက်နာခဲ့ရသော ကျောင်းတိုက် စည်းကမ်းများ၊ ဤ**အ**ချက်များကြောင့် ဤစာတမ်းကို ရေးနိုင်ခြင်း ဖြစ်ပါသည်။

ရည်ရွယ်ချက်။ ။သဒ္ဓါတရားရှိသောရဟန်းသာမဏေများနှင့် ဒကာ ဒကာမ များ၏ သာသနာတော်ကို ပြုစုစောင့်ရှောက်ထုံးဝယ် စစ်မှန်သောသဒ္ဓါနှင့် မှန်ကန်သော အသိဉာဏ်ရရှိရေးအတွက် ဤစာတမ်းက အထောက်အကူ ဖြစ်စေရန် ရည်ရွယ်ပါသည်။

အရှင်ပဏ္ဍိတာဘိဝံသနှင့် သိရိဇနပွတိ
(ဂဏဝါစက စာချုပ်ဆောင်များ)
မဟာဂန္ဓာရုံကျောင်းတိုက်
အမရပူရမြို့
၁၃၄၄-ခု၊ ဝါခေါင်လပြည့်ကျော် (၅) ရက်၊ ဗုဒ္ဓဟူးနေ့၊
(၈-၉-၈၂)

* ရှိသေစွာ စည်းကမ်းရှိရှိ ကိုင်တွယ်ပါ။
* ငှားရမ်းဖတ်ရှုပြီးလျှင် အမှတ်တရ ပြန်ပို့ပါ။

ကျေးဇူးတင်ကြောင်း မှတ်တမ်းလွှာ

ဤစာအုပ်ဖြစ်မြောက်ရန် စာမူအဆောချေ ရေးကူးပေးကြသော အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် အရှေ့ဥယျာဉ်မှ တပည့်များဖြစ်သူ အရှင်အာဒိစ္စဝံသ၊ အရှင်သုတမ္ဘရ၊ အရှင်တိလောက၊ အရှင်သေက။

နဝကမ္မ လှူဒါန်းကြသော မြိတ်မြို့ ဘုရားငါးဆူကျောင်းတိုက် (မဟာဂန္ဓာရုံတိုက်ခွဲ)၏ မာဃအဖွဲ့ဝင်များဖြစ်သူ– ဦးဆင်ကျန်-ဒေါ်ကြီးဝေ မိသားစု နောက်လယ်ရပ်၊ ဦးဘွန်ဝါ ဒေါ်လုံး မိသားစု နောက်လယ်ရပ်၊ ဦးသိန်းအောင်-ဒေါ်မြရီ မိသားစု ကန်ဖျားရပ်။

ပုံနှိပ်ဆုတွင် တာဝန်ယူ၍ စီစဉ်ဆောင်ရွက်ပေးကြသော ရန်ကုန်မြို့မှ ဦးထိန်ဝင်း (နိုင်ငံ့ဂုဏ်ရည် ပထမဆင့်) ၁၀၇၊ စိန်ဂျွန်းလမ်း၊ ဦးကြည်တို့(ဗိသုကာ) ဒေါ်အေးအေး(ဗိသုကာ) (34.H.)။ ကမ္ဘာအေး ဘုရားလမ်း–

ဤ ပဂ္ဂိုလ်များအား ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

အရှင်ပဏ္ဍိတာဘိဝံသ
(၂၁-၆-၈၄) အင်္ဂါနေ့။

အရှင်သုဇာတ (သာဝတ္ထိ)
မဟာဂန္ဓာရုံတိုက်
အမရပူရမြို့

ရေးပြခန်း

ပညာရေးမြှင့်တင်။ ။ကျေးဇူးရှင် ဆရာတော် (အရှင်ဇနကာဘိဝံသ) သည် **ရေးပြ၊ သင်ပြ၊ ပြောပြ၊ ဟောပြ၊ နေပြ၊ သေပြ** ခြင်းတို့ဖြင့် ပရိယတ္တိ၊ ပဋိပတ္တိသာသနာကို ကျစ်လျစ်သိပ်သည်းစွာ တဆင့်မြင့်လျက် ပြုခဲ့ပါသည်၊ ရှင်းပါဦးမည်၊ ယခုအခါ လူယ်ကူသော ပညာရေးစနစ်များကို ရှာကြံဖော်ထုတ်လျက် မိမိတို့ဆိုင်ရာ ပညာရပ်၌ ပညာရေးစနစ်ကို မြှင့်တင်နေကြပါသည်၊ ကျေးဇူးရှင်သည်လည်း ပိဋကတ်ပညာရပ်၌ ပညာရေးစနစ်ကို မြှင့်တင်တော်မူခဲ့ပါသည်။

မြှင့်တင်တော်မူပုံမှာ။ ။ကျမ်းစာများ ရေးပြခြင်း၊ ထိုကျမ်းစာများဖြင့် ကိုယ်တိုင်သင်ပြခြင်း၊ ရေးပြသင်ပြအပ်သော ကျမ်းစာများနှင့်အညီ သာသနာ့ကျက်သရေ၊ နိုင်ငံ့ကျက်သရေတို့ကို ဆောင်နိုင်အောင် ကျင့်သုံးနည်းကို ပြောပြခြင်း၊ လူဒကာ ဒကာမတို့အားလည်း ဘုရားရှင်အလိုကျ သာသနာတော်ကို ကိုးကွယ်တတ်လျက် ကြီးပွားသူများ၊ ကျက်သရေဆောင်များအဖြစ်ဖြင့် သဘာဝကျကျ အပို့အလိုမရှိ လောကရေး၊ ဓမ္မရေးများကို ကျင့်သုံးဖို့ရန်အလုပ်သဘောဖြင့် ဟောပြခြင်းတို့ ဖြစ်ပါသည်။

ပုံနှိပ်လျက် တနေ့တနေ့ သုံးကျမ်းပြုစုယင်း ပရိယတ်ဝန်ကို အားသွန်ခွန်စိုက် ဆောင်တော်မူပါသည်၊ ယင်းသို့ဆောင်တော်မူယင်း ကျမ်းစာ ရေးသားနည်းကိုလည်း နမူနာရအောင် ဆောင်ရွက်ပြသတော်မူခဲ့ပါသည်။

ဝန်ဆောင်ရွေး။ ။အများအားဖြင့် ပို့ချယင်းရေးအပ်သော ကျမ်းစာများ၌ ပါဠိတော်ဝယ် နှစ်ပါး၊ အဋ္ဌကထာဝယ်နှစ်ပါး၊ ဋီကာဝယ်နှစ်ပါးအားဖြင့် တကျမ်းတကျမ်းမှာ ကျမ်းပြုဝန်ဆောင် ရဟန်းသာမဏေ (၆)ပါးစီကို ကျောင်းတိုက်၏ သံဃာကြီးများအား စာပေအရည်အချင်းရှိ၍ သပ်သပ်ရပ်ရပ် ရေးတတ်မည့်သူထဲမှ ရွေး ချယ် ပေး စေပါသည်၊ (ဆရာတော်လက်ထက်က ယခုနာယက ဘုန်းကြီးများကို သံဃာကြီးဟု ခေါ်လေ့ရှိသည်။)

ဆရာတော်စာရေးပုံမှာ။ ။နိဿယကို နှုတ်တက် ချ ပေး၍ လက် သည်း ကွင်း ( )လေး ထောင့်ကွင်း [ ] မှတ်ဖွယ်အမျိုးမျိုးကို ရံခါ ကိုယ်တိုင်ရေးကူးခဲ့၍ ရံခါ နိဿယချပေးယင်း စာဆိုသူ တပည့်များကို လိုက်၍ ရေးစေပါသည်၊ မျဉ်းအောက် (အောက်ခြေ)မှတ်ဖွယ်များကိုမူ ကိုယ်တိုင်ကျောင်းမှ ရေးယူတော်မူခဲ့သည်က များပါသည်၊ တရံတခါ၌မူ နိဿယ (အနက်)ချပေးယင်း အလျဉ်းသင့်ရာ၌ တပည့်တို့ကိုလိုက်၍ ရေးစေပါသည်၊ စာဆိုသူတပည့်များသည် ဆရာတော်ပို့ချအပ်သော နိဿယ(အနက်)များကို စကျအဆက်အသွယ်ကြည့်၍ သင့်တော်ရုံသင့်တော်ရုံ ပိုင်းဖြတ်

ရေးပြ။ ။မစိုးရိမ်ဆရာတော်ကြီးက "မင်းတို့ သူလိုရေးဖို့ မပြောနဲ့၊ သူရေးထားတာတွေတောင် ကုန်အောင် လိုက်ကူးနိုင်မှာမဟုတ်ဘူး"ဟု ပြောပြရသည် အထိ ကျေးဇူးရှင် ဆရာတော်၏ ကျမ်းစာများမှာ အံ့မခန်းအောင် များပြားလှပါသည်၊ ဤကျမ်းစာများကို ပိဋကတ်သုံးဆွယ် နိကာယ်ငါးဖြာ သာသနာ၌ ပါဠိမြန်မာနှစ်ဘာသာ ကျမ်းကျင်မှု၊ အနက်အဓိပ္ပာယ် ကျမ်းကျင်မှုရရှိစေရန် ဦးတည်လျက် ပြုစုတော်မူခဲ့ကြောင်းကို ရဟန်းရှင်လူ ခပ်သိမ်းသူတို့ သိကြပြီး ပင်ဖြစ်ပါသည်၊ ထိုဦးတည်တော်မူချက်အတိုင်း ကျမ်းကျင်ကာ သာသနာတော်၏ဝန်ကို ထမ်းဆောင် နေကြသူများလည်း ရှိနေကြပါပြီ။

ကျမ်းစာရေးနည်း။ ။ယင်း ဦး တည် ချက် တို့ အ ပြင် ထို့မျှ များပြားသော ကျမ်းစာတို့ကို ပြီးစီးအောင်၊ ကောင်းမွန်အောင် ရေးပုံရေးနည်းကိုလည်း သင်ပြတော်မူခဲ့သေးကြောင်းကိုမူ ကျေးဇူးရှင် ဆရာတော်၏ သာသနာပြုလုပ်ငန်း၌ စိတ်ဝင်စားသူ၊ စိတ်ဝင်စားသလို ကိုယ်တိုင်ပါဝင်ကာ တာဝန်ထမ်းခဲ့သူ ကျမ်းပြုဝန်ဆောင် တပည့်ကြီးအချို့သာ သတိမူမိကြပါသည်၊ မှန်၏၊ သီးသန့်ကျမ်းစာရေးနည်းသင်တန်း ပြုလုပ်သည်မဟုတ်ပဲ "သွားယင်းဟန်လှဲ့" ဆိုသလို သင်ပြသွားသဖြင့် ပုဂ္ဂိုလ်တိုင်း သတိမူမိမည်မထင်ဟု၊ ရှင်းပါဦးမည်၊ ကျေးဇူးရှင် ဆရာတော်သည် တနေ့လျှင် နှစ်ကျမ်းပို့ချယင်း ရေးသားတော်မူကာ ရေးအပ်ပြီးတကျမ်းကို

ကာ မင်နှက် မင်ပြာတို့ဖြင့် အဖြတ်အတောက် မှန်မှန်ကန်ကန် ရေးသားရပါသည်၊ ဗလာရွက် စာရွက်မျိုးဝယ် ဝဲဘက်၌ ပေတန်တပြားစာ၊ ညာဘက်၌လက်မဝက်ချန်ကာ ခဲဖြင့်မျဉ်းသားထားရပါသည်၊ ထိုမျဉ်းများ၏အပြင်ဘက်သို့ စာလုံးများ မရောက်စေရပါ၊ ရောက်သွားလျှင် ပြန်၍ ရေးရပါသည်၊ ကျမ်းပြုဝန်ဆောင် တပည့်များသည် ဆရာတော်ရေးယူခဲ့သော စာများကို စာချစဉ်မှာ ဖတ်၍ပြရပါသည်၊ ထိုအချိန်၌လည်း မိမိရေး၍ယူခဲ့သောစာကို ထပ်မံဖြည့်စွက်ပြင်ဆင်တတ်ပါသည်၊ မျဉ်းအောက်မှတ်ဖွယ်များကို မင်နီဖြင့် ဆိုင်ရာ နိဿယ၏ အောက်၌ ရေး၍ လက်သည်းကွင်း, ထောင့်ကွင်းမှတ်ဖွယ်တို့ကို နိဿယတွင်းဝယ် သက်ဆိုင်ရာ၌ မင်နက်,မင်ပြာဖြင့် ထည့်သွင်းရပါသည်။

အမှတ်အသား။ ။အဓိပ္ပာယ် တခုတည်းဖြင့်သော ပုဒ်တပုဒ်မှာ အထက် စာကြောင်း၌ တဝက်တပျက်, အောက်စာကြောင်း၌ တဝက်တပျက် ဖြစ်နေပြန်လျှင်လည်း သဘောမကျပါ၊ ဥပမာ – "မြို့သို့" ဟူသော စကား၌ အထက်စာကြောင်းဝယ် "မြို့" ဟု ရေး၍ အောက်စာကြောင်း၌ "သို့" ဟူသော အရေးမျိုးကို သဘောမကျ ပြင်ရေးခိုင်းတတ်ပါသည်၊ တချက်ပိုဒ် ၊ နှစ်ချက်ပိုဒ် ။ အဖွင့် အပိတ် ကော်မာ" ",အော်ကခြေကော်မာ(,)၊ဒက်တို(-) ဒက်ရှည်(—)၊+ကြက်ခြေအမှတ်အသားများကိုလည်း သူ့နေရာနှင့်သူ သုံးစွဲရပါသည်၊ ဤအမှတ်အသား သုံးစွဲပုံကို ဆရာ

တော် ကျမ်းစာများ၌ သတ်ပြု၍ကြည့်ရှုလျှင် တွေ့မြင်နိုင်ပါသည်၊ ဤအမှတ်လက္ခဏာများဖြင့်လည်းကောင်း၊ သပ်ရပ်ပီသသောစာလုံး အထားအသိုတို့ဖြင့်လည်းကောင်း ဆရာတော်၏ ကျမ်းစာများသည် စာရှုသူတို့၏ အသိဉာဏ်ကို ပိုမိုရှင်းလင်းစေပါသည်။

ဆူပူရယ်မော။ ။စာချသောအခါ "ဟိုခွေးက ဟိုနွားက" စသည်ဖြင့် ဆူပူထိုက်သူများကို ဆူပူ၍ ကဲ့ရဲ့မှု ပြုထိုက်သူတို့ကို ကဲ့ရဲ့တော်မူပါသည်၊ အချို့ပုဂ္ဂိုလ်များကိုမူ ပါးစပ်ကထုတ်ဖော် မချီးကျူးပဲ ဆူပူကဲ့ရဲ့မှု မပြုခြင်းအားဖြင့် ချီးမြှောက်တော်မူလျက် ပဂ္ဂဟ-နိဂ္ဂဟနှစ်ကိစ္စကို အစဉ်ပြုတော်မူလေ့ရှိပါသည်၊ ရံခါမူ-ရယ်ချင်ဖွယ်များကို ပြောဆို၍ ကိုယ်တိုင်လည်းအားရပါးရ ရယ်မောလေ့ရှိပါသည်၊ ဆရာတော်သည် ပက်လက်ကြိမ်ကုလားထိုင်ဝယ် ထိုင်ပြီးလျှင် ထိုထိုင်ခုံ၏ ချွေ၌ ချထားအပ်သော ခုံငယ်ပေါ်ဝယ် ခြေတို့ကိုတင်၍ ထားလေ့ရှိပါသည်၊ ယာဘက်၌ စားပွဲငယ်တလုံးလည်းရှိပါသည်၊ စာချတိုက်၌ စာချစဉ်က ပက်လက်ကြိမ်ကုလားထိုင် ကြီးကြီးကိုမသုံးပဲ ကုလားထိုင်သေးသေးကိုသာ သုံးပါသည်၊ ဆွမ်းစားကျောင်း,ညှန့်သန်းကျောင်းတို့၌စာချသောအခါမှအသက်အရွယ်ကြီးသဖြင့် သက်သာစေရန် ပက်လက်ကြိမ်ကုလားထိုင်အကြီးကို သုံးတော်မူပါသည်၊ ပါဠိသိက္ခာစသော အခြေပြုကျမ်းစာများကို ပို့ချစဉ်မူ ကျောက်သင်ပုန်းကြီး ထဲဝယ် ရေးစေ၍ စာသင်သားများကိုလည်း မတ်တတ်ရပ်စေကာ

လေ့ရှိပါသည်၊ တခါတရံ ထမပေးနိုင်လျှင် "ဒါကိုယ်တော့် ဘာသာဖတ်တာ၊ တပည့်တော်နဲ့ ဘာမှမဆိုင်ဘူး" ဟု မိမိအား ဖတ်ပြသည့်အနေသို့ မရောက်အောင် ပြောလေ့ရှိပါသည်၊ တခါတရံ၌မူ ဖတ်ပြသူတပည့်ကို မိမိကုလားထိုင်မျိုးကို ပေးကာ အထိုင်ခိုင်းပါသည်၊ ပါဠိအဋ္ဌကထာကို တပါးကရပ်၍ ဖတ်ပြလျှင် မိမိကထိုင်လျက် နားမထောင်ကောင်းပါ၊ သူ့ဘာသာသူ ဖတ်နေလျှင်မူ နားထောင်ကောင်းပါသည်၊ စာဆို တပည့်က တော့ မဝံ့တဝံ့ ထိုင်ရပါသည်၊ စာဖတ်ယင်းလည်း ရင်တုန်မောတလုပ်လုပ်ဖြစ်နေပါသည်၊ ထိုသို့ဖြစ်ရသည့်အထဲ မကြာမကြာ လက်အုပ်က ချီသေးသဖြင့် တဖြည်းဖြည်း ထပြေးချင်စိတ်ပင် ပေါ်နေသည်၊ "သွားတော့ သွားတော့" ဟူသော စကားကိုသာ မျော်လင့်နေမိသည်၊ ဆရာတော်ထံ ရောက်သောတပည့်တိုင်း ထိုစကားကိုကြားလိုနေကြသည်၊ တပည့်များသည် ဆရာတော်အပေါ် ဤမျှလောက်ပင် ရိုသေလေးစားကြပါသည်။

စာလိုက်ပရိသတ်။ ။ဆရာတော်၏ စာလိုက် ပရိသတ်သည် ကျက်သရေရှိလှသည်၊ မှန်၏-စားပွဲရှည်ကြီးပေါ်ဝယ် စာအုပ်များတင်၍ တန်းလျားရှည် တစုံတစုံ၌ လက်ကတော့တင်ကာ စက္ခုန္ဓြေချလျက် သုံးပါးစီ ညီညီထိုင်နေသော စာချဉ်းကြီးပရိသတ်၊ စာအုပ်တင်စရာ ခုံကလေးများပေါ်မှာ စာအုပ်များကိုတင်ကာ မိမိ၏နေရာထိုင်ကို မိမိဘာသာ ခင်းလျက် လက်ကတော့ တင်၍ တင်ပျဉ်ခွေလျက် မလှုပ်မယှက် ငြိမ်သက်စွာ စက္ခုန္ဓြေချပြီး ညီညီညာညာထိုင်နေသော

အရိပ်ကောင်သော သစ်ပင်အောက်၌ ပို့ချတော်မူခဲ့ပါသည်၊ စိတ်ဆိုးလျှင် စားပွဲကိုပုတ်၍ ပုတ်၍ဆူပူသလို သဘောကျလျှင်လည်း စားပွဲကို ပုတ်၍ပုတ်၍ တခါတရံလက်ခုပ်တီး၍ ရယ်မောလေ့ ရှိပါသည်၊ ဤဆောင်ရွက်တော်မူချက်များမှာ အလုပ်၌ တက်ကြွနေသူ၏ လက္ခဏာများဖြစ်ပါသည်၊ ဆရာတော်သည် အမြဲတမ်း တက်ကြွ ရွင်လန်းနေပါသည်။

အပန်းဖြေ။ ။ခက်ခဲသော စာများကို ရေးပြီးလျှင် အချို့တပည့်များ၏ ဘွဲ့ကို ခေါ်၍ "ဟင်းဘယ်နှစ်ခွက်ရတုန်း" စသည်ကို မေးမြန်းပြောဆိုကာ ငါးမိနစ်ခန့် နားလေ့ရှိပါသည်၊ ဤခဏနားခြင်းကို "ကိုယ်တော်တို့ ဘာနားလည်တုန်း၊ ဘုန်းကြီးက စိတ်အပန်းဖြေတာ" ဟု ပြောလေ့ရှိပါသည်၊ စာချ စာပြင်ပြီးချိန်၌မူ-တောင်သမန်အင်းအတွင်း ဘဲစသော သတ္တဝါများ၊ ရေပြင်နှင့် စိမ်းစိုသော စိုက်ခင်းများ၊ တောင်တန်းများကို ကြည့်ရှုကာ မျက်စိကျန်းမာရေးကို ပြုလေ့ရှိပါသည်။

စာပြစာဖတ်။ ။ဤသို့ သေသပ်စွာ ရေးအပ်သော စာမူအချောကို တချို့ကိုညနေအချိန်၌ တချို့ကိုနောက်တနေ့စာချချိန်၌ ဆရာတော်ထံ ပြရပါသည်၊ ထိုစာမူကို ဆရာတော် ကိုယ်တိုင် ပြင်သည်လည်း ရှိပါသည်၊ တပည့်က ဖတ်ပြရသည်လည်းရှိပါသည်၊ ပါဠိတော်ကို ဖတ်ပြသည့်အခါ မျိုး၌ ဆရာတော်သည် ထိုင်မနေပဲ မတ်တတ် ထတတ်ပါသည်၊ နားထောင်ယင်းလည်း အကြိမ်ပေါင်းများစွာ လက်အုပ်ချီ

စာသင်ငယ်ပရိသတ်တို့မှာ ထိုင်နေပုံချင်းလည်းညီ အရွယ်ချင်းလည်းညီ၊ သက်နှံးရောင်ချင်းလည်း ညီနေပါသည်၊ သက်နှံးရောင်မှာ နီညိုရောင်(ပိန္နဲသွေးရင့်ရောင်) ဝတ်ရုံရပါသည်။

ဉာဏ်ထက်မြက်။ ။ပရိသတ်က ဤမျှ ကျက်သရေ ရှိသဖြင့် ဆရာတော်၏ ဉာဏ်မှာလည်း ပိုမို ထက်မြက်နေပါသည်၊ ဆရာတော်ကပြောပါသည်၊ "ဘုန်းကြီးကျောင်းတုန်းက စာရေးမလို့ပဲ (စာချခန်းမဆောင်မရောက်ခင် မိမိနေခဲ့သော ကျောင်းကိုဆိုလိုသည်)၊ ဘာရေးရမှန်းမသိဘူး၊ ဒီနားကျမှ သူ့အလိုလိုပေါ်လာတာပဲ"တဲ့၊ဤပရိသတ်ကြောင့် ဆရာတော်သည် ထာဝရ တက်ကြွရွင်လန်းနေပါသည်၊ ဤတက်ကြွမှုကြောင့်ပင် "ဟော်တကျမ်း၊ ဟောတကျမ်း" ဆိုသလို မကြာမြင့်လှသော အချိန်ပိုင်းအတွင်းမှာ ကျမ်းပေါင်းများစွာ ထွက်ပေါ်လာအောင် ရေးသားနိုင်ခဲ့ခြင်း၊ရေးသားနိုင်လောက်အောင် ကျန်းမာခြင်းများ ဖြစ်ခဲ့ပါသည်။

ကျက်သရေဆောင်။ ။ဤပရိသတ် အဘယ်မှ ရသနည်း ဟုဆိုလျှင် ကိုယ်တော်တိုင် ဝန်ဆောင်ထားသည်ဟု ပြောရပါလိမ့်မည်၊ ဆရာတော်သည် ဤမျှ ကျက်သရေရှိသော ပရိသတ်ကို တည်ထောင်လျက် မြောက်မြားစွာသော ကျမ်းစာတို့ကိုသာ ရေးသားတော်မူခဲ့သည်မဟုတ်၊ ဗုဒ္ဓမြတ်စွာ သာသနာတော်၏ ကျက်သရေကိုလည်း ဆောင်တော်မူခဲ့ပါသည်၊ ထိုမျှမက သာသနာတော်နှင့် များစွာ စပ်ဆက်လျက်ရှိသော ဤမြန်မာနိုင်ငံတော်၏ ကျက်သရေနှင့် အမြော်အမြင် ဉာဏ်တို့ကိုလည်း တိုးတက်စေတော်မူခဲ့ပါသည်။

အရွတ်အဖတ်။ ။ဆရာတော်၏ စာလိုက်ပရိသတ်သည် အသင်အပြင်မျှသာ ကျက်သရေရှိသည် မဟုတ်၊ အရွတ်အဖတ်ကလည်း ကျက်သရေရှိလှသည်၊ စာကို စုပေါင်း၍ ဆိုကြရသည်၊ ပါဠိတော်များကိုမူ နိဿယ (အနက်) မဆိုမီ ပါဠိကို (အများကဲ့သို့ အချိန်ကုန်သည်ဟု သဘောမထားပဲ) နှုတ်တက်နေအောင် စုပေါင်း၍ ဖတ်ရှုကြရသေးသည်၊ မတိုးမကျယ် ပီပီညီညီအသံဖြင့် အဖြတ်အတောက် မှန်မှန်ကန်ကန် ဖတ်တတ်အောင် သင်ပြပေးသည်၊ သင်ပြတော်မူသည့်အတိုင်းလည်း ရွတ်ဖတ်ကြရသည်၊ ဆရာတော်သည် ညီညီညာညာ ရွတ်ဖတ်မှုကို သဘောကျသည်၊ အဆွဲအငင် အနိမ့်အမြင့် ပလီပလာရွတ်ဖတ်မှုကို စာဆိုရာ၌ လုံးဝအသုံးမပြုရပါ။

ယိမ်းကသလို။ ။မည်မည်ညာ ရွတ်ဖတ်မိလျှင် အရပ်ခိုင်း၍ အောက်ပါ စကားကို မိန့်တော်မူပါသည်၊ "ကိုယ်တော်တို့ ယိမ်းကတာ မြင်ဖူးတယ် မဟုတ်လား၊ ဝဲကိုယိမ်းတယ်ဆိုလျှင် အကုန်လုံး ဝဲဘက်ချည်း ယိမ်းရတယ်၊ ယာဘက်ယိမ်းတယ်ဆိုလျှင်လဲ အကုန်လုံးယာဘက်ချည်း ယိမ်းရတယ်၊ သိပ်ကြည့်ကောင်းတယ်၊ဒီတော့ စာဖတ်တာကိုလဲ ညီညီဖတ်မှ နားထောင်ကောင်းတယ်၊ ဇော်ယိမ်းကတော့ ဇော်ရူးဆိုတာပါရသေးတယ်၊သူများကတောင်ယိမ်းယင် သူက မြောက်

ယိမ်းရတယ်၊ ဘာမျှ ကြည့်မကောင်းဘူး၊ ဒီတော့ကိုယ်တော်တို့ ဇော်ရူးမဖြစ်ကြစေနဲ့။

လေယူလေသိမ်း။ ။လေယူ လေသိမ်း အဖြတ် အတောက် မှန်မှန် နားထောင်လို့ ကောင်းတယ်၊ "ဖိုးသာအောင်ရေ-ဗျို့ဗျို့-ကောက်စိုက်ဖို့ လိုက်မလား လိုက်မလား" ဆိုတဲ့ ကောက်စိုက်သီချင်းကြည့်ပါလား၊ ဘာမှကာရန်မပါဘူး၊ အမှန်ကတော့ "ဖိုးသာအောင်ရေ" လို့ ခေါ်တာပဲ၊ တယောက်က "ဗျို့ဗျို့" လို့ပြန်ထူးတာပဲ၊ လေယူလေသိမ်းအဖြတ် အတောက် ကောင်းတော့ နားထောင်ကောင်းတယ်၊ ပြီးတော့ လဲ ဆိုတဲ့သူက ဆိုတတ်မှကောင်းတယ်၊ တခါက သီချင်းဆို ဝါသနာပါတဲ့ လူကြီးတယောက် မောမောနဲ့ မန်ကျည်းပင် အောက်မှာ နားနေတုန်း အပေါ်က မန်ကျည်း ရွက် ခူး နေတဲ့ ကလေးမလေးက သီချင်းဆိုတယ် "မိုးပေါ်မှာကြယ် ဘာကြယ်တဲ့မေး၊ သောကြာကြယ် နေလိုဝင်းတယ် လင်းပါဘိလေး" တဲ့၊ လူကြီးသိပ်သဘောကျသွားတယ်၊ ဒါနဲ့ ကလေးမလေးဆင်းလာတော့ သူဒီသီချင်းကိုတောင်းတယ်၊ သူ့နေရာပြန်ရောက်တော့ သူကရွာဆော်ကြီးဖြစ်လို့၊ တရွာလုံးလာကြလက်ဆောင်ပါတယ်လို့ သူ့ရွာကလူတွေကို ဆင့်ခေါ်တယ်၊ လူတွေလာတော့ "နားထောင်ကြ သီချင်းကောင်းကောင်း တပုဒ် လက်ဆောင်ပါတယ် ဆိုပြမယ်" ပြောတော့ အားလုံး စိတ်ဝင်စားစွာ နားထောင်နေကြသတဲ့၊ အဲဒီအချိန်မှာ စင်မြင့်ပေါ်ကနေပြီး သူကဆိုလိုက်တယ်" "မိုးပေါ်မှာကြည့်" တဲ့၊

သူ့အသံကြီးက ရွာဆော်ကြီးဆိုတော့ အော်သံငေါက်သံကြီးဖြစ်နေတယ်၊ လူတွေတ ပြူးပြူးပြာပြာနဲ့ မိုးပေါ်ကိုကြည့်ကြတယ်၊ ထိုအချိန်မှာ "ဘာကြည့်တာလဲ" ဟု ဆက်ဆိုလိုက်တော့ အားလုံးထပြေးကြသတဲ့။

ယောမင်းကြီးသီချင်း။ ။အရေးကောင်းပေမယ့် အဆိုမကောင်းယင်လဲ နားထောင်မကောင်းဘူး၊ ယောမင်းကြီးဦးဖိုးလှိုင်က စာတပုဒ်ရေးထားတယ် ၊ ညကျတော့ သူနေတဲ့လမ်းကြား အသံကောင်းတဲ့ လူတယောက် လေယူလေသိမ်းမှန်မှန်နဲ့ သူရေးတဲ့သီချင်းကို ဆိုလာသတဲ့ "ဟေ့မောင်လာပါဦး" ဟု ခေါ်ပြီး "နောက်လဲ ဒီသီချင်းကိုဆိုပါနော်" ဟု ပြော၍ ငွေငါးကျပ်ဆုပေးပြီး ပြန်လွှတ်လိုက်သတဲ့၊ နောက်တယောက်က ဟိုလူဒီသီချင်းဆိုလို့ ငွေငါးကျပ်ရတယ်ဆိုတာနဲ့ အဲဒီအိမ်နားသွားဆိုပြန်သတဲ့၊ အသံကလဲမကောင်း၊ အဆိုလဲမပိုင်တော့ "ဟေ့မောင်လာပါဦး" လို့ ခေါ်ပြီး "နောက်ဒီသီချင်းမဆိုပါနဲ့နော်" ဟု ပြောကာ ငွေငါးကျပ်ပေးလိုက်ပါသတဲ့၊ ဘာကြောင့် တားမြစ်ရသလဲဆိုတော့ အဆိုမကောင်းလို့ သူ့သီချင်းမကောင်းသလို ဖြစ်သွားမှာစိုးလို့ပါပဲ။

နေနည်းထိုင်နည်း။ ။အသံကိုပီမှမြည်မှ, အဖြတ် အတောက် လေယူ လေသိမ်း ကောင်းမှ, မှန်မှန် သဘောကျသလို စာတက်စဉ် ထိုင်ပုံကိုလည်း ညီညီညာညာဖြင့် ငြိမ်သက်စွာထိုင်မှ သဘောကျတော်မူပါသည်၊ တင်ပျဉ်ခွေထိုင်ရသည်၊ ခါးကို ဆန့်ထားရသည်၊ ခေါင်းကို မော့မထားရ၊

ငွံလဲမထားရ၊မျက်စိတောင်ကြည့် မြောက်ကြည့်မကြည့်ရ၊ စာကို စူးစိုက်စွာ ကြည့်နေရသည်၊ လက်ချောင်းများ လှုပ်လှုပ်ရှားရှားမပြုရ၊ ဤသို့အနေအထိုင်ကို သင်ပြပေးတော်မူသည်၊ သင်ပြပေးသည့်အတိုင်း လိုက်နာအောင်လည်း ထာဝရ အုပ်ချုပ်တော်မူနေပါသည်၊ ခွတ်ယွင်းချက်ကို ချက်ချင်း ပြင်စေတော်မူသည်၊ အမြဲသတိထားသည်၊ အမှတ်တမဲ့ မမြင်လိုက်ဟုမရှိ၊ မပြင်လိုက်လည်းမရှိ။

စာတက်လာပုံ။ ။စာတက်ဖို့ ဝင်လာစဉ် လက်ကန်တော့တင်လျက် နေရာထိုင်ကို ညီညီညွတ်ညွတ် ခေါက်လျက် ရွှေနောက်အစွန်းနှစ်ခုညီအောင် ယာဘက်ပခုံးစွန်၌တင်ကာ စာအုပ်ကို ရင်ခွင်၌ပိုက်လျက် လက်အုပ်ချီပြီးလျှင် ရင်ဘောင်မတန်းပဲ ရွှေနောက်စဉ်ကာ တန်းစီလျက် ဝင်လာကြသည်၊ သွားပုံလာပုံမကောင်းလျှင် ပြန်ထွက်စေပြီးမှ ပြန်အဝင်ခိုင်းသည်၊ စာဝါပြီး၍ ပြန်ထွက်ရာ၌လည်း တတန်းပြီးမှတတန်း လက်အုပ်ချီလျက် နောက်ဆုတ်နောက်ဆုတ် ထွက်ရသည်၊ စာချယင်းပင် ဤသို့ အသွားအလာ အနေအထိုင်တို့ကိုလည်း သာသနာ့ကျက်သရေ ဆောင်နိုင်လောက်အောင် သင်ပြခြင်း၊ ကွပ်ကဲခြင်းများကို နေ့စဉ်နှင့်အမျှ တက်ကြွစွာ ဆောင်ရွက်တော်မူသည်။

စာပေအာက်အခဲ။ ။စာပေ အာက်အခဲများသည် ကုန်သည်ဟုမရှိ၊ သက်တော်(၇၀)ခုနှစ်ဆယ့် ရှစ်နှစ်တိုင်အောင် စာပေပို့ချယင်း ကျမ်းစာများကိုပြုစုနေသော

ဆရာတော်အတွက်ပင် ခက်ခဲနေပေသေးသည်၊ "ဘုန်းကြီးက မခက်တော့ဘူးလို့ထင်တာ အခက်တွေ့ကမကုန်ဘူး" ဟု ပြောလေ့ရှိပါသည်၊ တဝါကျမျှဖြင့် တရက်နှစ်ရက် ရွှေမဆက်နိုင်ပဲ နှာရီစေ့အောင် ထိုင်ပြီးလျှင် ပြန်သွားရသော အခက်မျိုးလည်း (ယမို့က်ဘာသာဌီကာကို ပို့ချစဉ်က) တွေ့ရပေသေး သည်၊ တခါတရံ လေးနက်သောအဓိပ္ပာယ်ကို စဉ်းစားယင်း ဉာဏ်ထဲမှာ ထင်ထင်ရှားရှား ပေါ်လာလျှင် "ငါသေခါနီးမှ စာတတ်နေတယ်၊ သေရမှာတော့မကြောက်ဘူး၊ ဉာဏ်တွေ့နှမြောတယ်" ဟု မိန့်လေ့ရှိပါသည်။

သုံးနှုန်းခန့်ကြိုးစား။ ။ဤနည်းဖြင့် ဘာသာဌီကာ ကျမ်းကြီးများဆိုလျှင် သုံးနှစ်ခန့် ရေးပြီးမှ တကျမ်းပြီးသည်၊ ထိုသို့ရေးစဉ်၌လည်း ကျမ်းဝန်ဆောင်တပည့်ကြီးများမှာ ကျမ်းမာရေးစသော အကြောင်းကြောင့် (တဝန်မှ) ပြောင်းရွှေ့ပြောင်းရွှေ့ သွားစေကာမူ ဆရာတော်ကတော့ ပြောင်းသည် မရှိပါ၊ နားသည်ဟုလည်း မရှိပါ၊ ဆရာတော်သည် မူကြမ်းရိုက်ပျက်များ၊ လူဒကာများက ဆရာတော်ထံပေးသော တဘက်ပျက်စာရွက်များ၏နခမ်းများ၌ လှည့်ပတ်ကာ ရေးပြီးလျှင် စာကြောင်းနှစ်ကြောင်း အကြားရှိလည်း အဓိပ္ပာယ်များကို ထိုးသွင်းကာ ရေးသား၏၊ ထိုစာရွက်များနှင့်တကွ ပို့ချပေးအပ်သော နိဿယ, တေးမှတ်ထားအပ်သော လက်သည်းကွင်း ထောင့်ကွင်း မှတ်ဖွယ်တို့ကို မှတ်မှတ်သားသား သတိကြီးစွာဖြင့် မိမိဆိုင်ရာကျောင်းသို့ ယူသွား

ပြီးလျှင် ဆရာတော်သဘောကျဖြစ်အောင် ဝန်ဆောင်တပည့်များက အချိန်အားဖြင့် နှစ်နာရီခန့် (စာတက်ချိန်နှင့်ဆိုလျှင် သုံးနာရီခန့်) စာမျက်နှာအားဖြင့် ဗလာရှည် သုံးမျက်နှာခန့် ပျမ်းမျှ ရေးပေးကြရသည်၊ (စက္ကူနှင့် မင်နီ မင်နက်ကို ဆရာတော်က ချီးမြှင့်သည်) ဆရာတော် တဲသက်တာဝယ်၊ အချိန်အားဖြင့် တနှစ် တနှစ်ကျော်၊ ကျမ်းစာ အတိုင်းအတာအားဖြင့် တကျမ်း တကျမ်းကျော် အထက်ပါနှုန်းဖြင့် ရေးသားလျက် ဆရာတော်ကျမ်းပြုရာတွင် ကူညီဆောင်ရွက်ခဲ့သော တပည့်များမှာ ငါးကျိပ်နှစ်ပါးရှိပေသည်။

ပင်မလုပ်ငန်း

(က) သတိဉာဏ်ဝီရိယသန်သန်ဖြင့် စနစ်တကျ ဝန်ဆောင်အပ်သော မဟာဂန္ဓာရုံကျောင်းတိုက် သာသနာဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကို အများက လေးစား စေနိုင်သော ကျက်သရေမျိုးရှိစေရန်။

(ခ) အနာဂတ်ကာလဝယ် စံနစ်တကျ ပိဋကတ်တော်ကို ပို့ချနိုင်မည့် စာချဘုန်းကြီးများ မရှိလျှင်လည်းကောင်း၊ ရှိစေကာမူ ထိုဘုန်းကြီးရှိရာဒေသသို့ မသွားနိုင်လျှင်လည်းကောင်း အခြေခံအတော်အတန် ရပြီးသူများသည် ပိဋကတ်တော်ကို မိမိဘာသာ လေ့လာနိုင်အောင် ပိဋကတ် အဖွင့်ကျမ်းစာများ ပြီးမြောက်စေရန် ဆရာတော်သည် တဘဝတာဝယ် ဤနှစ်ချက်

ကို ပြင်းထန်သော ဆန္ဒဝီရိယတို့ဖြင့် မနေမနား ကြိုးစားတော်မူခဲ့ပါသည်၊ ဆရာတော်၏ တဘဝတာ ပင်မလုပ်ငန်းများကို အကျဉ်းချုပ် ဖော်ပြပါဟုဆိုလျှင် ယင်းလုပ်ငန်း နှစ်ရပ်ပင်ဖြစ်ပေသည်။

အရည်အချင်း။ ။စိတ်ကောင်းရှိဖို့က ပထမ၊ ဝိနည်းလေးစားဖို့က ဒုတိယ၊ ကျန်းမာဖို့ကတတိယ၊ သန့်ရှင်းဖို့က စတုတ္ထ၊ အဝတ်အစားဝတ်တတ်ဖို့က ပဥ္စမ၊ အနေအထိုင်တတ်ဖို့က ဆဋ္ဌမ၊ အပြောအဆိုတတ်ဖို့က သတ္တမ၊ အသွားအလာတတ်ဖို့က အဋ္ဌမ၊ စည်းကမ်းလိုက်နာဖို့က နဝမ၊ စာတတ်ဖို့က ဒသမဟူသော ဆရာတော်၏မူအရ စာတတ်ရုံမျှဖြင့်လည်း ဆရာတော် လက်ခံသော ကျမ်းပြုဝန်ဆောင် မဖြစ်နိုင်ပေ၊ ကျမ်းပြုဝန်ဆောင်များသည် ပုထုဇဉ်ဖြစ်သည့် အလျောက် အမှားအယွင်း မကင်းစေကာမူ စိတ်ကောင်း ရှိပါသည်ဟု ယူဆရလောက်သော အခြေအနေမျိုး ရှိကြပါသည်၊ ကျောင်းတိုက် အတွင်း၌လည်း ဆရာတော်၏ သာသနာပြု လုပ်ငန်းနှစ်ရပ်လုံးကို ခေါင်းဆောင်ပိုင်းမှ ပါဝင် ဆောင်ရွက်ကြပါသည်၊ မိမိတို့သည် ဆရာတော်ကျမ်းပြုရာ၌ ပါဝင်ကူညီခဲ့သော ကျမ်းပြုဝန်ဆောင် ငါးကျိပ်နှစ်ပါးကို ဤနေရာ၌ သိရှိသမျှ မှတ်တမ်းတင်ရပေတော့မည်၊ ထို့ကြောင့် ထိုအရှင်များ ရေးသား ဆောင်ရွက်ခဲ့သော ကျမ်းစာအမည်များ၊ ထိုအရှင်တို့ ရရှိသော ပညာရေးဂုဏ်ထူးများနှင့် တွဲဖက်၍ ငါးကျိပ်နှစ်ပါးကို ဖော်ပြပါမည်။

ငါးကျိပ်နှစ်ပါး

၁။ အရှင်ကုမ္မလ၊ (၁) ရတနာဂုဏ်ရည်၊ (၂) ဝိထိနှင့် သုံးချက်စု ဘာသာဌီကာ၊ (၃) သင်္ဂြိဟ်ဘာသာဌီကာ၊ (၄) ကိုယ်ကျင့်အဘိဓမ္မာ၊ (ထိုအရှင်သည် ယခုအခါ လူ့ဘောင်သို့ ပြောင်းရွှေ့ "ဦးငွေမင်း" နာမည်ဖြင့် မန္တလေး မျက်ပါးရပ်၌ နေထိုင်သည်။)

၂။ အရှင်စန္ဒောဘာသ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) (၁) ကစ္စည်းဘာသာဌီကာ၊ (၂) ဓာတုကထာလင်္ကာနှင့် အကောက်အဓိပ္ပာယ်၊ (၃) အနာဂတ်သာသနာရေး၊ (ယခုအခါ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ နာယကချုပ်ဖြစ်တော်မူသည်။)

၃။ အရှင်ဩဘာသ၊ (၁) ပါတိမောက် ဘာသာဌီကာ (၂) ဘုရားဥပဒေတော်ကြီး၊ (ယခု ရမည်းသင်းနယ်၌ နေထိုင်တော်မူသည်။)

၄။ အရှင်ကုန္ဒောဘာသာဘိဝံသ၊ (အစိုးရ ဓမ္မာစရိယနှင့် စေတိယင်္ဂဏ ဓမ္မာစရိယ)၊ ကျမ်းစာသီးခြား မဟုတ်သော်လည်း ဟိုမှ ဒီမှ ဆရာတော်ထံ ပေးစာများကို ပြန်ရာ၌လည်းကောင်း၊ ဩဝါဒကထာ စသည်များကို ရေးရာ၌ လည်းကောင်း-အထူးတာဝန်ဆောင်တော်မူသည်၊ (ယခု မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီး၏ နာယကအဖွဲ့ဝင် ဖြစ်တော်မူသည်။)

၅။ အရှင်ကုဏ္ဍလာဘိဝံသ (သာသနာလင်္ကာရ သိရီပဝရ နှင့်ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ)၊ (၁) ကစ္စည်းဘာသာဌီကာ၊ (၂) ရူပသဒ္ဒါ ဘာသာဌီကာ၊ (၃) ရုပ်စုံဗုဒ္ဓဝင်၊ (၄) ဗုဒ္ဓဝင်အမေးအဖြေ၊ (ယခုအခါ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ နာယကအဖွဲ့ဝင် ဖြစ်တော်မူသည်၊ နိုင်ငံခြားထင်ရှားသော ဓမ္မကထိကတပါးလည်း ဖြစ်တော်မူသည်။)

၆။ အရှင်ဃောသိတ (အစိုးရဓမ္မာစရိယ) (၁) ရုပ်ပုံရှင်ကျင့်ဝတ်၊ (၂) အလင်္ကာဘာသာဌီကာ၊ (ယခုအခါ ရန်ကုန်မြို့၊ ကမ္ဘာအေးလမ်း၊ ရေကူး သံဃတက္ကသိုလ်၌ ပညာရေးတာဝန်ခံ ဖြစ်တော်မူသည်။)

၇။ အရှင်တေဇနိယာဘိဝံသ (အစိုးရနှင့် စေတိယင်္ဂဏ ဓမ္မာစရိယ) (၁) ပါရာဇိကဏ် ဘာသာဌီကာ၊ (၂) အဋ္ဌသာလိနီမူလဋီကာနိဿယ၊ (ယခုအခါ မေမြို့စစ်တက္ကသိုလ်အနီး သဲတောင် မဟာဂန္ဓာရုံကျောင်းတိုက်၏ နာယက ဖြစ်တော်မူသည်။)

၈။ အရှင်ရေဝတ (အစိုးရဓမ္မာစရိယ) (၁) ပါရာဇိကဏ် ဘာသာဌီကာ။

၉။ အရှင်မဟောသဓ ပဏ္ဍိတလင်္ကာရ (သာသနာလင်္ကာရနှင့် အစိုးရဓမ္မာစရိယ)၊ (၁) ပါရာဇိကဏ်ဘာသာဌီကာ၊ (ယခုအခါ စစ်ကိုင်းတောင် ဝေဇယန္တာချောင် စာချဓမ္မကထိက ဘုန်းကြီးဖြစ်သည်။)

၁၀။ အရှင်ဣန္ဒြိယလင်္ကာရ (သာသနာလင်္ကာရနှင့်အစိုးရ ဓမ္မာစရိယ) (၁) အဋ္ဌသာလိနီ မူလဋီကာနိဿယ (ယခု လူ့ဘောင်သို့ ပြောင်းသွားသည်။)

၁၁။ အရှင်ဇနိတ (ပဋ္ဌာန်းစာချဘုန်းကြီး) (၁) အဋ္ဌသာလိနီ ဘာသာဋီကာ (ယခု တောင်တွင်းကြီး မြို့နယ်တွင် သီတင်းသုံးသည်။)

၁၂။ အရှင်ဝရသီဟ၊ (၁) အဋ္ဌသာလိနီ ဘာသာဋီကာ၊ (၂) သမ္မောဟဝိနောဒနီ ဘာသာဋီကာ၊ (၃) အရှင်ဇနကာဘိဝံသ၏ တဘဝသံသရာ (ယခု ဟင်္သာတမြို့နယ်တွင် နေထိုင်သည်။)

၁၃။ အရှင် နာယကာဘိဝံသ (အဓိုးရနှင့် စေတိယင်္ဂဏ ဓမ္မာစရိယ) (၁) အဋ္ဌသာလိနီ ဘာသာဋီကာ၊ ယခုလူ့ဘောင်သို့ ပြောင်း၍ ဝမ်းတွင်းမြို့နယ် ဟံဇားရွာတွင် နေထိုင်သည်။)

၁၄။ အရှင်ဣဿရိယ (အစိုးရဓမ္မာစရိယ) (၁) ဋီကာကျော်နိဿယ၊ (၂) ကခ်ါဘာသာဋီကာ (ယခုလူ့ဘောင် ပြောင်းသည်။)

၁၅။ အရှင်ဣန္ဒဝံသာသလေး (သာသနာလင်္ကာရနှင့် အစိုးရဓမ္မာစရိယ)၊ (၁) ပါစိတ်ဘာသာဋီကာ၊ (၂) သဒ္ဒတ္ထဘေဒစိန္တာ ဘာသာဋီကာ၊ (၃) ကစ္စာယနသာရ ဘာသာဋီကာ (ယခုအခါ လူ့ဘောင်ပြောင်းသွားသည်။)

၁၆။ အရှင်ဇေဋ္ဌရံသီ၊ (၁) သဒ္ဒတ္ထဘေဒစိန္တာ ဘာသာဋီကာ၊ (၂) ကစ္စာယနသာရ ဘာသာဋီကာ (ယခုလူ့ဘောင် ပြောင်း၍ နေသည်။)

၁၇။ အရှင်သုခေဓိတ (သာသနာလင်္ကာရနှင့် အစိုးရဓမ္မာစရိယ) (၁) ပါစိတ်ဘာသာဋီကာ၊ (၂) သီလက္ခန်ဓာသာဋီကာ (ယခုအခါ မန္တလေးမြို့ အရှေ့ပြင်၌ သီတင်းသုံးတော်မူသည်။)

၁၈။ အရှင်ပညာဇောတဘိဝံသ (သာသနာလင်္ကာရနှင့် အစိုးရ, စေတိယင်္ဂဏဓမ္မာစရိယ) (၁) ပါစိတ်ဘာသာဋီကာ၊ (၂) ဝိနည်းမဟာဝဂ္ဂ ဘာသာဋီကာ (ယခုအခါ မန္တလေးမြို့ အနောက်ပြင် ပတ္တမြားကျောင်းတိုက်၏ စာချဘုန်းကြီးဖြစ်သည်။)

၁၉။ အရှင်အဂ္ဂဝံသာဘိဝံသ (သာသနာလင်္ကာရနှင့်အစိုးရဓမ္မာစရိယ) (၁) သဒ္ဒတ္ထဘေဒစိန္တာဘာသာဋီကာ၊ (၂) ကစ္စာယနသာရ ဘာသာဋီကာ၊ (၃) စူဠဝဂ္ဂပါဠိတော်နိဿယ၊ (၄) ဓမ္မသင်္ဂဏိပါဠိတော်နိဿယ၊ (၅) ပုဂ္ဂလပညတ် မူလဋီကာနိဿယ၊ (၆) ကထာဝတ္ထု မူလဋီကာနိဿယ (ယခုအခါ မဟာဂန္ဓာရုံ ကျောင်းတိုက်၏ အနုနာယက စာချဝန်ဆောင် ဘုန်းကြီးဖြစ်ပါသည်။)

၂၀။ အရှင်ခေမိန္ဒာဘိဝံသ (သာသနာလင်္ကာရနှင့် ပဌမကျော် အစိုးရနှင့် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ စေတိယင်္ဂဏ ဓမ္မာစရိယ ဝဋ္ဌသကာ)၊ (၁) ဝိနည်း မဟာဝဂ္ဂဘာသာ

ဌီကာ၊ (၂) စူဋ္ဌဝဂ္ဂ ဘာသာဌီကာ၊ (၃) သီလက္ခန် ဘာသာဌီကာ၊(ယခုအခါ မန္တလေးမြို့ မဟာဗောဓိရိပ်သာတွင် သီတင်းသုံးလျက် ရှိပါသည်။)

၂၁။ အရှင်သိရိန္ဒ (အစိုးရမမှာစရိယ) (၁) ဝိနည်းမဟာဝဂါ ဘာသာဌီကာ။

၂၂။ အရှင်သုမင်္ဂလာလင်္ကာရ (သာသနာလင်္ကာရနှင့် အစိုးရမမှာစရိယ၊တီပိဋ္ဌကရေ)၊ (၁) သီလက္ခန်ဘာသာဌီကာ၊ (ယခုအခါ ရန်ကုန်မြို့ ကမ္ဘာအေးလမ်း မဟာဂန္ဓာရုံကျောင်းတိုက်၏ နာယကဖြစ်သည်။)

၂၃။ အရှင်ဝိမလဗုဒ္ဓိ (သာသနဓဇ သီရိပဝရ ဓမ္မာစရိယ) (၁) ပရိဝါဘာသာဌီကာ၊(၂) သမ္မောဟဝိနောဒနီ ဘာသာဌီကာ၊ (၃) သတိပဋ္ဌာန ဝိဘင်္ဂမူလဌီကာ နိဿယ၊ (၄)ပုဂ္ဂလပညတ္တိ မူလဌီကာ နိဿယ၊ (၅) ပဋ္ဌာနမူလဌီကာ နိဿယ၊ (၆) အရှင်ဇနကာဘိဝံသ၏ တဘဝသံသရာ (ယခုမဟာဂန္ဓာရုံကျောင်းတိုက်၏ စာချဝန်ဆောင်ဖြစ်သည်။)

၂၄။ အရှင်သဇ္ဇန (၁) သီလက္ခန်ဘာသာဌီကာ၊ (၂) အရှင်ဇနကာဘိဝံသ၏ တဘဝသံသရာ(ယခုမန္တလေးမြို့ အရွှေပြင်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်အနီး မဟာမြိုင်ကျောင်းတိုက်၏ နာယကဖြစ်သည်။)

၂၅။ အရှင်ကောဝိဒ (သာသနဓဇ သီရိပဝရ ဓမ္မာစရိယ) (၁) သမ္မောဟဝိနောဒနီ ဘာသာဌီကာ (ယခု အမရပူရမြို့ အောင်ခြင်းရှစ်ပါး ကျောင်းတိုက်၏ နာယကဖြစ်သည်။)

၂၆။ အရှင်ဂန္ဓမာလာ (သာသနဓဇ ဓမ္မာစရိယ) (၁) သမ္မောဟဝိနောဒနီ ဘာသာဌီကာ (ယခုမန္တလေးမြို့ အရွှေပြင် စိန်တုန်းတိုက် စာချဘုန်းကြီးဖြစ်သည်။)

၂၇။ အရှင်ပဏ္ဍိတာဘိဝံသ (သာသနာလင်္ကာရနှင့် နှစ်ချင်းပြီး အမှတ်အမျှားဆုံး သာသနဓဇ သီရိပဝရ ဓမ္မာစရိယ စေတိယင်္ဂဏ ဓမ္မာစရိယ) (၁) ပါစိတ်ဘာသာဌီကာ၊ (၂) ဝိနည်းမဟာဝဂါ ဘာသာဌီကာ၊ (၃) ပရိဝါ ဘာဘာဌီကာ၊ (၄) သီလက္ခန်ဘာသာဌီကာ၊ (၅) ဓမ္မသင်္ဂဏီ ပါဠိတော် နိဿယ၊ (၆) သီလက္ခန်ပါဠိတော် နိဿယ၊ (၇) သုတ်မဟာဝဂါ ပါဠိတော်နိဿယ၊ (၈) စူဋ္ဌဝဂ္ဂပါဠိတော် နိဿယ၊ (၉) ဝိနည်းမဟာဝဂါ ပါဠိတော်နိဿယ၊ (၁၀) ပရိဝါပါဠိတော် နိဿယ၊ (၁၁) ကထာသလ္လာပသိက္ခာ၊ (၁၂) မဟာဂန္ဓာရုံ ဝတ်ရွတ်စဉ်၊ (၁၃) သိပ္ပံအမြင်နှင့် ဗုဒ္ဓအဘိဓမ္မာအဖြေ၊ (၁၄) ပါရာဇိကဏ် ပါဠိတော်နိဿယ (ယခု အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၏ အနုနာယက စာချဝန်ဆောင်ဖြစ်သည်။)

၂၈။ အရှင်တိက္ခိန္ဒြိယ(အစိုးရမမှာစရိယ)၊(၁) သီလက္ခန် ပါဠိတော် နိဿယ(ယခု လူ့ဘောင်သို့ ပြောင်း၍ ရမည်းသင်းမြို့နယ် ဘုရားကြီးရွာ၌ နေထိုင်သည်။)

၂၉။ အရှင်စိန္တိတ (သာသနာလင်္ကာရ ပထမကျော် သီရိပဝရ ဓမ္မာစရိယ အင်္ဂုတ္တရနိကာယ ပါဠိပါရဂူ ဒီဃဘာဏက)

(၁) ခုဒ္ဒသိက္ခာ ဘာသာဌီကာ၊ (၂) သီလက္ခန်ပါဠိတော်နိဿယ(ယခုမော်လမြိုင်ကျွန်းမြို့နယ်၌ နေထိုင်သည်။)

၃၀။ အရှင်နာဂဝံသ (သာသနာလက်ဝဲရန့် အစိုးရမမှာစရိယ)၊ (၁)သီလက္ခန် ဘာသာဌီကာ (ယခုလူ့ဘောင်သို့ပြောင်း၍၊ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း၌ နေထိုင်သည်။)

၃၁။ အရှင်ဉာဏိဿရ၊ (အစိုးရ မမှာစရိယ)၊ (၁) သီလက္ခန်ဘာသာဌီကာ၊(ယခုရန်ကုန်မြို့ သုဝဏ္ဏမြို့သစ်ကျောင်းတိုက်၌ နာယကဖြစ်သည်။)

၃၂။ အရှင်ဩသဓ(ဆရာတော်က-ကျောင်းပေါ်ကကျ၍ ခါးကျိုးဖူးသောကြောင့် "ခါးလေး"ဟုခေါ်သည်၊) (၁) သီလက္ခန်ဘာသာဌီကာ၊ (၂၇)နှစ်၊ (၇)ဝါအရတွင် ပျံလွန်တော်မူသည်။)

၃၃။ အရှင်ခိနဝရ၊ (သာသနမဇ္ဈ သိရိပဝရ မမှာစရိယ) (၁) သမ္မောဟဝိနောဒနီ ဘာသာဌီကာ၊ (ယခု လူ့ဘောင်ပြောင်း၍ ဝက်လက်မြို့နယ် ဒွန်တဲကုန်းရွာ၌ နေထိုင်သည်။)

၃၄။ အရှင်ဝိဇ္ဇာသိဒ္ဓိ၊ (၁) သမ္မောဟဝိနောဒနီ ဘာသာဌီကာ၊ (၂)ဓာတုကထာ မူလဌီကာနိဿယ၊ (၃) ပုဂ္ဂလပညတ် မူလဌီကာ နိဿယ (ယခုချောက်မြို့ မဟာစည်ရိပ်သာ၏ နာယကဖြစ်သည်။)

၃၅။ အရှင်သဒ္ဓိက၊ (ဒီဃဘာဏက)၊ (၁) သမ္မောဟဝိနောဒနီ ဘာသာဌီကာ၊(၂) ဓာတုကထာ မူလဌီကာနိဿယ၊ (၃) ပုဂ္ဂလပညတ် မူလဌီကာနိဿယ။

၃၆။ အရှင်သုစိတ္တ၊ (အစိုးရမမှာစရိယ)၊ (၁) ကထာဝတ္ထုဘာသာဌီကာ၊ (၂) ဝိဘင်း၊ မူလဌီကာနိဿယ၊ (၃) ယမကဘာသာဌီကာ (ယခုမြိတ်မြို့ ငါးဆူကျောင်းတိုက် မဟာဂန္ဓာရုံတိုက်ခဲ့၌ နာယကဖြစ်သည်။)

၃၇။ အရှင်မဟိန္ဒ၊ (သာသနာလက်ဝဲ)၊(၁) အဋ္ဌကထာအခြေပြု၊ (ယခုလူ့ဘောင် ပြောင်းသွားသည်။)

၃၈။ အရှင်ဉာဏိန္ဒ၊ (သာသနာလက်ဝဲရန့် သာသနဓဇသိရိပဝရမမှာစရိယ) (၁) သီလက္ခန် ပါဠိတော် နိဿယ၊ ယခုတောင်ငူမြို့ကျောင်းတိုက်၏ နာယကဖြစ်သည်၊)

၃၉။ အရှင်အဂ္ဂဓမ္မ၊ (သာသနာလက်ဝဲရ အစိုးရမမှာစရိယ)၊ (၁) ဓာတုကထာ ဘာသာဌီကာ၊ (၂) ပုဂ္ဂလပညတ် ဘာသာဌီကာ၊ (၃) ကထာဝတ္ထု ဘာသာဌီကာ၊ (၄) ဗုဒ္ဓါနုဿတိ ဘာဝနာ၊ (ယခုလူ့ဘောင်ပြောင်း၍ အမရပူရမြို့ နန်းမတော်ရပ်ကွက်၌ "မောင်အောင်မြတ်"ဟူသော နာမည်ဖြင့် နေထိုင်သည်။)

၄၀။ အရှင်ဓမ္မိကာဘိဝံသ၊ (သာသနာလက်ဝဲရ အစိုးရမမှာစရိယ ပရိယတ္တိသာသနဟိတ မမှာစရိယ၊) (၁) ဓာတုကထာ ဘာသာဌီကာ၊ (ယခုအခါ အရာတော်မြို့နယ် စပါးတွင်းရွာ၌ သီတင်းသုံးသည်။)

၄၁။ အရှင်စန္ဒဝံသာဘိဝံသ၊(သာသနာလက်ဝဲရန့်အစိုးရမမှာစရိယ၊ ပရိယတ္တိ သာသနဟိတ မမှာစရိယ၊ (၁) ယမက

ဘာသာဋ္ဌီကာ၊ (၂) ပဋ္ဌာနဘာသာဋ္ဌီကာ (ယခု မန္တလေးမြို့ စိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း၌-နေထိုင်သည်။)

၄၂။ အရှင်နန္ဒဝံသ၊ (သာသနာလက်ဝဲရ) (၁) ဝိဘင်းမူလဋ္ဌကာနိဿယ၊ (ယခုမင်းကွန်းတောင်အနောက်ဘက် ကင်းမင်းဆည်ရွာ၊ ကင်းမင်းဆည်ကျောင်း၌ နေထိုင်သည်။)

၄၃။ အရှင်ဇနပတ္တိ၊ (သာသနဓဇ ဓမ္မာစရိယ, အင်္ဂုတ္တရ-**နိကာယ** ပါဠိပါဂရူ)၊ (၁) သီလက္ခန်ဘာသာဋ္ဌီကာ၊ (၂) ဝိဘင်း ပါဠိတော်နိ**ဿယ**၊ (၃) မာတိုကထာ ပါဠိတော်နိဿယ၊ (၄) ပုဂ္ဂလပညတ် ပါဠိတော်နိဿယ၊ (၅) ကထာဝတ္ထု ပါဠိတော် နိဿယ၊ (၆) ကထာဝတ္ထု ပါဠိတော် မြန်မာပြန်၊ (၇) နောက်ဆုံး ဆယ်လ မြတ်ဗုဒ္ဓ၊ (၈) ပဗ္ဗဇိတ ဒုလ္လဘကထာ၊ (၉) ပုဂ္ဂလပညတ် မူလဋ္ဌကာ နိဿယ၊ (၁၀) ကထာဝတ္ထု မူလဋ္ဌကာနိဿယ၊ (၁၁) ယမကမူလဋ္ဌကာနိဿယ၊ (၁၂) ဝိနည်းမဟာဝါပါဠိတော် နိ**ဿယ**၊ (၁၃) ပရိဝါပါဠိတော်နိဿယ၊ (၁၄) ကထာသလ္လာပသိက္ခာ၊ (ယခုအမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၏ စာချုပ်ဆောင်ဖြစ်သည်။)

၄၄။ အရှင်ဝိဇယ (သာသနာလက်ဝဲရနှင့် အစိုးရမဟာစရိယ)၊ နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ၊ (ယခုမန္တလေးမြို့ ပတ္တမြားတိုက်၏ စာချုပ်ကြီးဖြစ်သည်။)

၄၅။ အရှင်ဇနိန္ဒ၊ (အစိုးရဓမ္မာစရိယ)၊ (၁) သုတ်မဟာဝဂ္ဂ ဘာသာဋ္ဌီကာ၊ (ယခု မြင်းခြံမြို့နယ်၊ ထနောင်းတိုင်ရွာ၌ သီတင်းသုံးတော်မူသည်။)

၄၆။ အရှင်သီလာစာရ (အစိုးရဓမ္မာစရိယ)၊ (၁) သုတ်မဟာဝဂ္ဂ ဘာသာဋ္ဌီကာ၊ (ယခု မဟာဂန္ဓာရုံ ကျောင်းတိုက်၏ စာချုပ်ဆောင် ဖြစ်သည်။)

၄၇။ အရှင်ပါကဋ္ဌ၊ (၁) သုတ်မဟာဝဂ္ဂပါဠိတော်နိဿယ၊ (ယခု အမရပူရမြို့ မဟာဂန္ဓာရုံ ကျောင်းတိုက်၏ စာချုပ်ဆောင် ဖြစ်သည်။)

၄၈။ အရှင်ကဝိနန္ဒ၊ (ပဋ္ဌာန်း စာချုပ်ကြီး)၊ (၁) သုတ်မဟာဝါ ပါဠိတော်နိဿယ၊ (၂) ကထာသလ္လာပ သိက္ခာ၊ (၃) မဟာဂန္ဓာရုံ ဝတ်ရုတ်စဉ်၊ ယခုမဟာဂန္ဓာရုံ ကျောင်းတိုက်၏ စာချုပ်ဆောင်ဖြစ်သည်။)

၄၉။ ရှင်ဉာဏောဘာလ (သာသနာလက်ဝဲရ)၊ (၁) စူဠဝဂ္ဂဘာသာဋ္ဌီကာ၊ (ယခုလှူ့ဘောင်ပြောင်း၌ "မောင်ကြည်ခိုင်" ဟူသော နာမည်ဖြင့် ရှမ်းပြည်ဝယ် ကျောင်းဆရာတာဝန်ထမ်းဆောင်နေသည်။)

၅၀။ အရှင်အရိယဝံသ၊ (၁) ဝိဘင်းပါဠိတော် နိဿယ၊ (ယခု လှူ့ဘဝပြောင်း၌ တံတားမြို့နယ်၌ နေထိုင်သည်။)

၅၁။ အရှင်ကုလဝံသ (သာသနာလက်ဝဲရ)၊ (၁) စူဠဝဂ္ဂ ဘာသာဋ္ဌီကာ (ယခုလှူ့ဘောင်ပြောင်းသွားသည်။)

၅၂။ ရှင်သုဝဏ္ဏ (သာသနာလက်ဝဲရ)၊ (၁) စူဠဝဂ္ဂ ဘာသာဋ္ဌီကာ။

၅၃။ အရှင်အရိယဝံသ (အစိုးရနှင့် စေတိယင်္ဂဏ ဓမ္မာစရိယ ဝဠုံသကာ)၊ (၁) ပဥ္စပကရဏ၊ ဓာတုကထာ ဘာသာ ဋီကာ၊ (ယခု မင်းကွန်း၌ နေသည်။)

ဤငါးကျိပ် သုံးပါးသော အရှင်တို့၏ အတိုင်းအတာဖြင့် မဟုတ်သော်လည်း "သဲတပွင့် အုတ်တချပ်"ဆိုသလို တဘဝန် ဆောင်သော တပည့်များလည်း ရှိပါသေးသည်၊ ဥပမာ– သာသနာရေး လျှောက်ထားချက်ကို အချောရေးခဲ့သော အရှင် ဝေရောစန၊ သုတ်မဟာဝဂ္ဂဘာသာဋီကာ တနေရာကို အချော ရေးခဲ့သော အရှင်သောဘိတ (အစိုးရ စေတိယင်္ဂဏ ဓမ္မာစရိယ) အရှင်ပဏ္ဍိတ (အစိုးရ ဓမ္မာစရိယ) စသည်တို့ ဖြစ်ပါသည်။

ပြင်ဆင်ပုံနှိပ်။ ။ကျေးဇူးရှင် ဆရာတော်၏ပရိယတ္တိ သာသနာပြု တဘဝန်မှာ ဤမျှဖြင့် မပြီးသေးပါ၊ ရေးအပ်ပြီးသော စာမူများကို ကိုယ်တော်တိုင် ကြပ်မတ်လျက် ပုံနှိပ်ရပါသေးသည်၊ စာစီ စက်ရိုက်နှင့် တဘဝန်ခံပုဂ္ဂိုလ်များ ကူညီ၍ ပြင်ဆင်ပေးကြသော စာပြင်တပည့်များဖြင့် ဆက်လက်၍ ဆောင်ရွက်ရပါသေးသည်၊ လှခင် အင်ဆန်း ပုံနှိပ်တိုက် ပိုင်ရှင်နှင့် လုပ်သားများ၊ ဆရာလုံး၊ မောင်ကျော်၊ မောင် အောင်ခန့် စသော တဘဝန်ခံဒကာများ၊ နယူးဘားမားပုံနှိပ် တိုက် စာစီဦးဆိုင်၊ မောင်စိုးမြင့် စသူဒကာများ၊ စက်ရိုက် ဦးချစ် စသူဒကာများကလည်း ဆရာတော်၏ စိတ်ကြိုက်အတိုင်း စနစ် တကျ ဆောင်ရွက်ပေးနိုင်ရန် အရည်အချင်းလည်းရှိ ဆောင် ရွက်လည်း ပေးကြသည်၊ စာအုပ်ကောင်းတအုပ် ဖြစ်မြောက်

ရေးမှာ ဤစာစီစက်ရိုက်တဘဝန်ခံပုဂ္ဂိုလ်များ၏စေတနာလည်း အကြောင်းတရပ်ပင် ဖြစ်ပါသည်၊ ယခုတိုင်စာစီလျက်ရှိသော ဒကာမောင်ဆိုင်သည် ဆရာတော်၏ အထားအသို အဖြတ် အတောက် စသောမူတို့ကို ကောင်းစွာရရှိသူ ဖြစ်၏။

နောက်ဆုံး ပြင်ဆင်ချက်။ ။ထိုပြင်ချက် စာမူများကို ဆရာတော်ထံသို့ ပို့ရသည်၊ ဆရာတော်သည် ထိုပြင်ဆင်ချက်တို့ကို စုပေါင်း၍ ထပ်မံပြင်ဆင်သည်၊ စာကောင်း စာသန့်၏ ဂုဏ်အင်္ဂါများ ကြွယ်ဝသည်ထက် ကြွယ်ဝအောင် အထားအသို အခဲ့အစိတ် အစအဆုံးစသော အချက် အလက်များကို စိတ်တိုင်းကျ ပြင်ဆင်တော်မူသည်၊ ဆရာတော် သည် ဤသို့မိန့်တော်မူဖူး၏ "ဘုန်းကြီးက ဒီကရေးပြီးရုံနှင့် မပြီးသေးဘူး၊ ဘုန်းကြီးကိုယ်တိုင် ရိုက်မှပြီးမှာ၊ သူများရိုက် လို့ရိုယင် ကောင်းမှာမဟုတ်ဘူး၊ ထမင်းဟင်းချက်တဲ့ လူလိုပဲ၊ ဆားကလေး လိုသေးတယ်ဆို ထည့်လိုက်၊ ငရုတ်ကောင်းလေး လိုသေးတယ်ဆို ထည့်လိုက်နဲ့၊ ချွေးတလုံးလုံးနဲ့ ချက်ရတာ၊ စားတဲ့သူကတော့ ကောင်းတယ် ကောင်းတယ်နဲ့ ကောင်းတာ လောက်ပဲ သိတယ်၊ ဒီမှာ ဘယ်လောက် လုပ်ရတယ် ဆိုတာ မသိဘူး။

ဆုံကျိန်း။ ။စားတဲ့သူကတော့ ကောင်းပါရဲ့၊ ဆုံကျိန်းလှပြီ ဆိုသလိုပေါ့၊ တခါက အိမ်တအိမ်မှာ ည့ဲသည် တွေကို မန်ကျည်းသီးထောင်းနဲ့ ထမင်းကျေးသတဲ့၊ ည့ဲသည် တွေက မန်ကျည်းသီးထောင်း ကောင်းလှတယ် ဆိုပြီး တော်

တော်များများ စားကြတော့ ဆုံနဲ့ထောင်းမနေနိုင်ပဲ ပါးစပ်နဲ့ ဝါးပေးရသတဲ့၊ ကုန်သွားပြီဆို ဝါးပေးရ၊ ကုန်သွားပြီဆို ဝါးပေးရနဲ့၊ ဝါးရဖန်များတော့ သွားတွေကျိန်းနေ၍ "သူတို့ တော့ ကောင်းပါရဲ့၊ ငါ့မှာတော့ ဆုံကျိန်းလှပြီ"လို့ဆိုသတဲ့။

သောဓက။ ။သောဓက=အနီးအဝေးမှ လျှောက်ထားအပ် သော ပြဿနာကြီးငယ်တို့ကို ရှေးသား ပုံနှိပ် ဆဲ စာအုပ်တို့ကို အကျ အပေါက် မရှိအောင် အထားအသို ကောင်းအောင် သတ်ပုံသတ်ညွှန်းမှန်အောင် ပြင်ဆင်မှုတို့ကို ပြုလုပ်တော်မူသော ကျေးဇူးရှင်ဆရာတော်သည် (၁) ယခု နာယကချုပ် ဆရာတော်, (၂) အရှင်ဣန္ဒေါဘာသာဘိဝံသ (အစိုးရနှင့်စေတိယင်္ကဏမ္မာစရိယ) (၃) အရှင်ကုဏ္ဍလာဘိဝံသ (သာသနာလင်္ကာရ, အစိုးရနှင့် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ) (၄) အရှင်ပဏ္ဍိတာဘိဝံသ (သာသနာလင်္ကာရ,အစိုးရနှင့် စေတိယင်္ကဏမ္မာစရိယ)တို့ကို တဘဝန်ပေးသည်က များ၏၊ လျှောက်ထားအပ်သော ပြဿနာများ ဆိုင်ရာ၌ အ ဖြေ ကို အကြမ်းအားဖြင့် ရေးပြောကာ အ ချေ အ ကူး ခိုင်း ခြင်း အားဖြင့်ဖြစ်စေ, လုံးဝ တဘဝန်လွှဲအပ်ခြင်း အားဖြင့် ဖြစ်စေ တဘဝန်ပေးတော် မူလေ့ရှိ၏၊ ထိုတဘဝန်ကို အများအားဖြင့် အရှင်ဣန္ဒေါဘာသာဘိဝံသအား ပေးတတ်၏၊ စာပြင်တဘဝန် ကိုကား မူဟောင်းများကိုပြန်ရိုက်ရာ၌ အတော်အတန်စာတော် သော သာမဏေကြီးများ ရဟန်းတော်များကိုပါ ပေးလေ့ ရှိ၏၊ ယခု နာယကချုပ်ဆရာတော်နှင့် အရှင်ဣန္ဒေါဘာသာ

ဘိဝံသ (နာယက ဆရာတော်) တို့ကား ထိုစာပြင်တဘဝန်ကို ကျေးဇူးရှင် ဆရာတော်လက်ထက်ဝယ် ကြာမြင့်စွာသော် ကာ လမှစ၍ ယခုကျအောင် ဆောင်ရွက်ဆဲဖြစ်ပါသည်။

ရေးပြ။ ။ကျေးဇူးရှင် ဆရာတော်သည် ပရိယတ္တိသာသနာ တော်သန့်ရှင်းတည်တံ့ ပြန့်ပွားစေရန် ဤကဲ့သို့ကျမ်း စာများကို ရေးကာ ရိုက်နှိပ်သောအခါ ပုံနှိပ်စက်ဆိုင်ရာ တဘ ဝန်ခံဒကာကို ရရှိသော နဝကမ္မ (ဝတ္ထုငွေ)များကို မိမိ၏ စား ဝတ်နေရေးချည်း မသုံးစွဲစေပဲ ဆရာတော်အလိုကျ သာသနာ့ ကျက်သရေကို ဆောင်နေကြသော စာလိုက်သံဃာ ပျမ်းမျ သုံးရာအား (၄)ပါးလျှင် ဟင်းနှစ်ခွက်ကျ နေ့စဉ်နေ့စဉ် လှူဒါန်း၍ ကျောင်းတိုက်အတွင်းရှိ ပျက်စီးသော ကျောင်းစသည်ကို ပြင်ဆင်ပေးခြင်း၊ ရေနံ ဂွေးနီ သုတ်ပေးခြင်း စသည်တို့ကိုလည်း တဘက်က ပြုစေလျက် လူဝတ်ကြောင် ဒကာ ဒကာမတို့အတွက် ပိဋကတ်တော်က ကြည်ညိုကျင့်သုံးဖွယ်တို့ကို ရေးပြအပ်သော ကျမ်းစာများ၊ ပရိယတ္တိ သာသနာ့ဝန်ဆောင် စာသင် စာချ ရဟန်းသာမဏေများအတွက် ကျစ်လျစ်လှပ စနစ်ကျ၍ ကြည့် လိုက်က နားလည်လွယ်သော ပိဋကတ် ၃-သွယ်၏ အခြေပြုနှင့် ဘာသာဋီကာ ကျမ်းစာအုပ်များကို သဒ္ဓါတရားထက်ထက်ဖြင့် မပြတ်မလပ် ရိုက်နှိပ်စေခြင်းအားဖြင့် အမှန်သို အမှန်ကျင့်လျက် နိုင်ငံနှင့် သာသနာတော်၏ ကျက်သရေကို ဆောင်နိုင်သူ ဖြစ် လောက်အောင် ရေးပြတော်မူခဲ့ပါသည်။

ထေရော အာစရိယော သေဋ္ဌော၊
ဒ္ဒိပညာသံစ သောဓကော၊
ပရိယတ္တိံ ဂန္ထယိတ္ဝာန
သဒ္ဓမ္မံ ပရိပါလယုံ။

ယောကျိုးမြတ်။ ။ကျေးဇူးတော်ရှင် ဆရာတော်သည် မြင့်မြတ်သော အမျိုးဇာတ်၊ခန့်ညားထည်ဝါသော ဥပဓိရုပ်၊ဝါဝင်းသောအသားတော်၊ ရှင်လန်းတက်ကြွ၍ ကျန်းမာသော ကိုယ်ခန္ဓာ, ကရုဏာ ဩဇာပြည့်ဝသော အသံလိမ္မာ ပါးနပ်သော အသိဉာဏ်တို့ဖြင့် ဖွဲ့စည်းထားအပ်သော ယောကျိုးမြတ် လက္ခဏာပါရှိသော ခန္ဓာကိုယ်ရှိ၏။

ဗိုလ်ငါးပါး။ ။ထိုခန္ဓာကိုယ်၌ ရဟန်းကောင်းတို့ စောင့်ထိန်းအပ်သည့် သီလ (၄)မျိုးကို မကျိုးမပေါက် စောင့်ထိန်းနိုင်သော သီလစေတနာကို အခြေခံကာ ရတနာသုံးပါး ကံနှင့်ကံ၏အကျိုးကို ထူးခြားစွာ ယုံကြည်သော သဒ္ဓါ၊ ကိုယ်နှင့် အသက် မငဲ့ကွက်ပဲ သာသနာ့တော်အတွက် အားထုတ်သော ဝီရိယဓာတ် ကုသိုလ်ကိစ္စနှင့် အကျိုးရှိသော ကိစ္စတိုင်းဝယ် မမေ့မလျော့သော သတိဖြင့် ကောင်းသောအာရုံ၌ စူးစိုက်စွာ ထားနိုင်၍ မကောင်းသော လောကဓံဝယ် ခံနိုင်ရည်ရှိသော သမာဓိ၊ အမှားအမှန် အကျိုးရှိမရှိ ခွဲခြားသိသော ပညာမှစ၍ သူတပါးတို့ နားလည် နိုင်လောက်အောင် ဟောပြောရေးသားနိုင်သော ပညာ, ထိုပညာမှတဆင့်တက်၍ ဗုဒ္ဓါ

နဲ့ဆတိ မေတ္တာ အသုဘ မရဏဿတိ ဝိပဿနာ ဘာဝနာဖြစ်သော ပညာ၊ ဤတရားများ ကိန်းဝပ်နေ၏။

ယာသနာစောင့်ရှောက်။ ။ဤ သို့အား ဖြင့် အခြား ပုဂ္ဂိုလ် တဦးစီ တဦးစီဝယ် တမျိုးစီရှိနိုင်သော လောကီဂုဏ် လောကုတ္တရာဂုဏ်များသည် မိမိတဦးတည်း၌ရှိနေသော ပညာရှိအစစ်ဖြစ်သော ကျေးဇူးတော်ရှင် ဆရာရှင်မြတ်သည် လည်းကောင်း၊ ထိုအရှင်မြတ်၏ လမ်းညွှန်မှုဖြင့် ကျမ်းစာ ရေးသားရာဝယ် ပါဝင်ကူညီခဲ့သော ငါးကျိပ်သုံးပါးသောတပည့်များသည်လည်းကောင်း၊ ကျမ်းစာရိုက်နှိပ်ရာဝယ် ကူညီကာ အမှားပြင်ပေးတော်မူသော တပည့်များ, ရပ်ဝေးရပ်နီးမှ ပြဿနာတို့ကို ဖြေကြားရာဝယ် တာဝန်ယူကြသော တပည့်များ သည်လည်းကောင်း၊ ဤဆရာတပည့်များသည် ဗုဒ္ဓဘာသာဝင် သူတော်စင်များအတွက် ရတနာဂုဏ်ရည်စသော ကျမ်းစာ၊ စာချစာသင် ပညာရှင်တို့အတွက် ပါတိမောက္ခ ဘာသာဋီကာ စသောကျမ်းစာများကို ရေးပြ၍ ဗုဒ္ဓမြတ်စွာ အဆုံးအမတော်ဖြစ်သော သူတော်ကောင်းတရားကို စွမ်းအားရှိသလောက် စောင့်ရှောက်တော် မူခဲ့ကြပေသည်။

အရှင်သုဇာတ (သာဝတ္ထို)

မဟာဂန္ဓာရုံတိုက်

အာမရပူရမြို့

သင်ပြခန်း

"မျက်နှာလွဲခဲ့ပစ်" သဘောမျိုးဖြင့် ရေးရုံသာ ရေးပြတော်မူသည်မဟုတ်၊ မိမိရေးအပ်သော ကျမ်းစာတို့ဖြင့် သင်ပြပေးမှုကိုလည်း ပြုတော်မူသည်၊ စာပေသင်ကြားရာ၌ အဆင့်အတန်းမခွဲခြားပဲ သင်ပြမှုကို လုံးဝ လိုလားတော်မမူ၊ ထို့ကြောင့် အတန်းခွဲ၍ သင်ပြတော်မူသည်။

မဟာဂန္ဓာရုံကျောင်းတိုက်၌

ကျေးဇူးရှင်ဆရာခတော်၏ ပညာရေးစနစ်

ပညာရေးမူ။ ။အခြေပါဒ သင်ဦးစွဲ ချနည်းမကျယ် မိပွာယ်ကောင်းစွာ လိုရုံသာဖြင့် အပ်ရာမသီး နားထွင်းနည်းသို့ ညှံ့ဖြည်းမွေ့မွေ့ တရွေ့ရွေ့ဖြင့် တနေ့တထူး ကျေးဇူးချွဲထွင် ကျမ်းရိုးငင်လျက်။

ဤအရှင် မဟာရဋ္ဌသာရ၏ မူသည်ပင် ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရား (အရှင်ဇနကာဘိဝံသ) ပညာရေးမူ ဖြစ်ပါသည်၊ ဤပညာရေးမူဖြင့်ပင် ခြောက်လတပတ် အံ့မခန်းအောင် အဆင့်ဆင့် အောင်မြင်လျက်ရှိသော၊ (၁) စာပေဝါသနာပါလျှင်၊ (၂) မလေလွင့်အောင် အနီးကပ် ထိန်းသိမ်းမည့် အာမခံ ဆရာကောင်းရှိလျှင်၊ (၃) လေးတန်းအခြေခံ, သို့မဟုတ် ပရိတ်ကြီး လောကနီတိ ကုန်ပြီးဖြစ်လျှင်၊

(၄) ဥာဏ်မှန်မှန်ရှိလျှင် ငါးနှစ်ခန့်၌ ပိဋကတ်ပင်လယ်၏ အတိမ်အနက်ကို ရဝံ့စွာ မှန်းဆနိုင်သော၊ဆယ်နှစ်(၁၀)နှစ်ခန့်ဆိုလျှင် ပိဋကတ်ပင်လယ်၌ တကယ်တမ်း ကျမ်းကျင်သော ပရိယတ္တိအာဇာနည်တပည့်ကောင်းများကို ကိုယ်ပွားအဖြစ် ချန်ထားရစ်ခဲ့သည်မှာ လက်တွေ့သိလေ အံ့ဩမဆုံးလေ ဖြစ်နေကြရပါသည်။

မူလတန်း (ပထမ-၆ လပတ်)

(က) ရတနာ့ဂုဏ်ရည်။ ။ဘုရား ဂုဏ်တော်၊ တရား ဂုဏ်တော်၊ သံဃာ့ဂုဏ်တော် ကန်တော့နည်းအမျိုးမျိုး၊ငါးပါးသီလ, ကောမာရ ဗြဟ္မစရိယသီလ, ကောမာရိဗြဟ္မစရိယသီလ, ရှစ်ပါးသီလ, အာဇီဝဋ္ဌမကသီလ, ကိုးပါးသီလ, ဆယ်ပါးသီလ, သုစရိုက် ဒုစရိုက် အကျဉ်းအကျယ် ပုညကိရိယဝတ္ထု၊ ကံ, ကံ၏အကျိုး, ဆုတောင်း (ကုသိုလ်ပြုရာ၌ စိတ်ထားနည်း၊) ရောင်ခြည်တော် စေတီတော် လက္ခဏာတော် ကြီးငယ်တို့ကို အသေးစိတ် ရရှိနားလည်စေနိုင်သော ဘာသာရပ် ဖြစ်သောကြောင့် ဤသင်ခန်းစာ တခု ဖြင့်ပင် အရည်အချင်းပြည့်ဝသော ဗုဒ္ဓဘာသာဝင် ဖြစ်နိုင်ပါသည်။

(ခ) ရုပ်ပုံရှင်ကျင့်ဝတ်။ ။ဆံချ သင်္ကန်းကပ် သင်္ကန်းတောင်း ရှင်ပြု ပါဠိ-မြန်မာ ပေစာဝေဂ္ဂဏာ လိန် ဒဏ် ယေခိယ ဒသဓမ္မ (အဘိဏှ)-သုတ်၊ ကောဋ္ဌာသ ခန္ဓကဝတ် ဓုတင်တို့ကို အသေးစိတ် အခြေခံကျကျ ရရှိနားလည်စေနိုင်သော ဘာသာရပ် ဖြစ်သောကြောင့်

ဤဒုတိယ သင်ခန်းစာဖြင့် သာမဏေဆိုင်ရာ အသိအလိမ္မာ ကုံလုံကြွယ်ဝသော ရှင်သာမဏေကောင်း ဖြစ်နိုင်ပါသည်။

(ဂ) ပါဠိဿိက္ခာ။ ။ ကတ္တားဟော၊ ကံဟော၊ ယောဂ၊ တုလျာဓိကရဏ ဝိသေသန ကြိယာဝိသေသန၊ အစ္စန္တယောဂ၊ လက္ခဏ၊ လက္ခဏ၊ တုလျတ်၊ လိင်တ်၊ နာမ်ဝိဘတ် အနက် အမျိုးမျိုး၊ ဘဝိဿန္တိဝိဘတ်၊ အဇ္ဇတနီဝိဘတ်၊ ပဥ္စမီဝိဘတ်၊ သဿမီဝိဘတ်၊ အနက်အမျိုးမျိုး၊ ကိတ်-ကြိယာအမျိုးမျိုး၊ စ-ပိဝါ၊ စေဝ၊မာ-သုံးပုံ အမျိုးမျိုးတို့ကို အသေးစိတ် သွက်သွက် လက်လက် ကျွမ်းကျွမ်း ကျင်ကျင် တတ်မြောက်စေနိုင်သော ဘာသာရပ် ဖြစ်သောကြောင့် ဤတတိယသင်ခန်းစာဖြင့် (၁) မြန်မာကို-ပါဠိ၊ (၂) ပါဠိကို-မြန်မာ၊ သွက်လက်မှန်ကန်စွာပြန်ဆိုနိုင်ခြင်း၊ (၃) စည်းကမ်းရှိရှိ ထိထိမိမိ ပါဠိကို အနက်ပေးနိုင်ခြင်း ဟူသော ပါဠိအရာဝယ် တိတိတာတာ ခေါ်တတ်ပြောတတ် ရေးတတ်စ သူငယ်ဘဝသို့ ရောက်ရှိနိုင်ပါသည်။

(ဃ) သဒ္ဒါကျဉ်း။ ။ နာမ်ဂိုဏ်း၊ အာချာတ်ဂိုဏ်း၊ သန္ဓိ၊ သမာသ်၊ တဒ္ဓိတ်၊ ကိတ်-တို့ကို မြန်မာဘာသာ ကဗျာကလေးများဖြင့် သင်ပေးသွားရသည့်အတွက် အချိန်အနည်းငယ်ဖြင့် ကစ္စည်း၊ ရူပသိဒ္ဓိ တို့ကို အာဂုံရရှိနေသူ လောက်မက နားလည်စေနိုင်သောကြောင့် ဤစတုတ္ထ သင်ခန်းစာဖြင့် (၁) အမိဘာသာမဟုတ်၍ ကူလားစကား ပြော သလို ဘာကိုဆိုလိုမှန်းမသိသော သုတ်စဉ်ပါဠိကို အာပူအောင်

ကျက်ရသော ဘေးဒုက္ခ (၂) ထိုသုတ်စဉ်ကို အမိဘာသာဖြင့် နားလည်စေနိုင်ရန် သုတ်နက်ကျက်ရသော ဒုက္ခ၊ (၃)ထိုသုတ် နက်မျှဖြင့် နားမလည်နိုင်သေး၍ ဆရာဖြစ်သူက တပင်တပန်း ပြောပေးရသော ဒုက္ခတို့မှကင်းလွတ်သည့်အတွက် ဆရာရော တပည့်ပါ စိတ်လည်းချမ်းသာ ကိုယ်လည်း ကျန်းမာစွာဖြင့် အနာဂတ် သာသနာ့ဝန်ကို ထမ်းဆောင်ဖို့ရန် ဉာဏဗလ၊ကာယ ဗလတို့ကို အပြည့်အဝ ရရှိနိုင်ကြပါသည်။

မှတ်ချက်။ ။ မဟာဝိသုဒ္ဓါရုံမ ဆရာတော် ဘုရားကြီးကမူ နာမ်ဂိုဏ်း၊ အာချာတ်ဂိုဏ်းတို့ကို ကျေကျေမွမ့ရရှိရုံမျှဖြင့်ပင် ပိဋကတဝက်တတ်ပြီ-ဟု မိန့်တော်မူပါသတဲ့။

နိဂုံး။ ။ ဤမျှလောက်ဖြင့် ဘာသာရေး အခြေခံလည်း ရ၊ ဝိနည်းအခြေခံလည်းရ၊ ဘာဝနာ အခြေခံလည်းရ၊ ပါဠိဘာသာ အခြေခံလည်းရသဖြင့် လူကောင်း၊ ရှင်ကောင်း၊ ရဟန်းကောင်း၊ ယောဂီကောင်း ပါဠိဘာသာတတ်တို့၏ လမ်းပေါ် သို့ အတော်ကြီးရောက်နေပါပြီ၊ စာသင်ကာလမှာကား ခြောက်လတိတိသာ ရှိပါသေးသည်။

၂။ ပထမတန်း (ရွှေပိုင်း)
(ဒုတိယ ခြောက်လပတ်)

(က) ဓမ္မပဒဋ္ဌကထာ (ယမကဝဂ်)။ ။ ပါဠိဿိက္ခာနှင့် သဒ္ဒါကျဉ်း တို့ကို ဆိုအပ်ပြီး အတိုင်း ဒိုင်းဒိုင်းပြေး ကြေညက်နေပြီဖြစ်သော တက်သစ်စ ပရိယတ္တိ အာဇာနည်ကလေးသည် စာချ ဘုန်းတော်ကြီးက

နိဂုံး။ ။ဤမျှလောက်ဖြင့် အဋ္ဌကထာကြီးများ၌ အသိဉာဏ် သန္ဓေတည်၍ သဒ္ဒါနည်း ရှုပ်ပြီးပုံများ၊ ကျောင်းတိုက်စိတ်, သာသနာစိတ်များလည်း သန္ဓေတည်ပါပြီ။

၃။ ပထမတန်း (နောက်ပိုင်း)
(တတိယ ခြောက်လပတ်)

(က) ဓမ္မပဒဋ္ဌကထာ(အပ္ပမာဒဝဂ်)။ ။ဤအတန်း၌ အနက် ဉာဏ်မှာ ဆရာပင် အတော် လက်လှစ်ရသောအခြေသို့ ရောက်နေပါပြီ၊ ဤအဋ္ဌ ကထာ၌ ပါဝင်သော ပုဒ်တို့ကို ပုဒ်စပ် ပုဒ်ဖြတ် နာမ်ရုပ် အာချာတ်ရုပ် ကိတ်ရုပ်နှင့် ဝိဘတ်အနက် သက်သက်တို့ကိုပင် အတော်မြင်နေပါပြီ၊ သဒ္ဒါနည်းအရကော၎က်, သဒ္ဒိဟ်နည်း အရကော၎က် တို့ကိုလည်း လေ့လာစပြုနေပါပြီ၊ ပုဒ်တခု၌ သဒ္ဒိဟ်နည်းအရ ကော၎က်ပြီး ယှဉ်ရာ စေတသိက်နှင့် ယင်းစေ တသိက်တို့၏ ဝေဒနာဒိဆက္ကတို့ကိုပင် အတော်မြင်နေပါပြီ။

(ခ) အခြေပြုသဒ္ဒါ။ ။ကိတ်, ဥဏာဒိ, ကာရကတို့ကိုသင်ယူ ရပါသည်။

(ဂ) အခြေပြုသဒ္ဒိဟ်။ ။အော်က်သုံးပိုင်းကို သင်ယူရပါသည်။

နိဂုံး။ ။ဤမျှလောက်ဖြင့်၊ (၁) ဝိနည်း၊ (၂) သဒ္ဒါ၊ (၃) အဘိဓမ္မာ ဟူသော သာသနာ့ဝန်ထမ်းတို့၏ လမ်းကြီးသုံးသွယ်၌ အတော်ပင် ခရီးဆိုက်ရောက်နေပါပြီ။

အနည်းငယ် ပြောပြသွားရုံမျှဖြင့် ဤကဲ့သို့သော ဓမ္မပဒအဋ္ဌ ကထာကြီးကိုပင် စည်းကမ်းကျကျ အနက်ပေးနိုင်, အဓိပ္ပာယ်ကို မှတ်သားနိုင်သော ဦးနှောက်(ဉာဏ်အား)ကို ရရှိပြီးဖြစ်သော ကြောင့် ဤအဋ္ဌကထာကိုခြောက်လမပြည့်ခင် ငါးလလောက် ဆိုလျှင်ပင် အနက်လည်းထင်, အဓိပ္ပာယ်လည်းမှတ်မိ, အခြေခံ သဒ္ဒါနည်းတို့ကိုလည်း သိနိုင်ပါသည်။

(ခ) အခြေပြုသဒ္ဒါ။ ။ပါဠိဋီကာ သဒ္ဒါကျဉ်းတို့ဖြင့်ပင် ပိဋကသုံးသွယ် နိကာယ် ငါးတန် ဓမ္မက္ခန်တို့၌ အမှန်ပင် ကျက်စားနိုင်ပါ၏၊ (သဒ္ဒါကျမ်းကြီး များကို ကြည့်စာအဖြစ်ဖြင့်ကား အဖော်ပြုရပေဦးမည်၊) သို့သော် သဒ္ဒါနည်းတို့၌ ခိုင်မာတိကျစွာ သာဓကပြုနိုင်စေရန် သဒ္ဒါကျမ်းတို့ကိုလည်း သင်ဖို့ လိုအပ်သေးသောကြောင့် ပါဠိဋီ သဒ္ဒါအခြေခံရဖို့ရာ၌ ဤကျမ်းစာကိုသင်ယူရပါသည်၊ (ကစ္စည်း ဝုတ္တိနှင့် အခြားသဒ္ဒါကျမ်းကြီးတို့ကိုကား နောင်အခါ အလိုလို ကြည့်တတ်လာပါလိမ့်မည်၊) ဤအတန်း၌ သန္ဓိ နာမ် အာချာတ် သုံးပိုင်းမျှသာ သင်ယူရပါသည်။

(ဂ) ကထာသလ္လာပသိက္ခာ။ ။ပါဠိစကားပြော ကျွမ်းကျင် စေရန်နှင့် ကျောင်းတိုက်၏ အစဉ်အလာ ကျင့်ထုံးများကို သိရှိစေရန်၊ သာသနာရေး စိတ်ဓာတ်ကိုနှိုးဝင်စေရန် သင်ယူရပါသည်။

၄။ ပထမဆင့် (စံတုတ္ထခြောက်လပတ်)

(က) မဟာဝဂ္ဂပါဠိ (ဝိနည်း)။
(ခ) အဂုံတ္တရပါဠိ (တိကအကုန်)။
(ဂ) ဓမ္မပဒဋ္ဌ (ယမကအပ္ပမာဒ)။

နိဂုံး။ ။ဤမျှလောက်မျှဖြင့် သန့် နာမ် အာချာတ် ကိတ်ရုပ်များ၊ဝိဘတ်အနက်သက် သုတ်များ၊သင်္ဂြိဟ်နည်း အရကောက်များကို လည်းကောင်း၊ ထိုပါဠိတော်များ၏ အဓိပ္ပာယ်တို့ကိုလည်းကောင်း ကျွမ်းကျင်နေပါပြီ။

၅။ ဒုတိယဆင့် (ပဥ္စမခြောက်လပတ်)

(က) စူဠဝဂ္ဂ ပရိဝါရ ပါဠိ။
(ခ) အဂုံတ္တရ (ဆက္ကအကုန်)။
(ဂ) ဓမ္မပဒဋ္ဌ (ဒဏ္ဍဝဂ်အကုန်)။

နိဂုံး။ ။ဤအတန်း၌ အထူးအားဖြင့် သမာသ် တဒ္ဓိတ် ကိတ်ဝိဂြိဟ်များနှင့် သင်္ဂြိဟ်အရကောက်ဝယ် ဝိထိချနည်းတို့ကို လေ့လာရပါသည်၊ (ဤအချိန်၌ အစိုးရ အငယ်တန်းကိုလည်း ပူးတွဲဖြေလေ့ရှိပါသည်။

၆။ တတိယဆင့် (ဆဋ္ဌခြောက်လပတ်)

(က) ပါရာဇိက ပါစိတ္တိပါဠိ။
(ခ) အဂုံတ္တရ (အကုန်)။
(ဂ) ဓမ္မပဒဋ္ဌ (အကုန်)။

နိဂုံး။ ။ဤအတန်း၌ အထူးအားဖြင့် ထိုပါဠိတော်လာ ပုဒ်ဝါကျတို့၏ ပရမတ္ထအရကို ကောက်၍ ပဋ္ဌာန်းနည်းပစ္စည်းပြိုင်ပုံများကို လေ့လာကြရပါသည်၊ သင်္ဂြိဟ်လည်းကုန်ပါပြီ၊ကစ္စည်းသဒ္ဒါလည်းကုန်ပါပြီ၊ဋ္ဌကာကျော်ရူပသိဒ္ဓိတို့လည်း အတော်ကျေပါပြီ၊(အချို့မှာ သဒ္ဒနီတိ မောဂ္ဂလာန်များကိုပင် အတော်အတန် ကြည့်ဖူးနေပါပြီ၊ ကြည့်လည်း ကြည့်တတ်နေပါပြီ၊)အစိုးရ အလတ်တန်းကိုလည်း ပူးတွဲဖြေဆိုနေတတ်ပါသည်၊ ဤပုဂ္ဂိုလ်သည် ပိဋကပင်လယ်၏ အတိမ်အနက်ကို ရဲရဲဝံ့ဝံ့ မှန်းဆနိုင်ပါသည်၊ အကြီးတန်း, ဓမ္မာစရိယတန်းတို့ကို ဆက်လက်ဖြေဆိုပြီးရာအခါ၌ နှစ်စဉ်အောင်သူအတွက် စာသင်သက် ငါးနှစ်ရှိပါပြီ၊ ပိဋကပင်လယ်၌ အားအပြည့် မာန်အပြည့်ဖြင့် ကူးခပ်ကျက်စားနိုင်ပါပြီ။

ဆရာတော့်စာဝါ။ ။နေ့စဉ် နှစ်ချိန်ပို့ချယင်း ရေးသားလျက်ရှိသော ကျေးဇူးရှင် ဆရာတော်ဘုရား (အရှင်ဇနကာဘိဝံသ)၏စာဝါကို လိုက်ဆိုရေးခြင်းဖြင့်သုံးနှစ်လောက်သာ မှမှီးမံလိုက်ရပါမူ အဋ္ဌကထာကြီး ဋီကာကြီးများ၌ပင် သူငယ်တန်းအလားကျက်စားပျော်ရွှင်နိုင်သော သာသနာ့အာဇာနည်အဖြစ်သို့ ကောင်းမွန်စွာဆိုက်ရောက်ပါတော့သည်။

အဘိဓမ္မာ။ ။ငယ်,လတ်,ကြီး,ဓမ္မာစရိယ စာမေးပွဲများလည်း မဟာဂန္ဓာရုံကျောင်းတိုက်တွင်း ပညာရေးစနစ်၌ အကျုံးဝင်လျက်ရှိ၏၊ဆရာတော်သည် ညဝါကိုလွန်စွာသဘောကျ၏၊ (မာတိကာ ဓာတုကထာ ယမိုက် ပဋ္ဌာန်း ဝိထိနှင့်

သုံးချက်စု ဆိုရိုးများကို ညအခါဝယ် ပို့ချရိုးပြုခဲ့၍ ညဝါဟု ဘွင်သည်၊) "သီဟိုဠ်, ယိုးဒယားတို့မှာ သရုပ်အဘိဓမ္မာကိုမနိုင်ဘူး၊ ဒီဗမာပြည်မှာတော့ ညဝါတွေကြောင့် သရုပ်အဘိဓမ္မာသိပ်နိုင်ကြတယ်၊ ဆိုရိုးကြီးတွေက နည်းနည်းတော့ ရှည်တယ်၊ အချိန်ရလျှင် ပြင်ဖို့ကောင်းသေးတယ်" ဟု အမိန့်ရှိ၏၊ အဘိဓမ္မာဥဒ္ဒသရုပ်နှင့်သဘောဟု နှစ်မျိုးရှိ၏၊ ညဝါများကိုသင်ကြားလွယ်လာရသောကြောင့် သရုပ်ကဲ့လှု၏၊ မြန်မာနိုင်ငံ၌ အဘိဓမ္မာသဘောကိုမူ မပိုင်နိုင်လှ၊ လယ်တီဆရာကော် လက်ထက်ကမှ အဘိဓမ္မာ၏သဘောကို ပိုင်နိုင်၏၊ "နဂိုက ဗမာပြည်မှာ သရုပ်ကဲ့ပေါ်ယ့် သဘောကိုမနိုင်ကြဘူး၊ လယ်တီဆရာတော်လက်ထက်ကမှ သဘောကိုနိုင်တယ်၊ ဘုန်းကြီးလဲ လယ်တီဆရာတော်ရဲ့ဒီပန်တွေကိုကြည့်ပြီးမှ သဘောအဘိဓမ္မာကို နိုင်လာတယ်" ဟု ဂျာကော်က မိန့်ဖူးပါသည်။

စာချစဉ်ငေါက်။ ။ပြောချမှာ၌ မတွေ့ဖူး, မကြုံဖူးသေးသော အနက် အဓိပ္ပာယ်တို့ကို မှတ် မိ လောက်အောင် ပြောပြ၍ တွေ့ဖူးကြုံဖူးပြီးသား အနက်အဓိပ္ပာယ်တို့ကိုမူ ထပ်မံမပြောပဲ မေးရုံသာမေး၍ မဆိုနိုင် မပြောနိုင်လျှင် "ဟစ်အော် ငေါက်ငမ်းရမည်" ဟု ညွှန်ပြတော်မူသည်၊ထိုသို့သင်မှသာ စာသင်သားများ သွက်လက်လာသည်ဟု အမိန့်ရှိသည်၊ပခုက္ကူဆရာတော်ကြီးများကား တခါပို့ချအပ်ပြီးသော အနက် နောက်တခါ ပြန်တွေ့၍မရလျှင် "ဟဲ့-သက်ကြား ဟဲ့-သက်ကြား" ဟု ငေါက်လေ့ရှိသတဲ့၊ အော်ငေါက်ခြင်းသည် နွားကို နှင်တံဖြင့်တို့သလို သွက်လက်အောင် ပြုခြင်းဖြစ်သည်ဟု ဆို၏။

စာသင်ယင်တပါး၊ ။အနက်ကိုပို့ချရာ၌ တခါက ယင်တပါးသည် "ဘူ-ဘူသဒ္ဒါ ဖြည်၊သတ္တာယံ- ထင်ရှားခြင်း အနက်၌" ဟု ဆိုလေရာ ဆရာဘုန်းကြီး မထောက်ပဲ ထိပ်ခေါက်သတဲ့၊ တပည့်ဖြစ်သူသည် မမှတ်မိသဖြင့်

ပရိယတ္တိသာသနဟိတအသင်းကကျင်းပအပဲသော စေတီယင်္ကဏ် စာမေးပွဲကိုလည်းကောင်း ဖြေဆိုစေပါသည်၊ နှစ်ပွဲလုံးကို တော့်မဖြေစေချင်ပါ၊ စာမေးပွဲ များများ မဖြေစေလိုပါ၊ စာမေးပွဲများများဖြေသူကို "စာမေးပွဲဖြေစားသူ" ဟုပြောလေ့ရှိပါသည်၊ စာပေ တတ်ကျွမ်းမှုအတွက်ကား စေတီယင်္ကဏ် သက္ကသီဟကိုမဝင်စေလိုပါ "နပန်းပွဲ၊လက်ဝှေ့ပွဲ၊လူသတ်ပွဲ" ဟု ပြောကြောင်းကို မကြာမကြာ ပြောလေ့ရှိရုံမက အနာဂတ်သာသနာရေးကျမ်းစာများ၌ထည့်သွင်းရေးသားတော်မူခဲ့ပါသည်။

စာချစဉ်ငေါက်။ ။ပြောချမှာ၌ မတွေ့ဖူး, မကြုံဖူးသေးသော အနက် အဓိပ္ပာယ်တို့ကို မှတ် မိ လောက်အောင် ပြောပြ၍ တွေ့ဖူးကြုံဖူးပြီးသား အနက်အဓိပ္ပာယ်တို့ကိုမူ ထပ်မံမပြောပဲ မေးရုံသာမေး၍ မဆိုနိုင် မပြောနိုင်လျှင် "ဟစ်အော် ငေါက်ငမ်းရမည်" ဟု ညွှန်ပြတော်မူသည်၊ထိုသို့သင်မှသာ စာသင်သားများ သွက်လက်လာသည်ဟု အမိန့်ရှိသည်၊ပခုက္ကူဆရာတော်ကြီးများကား တခါပို့ချအပ်ပြီးသော အနက် နောက်တခါ ပြန်တွေ့၍မရလျှင် "ဟဲ့-သက်ကြား ဟဲ့-သက်ကြား" ဟု ငေါက်လေ့ရှိသတဲ့၊ အော်ငေါက်ခြင်းသည် နွားကို နှင်တံဖြင့်တို့သလို သွက်လက်အောင် ပြုခြင်းဖြစ်သည်ဟု ဆို၏။

စာသင်ယင်တပါး၊ ။အနက်ကိုပို့ချရာ၌ တခါက ယင်တပါးသည် "ဘူ-ဘူသဒ္ဒါ ဖြည်၊သတ္တာယံ- ထင်ရှားခြင်း အနက်၌" ဟု ဆိုလေရာ ဆရာဘုန်းကြီး မထောက်ပဲ ထိပ်ခေါက်သတဲ့၊ တပည့်ဖြစ်သူသည် မမှတ်မိသဖြင့်

"သတ္ထာဃံ"ဟု ချည်းဆို၏၊ ဆရာကလည်း ထိပ်ကိုသာခေါက်၏၊ နောက်တော့ "သတ္တာဃံ"ဟု ဆိုလိုက်တော့မှ ဆရာက အခေါက် ရပ်လိုက်သတဲ့၊ ဒါနဲ့နောက်တော့ အခေါက်မခံရအောင် "သတ္တာဃံ"ဟုချည်း ဆိုသတဲ့၊ စာသင်ငယ်တပါးကား "သံသာရဝဋ္ဋ ဒုက္ခတော"ကို "သံသရာဆင်းရဲမှ"ဟု ဆို၏၊ ဆရာက ထိပ်ခေါက်၏၊ "သံသရာဝဋ်မှ"ဟု ဆိုပြန်၏၊ ခေါက်ပြန်၏၊ "သံသရာဝဋ်ဆင်းရဲမှ"ဟု ဆိုလိုက်မှ အခေါက်ရပ်သတဲ့၊ ထို့ကြောင့် အခေါက်မခံရအောင် "သံသရာဝဋ်ဆင်းရဲမှ"ဟု ချည်း ဆိုတော့သတဲ့၊ဆရာတော်သည် ကိုယ်တိုင်စာချရာဌ်လည်း ဤနည်းကို သုံးတော်မူသည်၊ (ကိုယ်ထိ လက်ရောက်ကား မရိုက်နှက်ပါ၊ ငေါက်မိန်းမူသာပြုပါသည်။)

စာချနည်း။ ။ဤသို့ကိုယ်တိုင် ရေးအပ်သော ကျမ်းစာများဖြင့် ကိုယ်တိုင်သင်ပြတော်မူပြီးနောက် ၁၃၂၂-ခုနှစ်ဝယ် စာတော်ပြီးဖြစ်သော တပည့်များကို ဂဏဝါစက စာချ(ဘုန်းကြီး)များအဖြစ် ရွေးချယ်သတ်မှတ်လျက် အတန်းခွဲကာ စာဝါများကို စီစဉ်တော်မူသည်၊ ထိုနှစ်က ဆရာတော် ကိုယ်တိုင်လည်း အဂ်ုတ္တိရ် ပါဠိတော်ကို ပို့ချ တော် မူ သည်၊ "ဧဝံ မေ သုတံ"၌ ဧဝံ ဘာပုဒ်လဲ၊ "မေ" ဘာပုဒ်လဲ စသည်ဖြင့် မေးလေ့ရှိ၏၊ ပြောပြလေ့မရှိ၊ ဘာကြောင့်နည်း၊ ယင်းအမေးတို့ကို ဖြေနိုင်လောက်အောင် ပါဠိသိက္ခာ သဒ္ဒါကျမ်းစသော အခြေခံကျမ်းစာတို့ကို သင်ပြခဲ့ပြီး ဖြစ်သောကြောင့်တည်း၊ "မေ" ဘာဝိဘတ်လဲ၊ ရုပ်တက်စမ်းပါ၊ ရုပ်စဉ်စမ်းပါ

စသည်ဖြင့်လည်း မေးတော်မူ၏၊ ဤသို့ အခြေခံကျမ်းစာများကို ကိုယ်တိုင်ရေးပြ ကိုယ်တိုင်သင်ပြလျက် ပါဠိတော်ကို သိလောက်ရာဌ် မေးကာ မသိလောက်ရာဌ်သာ နည်းရလောက်အောင် ပြောပြ၍ ပို့ချတော်မူသောကြောင့် (၁) အောက်အောက်ကျမ်းစာကို ပြန်၍ပြန်၍ သုံးစွဲခြင်း အလေ့အထရှိခြင်း၊ (၂) မိမိတို့ဉာဏ်ကို အသုံးပြုခွင့်ရရှိခြင်း၊ (၃) ကြိုတင်၍ စွမ်းနိုင်သမျှ ကြည့်ရှုမေးမြန်း စဉ်းစားမှု အကျင့်ရရှိခြင်း၊ (၄) ထိုအလေ့အကျင့်များကြောင့် မိမိကိုယ်ကို အားကိုးနိုင်သော အကျင့်ကို ရရှိခြင်း စသော အကျိုးများရရှိကာ စာပေဘက်၌ သွက်လက်ထက်မြက်သော တပည့်များ ဖြစ်လာပါသည်။

လှဲပြောင်းပေး။ ။ထိုနှစ် ပါဠိခေါင်လလယ်လောက်၌ အဂ်ုတ္တိရ် ပါဠိတော် ကောကကုန်လုနီးနီးသာ ရှိပါသေးသည်၊ ဖြေရမည့်ကာလမှာ ပြာသိုလဖြစ်၍ ထိုအချိန်၌ သတ်မှတ်အပ်သော တိကနိပါတ်အထိ ပြီးဆုံးစေရန် တပည့်စာချဘုန်းကြီးတပါးအား လှဲပြောင်း၍ ချစေတော်မူသည်၊ ထိုစာဝါချရာဌ် မေးချချနည်းကို မသုံးပဲ တေးစေ၍ ချနည်းကိုသာ သုံးပါသည်၊ (တေးဆိုရာဌ် ဆရာနှုတ်တက် ချပေးအပ်သောအနက်ကိုတပည့်ဖြစ်သူက စာအုပ်ထဲဝယ် ရေးမှတ်တေးထားမှုကို တေးဟုဆိုသည်)။

စာဝါနှစ်မျိုး။ ။စာဝါနှစ်မျိုးရှိ၏၊ (က)မေး၍ပြော၍ နှေးနှေး ဖြည်းဖြည်းချသော စာဝါတော်များ၊ (ခ) အနက်အဓိပ္ပာယ် မှန်မှန်ဖြင့် မမေးမပြောပဲ မြန်မြန် ပို့ချနည်း၊

ဤနည်း (၂)မျိုးတို့ဖြင့် စာပေကို သင်ပြမှုသာ စာပေတတ်မြောက်နိုင်ပါသည်၊ (က)စာဝါမျိုးမရှိလျှင် ဉာဏ်မပွင့်နိုင်ပါ၊ (ခ) စာဝါမရှိပြန်လျှင်လည်း စာမပေါက်သဖြင့် ဉာဏ်မကြွယ်၊ (ဉာဏ်ပွင့်၍ ဉာဏ်ကြွယ်သည်ကို၊ သဒ္ဒါနည်း ပိုင်ပိုင်နိုင်နိုင် နားလည်၍ အနက်ဉာဏ်ကြီးသည်ကို တစ်သည်ဟု ခေါ်ပါသည်၊) ''စာတတ်ဇခုံ၊စာကုန်မန်ကျီးတော့၊ စာပြောသဲအင်း'' ဟု ပြောဆိုရိုး ရှိကြောင်းကို ဆရာတော်က အမိန့်ရှိဖူးသည်။

စာကုန်စာပြော၊ စာတတ် ။တောင်သမန်အင်း၏ အရှေ့ဘက် အိုးဘိုကျေးရွာအနီး၌ မန်ကျည်းတောကျောင်းထိုက်၊ သဲအင်းကျောင်းတိုက်၊ ငခုံကျောင်းတိုက်များရှိ၏၊ မန်ကျည်းတော ကျောင်းတိုက်၌ စာသင်နည်းမှာ ကုန်လွယ်ပြီး၊ သဲအင်းကျောင်းတိုက်၌ စာသင်နည်းမှာ စာအဓိပ္ပာယ် အပြောများ၏၊ ငခုံကျောင်းတိုက်၌ စာသင်နည်းမှာ စာပြောစာဝါတများ၊ စာကုန်စာဝါတများ နှစ်များ ပို၍သောကြောင့် စာတတ်များ ပေါ်ထွက်၏၊ ထိုစာချနည်း သုံးမျိုးတွင် ဆရာတော်သည် ငခုံစာချနည်းကို သဘောကျ၏၊ ဆရာတော်ကိုယ်တိုင်မူ မန္တလေးနှင့် ပခုက္ကူမြို့တို့၌ စာလိုက်ခဲ့၏၊ မန္တလေးနည်းမှာ သဲအင်းကဲ့သို့ စာပြောများသော နည်းဖြစ်၏၊ ပခုက္ကူနည်းမှာမူ မန်ကျည်းတောနည်းကဲ့သို့ စာကုန်လွယ်သည်ဟုလည်း မဆိုနိုင်၊ သဲအင်းနည်းကဲ့သို့ စာမပြော အနက်ကိုသာ တွင်တွင်များများ သွားရသည်။

အဋ္ဌကထာအခြေပြု၊ ။ဆရာတော်သည် မန္တလေး ပခုက္ကူနှစ်နည်းပေါင်း၍ မိမိ၏ ကျောင်းတိုက်၌ စာပေပို့ချနည်းကို ကျင့်သုံးတော်မူသည်၊ အဓိပ္ပာယ်ပြော၍ ဖြည်းဖြည်းချရန် အခြားစာဝါများမရှိသော (၁၂)နာရီခွဲမှ နာရီပြန်တချက်ထိအချိန်နှင့် နံနက်ဩဝါဒအပြီး ဆွမ်းခံမသွားမီ အချိန်တို့၌ ပို့ချတော်မူလေ့ရှိ၏၊ စာသင်သားများကို ကြိုတင်၍ စာကြည့်စေ ကြံစေလို၏၊ ဓမ္မပဒဂါထာအဖွင့်တို့ကို ပို့ချစဉ်က ''ဓမ္မသာကစ္ဆာ'' ခေါ်အဖွဲ့များကို ဖွဲ့စေကာ ကြိုတင်၍ ဆွေးနွေးစေ၏၊ ထိုပို့ချစဉ်က တဝါလျှင် တရက်နှစ်ရက်မျှ ကြာတော်မူခဲ့ပါသည်၊ ထိုနည်းအတိုင်း အသေးစိတ် ပိုဒ်တိုင်းပိုဒ်တိုင်း စိစစ်၍ နည်းရလောက်အောင် ပို့ချယင်းပင် အဋ္ဌကထာအခြေပြု ခေါ်ကျမ်းစာကိုရေးသားတော်မူခဲ့လေသည်။

ဂဏဝါစကအဖွဲ့

ကြိုတင်စည်းဝေး၊ ။ကျေးဇူးရှင် ဆရာတော်၏ သင်ရိုးကျမ်းစာများကို စာချဘုန်းကြီးများအဖွဲ့၏ ဦးဆောင်ဘုန်းကြီး အချို့သည် တင်ကြို၍စည်းဝေးပြီးလျှင် စာဝါနှင့် စာချပုဂ္ဂိုလ်တို့ကို အတန်းလိုက် လျာထားကြရ၏၊ ယခုတိုက်၌နေသော ဂဏဝါစက အကြိုအစည်းအဝေး အဖွဲ့ဝင်များမှာ (၁) နာယကအဖွဲ့ဝင် အရှင်မဟိန္ဒ၊ (၂)နာယကအဖွဲ့ဝင် အရှင်ဣန္ဒဘာသ (အစိုးရနှင့် စေတိယင်္ဂဏ ဓမ္မာစရိယ)၊ (၃) နာယကအဖွဲ့ဝင် အရှင်ကုဏ္ဍလ (သာသနာလင်္ကာရနှင့် အစိုးရနှင့် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ-ဓမ္မကထိက)၊

(၄) အရှင်နန္ဒိယ (ဓမ္မာစရိယ အနေဘက်ဥယျာဉ် ဘုန်းကြီး)
(၅) အရှင်အင်္ဂဝံသ (သာသနာလက်ဘရ အစိုးရဓမ္မာစရိယ)၊
(၆) အရှင်ပဏ္ဍိတ (သာသနာလက်ဘရ နှစ်ချင်းပြီးအမှတ်
အများဆုံး သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ စေတိယင်္ဂဏ ဓမ္မာ
စရိယ)၊ (၇) အရှင်ဓမ္မပိယ (သာသနဓဇ ဓမ္မာစရိယ)၊ (၈)
သိရီဇနပတိ (သာသနဓဇ ဓမ္မာစရိယ အင်္ဂုတ္တရနိကာယ ပါဠိတော်
ပါရဂူ)၊ (၉) အရှင်ဝိမလဗုဒ္ဓိ သာသနဓဇ သိရီပဝရဓမ္မာစရိယ)
တို့ဖြစ်ပါသည်၊ ထိုလျာထားချက်ကို စာချဘုန်း ကြီး အ စည်း
အဝေးဌာ ဖတ်ပြကာ သဘောတူလျှင် ပို့ချရမည့် နာရီကိုပြော
ရ၏၊ လှုံ့ပြောင်းလိုလျှင် ညှိနှိုင်းရှုလှုံ့ပြောင်းရ၏။

အတန်း။ ။ (၁) မူလတန်း၊ (၂) ပထမတန်း ရှေ့ပိုင်း၊
(၃) ပထမတန်း နောက်ပိုင်း (၄) ပထမဆင့်၊
(၅) ဒုတိယဆင့်၊ (၆) တတိယဆင့်၊ (၇) ငယ်၊ (၈) လတ်
(၉) ကြီး၊ (၁၀) ဓမ္မာစရိယ အားဖြင့် အတန်း (၁၀) တန်း
ရှိ၏၊ တဘဝန်ဆောင်ရသော စာချဘုန်းကြီးများမှာ တဘက်
ပါဇယားအတိုင်း ဖြစ်၏။

၁၇-၇-၂၀၁၆ ခုနှစ်တွင် ပြုစုခဲ့သည့် ပြည်သူ့ဆေးရုံကြီး၊ ဝဏ္ဏဂိရိမြို့ (၅) နှစ်ပတ်လည် (ယ) နှုန်းထုတ်ပြန်ခြင်း

ဒဂ္ဂ	၁	၂	၃	၄
၁	ဝဏ္ဏဂိရိမြို့ ဆေးရုံကြီး ဘဏ္ဍာရေးယုံကြည်မှုဖွဲ့	၁၀၁	ထမင်း	၉
၂	ဝဏ္ဏဂိရိမြို့ ဆေးရုံကြီး ဘဏ္ဍာရေးယုံကြည်မှုဖွဲ့	၁၀၁	ဟင်းရည်	၉
၃	ဝဏ္ဏဂိရိမြို့ ဆေးရုံကြီး ဘဏ္ဍာရေးယုံကြည်မှုဖွဲ့	၁၀၁	ဟင်းခွက်	၉
၄	ဝဏ္ဏဂိရိမြို့ ဆေးရုံကြီး ဘဏ္ဍာရေးယုံကြည်မှုဖွဲ့	၁၀၁	ဟင်းခွက်ဖုံး	၉
၅	ဝဏ္ဏဂိရိမြို့ ဆေးရုံကြီး ဘဏ္ဍာရေးယုံကြည်မှုဖွဲ့	၁၀၁	ဇွန်း	၉
၆	ဝဏ္ဏဂိရိမြို့ ဆေးရုံကြီး ဘဏ္ဍာရေးယုံကြည်မှုဖွဲ့	၁၀၁	ခက်ရင်း	၉
၇	ဝဏ္ဏဂိရိမြို့ ဆေးရုံကြီး ဘဏ္ဍာရေးယုံကြည်မှုဖွဲ့	၁၀၁	ဇွန်းခက်ရင်း	၉
၈	ဝဏ္ဏဂိရိမြို့ ဆေးရုံကြီး ဘဏ္ဍာရေးယုံကြည်မှုဖွဲ့	၁၀၁	ဆန်ပြုတ်	၉
၉	ဝဏ္ဏဂိရိမြို့ ဆေးရုံကြီး ဘဏ္ဍာရေးယုံကြည်မှုဖွဲ့	၁၀၁	ဆန်ပြုတ်ခွက်	၉
၁၀	ဝဏ္ဏဂိရိမြို့ ဆေးရုံကြီး ဘဏ္ဍာရေးယုံကြည်မှုဖွဲ့	၁၀၁	ဆန်ပြုတ်ခွက်ဖုံး	၉

ဒုတိယဆင့် (ယ) (ဒုတိယခြောက်) နှုန်းထုတ်ပြန်ခြင်း

ဝဏ္ဏဂိရိမြို့ ဆေးရုံကြီး၊ ဝဏ္ဏဂိရိမြို့ ဘဏ္ဍာရေးယုံကြည်မှုဖွဲ့

၆	ငါးစေ့ပါဝင်သော ဟင်းလျာများကို ဘာဖြင့် ချက်ပြုတ်ကြသနည်း။	ငါးစေ့ပါဝင်သော ဟင်းလျာများကို ဘာဖြင့် ချက်ပြုတ်ကြသနည်း။	ခ
၅	ငါးစေ့ပါဝင်သော ဟင်းလျာများကို ဘယ်လို ချက်ပြုတ်ကြသနည်း။	ငါးစေ့ပါဝင်သော ဟင်းလျာများကို ဘယ်လို ချက်ပြုတ်ကြသနည်း။	ဃ
၄	ငါးစေ့ပါဝင်သော ဟင်းလျာများကို ဘယ်အချိန်တွင် ချက်ပြုတ်ကြသနည်း။	ငါးစေ့ပါဝင်သော ဟင်းလျာများကို ဘယ်အချိန်တွင် ချက်ပြုတ်ကြသနည်း။	ဂ

နှံ့ထက်တွဲ

၃	ငါးစေ့ပါဝင်သော ဟင်းလျာများကို ဘယ်သူများက ချက်ပြုတ်ကြသနည်း။	ငါးစေ့ပါဝင်သော ဟင်းလျာများကို ဘယ်သူများက ချက်ပြုတ်ကြသနည်း။	ခ
၂	ငါးစေ့ပါဝင်သော ဟင်းလျာများကို ဘယ်ဟင်းအိုးများဖြင့် ချက်ပြုတ်ကြသနည်း။	ငါးစေ့ပါဝင်သော ဟင်းလျာများကို ဘယ်ဟင်းအိုးများဖြင့် ချက်ပြုတ်ကြသနည်း။	ဃ
၁	ငါးစေ့ပါဝင်သော ဟင်းလျာများကို ဘယ်မီးဖြင့် ချက်ပြုတ်ကြသနည်း။	ငါးစေ့ပါဝင်သော ဟင်းလျာများကို ဘယ်မီးဖြင့် ချက်ပြုတ်ကြသနည်း။	ဂ

၆ – ၉၀

ဂ	ငါးစေ့ပါဝင်သော ဟင်းလျာများကို ဘယ်အခါ ချက်ပြုတ်ကြသနည်း။ (ပုဥစ္ဆန်ခေါက်ဆွဲ ကဲ့သို့)	ငါးစေ့ပါဝင်သော ဟင်းလျာများကို ဘယ်အခါ ချက်ပြုတ်ကြသနည်း။ (ပုဥစ္ဆန်ခေါက်ဆွဲ ကဲ့သို့)	ခ
ဃ	ငါးစေ့ပါဝင်သော ဟင်းလျာများကို ဘယ်လို ချက်ပြုတ်ကြသနည်း။ (ဆီသုတ်-ကြော်-ငပိရည်စသည်)	ငါးစေ့ပါဝင်သော ဟင်းလျာများကို ဘယ်လို ချက်ပြုတ်ကြသနည်း။ (ဆီသုတ်-ကြော်-ငပိရည်စသည်)	ဃ
ခ	ငါးစေ့ပါဝင်သော ဟင်းလျာများကို ဘာဖြင့် ချက်ပြုတ်ကြသနည်း။ (ငါးခြောက်-ငပိ-ငံပြာရည်)	ငါးစေ့ပါဝင်သော ဟင်းလျာများကို ဘာဖြင့် ချက်ပြုတ်ကြသနည်း။ (ငါးခြောက်-ငပိ-ငံပြာရည်)	ဂ

ပို့ချခန်း (၉) ။ ။ ဟင်းချိုများ

ပုံစံ (၁) ။ ။ ဟင်းချိုခြင်း

၁	ဟင်းချိုခြင်း	ဟင်းချိုခြင်း	ခ
၂	ဟင်းချိုခြင်း၏ အဓိပ္ပာယ်ကို ရှင်းပြခြင်း	ဟင်းချိုခြင်း၏ အဓိပ္ပာယ်ကို ရှင်းပြခြင်း	ဃ
၃	ဟင်းချိုခြင်း၏ အကျိုးကို ရှင်းပြခြင်း	ဟင်းချိုခြင်း၏ အကျိုးကို ရှင်းပြခြင်း	ဂ

ပုံစံ (၂) ။ ။ ဟင်းချိုခြင်း

၁	ဟင်းချိုခြင်း	ဟင်းချိုခြင်း	ခ
၂	ဟင်းချိုခြင်း၏ အဓိပ္ပာယ်ကို ရှင်းပြခြင်း	ဟင်းချိုခြင်း၏ အဓိပ္ပာယ်ကို ရှင်းပြခြင်း	ဃ
၃	ဟင်းချိုခြင်း၏ အကျိုးကို ရှင်းပြခြင်း	ဟင်းချိုခြင်း၏ အကျိုးကို ရှင်းပြခြင်း	ဂ

ပုံစံ (၃) ။ ။ ဟင်းချိုခြင်း

၁	ဟင်းချိုခြင်း	ဟင်းချိုခြင်း	ခ
၂	ဟင်းချိုခြင်း၏ အဓိပ္ပာယ်ကို ရှင်းပြခြင်း	ဟင်းချိုခြင်း၏ အဓိပ္ပာယ်ကို ရှင်းပြခြင်း	ဃ
၃	ဟင်းချိုခြင်း၏ အကျိုးကို ရှင်းပြခြင်း	ဟင်းချိုခြင်း၏ အကျိုးကို ရှင်းပြခြင်း	ဂ

ပုံစံ (၄) ။ ။ ဟင်းချိုခြင်း

၁	ဟင်းချိုခြင်း	ဟင်းချိုခြင်း	ခ
၂	ဟင်းချိုခြင်း၏ အဓိပ္ပာယ်ကို ရှင်းပြခြင်း	ဟင်းချိုခြင်း၏ အဓိပ္ပာယ်ကို ရှင်းပြခြင်း	ဃ
၃	ဟင်းချိုခြင်း၏ အကျိုးကို ရှင်းပြခြင်း	ဟင်းချိုခြင်း၏ အကျိုးကို ရှင်းပြခြင်း	ဂ

ယူနစ် ။ ၁၀ ၂၀၈ ။ငါးပုဇွန် ထဲတွင်ပါဝင်သော အာဂေးသည် မြစ်ကြီးနားမြို့ရှိ ဆေးရုံတစ်ရုံတွင် ရှိသည်။

ဝိုင်းကွင်း ပုံစံအတွက် ကြွက်ခုနှင့် ငါးပုဇွန် ဆေးထိုးခြင်းကို ပြုလုပ်ခဲ့သည်။

ယူဝေးပြောင်းတစ်ခု	ဂ	ဂဝေဝံဆေးရုံ	ဂ
ဖွင့်လှစ်ထားသော	ခ	တက္ကသိုလ်ကျောင်းသား	ခ
ယူဝေးနှင့်ပတ်သက်သော	ဃ	ဒေါက်တာ ဝေဝေမြင့်	ဃ
အချက်အလက်များကို	ဂ	ဆေးထိုးခြင်းခံခဲ့ရသည်	ဂ

ငါးပုဇွန် ဝေဝေ ထဲတွင် ဓာတ်ဆီ-ဂျလ်-ဂျာ

ဆီးနှုတ်ခမ်းတွင်

ယူဝေးထဲတွင်	ခ	ဒေါက်တာ ဝေဝေမြင့်	ခ
ရှိသော	ဂ	ဆေးရုံသို့	ဂ
ဆေးဝါးများကို	ခ	ပို့ဆောင်ခဲ့သည်။	ခ

ဆေးရုံတွင်

ဆရာဝန်များသည်	ခ	ဆရာဝန်များသည်	ခ
ယူဝေးကို	ဂ	ဆေးဝါးများကို	ဂ
ဖယ်ရှားခဲ့ကြသည်။	ခ	ပြုလုပ်ခဲ့ကြသည်။	ခ

ဆေးရုံတွင်

ဆရာဝန်များသည်	ခ	ဆရာဝန်များသည်	ခ
ယူဝေးကို	ဂ	ဆေးဝါးများကို	ဂ
ဖယ်ရှားခဲ့ကြသည်။	ခ	ပြုလုပ်ခဲ့ကြသည်။	ခ

ဆေးရုံတွင်

ဆရာဝန်များသည်	ခ	ဆရာဝန်များသည်	ခ
ယူဝေးကို	ဂ	ဆေးဝါးများကို	ဂ
ဖယ်ရှားခဲ့ကြသည်။	ခ	ပြုလုပ်ခဲ့ကြသည်။	ခ

(၅) ပုံပြောင်းခြင်း၊ နှိမ်ထွင်းခြင်းများ ပြုလုပ်ခြင်း

ဆရာဝန်များသည်	ခ	ဆရာဝန်များသည်	ခ
ယူဝေးကို	ဂ	ဆေးဝါးများကို	ဂ
ဖယ်ရှားခဲ့ကြသည်။	ခ	ပြုလုပ်ခဲ့ကြသည်။	ခ

ပုစ္ဆာစစ်ထုတ်ရန်ဆရာမျာ်း

မူလတန်း

၁။ ဦးတေဇနိယ ၃။ ဦးနန္ဒသီရိ (ညွန့်သန်း)
၂။ ဦးကောဏ္ဍည ၄။ ဦးထေရိန္ဒြက

ပထမတန်း ရွှေပိုင်း (က) အဖွဲ့

၁။ ဦးဓမ္မပိယ ၃။ ဦးတိက္ခ (အရွှေသိမ်)
၂။ ဦးဉာဏိန္ဒ ၄။ ဦးဝိဿုတ

ပထမတန်း ရွှေပိုင်း (ခ)အဖွဲ့

၁။ ဦးဝိလာသဂ္ဂ ၃။ ဦးဣန္ဒဘာစရ
၂။ ဦးမုနိဝရ ၄။ ရှင်သေဘ

ပထမတန်း နောက်ပိုင်း (က) အဖွဲ့

၁။ ဦးပညာဇောတ ၃။ ဦးပညာဓမ္မ
၂။ ဦးတေဇောဘာသ ၄။ ရှင်ဂဂါရဝ

ပထမတန်း နောက်ပိုင်း (ခ) အဖွဲ့

၁။ ဦးသုနန္ဒ ၃။ ဦးဝေမိဿရ
၂။ ဦးပါကဋ္ဌ ၄။ ဦးပါမောက္ခ

စာမေးပွဲဖြေဆိုသူများ

စဉ်	ကျောင်း	မြို့	အမျိုးအဖွဲ့	နှစ်ပြီ
၁	ထေယျဒိန္နာရုံတိုက်ကြီးကျောင်း	ပုသိမ်	၂	၁၀-၁၁-၀၈
၂	ထေယျဒိန္နာရုံလွင်ကြီးကျောင်း	ပုသိမ်	၈	၁၀-၁၁-၀၈
၃	ဒေဝဒဟရုံကျောင်းကြီး	ပုသိမ်	၁၄	၁၀-၁၁-၀၈
၄	ဒေဝဒဟရုံကျောင်းကြီး	ပုသိမ်	၁၄	၁၀-၁၁-၀၈
၅	ဒေဝဒဟရုံကျောင်းကြီး	ပုသိမ်	၁၄	၁၀-၁၁-၀၈
၆	ဒေဝဒဟရုံကျောင်းကြီး	ပုသိမ်	၁၄	၁၀-၁၁-၀၈
၇	ဒေဝဒဟရုံကျောင်းကြီး	ပုသိမ်	၁၄	၁၀-၁၁-၀၈
၈	ဒေဝဒဟရုံကျောင်းကြီး	ပုသိမ်	၁၄	၁၀-၁၁-၀၈
၉	ဒေဝဒဟရုံကျောင်းကြီး	ပုသိမ်	၁၄	၁၀-၁၁-၀၈
၁၀	ဒေဝဒဟရုံကျောင်းကြီး	ပုသိမ်	၁၄	၁၀-၁၁-၀၈
၁၁	ဒေဝဒဟရုံကျောင်းကြီး	ပုသိမ်	၁၄	၁၀-၁၁-၀၈
၁၂	ဒေဝဒဟရုံကျောင်းကြီး	ပုသိမ်	၁၄	၁၀-၁၁-၀၈
၁၃	ဒေဝဒဟရုံကျောင်းကြီး	ပုသိမ်	၁၄	၁၀-၁၁-၀၈
၁၄	ဒေဝဒဟရုံကျောင်းကြီး	ပုသိမ်	၁၄	၁၀-၁၁-၀၈
၁၅	ဒေဝဒဟရုံကျောင်းကြီး	ပုသိမ်	၁၄	၁၀-၁၁-၀၈
၁၆	ဒေဝဒဟရုံကျောင်းကြီး	ပုသိမ်	၁၄	၁၀-၁၁-၀၈
၁၇	ဒေဝဒဟရုံကျောင်းကြီး	ပုသိမ်	၁၄	၁၀-၁၁-၀၈
၁၈	ဒေဝဒဟရုံကျောင်းကြီး	ပုသိမ်	၁၄	၁၀-၁၁-၀၈
၁၉	ဒေဝဒဟရုံကျောင်းကြီး	ပုသိမ်	၁၄	၁၀-၁၁-၀၈
၂၀	ဒေဝဒဟရုံကျောင်းကြီး	ပုသိမ်	၁၄	၁၀-၁၁-၀၈

ပထမငယ်တန်း

၁။ ဦးကလျာဏ
၂။ ဦးသောဟဒ
၃။ ဦးပဏ္ဍဝံသ
၄။ ဦးနန္ဒဝံသ
၅။ ဦးယုဇန
၆။ ဦးနန္ဒသိရိ(ဆွမ်း)
၇။ ဦးကောဏ္ဍ (ဂန္ဓ)
၈။ ဦးဣန္ဒာသဖ

ပထမဆတ်တန်း

၁။ ဦးအဘိဓဇ
၂။ ဦးဝိမလ
၃။ ဦးကစ္စာယန
၄။ ဦးသုဇာတ
၅။ ဦးကော်ဏ္ဍ(အရွှေတိုက်)

ပထမကြီးတန်း

၁။ ဦးသုနန္ဒ
၂။ ဦးဝိမလဗုဒ္ဓိ
၃။ ဦးကဝိနန္ဒ
၄။ ဦးနန္ဒာစာရ

ပုစ္ဆာရိုက်အဖွဲ့

၁။ ဦးတိက္ခဉာဏ -ဆေးကျောင်း
၂။ ဦးဝိဿုတ -အရွှေသိမ်
၃။ ဦးပညာသီဟ -ယောတိုက်
၄။ ဦးကောဏ္ဍ -ဂန္ဓကုဋီ
၅။ ရှင်ပညာဝံသ -အရွှေသိမ်
၆။ ရှင်ဂဂါရဝ -ယောတိုက်

ပုစ္ဆာကူးအဖွဲ့

၁။ ဦးဝိလာသစာရ -စာချ
၂။ ဦးကေလာသ -အရွှေသိမ်
၃။ ဦးဝေရောစန -အရွှေသိမ်
၄။ ဦးကောဏ္ဍ -ဂန္ဓကုဋီ
၅။ ဦးတိက္ခဉာဏ -အရွှေသိမ်

စာမေးပွဲဆိုင်ရာ စာရင်းစစ်ဆေးရေး ပုဂ္ဂိုလ်များ

၁။ ဦးကလျာဏ
၂။ ဦးသုနန္ဒ
၃။ ဦးအဂ္ဂဝံသ
၄။ ဦးပဏ္ဍိတ
၅။ ဦးဓမ္မပိယ
၆။ ဦးဇနပတိ
၇။ ဦးသီလာစာရ

ဥက္ကဋ္ဌ
မဟာဂန္ဓာရုံကျောင်းတိုက်
ဂဏဝါစကအဖွဲ့
အမရပူရမြို့။

စဝါလိုက်ရန် သတ်မှတ်ခြင်း
ပထမတန်း ရွှေပိုင်း(က)အဖွဲ့

၁။ ဆရာတော်ကြီးတိုက်
၂။ အရွှေတိုက်
၃။ အရွှေသိမ်
၄။ ယောတိုက်
၅။ ဒေါ်လေးတိုက်
၆။ တောင်ကျောင်းလေး
၇။ တောင်ကျောင်းကြီး
၈။ ဆေးသစ်
၉။ ဆေးဟောင်းကြီး
၁၀။ တိုက်သစ်ကျောင်း
၁၁။ စာချတိုက်
၁၂။ ညွန့်သန်းကျောင်း

ပထမတန်း ရွှေပိုင်း (ခ) အဖွဲ့

၁။ ဆွမ်းစားကျောင်း
၂။ သိန်းသန်းတိုက်
၃။ ပဲကုန်းသိမ်

၄။ လည်ပေါ်
၅။ မိုးကုတ်သိမ်
၆။ ဥယျာဉ်
၇။ ဂန္ဓကုဋီ

ပထမတန်း နောက်ဖိုင်း (က) အဖွဲ့

၁။ ဆရာတော်ကြီးတိုက်
၂။ အရွှေတိုက်
၃။ အရွှေသိမ်
၄။ ယောတိုက်
၅။ ဒေါ်လေးတိုက်
၆။ တောင်ကျောင်းလေး
၇။ တောင်ကျောင်းကြီး
၈။ ဆေးသစ်
၉။ ဆေးဟောင်းကြီး
၁၀။ တိုက်သစ်
၁၁။ စာချတိုက်
၁၂။ ညွန့်သန်းကျောင်း

ပထမတန်း နောက်ပိုင်း (ခ) အဖွဲ့

၁။ ဆွမ်းစားကျောင်း
၂။ သိန်းသန်းတိုက်
၃။ ပဲကုန်းသိမ်
၄။ လည်ပေါ်
၅။ မိုးကုတ်သိမ်
၆။ ဥယျာဉ်

၁၃၄၃-ခု၊ မြဿိုလဆုတ် (၂)ရက်နေ့ည
မဟာဂန္ဓာရုံကျောင်းတိုက်-ဂဏဝါစက အစည်းအဝေးမှ
ဆုံးဖြတ်ချက်

(က) ပထမတန်း နောက်ပိုင်း အောင်ပြီးမှသာ အစိုးရအငယ်တန်း၊ အလတ်တန်းတို့ကို ဖြေဆိုခွင့်ပြုသည်။

(ခ) အခြား ကျောင်းတိုက်အမည်ဖြင့် စာမေးပွဲ ဝင်ရောက် ဖြေဆိုခဲ့လျှင် ကျောင်းတိုက်သံဃာအဖြစ်မှ ရပ်စဲမည်။

မှတ်ချက်။ ။အထက်ပါ (က)အမှတ်ပြဆုံးဖြတ်ချက်သည် ၁၃၄၃-ခုနှစ်မှစ၍ အတည်ဖြစ်သည်။

ဂဏဝါစကအဖွဲ့
မဟာဂန္ဓာရုံကျောင်းတိုက်
အမရပူရမြို့။

၁၃၄၃-ခု၊ မြဿိုလ
အမရပူရမြို့–မဟာဂန္ဓာရုံ ကျောင်းတိုက်
ဂဏဝါစကအဖွဲ့–စာချုပ်နှိုးကြိုးမျှားစာရင်း

စဉ်	ဘွဲ့တော်	ကျောင်း
၁	ဆရာတော်	မိုးကုတ်သိမ်
၂	ဘုန်းကြီး ဦးမဟိန္ဒ	ယောတိုက်
၃	။ ဦးဇဋ္ဌေဘာသ	ဂန္ဓကုဋ္ဌိ
၄	။ ဦးကုဏ္ဍလ	တောင်ကျောင်းကြီး
၅	။ ဦးကလျာဏ	ဆေးကျောင်းသစ်
၆	။ ဦးသုနန္ဒ	ဘုရားတိုက်
၇	။ ဦးနန္ဒိယ	အနောက်ဥယျာဉ်
၈	။ ဦးအဂ္ဂဝံသ	ဆရာတော်ကြီးတိုက်
၉	။ ဦးပဏ္ဍိတ	ဥယျာဉ်
၁၀	။ ဦးဓမ္မပိယ	အရှေ့သိမ်
၁၁	။ ဦးဝိမလ	ဆွမ်းစားကျောင်း
၁၂	။ ဦးဇနပတိ	ညွန့်သန်းကျောင်း
၁၃	။ ဦးခေမိန္ဒ	ပဲကုန်းသိမ်
၁၄	။ ဦးဝိမလဗုဒ္ဓိ	ဂန္ဓကုဋ္ဌိ
၁၅	။ ဦးဇာနေယျ	ဆေးဟောင်းကြီး
၁၆	။ ဦးပညာဇောတ	တိုက်သစ်

စဉ်	ဘွဲ့တော်	ကျောင်း
၃၀	ဘုန်းကြီး ဦးကုလဝံသ	ဥယျောဉ်
၃၉	″ ဦးဝေရောစန	အရွှေသိမ်ကျောင်း
၄၀	″ ဦဝိသုက	အရွှေသိမ်
၄၁	″ ဦးကေလာသ	″
၄၂	″ ဦးထေရဝံသ	″
၄၃	″ ဦးဝဏ္ဏိဿရ	″
၄၄	″ ဦးတိက္ခဉာဏ	″
၄၅	″ ဦးဇဝနတိက္ခ	″
၄၆	″ ဦးဉာဏိန္ဒ	″
၄၇	″ ဦးဝိလာသ	သိန်းသန်းတိုက်
၄၈	″ ဦးမဟောသဓ	″
၄၉	″ ဦးကောဏ္ဍည	ဆွမ်းစားကျောင်း
၅၀	″ ဦးနန္ဒာသိရိ	″
၅၁	″ ဦးအာဘိဓဇ	″
၅၂	″ ဦးပါကဋ္ဌ	မိုးကုတ်သိမ်
၅၃	″ ဦးကေသရ	″
၅၄	″ ဦးမုနိဝရ	″
၅၅	″ ဦးနန္ဒာဘိဝံသ	″
၅၆	″ ဦးဉာဏာဘိဝံသ	″
၅၇	″ ဦးသုဓိဝရ	″
၅၈	″ ဦးကဝိသာရ	″

စဉ်	ဘွဲ့တော်	ကျောင်း
၁၇	ဘုန်းကြီး ဦးသီလာစာရ	ဥယျောဉ်
၁၈	″ ဦးဝါယာမ	သိန်းသန်းကျောင်း
၁၉	″ ဦးဉာဏာသဘ	လည်ပေါ်ကျောင်း
၂၀	″ ဦးဥတ္တမ	ဂန္ဓကုဋီ
၂၁	″ ဦးကဝိနန္ဒ	″
၂၂	″ ဦးတေဇောဘာသ	ယောတိုက်
၂၃	″ ဦးသောဟဒ	ဒေါ်လေးတိုက်
၂၄	″ ဦးကုမာရာနန္ဒ	ဥယျောဉ်
၂၅	″ ဦးဝိလာသဂုရု	မိုးကုတ်သိမ်
၂၆	″ ဦးဝိလာသ	စာချုတိုက်
၂၇	″ ဦးတိက္ခဉာဏ	ဆေးသစ်
၂၈	″ ဦးနိမ္မလ	ဥယျောဉ်
၂၉	″ ဦးကစ္စာယန	တောင်ကျောင်းကြီး
၃၀	″ ဦးသုဇာတ	ပွဲကုန်းသိမ်
၃၁	″ ဦးစန္ဒိမာ	စာချုတိုက်
၃၂	″ ဦးနန္ဒသိရိ	ညွန့်သန်းကျောင်း
၃၃	″ ဦးပါမောက္ခ	လည်ပေါ်ကျောင်း
၃၄	″ ဦးစက္ကိန္ဒ	ဒေါ်လေးတိုက်
၃၅	″ ဦးဉာဏသာရ	″
၃၆	″ ဦးယုဇန	ဥယျောဉ်
၃၇	″ ဦးထေရိန္ဒက	″

စဉ်	ဘွဲ့တော်	ကျောင်း
၅၉	ဘုန်းကြီး ဦးပညာဓမ္မ	တောင်တိုက်ကြီး
၆၀	။ ဦးပညာသီဟ	။
၆၁	။ ဦးကေသရ	ဂန္ဓကုဋိ
၆၂	။ ဦးနန္ဒမာလာ	။
၆၃	။ ဦးနန္ဒဝံသ(က)	။
၆၄	။ ဦးကေသရ	အရွေတိုက်
၆၅	။ ဦးတေဇနိယ	။
၆၆	။ ဦးဉာဏဓဇ	။
၆၇	။ ဦးသုစိတ္တ	ဆွမ်းစားကျောင်း
၆၈	ရှင်နိမ္မလ	။
၆၉	ရှင်သံဝရ	။
၇၀	ရှင်ကုသလ	။
၇၁	ရှင်ဓမ္မဝိလာသ	။
၇၂	ရှင်ပါကဋ	။
၇၃	ရှင်ကေလာနန္ဒ	။
၇၄	ရှင်ဓမ္မဝံသ	။
၇၅	ရှင်ဝိစက္ခဏ	။

စဉ်	ဘွဲ့တော်	ကျောင်း
၇၆	ရှင်သီလာနန္ဒ	ဆွမ်းစားကျောင်း
၇၇	ရှင်နန္ဒိယ	အရွေတိုက်
၇၈	ရှင်ပညောဘာသ	ဂန္ဓကုဋိ
၇၉	ရှင်အရိယဓမ္မ	။
၈၀	ရှင်ထေရဝံသ	။
၈၁	ရှင်ပညာစက္က	။
၈၂	ရှင်အာစိဏ္ဏ	။
၈၃	ရှင်ပညာသီဟ	။
၈၄	ရှင်ကုမာရ (က)	။
၈၅	ရှင်ဥတ္တမ	။
၈၆	ရှင်နာယက	။
၈၇	ရှင်ဂ္ဂဒ္ဓိဓဇ	။
၈၈	ရှင်နာဂသေန	ညွန့်သန်းကျောင်း
၈၉	ရှင်တေဇောဘာသ	။
၉၀	ရှင်ဂါရဝ	တောင်တိုက်ကြီး
၉၁	ရှင်ဝိလာသ	။
၉၂	ရှင်ဥတ္တရ	အရွေသိမ်
၉၃	ရှင်ဝဏ္ဏိတ	။
၉၄	ရှင်သီရိန္ဒ	။

စဉ်	ဘွဲ့တော်	ကျောင်း
၉၅	ရှင်ဝိမလ	ဒေါ်လေးတိုက်
၉၆	ရှင်ဂျန္ဒက	ဒေါ်သန်းတိုက်
၉၇	ရှင်အာဒိစ္စ	〃
၉၈	ရှင်ဂန္ဓသာရ	ပဲကုန်းသိမ်
၉၉	ရှင်နာရဒ	ဥယျာဉ်
၁၀၀	ရှင်ဝိဇမ္ဘန	〃
၁၀၁	ရှင်ဩဘာသ	စာချုတိုက်
၁၀၂	ရှင်အရိယဓံမ္မ	ဂန္ဓကုဋီ

ဥက္ကဋ္ဌ

မဟာဂန္ဓာရုံတိုက်

အမရပူရမြို့။

အဖွဲ့ဥက္ကဋ္ဌ။ ။ယခု မဟာဂန္ဓာရုံ ကျောင်းတိုက်၏ နာယက ချုပ်ဆရာတော် အရှင်စန္ဒောဘာသသည် ယခု တိုင် ဤဂဏဝါစကအဖွဲ့၏ ဥက္ကဋ္ဌ ဖြစ်တော်မူ၏၊ နာယက အဖွဲ့ဝင် အရှင်မဟိန္ဒသည် အတွင်းရေးမှူး ဖြစ်တော်မူ၏၊ အဖွဲ့ နှင့်ဆိုင်ရာ အထွေထွေ ဆောင်ရွက်ဖွယ်များကိုမူ စောစောပိုင်းက အရှင်မဟောသဓပဏ္ဍိတ(သာသနာလင်္ကာရ အစိုးရမဟာစရိယ) ယခုဝေဇယန္တာချောင် စာချုပ်ကြီး သည် အရှင်လက္ခဏ (သာသနာလင်္ကာရ) တို့နှင့် မည်သူမျှမတိုက်တွန်းအပ်ပဲ မိမိတို့ ဘာသာ တာဝန်သိစွာဆောင်ရွက်၏၊ အရှင်မဟောသဓပဏ္ဍိတ မရှိသောအခါ အရှင်နန္ဒိယ (ဓမ္မာစရိယ၊ အနောက်ဥယျာဉ် ဘုန်းကြီး)သည် အရှင်သုခေဓိတ (သာသနာလင်္ကာရ သာ သနဓဇ သိရီပဝရ ဓမ္မာစရိယ) အရှင်ဝဇိရ (ယခု ပေါင်းမ မြောက်ကျောင်းဘုန်းကြီး)၊ အရှင်ပဏ္ဍိတ (သရက်ချို၊ ယခု ဦးမြတ်ချို အမည်ဖြင့် လူ့ဘောင်ပြောင်း)၊ အရှင်သုမင်္ဂလာ လင်္ကာရ (ယခု တိပိဋကဓရ ကမ္မာအေး)တို့နှင့် လည်းကောင်း၊ ထိုအရှင်တို့မရှိသောအခါ အရှင်သဇ္ဇန(မဟာမြို့ဦးစီးနာယက နှင့် လည်းကောင်း၊ ထိုအရှင်မရှိသောအခါ အရှင်ဝိမလဗုဒ္ဓိ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)နှင့် လည်းကောင်း တွဲကာ တာဝန်သိစွာ ဆောင်ရွက်ပါသည်၊ ဤမျှသော စာချုပ်ကြီး တို့က ဆရာတော်၏ ပရိယတ္တိသာသနာ့တာဝန်ကို ပါဝင် ဆောင် ရွက်ကြရသည်။

လေ့ကျင့်တန်းမြင့်။ ။အဖိတ်နေ့တိုင်း ပုစ္ဆာထုတ်၍ **လေ့ကျင့်ခန်း** စာမေးပွဲ ကျင်းပပေးရ၏၊ ပုစ္ဆာစစ်ရ၏၊ မူလတန်း ပထမတန်း ရွေပိုင်း နောက်ပိုင်းတို့အတွက် တနှစ်ဝယ် ခြောက်လတကြိမ် (ပြာသိုလတကြိမ် ဝါဆိုလတကြိမ်) တန်းမြင့်စာမေးပွဲ ကျင်းပပေးရသည်။

အသုံးစရိတ်။ ။ပရိယတ္တိလုပ်ငန်း လေ့ကျင့်ခန်းများအတွက် အဖြေလွှာစာရွက် ပုစ္ဆာစာရွက် မင် ကလောင် လက်နှိပ်စက် စာကူးစက်တို့အတွက် တနှစ်မှာ ပျမ်းမျ (၁၅၀၀) ကုန်ကျပါသည်။

တာဝန်ကိုယ်စီ။ ။ပျမ်းမျ စာချုပ်နှင်းကြီးတပါးလျှင် စာနှစ်ဝါစီရှိ၏၊ **စာတဝါ**လျှင် တနာရီကြာ၏၊ ပထမတန်း သို့မဟုတ် သာမဏေ သက္ကသီဟ ဒုတိယဆင့် အောင်လျှင် ဂဏဝါစကစာချအဖွဲ့၌ ပါဝင်ရသောကြောင့် တဘက်က စာချသလို တဘက်ကလည်း စာတက်ရသေး၏၊ ဆရာတော်စဝါကား ကျောင်းတိုက်ရှိ စာရင့် စာချုပ်နှင်းကြီးများပါမကျန် စာချအားလုံး တက်ကြရသည်၊ ထို့ကြောင့် စာချုပ်နှင်းကြီးတပါးလျှင် ကျောင်းတိုက်တွင် ဆိုင်ရာ ပရိယတ္တိလုပ်ငန်းကို တနေ့လျှင် လေးနာရီခန့် လုပ်ရသည်။

တာဝန်ခံ။ ။မဟာဂန္ဓာရုံ ဖွဲ့စည်းပုံမှာ နေနည်း ထိုင်နည်း ရရှိပြီး (အချို့းကျပြီး) အဟောင်းများက စပ်ရာစပ်ရာ အသစ်များ၏ စားဝတ်နေရေး ကျန်းမာရေး ပညာရေးတို့ကို တာဝန်ခံ၍ စီမံပေးရ၏၊ ထို့ကြောင့် ထိပုဂ္ဂိုလ်ကို "တာဝန်ခံ" ဟု လည်းကောင်း၊ "အာမခံ" ဟု လည်းကောင်း ခေါ်တွင်လျက်ရှိ၏၊ ထို**စာ**ချုပ်နှင်းကြီးများ၌ "တာဝန်ခံတပည့် မြောက်များစွာရှိကြသည်၊ ထိုတပည့်များစာဝါ၌ မှန်မှန်တက်အောင် ကြပ်မတ်ပေးရခြင်း၊ စာကျက်ခိုင်းခြင်း၊ စာပြန်ခိုင်းခြင်း စသည်ဖြင့်ပညာရေးအဆင့်မြင့်အောင် ထိုန်းသိမ်းစောင့်ရှောက်သောအားဖြင့် ပို့ချရသော စာဝါများမှာလည်း တပည့်အရေအတွက်အားလျော်စွာ နှစ်ဝါစီလောက် ရှိကြသည်ပင်။

စာပြန်နည်း။ ။ဤနည်းအားဖြင့် နေ့အလင်းရောင် ရှိချိန်ဝယ် ပရိယတ္တိလုပ်ငန်းကို အချိန်ပြည့် ဆောင်ရွက်ကြရသည်၊ ညအချိန်မူ စာချခြင်းမပြုရ၊ စာသင်သားတို့သည် မိမိသိလောက်ရုံ သူတပါးမကြားအောင် တိုးတိုးကလေးပါးစပ်လှုပ်ရုံမျှဖြင့်သာ နေ့အခါက လေ့လာအပ်ပြီးသော ကျမ်းစာများကို ပြန်၍ဆိုကြရ၏၊ အသံထုတ်၍ ပြန်ဆိုခြင်းသည် မိမိ၏ သမာဓိနှင့် ပတ်ဝန်းကျင်ကြားရသူ၏ သမာဓိတို့ကို ပျက်ပြားစေသည်ဟုဆို၍ ညဉ့်အခါ အသံထုတ်၍ စာပြန်မှုကို လုံးဝ တားမြစ် တော်မူသည်၊ မိမိကြားလောက်ရုံ အသံထုတ်ဖော် ပြန်ရာ၌လည်း (၁) တိုးတိုးပြန်ရသည်၊ (၂) ဖြည်းဖြည်းပြန်ရသည်၊ (၃) စဉ်းစဉ်းစား စားပြန်ရသည်၊ သူများကြား လောက်အောင် အသံထုတ်ပြန်နေသူကို (သို့မဟုတ်) မြန်မြန်ပြန်နေသူကို ဆရာတော်တွေ့လျှင် တာဝန်ခံဆရာနှင့်တကွ ခေါ်၍ ဆုံးမလေ့ရှိ၏၊ ရံခါ မိမိအနားသို့ခေါ်၍သော်လည်း မိမိညွှန်ပြအပ်သော ပုံစံအတိုင်း စာပြန်ခိုင်းတတ်၏။

အသံကျယ်စာချ။ ။နေ့အခါ၌လည်း ကျောင်းပေါ်က စာကျက် စာချနေသူကို ကျောင်းအောက်က မကြားစေရ၊ ဆရာတော်သည် အောက်ပါစကားများကို မိန့်တော်မူဖူးပါသည်၊ "ဗမာတန်းကျောင်းမှာတော့ ဆရာဆရာမတွေဟာ လက်ဟန်ခြေဟန်နှင့် အသံထုတ်ပြောလေ့ရှိတယ်၊ ဒါက ကျောင်းသား ကျောင်းသူတွေချွေမှာ သူများကြည့်အောင် ရှိုးပြတာပဲ၊ တို့ဘုန်းကြီးတွေ စာချတော့ စာတက်တဲ့အထဲက ကျောင်းသား ကျောင်းသူတွေမှ မပါပဲနဲ့၊ ဆရာဆရာမတွေ လက်ချေပေးနေသလို အသံနဲ့ဟန်နဲ့ လုပ်နေဖို့မလိုပါဘူး" ဟု အမိန့်ရှိတတ်သည်။

စာအော်သံ။ ။"အော်ကျယ် အော်ကျယ် စာအံတာကလဲ တောရွာကျောင်းတွေကတည်းက စခဲ့တာ၊ စိတ်ကတော့ဘာမှမစဉ်းစားဘူး၊ဘောဒေဝပုတ္တာ-အိုနတ်သား၊ ဗာလနံ- သူမိုက်တို့ကို၊ ယာအသေဝနာစ- အကြင်မမှီဝဲရခြင်း သည်လည်းကောင်း"လို့ ဆိုပြီးတော့ အတင်းအော်အံတယ်၊ စာကတော့ "ဗာလာနံ"မဟုတ်ပဲ "ဗာလနံ"ဖြစ်နေတယ်၊ ဘုန်းကြီးက ဘာမှနားမထောင်ဘူး၊ အိပ်ရာထဲမှာအိပ်နေတယ်၊ စာအံသံ နည်းသွားမှ ကြမ်းကိုဖနောက်နဲ့ပေါက်ပြီး အော်လိုက်ငေါက်လိုက်တယ်၊ဒီတော့ ကျောင်းသားတွေက စာထအော်ကြပြန်ရော၊ အသံကျယ်ကျယ် စာအံနေယင်ပြီးတာပဲ၊ ဘာကြောင့်တုန်းဆိုတော့ ကျောင်းနားကဖြတ်သွားတဲ့ ဒကာဒကာမတွေက "ဒီကျောင်းက စာတော်တော်အံတယ်၊ ဒီကျောင်းထားယင်

စာတတ်မှာပဲ၊ တို့သားကလေးကိုတော့ ဒီကျောင်းထားမှပဲ" ဒီလိုလူတွေကလဲ အော်အံတာကို သဘောကျတယ်"။

ဆိတ်ငြိမ်မှု။ ။"ခရစ်ယာန်ဘုန်းကြီးကျောင်းတွေမှာ ကျောင်းသားတွေ အများကြီးစုပေါင်းပြီး စာသင်ခန်းမထဲမှာ ကိုယ့်ထိုင်ခုံနှင့် ကိုယ်စီထိုင်ကာစာကျက်နေကြတယ်၊ ဘေးကဘာသံမှ မကြားရဘူး၊ နည်းနည်း အသံထွက်လာယင် ဆရာက လက်ဖြောက်တီးပြီး သတိပေးလိုက်တယ်၊ ဆိတ်ငြိမ်မှုကို အသုံးပြုကြတယ်၊ ဗုဒ္ဓမြတ်စွာကလည်း ဆိတ် ငြိမ် မှု ကို သဘောကျတယ်၊ အဇာတသတ်မင်း မြတ်စွာဘုရားထံသွားတော့ သံဃာတထောင်နှစ်ရာငါးဆယ်အလယ်မှာထိုင်ပြီး ဘုရားရှင်က တရားဟောတော်မူနေတယ်၊ ရဟန်းတော်များဟာ တိတ်ဆိတ်ငြိမ်သက်စွာ နာယူနေကြတယ်၊ "မြတ်စွာဘုရား သံဃာအများကြီးနဲ့ သီတင်းသုံးတော်မူတယ်လို့ဆိုတယ်၊ ဘာသံမှလဲ မကြားရဘူး၊ ငါ့ကိုများ လှည့်စား ခေါ်လာလေသလား"လို့ အဇာတသတ်က ဇီဝကအမတ်ကြီးကို သံသယဖြစ်သွားတယ်၊ (မယုံမကြည်ဖြစ်သွားတယ်)၊ ဒီအကြောင်းကိုဖွင့်ပြီး ဇီဝကကို ပြောတော့ ဇီဝကက မြတ်စွာသူရားဘက်ကို လက်အုပ်ဖြင့် ညွှန်ပြလျက် "မီးကလေး မှိန်မှိန်ထွန်းထားတဲ့ ဟောဟိုဓမ္မာရုံရဲ့ အလယ်မှာ ရှင်တော် ဘုရား သီတင်းသုံးတော်မူနေပါတယ်၊ ရှင်တော်ဘုရားရဲ့ ရွှေမျောက်မှာ သံဃာတော်များ တရားနာနေပါတယ်၊ ရှုစားတော်မူပါ၊ အရှင်မင်းမြတ်ကိုမလှည့်စားပါဘူး"။ ဤသို့ သံတော်ဦးတင်ရတယ်၊ အဲသလောက် ငြိမ်သက်တယ်"။

ကိစ္စနှစ်ရပ်။ ။ "ပါဠိတော်များမှာ သန္ဓိပတိတာနံ ဝေါ ဘိက္ခဝေ ဒုယံ ကရဏီယံ၊ ဓမ္မိကထာဝါ အရိ-ယောဝါ တုဏှိဘာဝေါ- ဘိက္ခုတို့ စုဝေးနေကြတဲ့ သင်တို့ မှာ လုပ်ငန်းနှစ်မျိုးရှိတယ် (၁) တရားနဲ့ ဆိုင်ရာစကား ပြော ရမယ်၊ (၂) သို့မဟုတ် တရားကို နှလုံးသွင်းခြင်းအားဖြင့် မြင့်မြတ်တဲ့ ဆိတ်ဆိတ်နေမှုကိုသော်လဲ ပြုရမယ်၊ဒီလိုဟောတော် မူထားတယ်၊ သမာဟိတော ယထာဘူတံ ဇာနာတိ ပဿတိ- သမာဓိရှိသူသည် အမှန်အတိုင်းသိတယ်၊ မြင်တယ်လို့လဲ မိန့် တော်မူတယ်၊ သမာဓိဆိုတာလဲ ဆိတ်ငြိမ်မှုရှိမှု ဖြစ်နိုင်တယ်၊ သမာဓိရမှလဲ တရားကို ထိုးထွင်းသိမြင်နိုင်တယ်"။

တိတ္ထိတွေသိ။ ။မြတ်စွာဘုရားဟာ ဆိတ်ငြိမ်မှုကို အင်မတန် လိုလားတော်မူတယ်၊လိုလားတော်မူကြောင်း ကိုလဲ သာသနာပ တိတ္ထိများကအစ သိနေကြတယ်၊တခါက မြတ်စွာဘုရားဟာ ပရိဗိုဇ်တို့ရဲ့ အရံ (ကျောင်းတိုက်) တခုသို့ ကြွသွားတော်မူတယ်၊ အဲဒီအချိန်မှာ ပရိဗိုဇ်တွေဟာ စုပြီး "ဟာ ကိုယ့်လူ လက်ကလေးတွေက သိပ်လှတာပဲ၊ဟာ မဟုတ် ပါဘူး၊ မင်းလက်ကလေးတွေက ပိုလှပါတယ်"စသည်ဖြင့် ဆူညံ ဆူညံနဲ့ တောင်ရောက်မြောက်ရောက် စကားတွေ ပြောနေကြ တယ်၊ သူတို့ဆရာကြီးက "ဟေ့ တိတ်တိတ်၊ ဟေ့ တိတ်၊ အရှင် ဂေါတမကြွလာတယ်၊ အရှင်ဂေါတမဟာ တိတ် ဆိတ် မှု ကို လိုလားတော်မူတယ်၊ တိတ်ဆိတ်မှုရဲ့အကျိုးကိုလည်း ပြောလေ့ ရှိတယ်"လို့ သတိပေးသတဲ့၊ ဒီလို ဗုဒ္ဓအလှန်မြတ်နိုးတော်မူတဲ့

တိတ်ဆိတ်မှုကို တို့ဘုန်းကြီးတွေက မသုံးတတ်ကြဘူး၊ ကျောင်း ထဲမှာ ဘုရားမကြိုက်တဲ့ ပွဲတွေ လမ်းတွေ ကျင်းပပြီး အသံခွဲစက် ကြီးတွေနဲ့ ဆူနေကြတယ်၊ ခရစ်ယာန်တွေက ဒီတိတ်ဆိတ်မှုကို အသုံးပြုကြတယ်၊တို့ကျောင်းတိုက်ကတော့ ဗုဒ္ဓရဲ့နည်းကို အသုံး ပြုကြပါ၊ မပေါ့ကြပါနဲ့" ဤသို့မိန့်တော်မူလေ့ရှိသည်။

သာမဏေစာပြန်ပွဲ။ ။ဂဏဝါစကအဖွဲ့ကို (၁၃၂၂)ခုနှစ်၌ ဖွဲ့အပ်သော်လည်း အတန်းနှင့် သင်ခန်း စာများကိုမူ ကျေးဇူးရှင်ဆရာတော်သည် ၁၃၁၂-ခုနှစ်ကပင် စီစဉ်ပြီးဖြစ်ပါသည်၊ ထိုနှစ်၌ပင် မန္တလေးမြို့ ပရိယတ္တိသာသန ဟိတ အသင်းကြီးက ထိုအစီအစဉ်အတိုင်း သာမဏေ သက္ကာ-သီဟ စာမေးပွဲကို စ၍ကျင်းပခဲ့ပါသည်၊ဂဏဝါစကဖွဲ့စည်းရာ ၁၃၂၂-ခုနှစ်၌ကား ထိုစာမေးပွဲ ကျင်းပပုံဥပဒေကို ဆရာတော် က ထပ်မံဖြည့်စွက် ပြင်ဆင်ခဲ့ပါသည်၊ မူလဥပဒေကိုလည်း ဆရာ တော်ပင် ရေးဆဲ့ပေးခဲ့ပါသည်၊ ဤသာမဏေ သက္ကသီဟ စာမေးပွဲသည် ကျေး ဇူး ရှင် ဆရာတော်၏ ကျောင်း တိုက် အတွင်း ပညာရေးစနစ်အတွက် "တန်းမြင့်စာမေးပွဲ"ပင် ဖြစ် ပါသည်။

မူလတန်း၊ပထမတန်း ရွေပိုင်းနောက်ပိုင်းဖြစ်သော အခြေခံ သုံးတန်း၏ တန်းမြင့်စာမေးပွဲကိုမူ ဂဏဝါစက(စာချဘုန်းကြီး) အဖွဲ့က ခြောက်လတကြိမ် ကျင်းပပေးပါသည်။

စနစ်အကျိုး။ ။ဤစနစ်ဖြင့် မဟာဂန္ဓာရုံကျောင်းတိုက်၌ နေ ဖူးသော စာသင်သားတိုင်း မူလတန်းဖြင့် ဗုဒ္ဓ ဘာသာဝင်တို့၏ အခြေခံ ဗဟုသုတကို စနစ်တကျ အပြည့် အစုံ ရရှိကြပါသည်၊ ကိုးဆယ့်ငါး ရာခိုင်နှုန်း ပထမတန်း ရွေ့ ပိုင်းဖြင့် ပဋ္ဌကတ်၏ အရသာ အတော်အတန် သိရှိသူများပေါ် ထွန်းခဲ့ပါသည်၊ ပထမတန်း နောက်ပိုင်းဖြင့် (၈၀)ရာခိုင်နှုန်း ပဋ္ဌကတ်၏ အရသာကို အတော်ပြည့်ပြည့်စုံစုံ ရရှိသူများ ပေါ် ထွန်းခဲ့ပါသည်၊ ပထမအဆင့်ဖြင့် ငါးရာကျော်ခန့် စာသင်သား တိုင်းသည် မြန်မာနိုင်ငံ ပရိယတ် စာသင်သားလောက၌ ဤမျှ လောက် တိုတောင်းသော ကာလဖြင့် (ကျောင်းတိုက်တွင်း ပညာရေးစနစ်အခန်း၌ ရှေး၌ ဖော်ပြအပ်ပြီးအတိုင်း) ပရိယတ္တိ အရည်အချင်းကို ရရှိခဲ့ကြပါသည်၊ ဒုတိယဆင့်အဖြစ် (၃၀၀) ခန့် စာသင်သားတိုင်းသည် မြင့်မားလှသည့် ပရိယတ္တိအရည် အချင်းကို ရရှိခဲ့ပါသည်၊ ဤအချိန်၌ အစိုးရစာမေးပွဲ အငယ် တန်းကိုလည်း များသောအားဖြင့် အောင်မြင်ပြီးဖြစ်သည့် အတွက် အဘိဓမ္မာအရည်အချင်းများ လွန်စွာပြည့်ဝ၍ အခြား အလယ်တန်း အောင်သူများနှင့် မတူသော ပဋ္ဌကတ်ဗဟုသုတ ပြည့်ဝသည့် ပရိယတ္တိအရည်အချင်းကို ရရှိကြပါသည်။

တတိယဆင့်။ ။တတိယဆင့်ဖြင့် (၅၀)ကျော်ခန့် စာသင် သားတိုင်းသည် ပဋ္ဌကတ်ပင်လယ်၌ ကျင်လည် စွာကူးခတ်နိုင်သော ပရိယတ်အရည်အချင်းကို ရရှိကြပါသည်၊ ဝိနည်း (၅)ကျမ်း၊ အဂုတ္တိရ် (၁၁)ကျမ်း ပါဠိတော်များကို

စေ့စေ့စပ်စပ် သဒ္ဒါနည်း၊ သင်္ဂြိဟ်နည်း၊ စနစ်ကျသော ကျေးဇူး ရှင်ဆရာတော်၏ အနက်ပေးနည်းတို့ဖြင့် ဆရာထံ၌ သင်ယူပြီး မိမိဘာသာ အထပ်ထပ် ကြည့်ရှုမှတ်သားပြီး ဖြစ်နေပါသည်၊ ယင်းပါဠိတော်များ၏ အဋ္ဌကထာများကိုလည်း အတော် အတန် ကြည့်ရှုမှတ်သားပြီး ဖြစ်နေပါသည်၊ အမှန်မှာ ဋီကာ ဘာသာဋီကာတို့ပင် တော်တော်များများ ကြည့်ရှုဖူးနေပါ ပြီ၊ ဓမ္မပဒအဋ္ဌကထာ နှစ်ကျမ်းလုံးကိုလည်း အစအဆုံး သဒ္ဒါ နည်း၊ သင်္ဂြိဟ်နည်း၊ စနစ်ကျနသော ဆရာတော်၏ အနက်ပေး နည်းတို့ဖြင့် ဆရာ့ထံ၌ သင်ယူပြီးယုံမျှမက မိမိဘာသာလည်း အပ်ကျမကျန် လှန်၍ ရှာနိုင်လောက်အောင် ကြေညက်စွာ အထပ်ထပ်လေ့လာပြီး ဖြစ်နေပါသည်။

သာမဏေကျော်။ ။ဤအချိန်၌ အစိုးရစာမေးပွဲအလတ်တန်း အောင်ပြီး အကြီးတန်းလေ့လာဆဲ ဖြစ် နေတတ်ပါသည်၊ ထိုသာမဏေကျော်များသည်အဂုံတွင်ရနိုင်သော် ဝိနယပိဋကက ခုဒ္ဒကနိကာယ်ဝင် ဓမ္မပဒပါဠိ, **အဋ္ဌကထာ**တို့၌ ကျင်လည်စွာကူးခတ်ပြီးသူများဖြစ်ကြ၍ ငယ် လတ် ကြီးဆိုင်ရာ ပဋ္ဌကတ်အခြေခံကျမ်းစာနှင့် အဘိဓမ္မာ ပါဠိတော် အရင်းကောက် ဆိုင်ရာတို့ကို ဖြည့်စွက် လေ့လာလိုက်ရသောအခါ သူတို့၏ ပရိယတ္တိ အရည်အချင်းမှာ စဉ်းစား၍ပင် ကြည့်ကြပါတော့၊ နောက်တနှစ်လောက်ဆိုလျှင် ဓမ္မာစရိယတန်းဝင်၍ အောင်မြင် ပြီး သာမဏေကျော်များမှာ (၄၀)ကျော်ခန့် ပေါ်ထွန်းခဲ့ဖူး ပါပြီ၊ ကျေးဇူးရှင် ဆရာတော်သည် မဟာဂန္ဓာရုံကျောင်း

တိုက်ကို တည်ထောင်၍ နှစ်ပေါင်း (၄၀) မျှ သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့ရာ ပရိယတ္တိ သာသနာ့ဝန်ဘက်မှ ပြောရလျှင် ကျမ်းပေါင်း (၆၀) ကျော်ကို ပြုစုတော်မူ၍ ပညာတတ် တပည့်ပေါင်း ရာပေါင်းများစွာကို ထွက်ပေါ်စေခဲ့ပါသည်။

စာသင်စရိတ်။ ။ဤမျှလောက် အကျိုးရသော ပရိယတ္တိ သာသနာ့ဝန်ကို ထမ်းဆောင်ရာ၌ စာသင်စာချတို့သည် ပိတ်, ပေါ်ပလင်သက်နံ့ တန့်စ်လျှင် နှစ်စုံမျှဝတ်ဆင်ကြပါသည်၊ တန်ဖိုးမှာ ၁၅၀-၂၀၀ ကျပ်ခန့်မျှ ရှိကြပါသည်၊ ဖိနပ် တရံတန်ဖိုး ၂၀-ကျပ်၊ သပိတ်တလုံးတန်ဖိုး ၃၀-ကျပ်၊ ခါးပန်းကြိုးတချောင်း ၁၅-ကျပ်၊ ယပ်တောင် ၅-ကျပ်၊ မတ်ခွက်တလုံး ၁၂-ကျပ်၊ ဇွန်းတချောင်း ၃-ကျပ်၊ ဝတ်ခွက် (၅)လုံး ၅-ကျပ်၊ နေရာထိုင်တထည် ၅-ကျပ်၊ စောင်တထည် ၂၅-ကျပ်၊ အိပ်ရာခင်း ၂၀-ကျပ်၊ ခေါင်းအုံးတလုံး ၅-ကျပ်ခန့်၊ မျက်နှာသုတ်ပဝါ တထည် ၅-ကျပ်၊ ဖောင်တိန် ၁၂-ကျပ်၊ မင်အိုးတလုံး ၅-ကျပ်၊ ခဲတံတချောင်း ဗလာစာအုပ် (၃)အုပ် ၆-ကျပ်၊ အတန်းလိုက်လိုအပ်သော စာအုပ်များအတွက် တန်ဖိုး ၁၀၀-ကျပ်၊ ဤမျှသော ပစ္စည်းများကိုသာ သုံးစွဲပါသည်။

မှတ်ချက်။ ။ဗီရိုခြင်ထောင် ခုတင် စားပွဲ ကုလားထိုင် နှာရီများနှင့် ကောင်းမွန်သော ဖိနပ်, သက်နှံစသည်တို့ကိုမူ ကြွယ်ဝချမ်းသာသော ဒကာ ဒကာမတို့က ကိုးကွယ်အပ်သော၊ ဘုန်းကြီးသော၊ ဆရာသမားတို့က ချီးမြှောက်အပ်သော စာချစာသင် အနည်းငယ်၌သာ ရှိပါသည်။

ဆွမ်း, ဆွမ်းဟင်း။ ။ဆွမ်းအတွက်မှာ ဆွမ်းခံ၍ ဘုဉ်းပေးကြရပါသည်၊ ဆွမ်းမှာလဲ နှစ်ပန်းကန်ပြားခန့်သာ များသောအားဖြင့် သုံးစွဲ၍ ဟင်းမှာလဲ နှစ်ခွက် သုံးခွက်မျှသာ ရပါသည်၊ တခါတရံ နှစ်ခွက်သုံးခွက်အစား ဗယာကျော်တခုနှစ်ခုလည်း ဖြစ်နေတတ်ပါသည်၊ ဆရာတော်က နံနက်၌ ပဲပြုတ် ငံပြာရည်ဖြင့် အဆာပြေရုံမျှ အရုဏ်ဆွမ်းကျွေး၍ နေ့လယ်မှာ စားဖြစ်ရုံလောက်ဟင်း (၂) ခွက်ပေးပါသည်၊ ညနေမှာ ထန်းလျက်ရည် ကျိုတိုက်ပါသည်။

စတုမဓူ။ ။စာချဘုန်းကြီးများနှင့် ကျမ်းပြုဝန်ဆောင်တို့ကိုမူ နှစ်လတကြိမ်ခန့် ဟောလစ်ပုလင်းဖြင့် တဝက်၊ တပုလင်း ထိုက်တန်သလို စတုမဓူပေးပါသည်၊ အင်မတန် အားနည်းပိန်ချုံးနေသော ကျမ်းပြုဝန်ဆောင်တို့အား မူ နွားနို့လည်းတိုက်ပါသည်၊ ဤမျှလောက်သော အာဟာရဖြင့် ပြအပ်ပြီး ပရိယတ္တိသာသနာ့ဝန်တို့ကို စာချစာသင်တို့ ထမ်းဆောင်ကြပါသည်။

အားပေးမှာ။ ။"ကဲကြိုးစားကြ၊ အခု ချဉ်ပေါင်ဟင်းက နောက်-၀က်သား ဖြစ်လိမ့်မည်" ဟု တချို့ ဘုန်းကြီးများက တပည့်တို့ကို စာကြိုးစားအောင် အားပေးလေ့ရှိ၏၊ ထိုအားပေးပုံကို ဆရာတော်မှန်သက်ပါ၊ "ကောင်း

စုပေါင်းလှူ။ ။ဂဏဝါစကအဖွဲ့သည် မိမိတို့ဒကာဒကာမများက မိမိတို့နဝကမ္မအား လှူအပ်သောဝတ္ထုထဲမှ တန်ခုန်စ်လျှင်တရာတန်ခန့် စုပေါင်း၍ ပုစ္ဆာစာရွက် စသည်ကို ကပ္ပိကာ (ဝယ်ကာ) လေ့ကျင့်ခန်းများကို ကျင်းပပေးပြီး အောင်လက်မှတ်များရိုက်နှိပ်၏၊ နောင်အခါစာမေးပွဲအောင်ရဟန်းသာမဏေတို့၏ နဝကမ္မအတွက် ရအပ်သောဆုတော်ငွေထဲမှ စုပေါင်း၍ တိုက်ကိစ္စကိုဆောင်ရွက်၏၊ ၁၃၄၂-ခုနှစ်၌ ကား ကျောင်းတိုက်ကို အုပ်ချုပ်နေသော နာယကဘုန်းကြီးအဖွဲ့က ဂဏဝါစကအတွက် သူတို့၏ ပဂ္ဂလိကထဲမှ တပါးလျှင် တရာတန်ခန့်လှူ၍ သံဃိကဝတ္ထုထဲမှ သုံးခွင့်ပြုလိုက်ပါ၏။

လေ့လာသင့်။ ။မဟာဂန္ဓာရုံကျောင်းတိုက်၏ ပရိယတ္တိလုပ်ငန်းအတွက် အကုန်အကျမှာ ဤမျှသာဖြစ်သည်၊ အကျိုးရနှင့်စာလျှင် နည်းသည်များသည်မှာမူ လေ့လာသင့်ပါသေး၏၊ စရိတ်ကျဉ်းကျဉ်းဖြင့် အကျိုးများများရအောင် ဆောင်ရွက်သင့်ပါ၏၊ အခြားကျောင်းတိုက်များ၏ ပရိယတ္တိအတွက် အကုန်အကျမှာလည်း ဤနည်းပင် ဖြစ်ပါလိမ့်မည်၊ သို့ရာတွင် သာသနာအတွက် အကုန်အကျတွေ များလှ၏ ဟု အဆိုရှိ၏၊ ထိုအတိုင်း မှန်မမှန်ကို လေ့လာ၍ မှန်လျှင်အဘယ့် သာသနာ့ဝန်ကို လုပ်ဆောင်၍ ထိုမျှကုန်ကျရသည်ကို တာဝန်ရှိသူတို့က စိစစ်သင့်ပါသည်။

ကောင်းစားချင်လို့ ပစ္စည်းလာဘ်လာဘလိုချင်လို့ ဘုန်းကြီးလုပ်တာနဲ့တူနေတယ်၊ ဘုန်းကြီးတွေက ကိုယ့်လုပ်စာမပါပဲနဲ့ ကောင်းကောင်း စားချင်ကြတယ်၊ ကောင်းကောင်းဝတ်ချင်ကြတယ်၊ ဟင်းမကောင်းလျှင် ညည်းချင်ကြတယ်၊ ဒီလိုမဟုတ်ဘူး၊ သင့်တော်ရုံ စားရသောက်ရလျှင် တော်ရောပေါ့''။

ဘုရားလက်ထက်ဆွမ်း။ ။''ဘုရားလက်ထက်က ဒါလောက်မပေါဘူး၊ ပဏီတဘောဇဉ်ကိုကြည့်၊ သပ္ပိ နဝနီတံ တေလံ-တဲ့၊ ထောပတ်လေးနဲ့ ဆွမ်းစားရ၊ ဆီကလေးဆမ်းပြီး ဆွမ်းစားရယင် ကောင်းမှန်တဲ့ အစာဖြစ်နေပြီ၊ ဝိသာခါတို့ အနာထပိဏ်သဒ္ဒေးတို့အိမ်မှာ သံဃာငါးရာ တထောင် ဆွမ်းကပ်တယ်ဆိုတာလဲ ဗမာတွေလို ဟင်းကောင်းတွေနဲ့ မဟုတ်ဘူး၊ ဟင်းကောင်းတွေနဲ့လဲ နေ့စဉ်မကပ်ဘူး၊ လက်ကော်လိုဖြစ်လောက်တဲ့ ကုလားပဲဟင်းလို ပဲဟင်းပြစ်ပြစ်နဲ့ သရက်သီးသနပ်လို အချဉ်တခွက်၊ ဒီဟင်းနှစ်ခွက်ပဲ၊ ဒီလိုဟင်းမျိုးနဲ့တောင် တချို့တထပ်ပဲ၊ ကောသနိုက် ဘုဉ်းပေးကြတယ်၊ သူတို့က စာလဲကျက်စရာမလို၊ ဘုရားဆီက တရားတောင်းပြီး တရားနှလုံးသွင်းကြတာပါပဲ၊ ခုခေတ်မှာတော့ စာကိုတဘက်က သင်နေရတော့ တထပ်တည်းမဟုတ်ပဲ မနက်အရုဏ်**ဆွမ်း**တော့ စားရမှာပေါ့၊ ဒါတောင် သီဟိုဠ်မှာ သာသနာစရောက်စဉ်က မနက်ဆွမ်းမရှိဘူး၊နံနက်ယာဂုဆွမ်းပဲရှိတယ်''၊ ဤသို့မိန့်တော်မူ၍ ဆရာတော်ငယ်စဉ်ကပခုက္ကူ မှာဆင်းဆင်းရဲရဲနဲ့ ဆွမ်းစားရပုံကို မကြာမကြာ မိန့်တော်မူပါသည်။

ထေရော အာစရိယော သေဋ္ဌော၊တဿိသာ ဂဏဝါစကာ၊ ပရိယတ္တိ ဝါစယိတ္ဝာန၊ သဒ္ဒမံ ပရိပါလယုံ။

ကျေးဇူးရှင်ဆရာမြတ်နှင့် ဂဏဝါစကအဖွဲဝင် တပည့်မျာသည် ပါဠိ အဋ္ဌကထာ ဋီကာကျမ်းစာများနှင့် ထို၏အခြေကျမ်းစာများကို နေ့စဉ်နေ့စဉ် စွမ်းအားရှိသမျှ သင်ပြုသူတော်ကောင်းတရားဖြစ်သော ဘုရားရှင်၏ အဆုံးအမကို မပျောက်ပျက်အောင် စောင့်ရှောက်တော်မူကြသည်။

အရှင်သုဇာတ (သာဝတ္ထိ)
မဟာဂန္ဓာရုံတိုက်
အမရပူရမြို့
ပြောပြခန်း

အရုဏ်။ ။"အရုဏော ကိဠိရတ္တောဆ" အဘိဓာန် (၉၇) ဂါထာ၊ "သူရဿောဒယတော ပုဗ္ဗ၊ ဋီတရုံသိ သိယာရုဏော" (၆၅) ဂါထာ အရ နေလုံးမပေါ်မီ အရှေ့လောကဓာတ်မှ ပေါ်ထွက်လာသော အနီနုရောင်ကလေးကို "အရုဏ (အရုဏ်)"ဟုခေါ်ကြသည်၊ ထိုအရုဏ်ရောင် ပေါ်ထွက်လာချိန်ကို ရှေးသူတော်ကောင်းတို့က အောက်ပါအတိုင်း သင်္ကေတကဗျာများ ပြုလုပ်ထားကြသည်။

(ဆောင်)— ကူး-သောင်နှေးတုံ၊ ဆုန်-ပေါ်-ဖိ-နင်း၊
ယုန်-မင်း-လှတန်၊ ဆိုပြန်ဆယ်ထပ်၊
ခေါင်-ပြတ်လယ်တို့၊ တော်ပြိုပြန်နှက်၊
ကျွတ်-ဟိန်းထွက်တင်၊ မုန်း သက်အောင်ထိပ်၊
နှတ်သားချိပ်တည်း၊ ပြာ သိပ်သို့ခဲ့။
တွဲသန့်ကောင်းတွင်း၊ ပေါင်းသင်းအင်ထွေ၊
ချလေမမှား၊ နေထွက်ထားလော၊ ယုတ်ငြားကော၊အရုဏ်လာ၏၊ထွက်ရာနာရီ၊၁၂-မီအောင်၊
ဃဋ္ဋီဥိန၊ဒွါဒသသည်၊မောရပစ္ဆာ ယွန်းချိန်တည်း။

အဓိပ္ပာယ်။ ။"ကူး-ဆုန်"စသော အစ စကားလုံးမျှားသည် ၁၂-လ နာမည်ဖြစ်၏၊ "သောင် ပေါ်"စသော ဒုတိယစကားလုံးမျှားသည် နာရီ၏ သင်္ကေတဖြစ်၏၊ "နေ့းတုံ-ဖိနင်း" စသော တတိယ စတုတ္ထ စကားလုံးမျှားသည် မိနစ်၏ သင်္ကေတဖြစ်၏။

ဂဏန်းသင်္ကေတ။ ။ထိုနာရီ မိနစ်တို့၏ သင်္ကေတကို အ-ဟံနင်္ဂေ (၁-ဂဏန်း၊ က-ခ-ဂ-ဃ-င တနင်းလာ (၂-ဂဏန်း)၊ စ-ဆ-ဇ-ဈ-ည အင်္ဂါ (၃-ဂဏန်း) ဋ္ဌ-ဍ-ဎ-ဏ၊တ-ထ-ဒ-ဓ-န-စနေ (၀-ဂဏန်း)၊(စနေသည် ၇-ဂဏန်းဖြစ်၏၊ သို့ရာတွင် ၇-ကို ၇-နှင့် စားလျှင်ပြတ်သော ကြောင့် သုည (၀) ဂဏန်းအဖြစ် သုံးစွဲပါ)၊ ပ-ဖ-ဗ-ဘ-မ ကြာသပတေး (၅-ဂဏန်း)၊ ယ-ရ-လ-၀-ဠ ဗုဒ္ဓဟူး (၄-ဂဏန်း)၊ သ-ဟ-ဿောကြာ (၆-ဂဏန်း)၊ ဤသို့ရှေးဦးစွာ သင်္ကေတ**ကို**မှတ်သားပါ၊) ထိုသင်္ကေတအရ "ကူး-တန်ခူးလ၌၊ သောင်-၆ နာရီနှင့်၊ နေ့းတုံ (၀၀)မိနစ်အချိန်မှာ၊ နေထွက်၏၊ ဆုန်-ကဆုန်လ၌၊ ပေါ် ၅-နာရီနှင့် ဖိနင်း ၅၀-မိနစ်အချိန်မှာ နေထွက်၏၊ ဤသို့စသည်ဖြင့် နေထွက်ချိန်ကို မှတ်သားပါ၊ ထို့ကြောင့် လက်ဘ၌ "ချလေမမှား နေထွက်ထားလော"ဟု ဆိုသည်။

အရှေ့တက်ချိန်။ ။"ယုတ်ငြားကော အရှေ့လာ၏" စကား အရ နေထွက်နာရီမှ တနာရီနှုတ်လိုက်လျှင် အရှေ့တက်ချိန်နာရီဖြစ်၏၊ ဆိုလိုရင်းမှာ နေမထွက်မီ

တနာရီစော၍ အရှေ့တက်သည်ဟု မှတ်သားပါ၊ (ဥပမာ ၆-နာရီနေထွက်လျှင် ၅-နာရီ အရှေ့တက်၏၊ ၅-နာရီ ၅၀ မိနစ်မှာ နေထွက်လျှင် ၄-နာရီ ၅၀-မှာ အရှေ့တက်၏၊ ဤသို့ စသည်ဖြင့်သိပါ။)

နေ၀င်။ ။"ဃဋ္ဋိဉ်ခန ဒ္ဓါဒသသည်" စကားအရ နေထွက်ရာ နာရီကိုတည်၍ ၁၂-နာရီပြည့်အောင်ပေါင်းပါ၊ ထိုသို့ပေါင်းရာ၌ လျော့နေသောနာရီသည် နေ၀င်ချိန်ဖြစ်၏၊ ဥပမာ ၆-နာရီနေထွက်လျှင် ၁၂-နာရီပြည့်အောင် (၆ + ၆ = ၁၂)ပေါင်းပါ၊ ပထမ ၆-နာရီသည် နေထွက်၊ နောက် ၆-နာရီသည် နေ၀င်တည်း၊ ၅-နာရီ ၅၀-မိနစ် နေထွက်လျှင် ၁၂-နာရီပြည့်အောင် (၅-နာရီ ၅၀ မိနစ် + ၆-နာရီ ၁၀-မိနစ် = ၁၂-နာရီ) ပေါင်းပါ၊ တည်ကိန်း ၅-နာရီ ၅၀-မိနစ်သည် နေထွက်တည်း၊ ပေါင်းကိန်း ၆-နာရီ ၁၀-မိနစ်သည် နေ၀င်ချိန်တည်း။

"ဃဋ္ဋိဉ်ခန ဒ္ဓါဒသသည်" ဟူရာ၌ ၁၂-ပြည့်အောင် ပေါင်းရာ၀ယ် နောက်ထပ် လိုနေသော(နောက်ထပ်ထည့်၍ ပေါင်းရမည်ဖြစ်သော) နာရီတည်း၊ ထိုနာရီကိုပင် "မောရပစ္ဆာဃန်း ချိန်တည်း" ဥဒေါင်းမင်းအနောက်ယှဉ်းချိန်၊ -၀ ၊ နေ၀င်ချိန်" ဟုဆိုလိုသည်၊ (နေကိုပင် မောရ ဥဒေါင်းဟုတင်စား၍ဆိုသည်၊ ပစ္ဆာကား အနောက်အရပ်တည်း၊) ဤလက်ဘ အဓိပ္ပာယ်အရ တဘက်ပါဇယား ဖြစ်ပေါ်လာသည်။

ဆက်ပြုဖွယ်။ ။ဤဇယားကို လေ့လာသောအခါ တပို့တဲ့လမှစ၍ ဝါဆိုလအထိ တလလျှင် ၁၀—မိနစ်စီ နှေးကွက်သို့လျှော့၍ လျှော့၍ဆုတ်၏၊ ဝါခေါင်လမှစ၍ ပြာသိုလအထိ ၁၀—မိနစ်စီ ရှေ့သို့ တိုး၍တိုး၍သွား၏၊ တလနှင့်တလ အကွာ၀ယ် အဆိုအတိုင်း တခါတည်း ပြောင်းလဲသွားသည်မဟုတ်ပါ၊ စက္ကန့်မိနစ်မှစ၍ အရွက်တက်ရာကာလမျှားသည် ဖြည်းဖြည်းအတိုးအဆုတ် ပြောင်းလဲသွားကြပါသည်၊ဥပမာ-တလနှင့်တလ ဆယ်မိနစ်စီအတိုးအဆုတ်ရှိရာ သုံးရက်လျှင် တမိနစ်နှုန်း အတိုးအဆုတ်ဖြစ်သည်၊ (ဝါထပ်သောနှစ်၀ယ် ဒုတိယဝါဆိုလကို ပထမဝါဆိုအတိုင်း ယူရပါသည်။)

အရွက်တုံး။ ။ဤသို့တဖြည်းဖြည်း ပြောင်းလဲသော မိနစ်စက္ကန့်တို့ကိုပါ သဲတိုပြုလျက် တာ၀န်ရှိသော ရှာန်းသာမဏေတို့က တုံးကလေး ခေါက်လိုက်လျှင် အရွက်ဘက်ပြီဟုအောင်းလုံနှင်းလည်ကြပါသည်၊ ထိုအချိန်၌ သံဃာများ ဆွမ်းဘုဉ်းပေးရန် သံချောင်းခေါက်၍ အချက်ပေးလိုက်လျှင် အောင်းလုံး ဆွမ်းစားကျောင်းသို့ သွားကာ ဆွမ်းစား၍ (၁၅) မိနစ်ခန့်အကြာ၌ အချက်ပေးတုံးလေး ခေါက်လိုက်လျှင်—ဆရာတော် ဩ၀ါဒပေးရာ၌ဘုန်းသို့ သွားကြရသည်၊ ထိုတုံးကို ဩ၀ါဒတုံးဟု နှင်းလည်နေကြသည်။

သွားနည်း၀င်နည်း။ ။သွားခါနီး၀ယ် မိမိတို့နေရာကျောင်းမှပင် သင်္ကန်းကိုသပ်သပ်ရပ်ရပ်ညီညာစွာ လက်ကတော့တင်၍ နေရာထိုင်ကို သေသပ်စွာခေါက်လျက်

အချိန်ဇယား

လအမည်များ	အရွက်တက်ချိန်		နေထွက်ချိန်		နေဝင်ချိန်	
အစဉ်	နာရီ	မိနစ်	နာရီ	မိနစ်	နာရီ	မိနစ်
၁။ တန်ခူး	၅	၀၀	၆	၀၀	၆	၀၀
၂။ ကဆုန်	၄	၅၀	၅	၁၀	၆	၁၀
၃။ နယုန်	၄	၄၀	၅	၄၀	၆	၂၀
၄။ ဝါဆို	၄	၃၀	၅	၃၀	၆	၃၀
၅။ ဝါခေါင်	၄	၄၀	၅	၄၀	၆	၂၀
၆။ တော်သလင်း	၄	၅၀	၅	၅၀	၆	၁၀
၇။ သီတင်းကျွတ်	၅	၀၀	၆	၀၀	၆	၀၀
၈။ တန်ဆောင်မုန်း	၅	၁၀	၆	၁၀	၅	၅၀
၉။ နတ်တော်	၅	၂၀	၆	၂၀	၅	၄၀
၁၀။ ပြာသို	၅	၃၀	၆	၃၀	၅	၃၀
၁၁။ တပို့တွဲ	၅	၂၀	၆	၂၀	၅	၄၀
၁၂။ တပေါင်း	၅	၁၀	၆	၁၀	၅	၅၀

အဉ္ဇလီ နှုတ်သံချီလျက် ရှင်ကြည်မနော သုံးပါးသော ဒုဂ္ဂရတို့ဖြင့် အပိုဒ်ရောက်သောအခါ လက်အုပ်ချီ၍ ဝန္ဒာမိ–ရှိခိုးပါ၏။ ဘုရားဟု ဆိုသောအခါဦးခေါင်းကိုညွတ်၍ ရှိခိုးကြရသည်။

သံဝေဂကဗျာ။ ။ထို့နောက် သံဝေဂဖြစ်ဖွယ်ရာ ဂါထာလက်ဝဲစကားပြေ စသည်တို့ကို အလှည့်ကျရွတ်ဆိုကြရသည်၊ (ထိုနံနက်၌ ရွတ်ဆိုအပ်သောဂါထာစသည်တို့ ယခုအခါ မဟာဂန္ဓာရုံဝတ်ရွတ်စဉ်အဖြစ်ဖြင့် စာအုပ် ဖြစ်နေပါပြီ၊) နောက်နေ့နောက်နေ့များမှာလည်း တရားဂုဏ်တော်သံဃာဂုဏ်တော်စသည်များကိုလည်း ဤနည်းအတိုင်း ရွတ်ဆိုကြရသည်။

ဩဝါဒ။ ။ဆရာတော်သည် ကိုယ်တော်များ ရွတ်ဖတ်နေစဉ် ရွတ်နည်းဖတ်နည်းကို အဖြတ်အတောက် လေယူလေ သိမ်းနှင့် တကွ ပြုပြင် ပေး တော်မူသည်၊ ထို့နောက် ဆရာတော်က ဗုဒ္ဓမြတ်စွာသာသနာတော်ကို အကောင်အထည်ဖော်သောအားဖြင့် အောက်ပါမူဆယ်ချက်ကို သံဃာများအား အဆိုခိုင်း၍ ယင်းမူဆယ်ချက်ကို အခြေခံလျက် ပြောပြညွှန်ကြားတော်မူသည်။

ဤကျောင်းတိုက်၌

၁။ စိတ်ကောင်းရှိဖို့က ပထမ။

၂။ ဝိနည်းလေးစားဖို့က ဒုတိယ။

၃။ ကျန်းမာဖို့က တတိယ။

ယာဘက်ပခုံးပေါ်ဝယ် ရွှေဘက်နောက်ဘက် ညီညာစွာတင်၊ လက်နှစ်ဘက်ကို ရှေ့ဘက်သို့တည့်တည့်ချ၊ လက်ဖမိုးချင်းထပ်၊ ဦးခေါင်းကို မမော့လွန်း မငုံ့လွန်းအနေအထားဖြင့် ဣန္ဒြေရရသွားကြရသည်၊ ဩဝါဒပေးမည့် ကျောင်းဆောင်သို့ဝင်ခါနီး ဝယ် လက်အုပ်ချီ၍ တပါးစီတပါးစီ ရှေ့နောက်စဉ်ကာ သံဃာကို ရိုသေသောအမူအရာဖြင့်မနှေးလွန်းမမြန်လွန်း ခြေသံမကြားအောင် ငြိမ်သက်စွာဝင်ပြီးနောက် ရောက်သည့်နေရာဝယ် နေရာထိုင်ခင်း ဦးသုံးကြိမ်ချပြီးလျှင် တင်ပျဉ်ခွေ၍ ထိုင်ကြရသည်၊လက်ကို တင်ပျဉ်ခွေပေါ်ဝယ် လက်နှစ်ဘက်ချ၊ ဝဘက်လက်ပေါ်ဝယ် ယာဘက်လက်ထပ်၍ လက်မထိပ်ချင်းညီအောင် သေသပ်စွာ ထပ်ထားရသည်၊ ခါးကိုမတ်မတ်ဆန့်ထားရသည်၊ ခေါင်းကိုမငုံ့လွန်း မမော့လွန်းထား၍ စက္ခုန္ဒြေချထားရသည်၊ တောင်ကြည့် မြောက်ကြည့် မကြည့်ရ၊ စကား လုံးဝမပြောရပါ။

ရွတ်ဆိုပူဇော်။ ။တော်တော်များများ စည်းဝေးမိသောအခါ ရတနာသုံးပါဂုဏ်တော်များကို တနေ့လျှင်တပါးကျစီ ရတနာဂုဏ်ရည်လာ နိဿယနှင့် တကွ ရွတ်ဆိုပူဇော်ကြရသည်၊ ဥပမာ—ဣတိပိ သော ဘဂဝါ စသော ဘုရားဂုဏ်တော်ကို ပါဠိသက်သက်ရွတ်၍ အရဟံဂုဏ်တော်၏အနက်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၏အနက် စသည်ဖြင့် တလှည့်စီရွတ်ဆိုပူဇော်ကြရသည်၊ ထိုဂုဏ်တော်တပါးပြီးလျှင် ဧဝံနဝဟိဂုဏေဟိ စသော ဘုရားရှိခိုးဂါထာကိုရွတ်ဆိုရသည်၊ တိဟိ—လက်အုပ်

၄။ သန့်ရှင်းဖို့က စတုတ္ထ။
၅။ အဝတ်အစား တတ်ဖို့က ပဉ္စမ။
၆။ အနေအထိုင်တတ်ဖို့က ဆဋ္ဌမ။
၇။ အပြောအဆိုတတ်ဖို့က သတ္တမ။
၈။ အသွားအလာတတ်ဖို့က အဋ္ဌမ။
၉။ စည်းကမ်းလိုက်နာဖို့က နဝမ။
၁၀။ စာတတ်ဖို့က ဒသမ။

ဤဆယ်ချက်ကို အစဉ်အတိုင်း ဂရုစိုက်ပါ။

ရုံခါသြန်ကြားသည့်အတိုင်း အကောင်အထည် ဖော်မဖော်ကို စစ်ဆေးတော်မူပါသည်၊ သြဝါဒပေးစဉ်မှာလည်း သြဝါဒလိုက်နာ မလိုက် သံဃာစုံမစုံ တကျောင်းနှစ်ကျောင်း စစ်ဆေးတော်မူသည်။

သြဝါဒစစ်။ ။စစ်ဆေးပုံမှာ "ဥယျာဉ်ကိုယ်တော်တွေထ" ဟု ဆိုလျှင် အားလုံး မတ်တတ်ရပ် လက်အုပ်ချီ၍ ငြိမ်သက်စွာ နေရ၏၊ ဘယ်နှစ်ပါးရှိသလဲမေးလျှင် တဘဝန်ခံ ဘုန်းကြီးက ၃၀-ရှိပါသည် အရှင်ဘုရား စသည်ဖြင့်လျှောက်ရ၏၊ တပါးနှစ်ပါး စသည်ရေတွက်ခိုင်း၍လည်း စစ်တတ်၏၊ တပါးစီတပါးစီဘွဲ့ကို စာရင်းဖြင့် ဖတ်ခိုင်း၍လည်း စစ်တတ်၏၊ ဥပမာ- စာရင်းဖတ်သူက ဦးပဏ္ဍိတဟု ဖတ်လိုက်လျှင် "ပါပါအရှင်ဘုရား" ဟုလျှောက်ရ၏၊ ဤနည်းစသည်ဖြင့် မိမိဘွဲ့ကိုခေါ်

လိုက်လျှင် "ပါပါအရှင်ဘုရား" ဟုဆို၍ထိုင်ရ၏၊ ဘွဲ့ခေါ်လိုက်လို ပါပါအရှင်ဘုရား မလျှောက်နိုင်လျှင် ထိုသူကိုချက်ချင်းအခေါ်ခိုင်း၍ စစ်ဆေးတော်မူ၏၊ အကြောင်း မလုံလောက်လျှင် ဒဏ်ပေးတော်မူ၏၊ အကြောင်းလုံလောက်လျှင် ကိုယ်တော်နေမကောင်းတာ ဘယ်သူ့မှာလိုက်သလဲ စသည်မေး၍ မမှာလိုက်လျှင် မမှာခြင်းသည်ပင် အပြစ်ဖြစ်၏၊ ဆရာတော်သည် လိမ္မာသည်ကို လုံးဝမနှစ်သက်ပါ၊ အပြစ်ကိုအမှန်အတိုင်း ဝန်ခံမှသင့်လျော်သော ဒဏ်ပေး၏၊ မိမိစစ်ဆေးမှု လိမ္မာကြောင်းပေါ်လာလျှင် ကြီးစွာအပြစ်ပေးတော်မူသည်၊ ထိုသူ့ကို နောက်နောက်အခါ သတိလည်း ထားတော်မူသည်။

မှာလိုက်ရ။ ။မကျန်းမာသူ ကျောင်းစောင့်နှင့် ကိစ္စအထူးရှိသူများဖြစ်လျှင် ကျောင်းကပင် မိမိမလိုက်နိုင်ကြောင်းကို တဘဝန်ခံဖြစ်သူအား ဆရာတော်မေးလျှင် လျှောက်လိုက်ပါဟု မှာလိုက်ရ၏၊ ထိုသူတို့ကို ဘွဲ့ခေါ်သော အခါ ဦးကုမာရဟု ခေါ်လိုက်လျှင် "နေမကောင်းပါအရှင်ဘုရား"၊ ရှင်တိလောကဟု ခေါ်လိုက်လျှင် "ယာဂုကျိုပါအရှင်ဘုရား" ဤသို့စသည်ဖြင့် သေသေချာချာ လျှောက်ရ၏။

အပြစ်စစ်ဆေး။ ။မနေ့လိုနေ့က မိမိသြဝါဒအတိုင်း မနေသူတွေ့လျှင် "ကိုယ်တော်နက်ဖြန်ကာ သြဝါဒထဲထပါ" ဟု ပြောထား၏၊ ဥပမာ- သင်္ကန်းမညီသော ကိုရင်တပါးတွေ့လျှင် သြဝါဒမှာထခိုင်း၏၊ ထိုသူသည် မိမိရောက်သောနေရာဝယ် ထိုင်မနေရပဲ လက်အုပ်ချီလျက် ၁၅-မိနစ်

လောက် ရပ်နေရ၏၊ သံဃာစုံမှ "မတ်တပ်ရပ်နေတဲ့ကိုယ်တော်
ဘာလဲ"ဟု မေးလျှင် "သင်္ကန်းမညီလို့ပါဘုရား"ဟု လျှောက်ရ
၏၊ ဆရာတော်က သူ့သင်္ကန်းဝတ်ထားပုံ၊ မိမိနှင့်တွေ့ပုံ၊ ဘယ်
ကျောင်းကကိုယ်တော်ဖြစ်ပုံ၊ ဘယ်သူ့တပည့်ဖြစ်ပုံ စသည်တို့ကို
အမျှားသိလောက်အောင်၊ ထိုကိုယ်တော်လည်း နောင်ကြွေ
လောက်အောင် ပြောပြ ဆိုးမတော်မူသည်၊ တရံတခါ ဇာတ်
တော်များ၊ ဝတ္ထုပုံပြင်များ၊ ရယ်ရွှင်ဖွယ်ရာများကို အလွန်တက်
ကြွရွှင်လန်းစွာ ပြောပြတော်မူသည်။

သြဝါဒအပြန်။ ။နာရီဝက်ခန့် ပြောပြီးသောအခါ အားလုံး
အရပ်(၁၀)မျက်နှာရှိ ကမ္ဘာသူကမ္ဘာသား
သတ္တဝါများကို မေတ္တာပို့၍ သဗ္ဗညုတဉာဏ်တော်အစွမ်း (၃)
ပါးကို ရွတ်ဆိုလျက် ပူဇော်ပြီးလျှင် အမျှဝေရ၏၊ ပြီးလျှင်
ဆရာတော်က "သွားကြတော့၊ ငြိမ်ငြိမ်သက်သက်သွားကြ၊ ကိုယ့်
ကျောင်းမရောက်ခင် တရားတမျိုးမျိုး နှလုံးသွင်းသွားကြ"ဟု
ပြောလေ့ရှိပါသည်၊ ဆရာတော်ထံမှ သွားခွင့်ရလျှင် တတန်း
ပြီးမှတတန်း ဣန္ဒြေရရထက၁ စကြံမရောက်မီအထိ လက်အုပ်ချီ
၍ တောင်ဘက်အပေါက်မှ နောက်ဆုတ်ထွက်ကြရ၏၊ မနှေး
မမြန်သွားရပါသည်၊ တပါးနှင့်တပါး တတောင်ခြား သွားရ
ပါသည်၊ လက်အုပ်ချီထား ရပါသည်၊ တောင်ဘက်အခွေ
ပေါက်မှ ထွက်သော သံဃာများကစကြံအတိုင်း အခွေဘက်
လှည့်ကာ အခွေဆွမ်းစားကျောင်း၏ အခွေလေ့ကားမှ ခြေသံ
မကြားမအောင် ညီညာစွာဆင်းကြရပါသည်၊ တောင်ဘက်မှ,

အနောက်ဘက်မှ ထွက်သော အတန်းသည် စကြံအတိုင်း
အနောက်မှ မြောက်သို့လှည့်လျက် အနောက်ဘက် ဆွမ်းစား
ကျောင်း၏ အနောက်လေ့ကားမှ ဆင်းကြရပါသည်၊ အနောက်
ဘက် ကျောင်းကြီး၏ အနောက်ဘက်တံခါး ပေါက်များကို
လည်း ဖွင့်ထား ရပါသည်၊ ဆရာတော်သည် မိမိနေရာ၌
နေယင်းပင် ထိုတံခါးပေါက်မှ သွားပုံလာပုံ အချိုးကျမကျကို
ကြည့်ရှု စစ်ဆေးနေပါသည်၊ အနောက်ဘက် ဆွမ်းစား
ကျောင်းနေသော သံဃာများသည် အရှေ့ဘက်ဆွမ်းစား
ကျောင်း သံဃာများကုန်ဆုံးမှ အနောက်ဘက်ဆွမ်းစား
ကျောင်း တောင်ဘက်ပေါက်မှ တတန်းချင်းထလျက် ဖော်ပြ
ပါ အစီအစဉ်အတိုင်း ထွက်ကြရပါသည်။

ကြည့်ရှုစစ်ဆေး။ ။ဆရာတော်သည် အားလုံးပြီးဆုံးမှ ကြွ
တော်မူ၏၊ တခါတရံ တောင်ဘက်စကြံသို့
ထွက်လျက် မတ်တတ်ရပ်ကာ ကျောင်းအသီးသီးသို့ပြန်ကြသော
သံဃာများ၏သွားပုံကိုအကဲခပ်လျက် သတိပေးတော်မူပါသည်၊
ထို့နောက် ထိုကျောင်းပေါ်မှ ဆင်းပြီး ကျောင်းတိုက်အတွင်း
၌ မိမိ၏ပြောပြချက်အတိုင်း ဆောင်ရွက် မဆောင်ရွက်ကို လှည့်
ပတ် စစ်ဆေးပြီးမှ မိမိနေရာကျောင်းသို့ ပြန်ကြွပါသည်၊ ညနေ
နေဝင်ဖျိုးဖျ အချိန်အခါများ၌လည်း လှည့်လည်စစ်ဆေးပါ
သည်၊ တခါတရံ၌မူ ညဆယ်နာရီအခါ၌လည်း လှည့်လည်စစ်
ဆေးပါသည်၊ ထိုအချိန်၌ မီးထွန်း၍စာကြည့်သူများကို လိုက်
၍ ဖမ်းခြင်းဖြစ်ပါသည်။

မီးထွန်းစကားများ။ ။မီးထွန်းချိန်စာကြည့်သော ကျောင်းကို တွေ့လျှင် မီးထွန်းသူကို ခေါ်၍မေး၏၊ အချို့လည်း ''ကြမ်းပိုးကိုက်လို့ရှာတာပါ အရှင်ဘုရား'' ဟုလိမ်၏၊ မီးထွန်းသူမပေါ်လျှင် တကျောင်းလုံးကိုခေါ်၍ အပြစ်ပေးပါသည်၊ (ကျောင်းတိုက်၌ မီးကိုလိုအပ်သည့်နေရာ၌သာ ထွန်းခွင့်ပြု၍ အချိန်နှင့် အသုံးပြုရပါသည်။)

ရှေးဘဝပြအပ်ပြီးအတိုင်း ညဉ့်အခါ၌ အသံထုတ်၍စာအံခြင်း၊ မီးထွန်း၍စာကြည့်ခြင်း တကျောင်းနှင့်တကျောင်းလည်၍ ကိစ္စအထူးမရှိပဲ စကားပြောခြင်း၊ မိမိကျောင်းတွင်းမှာလည်း ဝိုင်းဖွဲ့၍ စကားပြောခြင်းများကို လုံးဝ တားမြစ်တော်မူသည်၊ ကမ္မဋ္ဌာန်းတုံး ခေါက်ပြီးသောအခါ မအိပ်လိုသေးလျှင် စာကို စိတ်ဖြင့် စဉ်းစားနိုင်သည်၊ တိုးတိုး ပါးစပ်လှုပ်ရုံ အသံမထုတ်ပဲ ပြန်နိုင်သည်၊ ဘုရားအာရုံပြုနိုင်သည်၊ တရားတမျိုးမျိုး နှလုံးသွင်းနိုင်သည်၊ ရုံခါမူ အပြင်ထွက်၍ ရုပ်ရှင်ပွဲစသည် ကြည့်ရှုသူများရှိမရှိသံသာအားလုံးစုစေ၍စစ်ဆေးတော်မူသည်၊ (ဒဏ်ပေးထိုက်လျှင်ပေး၍ ကျောင်းပြောင်းထိုက်လျှင် ကျောင်းပြောင်း၊ နှင်ထုတ်ထိုက်လျှင် နှင်ထုတ်တော်မူသည်၊) တခါတရံ ဤမျှမက နေ့လယ်စာချိန်၌ပင်ကျောင်းတိုက်တွင်လှည့်ပတ်စစ်ဆေးတော်မူပါသည်။

အလုပ်အစား။ ။ဩဝါဒထဲဝယ် ''လုပ်စရာရှိလို့ကြာလျှင် ကပ်လို့၊ စားစရာရှိလို့ပျာလျှင် ငတ်လို့'' ဟု မကြာမကြာပြောကာ သေနာသနဝတ် အရပ်ရပ်နှင့် စပ်၍ မခို

မှီပ်အောင် လည်းကောင်း၊ စားစရာသောက်စရာနှင့် စပ်၍ လောဘအစွန်းမထွက်အောင်လည်းကောင်း ဆုံးမတော်မူသည်။

ဝက်သားတုံး။ ။ပါးစပ်ထဲ ဝက်သားတုံးထည့်ပြီး လက်နဲ့ ဝက်သားတုံးတကုံးကိုင်ကာ ''ပန်းကန်ထဲက မာလဲ ငါ့ဖို့ဟုပြောသော ကိုယ်တော်တပါး ရှိဖူးသတဲ့၊ ထိုသူ့ကို အစားအသောက်နှင့်စပ်ပြီး အလွန် လောဘကြီးသူဟုဆို၍၊ ထိုသူမျိုးမဖြစ်ရန် မကြာမကြာ သတိပေးတော်မူလေ့ရှိသည်။

ဝေစားမျစား။ ။''ကိုယ်ရလာတဲ့ ဟင်းကလေး ဝေစားကြ၊ ကိုယ်တယောက်တည်း ဝှက် ဝှက် မ စား နဲ့ ကိုယ်မစားရမှာစိုးလို့ သူများမပေးယင် ပိုပြီးရှားတတ်တယ်၊ ''နေကာသီလဘတေသုံ'' တယောက်တည်း စားတဲ့သူဟာ မချမ်းသာဘူး၊ ဝေစားရတယ်၊ ရဟန်းဆိုတာ ကိုယ်ရတဲ့ဟာလေး ဝေပေးရတာပဲ၊ ဒါ-ဒါနပဲ၊ လူတွေလို ကြီးကြီးမားမား မျှားမျှားစားစား သီးခြားဒါနမပြုနိုင်ဘူး''၊ ထို သို့ ပြောပြတော်မူလေ့ရှိသည်၊ တပည့်များအား ''မင်းဟင်းဘယ်နှစ်ခွက် ရတုန်း'' ''၃-ခွက်ပါအရှင်ဘုရား'' ''အာဟင်းဘာဟင်းတုန်း၊ ဘယ်သူလူသေးတုန်း'' ဟု မေးလေ့ရှိသည်။

ကုသိုလ် အကုသိုလ်။ ။ကျောင်းမှာဆွမ်းကပ်ရှိလျှင် ဆွမ်းဟင်းများကို သာသာယာယာ ပြုံးပြုံးရွှင်ရွှင် မျက်နှာပျို့ဖြင့် မစားရန် အထူး သတိပေးတော်မူ၏၊ လူတဲ့သူတွေက ကိုတော်တို့ စားတာကြည့်ပြီး ကုသိုလ်သောမ

နဿန္နင့် ဝမ်းမြောက်ဝမ်းသာဖြစ်နေတယ်၊ ကိုယ်တော်တို့က ဝက်သာတုံးကြီးကြည့်ပြီး လောဘမမူသော့မနဿနဲ့ဝမ်းသာနေတယ်၊ လှူတဲ့သူကုသိုလ်ရ၊ ကိုယ်တော်တို့အကုသိုလ်ရ ဖြစ်မနေဘူးလား၊ သူမျှားလှူတာကို မေတ္တာပို့ ပစ္စဝေက္ခဏာဆင်ခြင်ပြီး သီလစင်စင်ကြယ်ကြယ်နဲ့ စားရတယ်၊ ထိုနေ့မျိုး၌ ပိဏ္ဍောပိယအယောဂုဌ္ဌော စသော ရတနာ့ဂုဏ်ရည်လာ ဂါထာ၊ အညာဟိလာ ဘူပနိသာ စသောဓမ္မပဒလာ ဂါထာမျှားကို ရွတ်ခိုင်းလေ့ရှိသည်။

သားကလေးအသား။ ။တရုံတခါ ပုတ္တမံသူပမသုတ်ကို ပြောပြတော်မူ၏၊ တခါက ဇနီးမောင်နှံနှစ်ယောက် သားလေးခြိုးကန္တာရခရီးကို ဖြတ်ကြသတဲ့၊ တနေ့မှာ ရိက္ခာကလဲပြတ် သားကလေးကလဲပင်ပန်းလို့ သေရှာတယ်၊ မိဘဖြစ်သူ ဇနီးမောင်နှံနှစ်ယောက်က ကိုင်း–သေမှတော့မထူးပါဘူး၊ တို့ဒီသားကလေးကိုမီးကင်ပြီး ယူခဲ့ရအောင်၊ လမ်းမှာ ဒီသားလေးအသားစားပြီး ခရီးသွားရတော့မှာပေါ့လို့ တိုင်ပင်ပြီး သားကလေးကိုမီးကင်၊ ဆာတဲ့အခါအသားကလေးဖဲ့ဖဲ့စားပြီး ခရီးဆက်ကြသတဲ့၊ ကိုယ်ပဲစဉ်းစားကြည့်ပါလား၊ မစားမဖြစ်လို့ စားရပေမယ့် ဘယ်မှာ မြိန်မြိန်ရှက်ရှက်ဟုတ်ပါ့မလဲ။

ဗုဒ္ဓအကြံတော်။ ။တခါတော့ဗုဒ္ဓမြတ်စွာက ငါရဲ့တပည့်တွေထဲမှာ အစားအသောက်နဲ့စပ်ပြီး အလွန်မက်မောတဲ့သူတွေရှိတယ်၊ သူတို့အတွက် ပဥ္စမပါရာဇိကခေါ်တဲ့ပါရာဇိကတပါး ထပ်တိုးပြီး ပညတ်ရယင် ကောင်းမလားဟု စဉ်းစားတော်မူခဲ့ဖူးတယ်၊ ဒါပေမယ့် အမျိုးကောင်းသားတွေအစားကလေးအတွက်ကြောင့် နစ်နာသွားမည်ကိုမြင်တော်မူလို့ ပညတ်တော်မမူပါဘူး၊ ပြခဲ့တဲ့ပုတ္တမံသူပမ သုတ်ဖြင့် သတိထားစားရန် ညွှန်ပြတော်မူခဲ့တယ်၊ ဤသို့ပြောပြတော်မူသည်။

သင့်တော်သေဟင်း။ ။တဦးတယောက်က ကျောင်းတိုက်သံဃာများအားဆွမ်းကပ်လိုရ်ဆရာတော်အား လျှောက်လျှင် မှန်းထားအပ်သော တန်ဖိုးထက်မပိုစေရန် အထူးသတိပေးတော်မူ၏၊ နှစ်ခွက်သုံးခွက်လောက်ဆို စားဖြစ်တာပဲ၊ (ဥပမာ-နဂိုကဟင်း၃–ခွက်မှန်းလျှင်) နှစ်ခွက်လောက်ဆို စားဖြစ်တာပဲ (၄–ခွက်မှန်းထားလျှင်) ၃–ခွက်လောက်ဆိုစားဖြစ်တာပဲ၊ ဘုန်းကြီးကတခါတည်းနဲ့ အများကြီးကုန်သွားတာမကြိုက်ဘူးဟု ပြောလေ့ရှိ၏။

သားကြီးငါးကြီး။ ။ဝက်သားကြက်သားစသည်ကို အာလူးပဲသီးစသော ဟင်းသီးဟင်းရွက် ဖြင့်မရောပဲ အသားချည်းသက်သက် ချက်သည်ကို မနှစ်သက်ပါ၊ "ဘုန်းကြီးက ကိုယ်တော်တွေ့ မစားစေချင်လို့တော့ မဟုတ်ပါဘူး၊ စားစေချင်ပါတယ်၊ ဒါပေမယ့် ဒီအသားဟင်းကို မက်မက်မောမောနဲ့ စားမှာစိုးရတယ်၊ ဒီလိုစားယင် အလူးခံပုဂ္ဂိုလ်မှာ လယ်ထဲမှာပေါင်းမြက်ပေါက်သလို အကုသိုလ်ပေါင်းမြက် ဖြစ်နေတယ်၊ ပေါင်းမြက်ပေါက်တဲ့ လယ်ထဲမှာစိုက်တဲ့ စပါးတို့

ပဲတို့ဟာ အပင်သန်သန် မကြီးထွားသလို လောဘဖြစ်နေတဲ့ အလှူခံပုဂ္ဂိုလ်အား လူရတဲ့အလှူလဲ သိပ်မကြီးကျယ်နိုင်ဘူး။

ဘုန်းကြီးမှာ သံဃာဘက်ရော ဒကာ ဒကာမဘက်ရော နှစ်ဘက်ကြည့်ရပါတယ်၊ သံဃာလဲပဲ သင့်တော်သလို ကောင်းကောင်းမွန်မွန် မျှမျှတတ ကုသိုလ်ရရ စားရသောက်ရအောင် ဒကာဒကာမတွေ လှူရတန်းရဲတာ အကျိုးကြီးအောင် စီမံရပါတယ်၊ကိုယ်တော်တွေ နေ့စဉ်စားရတာထက်တော့ ဒီဆွမ်းကပ်တဲ့ဟင်းက မည့်ံပါဘူး သာပါတယ်" ဤသို့ပြောလေ့ရှိ၏။

နတ်မျှားမကြိုက်။ ။ကျေးဇူးရှင် ဆရာတော်သည် အသားဟင်းကို လုံးလုံးမကပ်ရဟု မတားမြစ်ပါ၊ အကယ်၍ အသားဟင်းသက်သက်ကပ်လိုမူ အိမ်မှချက်ပြုတ်စီမံခဲ့ကြရ၏၊ "ဘုန်းကြီးက အသားတွေအမျှားကြီး ကျောင်းတိုက်တွင်းမှာ ခုတ်ထစ် ဆေးကြောနေတာ မကြိုက်ဘူး၊ နတ်တွေကလဲ ကြိုက်မှာမဟုတ်ဘူး၊နတ်တွေကို ကျောင်းတိုက် ကူညီစောင့်ရှောက် ပေးကြပါလို့ဆိုပြီး အမြဲမေတ္တာပို့တယ်၊ အမျှလဲ ဝေတယ်၊သားငါးစားတဲ့ နတ်တွေလဲရှိပါရဲ့၊ဘီလူးတို့လို့ ယက္ခန္ဒယဝင်နတ်မျိုးတွေပေါ့၊ အထက်နတ်တွေက မစားကြဘူး" ဤသို့ မိန့်တော်မူလေ့ရှိ၏၊ ကျန်းမာရေးအတွက် အထောက်အကူမပြုသည့် ရေခဲမုန့် လက်ဖက်သုပ် စသည်ကိုလည်း မနှစ်သက်ပါ၊ သို့ရာတွင် မတားမြစ်ပါ။

ဆွမ်းကပ်စရိတ်။ ။ကျောင်းတိုက်၌ အရှဏ်ဆွမ်း နေ့ဆွမ်း နှစ်ထပ်ရှိရာ အရှဏ်ဆွမ်းထက် နေ့ဆွမ်းက တဆလောက် ပိုမိုကုန်ကျ၏၊ များသောအားဖြင့် အရှဏ်ဆွမ်း၌ နှစ်ခွက်သုံးခွက်၊ နေ့ဆွမ်း၌ ၃-ခွက် ၄-ခွက်ဖြင့် ကပ်ရ၏၊ နေ့ဆွမ်းကပ်မည်ဟု ပြောလာသူကို သူ၏ အခြေအနေကို ကြည့်၍ "အရှဏ်ဆွမ်းကပ်မလဲဗျား၊ ပိုတဲ့နဝကမ္မကို နေ့ပိုင်းအတွက် ဟင်းစီမံယင်ဖြစ်နိုင်သားပဲ" ဟု ညွှန်ပြ၏၊ အရှဏ်ဆွမ်းအတွက်မူ မည်မျှလောက်သာ တတ်နိုင်သည်ဖြစ်စေ လက်ခံ၏၊ ဥပမာ- ၃၀၀ ကျပ်တန် တတ်နိုင်သည်ဟု ဆိုလျှင် ထိုနဝကမ္မဖြင့် ဆွမ်းဟင်းနှစ်ခွက်စီမံစေ၍၊ဆွမ်းကိုမူကျောင်းတိုက်ပိုင်ဆန်မျှားမှ ဆွမ်းလောင်းစေ၏၊ "မဟုတ်လဲတို့ဒီလိုပဲချက် (ကပ္ပိယ) နေရတာပဲ၊မင်းတို့ကဟင်းပေါ့၊တို့ကျောင်းက ဆွမ်းပေါ့၊ဆွမ်းကတော့ မင်းတို့ဆွမ်းကပ်ပဲ ဆွမ်းလဲလောင်းပါ၊" ဤသို့မိန့်၍ ဩဝါဒအချိန်ဝယ် တရားစကားပြော၍ ရေစက်လည်းချပေးတော်မူသည်။

သာသနာ့မူ။ ။တတ်နိုင်သူများက ဆွမ်းဟင်းများများဖြင့် ကောင်းကောင်းကြီး ကပ် လိုက် လျှင် လည်း လက်မခံပါ၊ "မင်းတို့က တတ်နိုင်လို့ အများကြီးကပ်တော့ မတတ်နိုင်တဲ့သူတွေက ဒီလိုမှကပ်ဖြစ်တယ်ထင်ပြီး လိုက်တုကြကုန်မှာ၊ သာသနာတော်က ဒီလိုမဟုတ်ဘူး၊ မျှမျှတတဝဝစားရလျှင် တော်ပြီ၊ ဒါဟာ သာသနာ့မူပဲ"၊ ဤသို့ ပြောလေ့ရှိသည်။

ကျောင်းဒကာ ဒုကာမများလည်း ရှိကြပါ၏၊ သူတို့ကိုလည်း ပျိုးထူသင်္ကြန် ချန်လှပ်ခဲ့ရပါသည်။

ဆက်နိုးရုံ။ ။ကျောင်းတိုက်၌ ဆွမ်းကပ်ရှိလျှင် ဆွမ်းစား ကျောင်းမှ ဆွမ်းဟင်းပွဲများပြင်၍ ဆွမ်းလောင်း ဖို့ရန် စီမံထားရ၏၊ ကပ်ပို့စရာရှိလျှင်ကပ်ပို့၍ ထားရ၏၊ဆွမ်းပွဲအား လုံး အကပ်ခံထားရ၏၊ သက်နိုးရုံဖို့ရန် သံချောင်းခေါက်လျှင် သံဃာများသည် မိမိတို့၏သပိတ်, သပိတ်ခြေ, ဇုန်း, မတ်ခွက်, နေရာထိုင်,လက်သုတ်ပဝါတို့ကို ပြင်ဆင်ရ၏၊ ပြီးလျှင် သင်းပိုင်း ဝတ်,ခါးပတ်ကြိုးပန်း, သက်နိုးရုံ,အနှားပတ်သီးတပ်၍ ဝဲဘက် လက်ပေါ်ဝယ် လက်သုတ်ပဝါတင်,ထိုအထက်က နေရာထိုင်ကို သေသပ်စွာ ခေါက်တင်ထားရ၏။

ဆွမ်းလောင်း။ ။သံဃာတန်းဖို့ရန် သံချောင်း ခေါက်လျှင် သပိတ်ကိုပွေ့၍ တပါးစီ ရွေ့နောက်စဉ် ကာ သံဃာ ၂-တန်း တန်းထားရ၏၊သံဃာတန်းပြီး၍ သံဃာ စုံလောက်လျှင် ဆွမ်းလောင်းရန် သံချောင်းခေါက်၏၊ ထိုအခါ သံဃာများက ဆွမ်းလောင်းမည့်နေရာသို့ စက္ခုန္ဒြေချလျက် ငြိမ် သက်စွာ တပါးနှင့်တပါး တတောင်ခြားစီ မနှေးမမြန် ကြွရ၏။

ဆရာတော်သည် ထိုနေရာမှာ ရပ်တော်မူ၍ ကိုယ်တော်များ၏ သွားပုံလာပုံ၊မျက်နှာ,ထားပုံ၊သက်နိုးရုံပုံ၊ သပိတ်ကိုင်ပုံ၊နေ ရာထိုင်တင်ပုံမှစ၍ ကြည့်ရှုစစ်ဆေး သတိပေးတော်မူ၏၊ ဆွမ်း လောင်းသူများအား သံဃာအဖွဲ့ “သံဃာ အား လှူပါ၏၊

၂-ရက် ၃-ရက်ခွဲကပ်။ ။ကျောင်းတိုက်နှင့် ရင်းနှီး၍ ဆရာ တော်ဘုရား၏မူကိုကောင်းကောင်း နားလည်သော ဒကာ,ဒကာမများရှိ၏၊သူတို့သည်တရက်တည်း ၃-ထောင်ကုန်၊ ၄-ထောင်ကုန်မကပဲပဲ ၂-ရက် ၃-ရက် ၄-ရက် လောက်ဆက်၍ နံနက် နေ့လယ်အတွက် ဆွမ်းဟင်းများ စီမံ လျက်ကပ်ကြ၏၊ ကိုယ်တော်များလည်း ဆွမ်းခံမပျက်ရပါ။

နတ်ပွဲတွင်း။ ။တောင်မြို၌ ရတနာ့ဂူနတ်ပွဲသည် ဝါခေါင်လ ဆုတ် ၉-ရက်မှ လကွယ်အထိ နှစ်စဉ်လိုလိုပင် ပွဲလမ်းသဘင်များစွာဖြင့် စည်စည်ကားကား ကျင်ပလေ့ရှိရာ ဆွမ်းလောင်းနေကျ ဒကာဒကာမများသည် ပွဲအတွက် အိပ်ရေး ပျက်သဖြင့် ထိုရက်များတွင် ဆွမ်းခံ၍ မရတတ်ပါ၊ စစ်ကိုင်း တိုင်း ကန့်ဘလူမြို့နယ် ဇီးကုန်းမြို့မှ ဒကာသန်းဖေ ဒကာမ မဂျမ်းနှင့် သူ၏မိတ်ဆွများသည် ထိုနတ်ပွဲအတွင်းရက်များ ဝယ် ဆက်၍ဆက်၍ သင့်တော်သောဟင်းဖြင့် ဆွမ်းကပ်လေ့ ရှိသည်။

ကျေးဇူးများသူ။ ။ကျောင်းတိုက်သို့လာ၍ တနှစ်တခါ နှစ်စဉ် နှစ်စဉ် ၁၀-နှစ်မှ ၁၅-နှစ်အထိ ဆွမ်း ကပ်သူများရှိကြပါ၏၊ ကျေးဇူးရှင်ဆရာတော်၏ အလုပ်များ ကို ပေါ်လွင်အောင် ဖော်ပြရသော ဤမှတ်တမ်း၌ အကြောင်း သင့်ရာကိုသာ ဖော်ပြရသဖြင့် ထိုသူများကို ဤ၌အပြည့်အစုံ မဖော်ပြနိုင်ပါ၊ ကျောင်းတိုက်၌ အထူးကျေးဇူးများသော

သံဃာအားလှူပါ၏'' နိဗ္ဗာနပစ္စယောဟော တု ''နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်ပါစေ''၊ ဤသို့နှုတ်ဖြင့် တိုးတိုး ဆိုခိုင်းတော်မူ၏။

ဆွမ်းစားခါနီး။ ။ဆွမ်းစားပွဲနားသို့ ရောက်လျှင် အစဉ်အတိုင်း မိမိ၏သပိတ်ကိုချ, နေရာထိုင်ခေါက်ချိုးခင်း၍ သင်္ကန်းရုံဖျက်ခွင့်ရ၏၊ ပြီးလျှင်လက်ဆေးရေရှိရာသို့သွားကာ လက်ဆေးပြီးနောက် ဆေးအပ်ပြီးသော လက်ဖြင့် သင်္ကန်းကို မကိုင်မိစေရန် သတိထား၍ ပြန်လာရ၏၊ ပွဲနားရောက်လျှင် ဝဲဘက်လက်ဖြင့် သင်္ကန်းကို သေသပ်စွာသိမ်း၍ တင်ပျဉ်ခွေထိုင်ပြီး ခါးကိုမတ်မတ်ထားလျက် ဝဲဘက်လက်ဖြင့် လက်သုတ်ပဝါကို တင်ပျဉ်ခွေပေါ်တင်ကာ သတိဖြင့် သပိတ်ကိုကိုင်ရ၏၊ သင်္ကန်စွသိက္ခာပုဒ်၊ ပတ္တသညီသိက္ခာပုဒ်များနှင့်အညီ ရှိရှိသေသေ ဘုန်းကြွေရရ အသွင်အပြင်မျိုးရှိစေရ၏၊ ဇွန်းကိုဗယ်လက်ဖြင့် ကိုင်ရ၏ ဟင်းကို တပါးပြီးမှတပါး ဇွန်းဖြင့်ခတ်၍ သပိတ်ထဲ ထည့်ထားရ၏။

ဆွမ်းစားပုံ။ ။ဆွမ်းစားသော အခါ တောင်ကြည့် မြောက်ကြည့် မကြည့်ရ၊ ဆွမ်းလုတ်ကိုပြင်လျက် ပစ္စဝေက္ခဏာဆင်ခြင်၍ စားရသည်၊ သပိတ်ထဲမှဆွမ်းကိုယူ၍ ပါးစပ်တွင်း ချက်ချင်း မသွင်းရ၊ ဆွမ်းလုတ်ကို မကြီးမငယ်ယူ၍ လက်မဖြင့် ခပ်ဝိုင်းဝိုင်းဖြစ်အောင် ပြင်ရသေးသည်၊ ထိုသို့ပြင်နေစဉ်မှာ ပစ္စဝေက္ခဏာဆင်ခြင်ရသည်၊ ထိုပြင်အပ်ပြီး ဆွမ်းလုတ်ကိုသာ ပါးစပ်အတွင်းသို့ သွင်းရသည်၊ ပါးစပ်တွင်း ရောက်ပြီးသား ဆွမ်းများကို စားနေစဉ် သပိတ်တွင်းမှဆွမ်းကိုယူ၍ ဖော်ပြပါအတိုင်း ပြင်နေရ ဆင်ခြင်နေရသည်၊ ထိုသို့ပြီးချိန်ဝယ် ပါးစပ်တွင်း၌ ဆွမ်းမရှိတော့၊ အသင့်ပြင်အပ်ပြီး ဆွမ်းလုတ်ကို နောက်ထပ်သွင်းရသည်၊ ''ယူ ပြင် သွင်း'' ဟု အကျဉ်းချုပ်ဆောင်ပုဒ်ပြုလုပ်ထားသည်၊ ပျတ်ပျတ်ပျတ်ပျတ် မမြည်စေရပါ၊ ရှုးရှုးသိမကြားစေရပါ၊ ဇွန်း, ပန်းကန်သံ မကြားစေရပါ၊ ဆွမ်းလုံးများကို မဖိတ်စေရပါ၊ ''ဟင်းလိုက်ပါဦး, ဆွမ်းလိုက်ပါဦး၊ ဝက်သားဟင်းက ကောင်းတယ်၊ ဟင်းချိုက ချိုတယ်'' စသော စကားမျိုးကို ပြောယင်းစားဖို့ရန် ဝေးလှပါ၏၊ အပ်ကျသံကြားရလောက်အောင် ငါးရာကျော်သော သံဃာတော်တို့ငြိမ်သက်စွာ ဆွမ်းဘုဉ်းပေးကြရပါသည်၊ ဤဆွမ်းစားမှုနှင့်စပ်၍ ရှုပ်ပုံရှင်ကျွင့်ဝတ်၌ လည်းကောင်း၊ ကထာသလ္လာပသိက္ခာဝယ် (၆-နံပါတ်) အခန်းများကိုလည်းကောင်း ရေးထားတော်မူသည်၊ ထိုရေးအပ်ပြီးမူအတိုင်း အမြဲတမ်း အကောင်အထည်ဖော်နေသည်။

ဆွမ်းစားပြီးကျင့်ဝတ်။ ။ဆွမ်းစားပြီးလျှင် ပါးစပ်ထဲ၌ဆွမ်းကို အကုန်မျိုပြီးမှ နေရာမှ ထရ၏၊ များစွာသော လူတို့သည် ပါးစပ်ထဲက တစုံတခု စားယင်းကသွားတတ်ကြ၏၊ ထိုသို့မပြုရပါ၊ မိမိကြောင့် ဖိတ်သောဆွမ်းလုံးများ၊ ငါးရိုးစသည်များ၊ ဟင်းဖတ်များကို လက်ဖြင့် ကောက်၍ သပိတ်ဖုံးပေါ်၌ ဖြစ်စေ၊ သပိတ်ခြေထဲ၌ ဖြစ်စေ၊ ဆေးမည့် ပန်းကန်ထဲ၌ဖြစ်စေ ထည့်၍ ယူခဲ့ရ၏၊ သပိတ်ထဲမှာမူ မထည့်

မကြီးကျယ်လှဟု ယူဆဖွယ်ရှိသော်လည်း ထာဝရပင် သဒ္ဓါတရားမွေးရှိ ဆောင်ရွက်ကြရပါသည်၊ ထိုသေနာသနဝတ်များသည် သန့်ရှင်းရေးမှစ၍ ကျောင်းတိုက်နှင့်ဆိုင်သည့် ဝတ်များဖြစ်၏။

အလုပ်တာဝန်။ ။ဩဝါဒအပြီးတွင် ဆွမ်းခံမသွားမီ မိမိကျောင်းတွင်းနှင့် ကျောင်းပတ်ဝန်းကျင် အနီး မြေပြင်ဝယ် အကြိုအကြားမှစ၍ မကျန်ရအောင် တံမြက်လှည်းကြရ၊ အမှိုက်ကျုံးကြရသည်၊ ဦးသူတော်ငယ်များက ခွေးချေးကျုံးကြရသည်၊ ကိုရင်လေးများက အမှိုက်ကျုံးကြရသည်၊ တာဝန်ရှိသော စာချဘုန်းကြီးများ၊ ကျောင်းဘုန်းကြီးများက ကြည့်ရှုညွှန်ကြားကြရသည်၊ တခါတရံ ဩဝါဒအပြီးတွင် ဆရာတော်က "ကိုယ်တော်တို့- ကျောင်းနှင်းပတ်ဝန်းကျင် အမှိုက်လှည်းကြ၊ ဖုန်မထအောင် ရေဖျန်းလှည်းကြ၊ ဖိုးသူတော်ကလေးများကခွေးချေးကျုံးကြ"ဟု သတိပေးလေ့ရှိသည်။

အလုပ်တုံး။ ။ညနေဝယ် နွေအခါ၌ (၆)နာရီလောက်၊ မိုးအခါဝယ် (၅)နာရီလောက်၊ ဆောင်းအခါဝယ် (၄)နာရီလောက်မှာ အလုပ်ချိန်သတ်မှတ်ကာ တုံးခေါက်ပါသည်၊ ထိုတုံးကိုအလုပ်တုံးဟုနားလည်နေကြ၏၊ ယင်းအချိန်တွင် တံမြက်လှည်း၊ သောက်ရေအိုးရေဖြည့်၊ နံနက်အတွက်ပန်းကန်ဆေး၊ ပဲပြုတ်ငံပြာရည်အတွက်ပြင်ဆင်၊ ဆွမ်းချက်ဖို့, ယာဂုကျိုဖို့ပြင်ဆင်ရပါသည်။

ရပါ၊ ဟင်းစက်များကိုလည်း လက်သုတ်ပဝါဖြင့် သုတ်ခဲ့ရ၏၊ တစုံတခု ညစ်ပေနေလောက်အောင် ဆွမ်းဟင်းများဖိတ်လျှင် ရေဖြင့်ဆေး၍သန့်ရှင်းခဲ့ရ၏။

သပိတ်ဆေး။ ။ထို့နောက် သပိတ်ကိုယူ၍ သပိတ်ဆေးရန် သတ်မှတ်ထားသည့် နေရာသို့ သွားရ၏၊ဆွမ်းကျန်ဟင်းကျန်များကို သင့်တော်သောနေရာ၌ဖြစ်စေ၊ကျောင်းပြင်ဘက်၌ဖြစ်စေ သွား၍စွန့်ပစ်ရ၏၊ များစွာသော ဆေးကြောရာနေရာများသည် ထမင်းလုံး ဟင်းလုံး ဆေးရေများဖြင့် ပွက်ပေါက်နေတတ်ကြ၏၊ ဆရာတော်သည်ထိုအဖြစ်ကို မနှစ်သက်ပါ၊ သပိတ်ထဲ၌ ပထမ လောင်းထည့်အပ်သောရေကို အနီးပါးမသွန်ရပါ၊ ခပ်ဝေးဝေး သင့်တော်သည့်နေရာ၌ သွား၍သွန်ရ၏၊နောက်နောက်ရေများကိုမူ အနီးအပါးသွန်နိုင်ပါ၏၊ အချို့သဒ္ဓါတရားရှိသော ရဟန်းသာမဏေများက ထိုသပိတ်ဆေးရေကို သစ်ပင်ခြေ၌ ဖြစ်စေ၊ ဖုန်ထမည့်နေရာ၌ဖြစ်စေ သွား၍သွန်ကြသည်၊ သပိတ်ဆေးရာ၌ စင်ကြယ်အောင် ဆပ်ပြာကို အသုံးပြုကြရ၏၊ ဆေးပြီးနောက် ရေစင်အောင် သပိတ်သုတ်ပဝါဖြင့်သုတ်ရ၏၊ ထို့နောက် အနုံအသက် ပျောက်စေရန် အနည်းငယ်နေလှန်း၍ သပိတ်စင်ပေါ်ဝယ် သပိတ်ဖုံးကိုဖွင့်၍ သပ်ရပ်စွာထားရသည်။

သေနာသနဝတ်။ ။ပရိယတ္တိဝန်ကို အားသွန်ခွန်စိုက် ဆောင်ရွက်ကြရသလို ပဋိပတ္တိဝန်၏အစိတ်အပိုင်းဖြစ်သော သေနာသနဝတ်တို့သည် စာဖြင့်ရေးပြသောအခါ

မှတ်ချက်။ ။၁၂-နှစ်၊ ၁၃-နှစ်၊ ၁၄-နှစ်အရွယ် ကိုရင်လေးများက ပန်းကန်ဆေးရ၏၊ ၁၅-နှစ် ၁၆-နှစ် ၁၇-နှစ် ကိုရင်လတ်များက ပဲပြုတ် ငံပြာရည်တဝန်ယူရ၏၊ ၁၈-နှစ် ၁၉-နှစ် ကိုရင်ကြီးများက ဆွမ်းချက် (ကပ်ို)ယာဂု ကျိုကြရသည်၊ပန်းကန်ဆေးမှစ၍ ဆွမ်းချက်အထိ တဝဝန်များကို ဆိုင်ရာဆိုင်ရာ ကျောင်းများမှ အလှည့်ကျ တပါးစီ နှစ်ပါးစီ စသည်ခေါ်ယူ၍ တလတကြိမ်စာရင်းဇယားဖြင့် တဝဝန်မံဘုန်းကြီးတပါးက ကြေငြာပေးရသည်။

စာရင်းဇယား။ ။(၁)ယခုလက်ရှိ နာယကချုပ်ဆရာတော်၏ (၂)နာယကအဖွဲ့ဝင် အရှင်မဟိန္ဒ

(၃) အရှင်ဣန္ဒောဘာသ၊ (၄) စာချဝန်ဆောင် အရှင်ဥပညာဇောတို့ ထိုတဝဝန်ကို စာရင်းဇယားဖြင့် ပြုလုပ်၍ ဦးဆောင်ခဲ့သည်။

၁၄၄၇-၁၃-ခုနှစ် ဝါဆိုလဆန်း ၁၀ ရက်မှ ၁၅ ရက်အထိ ဝါဆိုလဆန်း ၅ ရက်နေ့ ဆွမ်းခံကျောင်းများ ခွဲဝေသတ်မှတ်ချက်

ဆွမ်းခံကျောင်းများ	ဆွမ်းခံကျောင်းများ	ဆွမ်းခံကျောင်းများ
၁။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၁။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၁။ ဝဏ္ဏဆရာတော်ကြီးကျောင်း
၂။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၂။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၂။ ဝဏ္ဏဆရာတော်ကြီးကျောင်း
၃။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၃။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၃။ ဝဏ္ဏဆရာတော်ကြီးကျောင်း
၄။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၄။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၄။ ဝဏ္ဏဆရာတော်ကြီးကျောင်း
၅။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၅။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၅။ ဝဏ္ဏဆရာတော်ကြီးကျောင်း
၆။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၆။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၆။ ဝဏ္ဏဆရာတော်ကြီးကျောင်း
၇။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၇။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၇။ ဝဏ္ဏဆရာတော်ကြီးကျောင်း
၈။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၈။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၈။ ဝဏ္ဏဆရာတော်ကြီးကျောင်း
၉။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၉။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၉။ ဝဏ္ဏဆရာတော်ကြီးကျောင်း
၁၀။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၁၀။ ဝဏ္ဏဆရာတော်ကြီးကျောင်း	၁၀။ ဝဏ္ဏဆရာတော်ကြီးကျောင်း

၁	၂	၃	၄	၅	၆	၇	၈	၉	၁၀
၁	ကျွန်တော်တို့	ကြိုးစားမှုများ	ကြောင့်	ဒီနေ့	ဒီလို	ရလဒ်	ကောင်းတဲ့	ရလဒ်	ဖြစ်ပေါ်လာတာပါ
၂	ဒီတော့	ကျွန်တော်တို့	ဆက်လက်	ကြိုးစားသွားကြမယ်	ဆိုတဲ့	ဆန္ဒမျိုး	ကို	ဖြစ်စေ	ချင်ပါတယ်
၃	ဒီနေ့	ဒီလို	ရလဒ်ကောင်းတဲ့	ရလဒ်	ဖြစ်ပေါ်လာတာ	ကျွန်တော်တို့	ဆက်လက်	ကြိုးစားသွားကြမယ်	ဆိုတဲ့
၄	ဆန္ဒမျိုး	ကို	ဖြစ်စေ	ချင်ပါတယ်	။	။	။	။	။

ကြိုးစားခဲ့ကြသူများ

၁	ဒီနေ့	ဒီလို	ရလဒ်ကောင်းတဲ့	ရလဒ်	ဖြစ်ပေါ်လာတာ	ကျွန်တော်တို့	ဆက်လက်	ကြိုးစားသွားကြမယ်	ဆိုတဲ့
၂	ဆန္ဒမျိုး	ကို	ဖြစ်စေ	ချင်ပါတယ်	။	။	။	။	။

ကြိုးစားခဲ့ကြသူများ

၁	ကျွန်တော်တို့	ကြိုးစားမှုများ	ကြောင့်	ဒီနေ့	ဒီလို	ရလဒ်	ကောင်းတဲ့	ရလဒ်	ဖြစ်ပေါ်လာတာပါ
၂	ဒီတော့	ကျွန်တော်တို့	ဆက်လက်	ကြိုးစားသွားကြမယ်	ဆိုတဲ့	ဆန္ဒမျိုး	ကို	ဖြစ်စေ	ချင်ပါတယ်

ဦးခြူးစိန်ကုသိုလ်။ ။၁၃၄၃-ခု၊ ဝါဆိုလမှစ၍ ရန်ကုန်မြို့ဒကာ ဦး ခြူး စိန် က ကိုရင်ကြီးများ၏ ပင်ပန်းမှု၊ ညအခါအိပ်ရေးပျက်မှု၊ ထိုသို့အိပ်ရေးပျက်သဖြင့် ဩဝါဒမလိုက်နိုင်မှု၊ စာမတက်နိုင်မှုတို့ကို ကရုဏာဖြစ်၍ ကိုရင်ကြီးများအစား ကပ္ပိယဒကာများအား နဝကမ္မပေး၍ ဆွမ်းချက်, ပဲပြုတ် တဝန်များကို ယူစေပါသည်၊ ထို့ကြောင့် ၁၃၄၃—ခုနှစ် အလုပ်ဇယား၌ ထိုတဝန်များ မပါတော့ပါ။

ကြည်ကြည်နူးနူး။ ။ဆွမ်းချက်စသော တဝန် မရှိသော သာမဏေများက စားပင်သောက်ပင်တို့ကို ရေသိ(ရေလောင်း)စသည် ပြုကြရသည်၊ ရဟန်းတော်များက သောက်ရေဖြည့်၊စားပင်သောက်ပင်မဟုတ်သော သစ်ပင်များ၊ ရေသိ စသည်ပြုကြရသည်၊ ယင်းတဝန်များကို ရဟန်းသာမဏေ သူတော်အားလုံးပင် သာသနာ့ကိစ္စ သာသနာ့အလုပ်ကို လုပ်ရသည်ဟု ဝမ်းမြောက်ဝမ်းသာ ကြည်ကြည်နူးနူး ဆောင်ရွက်ကြရသည်သာများ၏။

အချောင်သမား။ ။သဒ္ဒါတရား နည်းပါးသောပုဂ္ဂိုလ်အနည်းငယ် ရှိတတ်သေး၏၊ ထိုပုဂ္ဂိုလ်မျိုးကို ရည်ရွယ်၍ "လုပ်စရာရှိလို့ ကြောလျင်ကပ်လို့" ဟု ဆရာတော် အမိန့်ရှိသည်၊ အလုပ်ချိန်၌ စာမကျက်ရပါ၊ အခြားကိုယ်ရေးကိုယ်တာ ကိစ္စ တစုံတရာကိုလည်း မပြုရပါ၊ မိမိကအလုပ်မလုပ်ပဲ အလုပ်လုပ်နေသူများကိုလည်း ကြည့်မနေရပါ၊ ထို့သို့ကြည့်နေလျင် အပြစ်ကြီးတခု ဖြစ်ပါသည်၊ ဆရာတော်တွေ့လျင် "အချောင်သမား" ဟု ယူဆကာ ကျောင်းတိုက်မှာ မနေထိုက်ဟုပင် ပြောဆိုတတ်ပါသည်။

မည်သပေးဂါထာ။ ။ဩဝါဒ၌ ယဿဝိဟာရ ဝတ္တေ သုစ သောဂါထာ၊ သစ္စံ ပုနပိ စ သောဂါထာများကို မကြာမကြာရွတ်ကြရသည်။

ယဿဝိဟာရ ဝတ္တေသု၊ သမာစာရော နဝိဇ္ဇတိ။
ပရိဟာယတိ ဝစိုယာ၊ ကာဋ္ဌပက္ခေဝ စန္ဒိမာ။

ကျောင်းတိုက် ကျင့်ဝတ်တို့၌ ကောင်းစွာ မကျင့်သူမှာ လဆုတ်ပက္ခ၌ထွက်သော လကဲ့သို့၊ ကြီးပွားခြင်းမရှိပဲ ဆုတ်ယုတ်၏၊ အဓိပ္ပာယ်-အချုပ်မှာ တဝန်မကျေလျှင် မကြီးပွားဟုဆိုလိုသည်။

သစ္စံ ပုနပိ သစ္စန္တိ၊ ဗာဟု မုဂ္ဂိပ ဥစ္စတေ။
သကတ္ထော နတ္ထိ နတ္ထေဝ၊ ပရဿတ္ထ မကုဗ္ဗ တော။

မှန်တယ်၊ ထပ်ပြီးတော့မှန်တယ်၊ ဤသို့လက်ရုံး လက်မောင်းတန်း၍ ရဲရဲဝံ့ဝံ့ပြောပါ၊ သူများ၏စီးပွားကို မပြုသူမှာ ကိုယ့်စီးပွားမရှိ၊ တကယ်မရှိပါ၊ အချုပ်မှာ သူများအကျိုးမဆောင်၊ ကိုယ့်အကျိုး မအောင်ဟုဆိုလိုသည်။

အထူးအလုပ်ချိန်။ ။အထူး အလုပ်ချိန် များမှာလည်း ရှိပါသည်၊ ထင်းခွဲ ထင်းဖြတ်၊ မြေတူး၊ မြေသယ်၊ ရေပိုက်ဆေး စသောအလုပ်များကို လုပ်ရ၏၊ ထိုအလုပ်များအတွက် မည်သည့်အချိန်၊ မည်သည့်နာရီဟု သတ်မှတ်ချက်

မရှိပါ။ အခွင့်သင့်သလိုသာ ဆောင်ရွက်ကြရ၏၊ တခါတရံ ဆောင်ရွက်လျှင် မပင်ပန်းစေရန် နာရီဝက် တနာရီလောက်သာ ဆောင်ရွက်စေတော်မူ၏၊ အဖိတ်နေ့များ၌မူ ဆွမ်းခံပြန် မနက်ပိုင်း တတိုက်လုံးပင် **"အလုပ်ချိန်"**ဟု သတ်မှတ်ထား၏၊ သေနာသနဝတ် စသည်ကို မဖြည့်ကျင့်က သီလလည်းမပြည့်စုံ၊ သီလကိုအခြေခံထား၍ ကျောင်းတိုက်ကို အုပ်ချုပ်သော ဆရာတော်သည် သေနာသနဝတ်-မပြုလျှင် သဘောမကျပါ။

အပင်း။ ။ဩဝါဒ၌ "ဝတ္တံ အပရိပူရေန္တော သီလံ နပရိပူရတိ" စသောဂါထာကို အရွတ်ခိုင်းလေ့ ရှိ၏၊ ဝေယျာဝစ္စ မဆောင်ရွက်ပဲ စည်းမဲ့ကမ်းမဲ့ နေသူများအတွက် ဤကျောင်းတိုက်ရှိ ဆွမ်း, သင်္ကန်းစသော ပစ္စည်းများမှာ အပင်းသာဖြစ်ကြောင်း မိန့်တော်မူလေ့ရှိသည်။

ဖဝေး။ ။ဖဝေးဇာတ်ထုပ်ကိုလည်း ပြောလေ့ရှိ၏၊ ထိုဇာတ်ထုပ်၌ ဖဝေးနှင့် သူ၏အဘိုးသည် တောင်ယာခင်းကြီးတခုကို လုံခြုံစွာ စည်းရိုးကာပြီး ဖရုံသီး၊ ငရုတ်သီး၊ သခွားသီး စသည်တို့ကို စိုက်ပျိုးကာ စားသောက်နေ၏၊ ဖားများ ကိုကင်၍ ဖားကင်ခြောက်တို့ကိုလည်း သိမ်းထား၏၊ ပိန်းဥ မျောက်ဥများကိုလည်း သိမ်းဆည်းကာ အလိုရှိသော အခါ ပြုတ်၍ ဖုတ်၍စားကြ၏။

မကြေးမုံ။ ။တနေ့ဝယ် သူတို့၏ တောင်ယာခင်းသို့ "မကြေးမုံ" ခေါ် မင်းသမီးတယောက် မျက်စိလည်ကာ ရောက်လာ၍ ဖဝေးနှင့် ချစ်ကြိုက်သောအခါ မကြေးမုံက

ဖဝေးတို့ မြေးအဘိုးကို နန်းတော်သို့ ခေါ်သွား၏၊ မကျေနပ်သောနတ်က မကြေးမုံကို ပူးကပ်၍ ဖဝေးကို မချစ်နိုင်ကြောင်း ခမည်းတော်ဘုရင်ကို သံတော်ဦးတင်လေရာ သူတို့မြေးအဘိုးကို ရှင်ဘုရင်က နှိပ်စက်လေလျှင် ဖဝေးက အောက်ပါသီချင်းကို ဆို၍ ငိုချင်းချသတဲ့၊ "တို့မြေးအဘိုးမှာလ၊ စည်းရိုးအလုံကာ၍၊ ဖရုံပါငရုတ်သခွားရယ်နဲ့၊ လုပ်စားရာ သူတမင်လာလို့" အဲသလိုဆိုပြီးတော့ အဆုံးသတ်မှာ "ဖားကင်ခြောက်နဲ့ မျောက်ဥပြုတ်တွေဟာ အပင်း၊ ဖားကင်ခြောက်နဲ့ မျောက်ဥပြုတ်တွေဟာ အပင်း" လို့ ကုန်းကုန်းပြီးအော်သတဲ့။

အချောင်မကြိုက်။ ။ဒီလိုပဲ ဘုန်းကြီးတို့ ဆရာတပည့်တွေ တပင်တပန်း လုပ်လာခဲ့ကြရတာ အချောင်စားတဲ့သူတွေ၊ မတော်မတရား နေတဲ့သူတွေအတွက် တော့ ဖဝေးလိုပဲ ဘုန်းကြီးကလဲ "အပင်း အပင်း" လို့ အော်ရမှာပဲ၊ ကျောင်းတိုက်ကို စောင့်တဲ့ နတ်တွေကလဲ အချောင်သမားတွေ မတော်မတရားနေတဲ့သူတွေ မနေနိုင်အောင်လုပ်ကြပါ၊ ဤသို့ မကြာမကြာပြောလေ့ရှိသည်။

မနေထိုက်။ ။ကိုယ့်ထက်သာ မနာလိုတဲ့ ဣဿာ၊ သူများတိုးတက်ကြီးပွားလာမှာစိုးတဲ့ မစ္ဆရိယကို ထင်ထင်ရှားရှားတွေ့ရလျှင် ဒီကျောင်းတိုက်ထဲမှာမထားထိုက်ကြောင်း၊ စာတတ်ခြင်း၊ ပစ္စည်းလာဘ်လာဘ ပေါများခြင်း စသော အကြောင်းကြောင့် မာနကြီးသူဟု ယူဆရသူကိုလည်း ကျောင်းတိုက်၌ မနေသင့်ကြောင်း ပြောတတ်ပါသည်၊ ဆရာတော်သည်

လောဘ ဒေါသ မာန်မာန အစွန်းမထွက်စေပဲ၊ မိမိစိတ်ကို စောင့်စည်းစေလိုခြင်း၊ သူများအကျိုး ဆောင်စေလိုခြင်း၊ ကုသိုလ်လိုချင်စိတ် မွေးမြူစေလိုခြင်း၊ ဂုဏ်နှင့်လာဘ်ကို ရှုဖို့ရာ ဦးမတည်ပဲ ပရိယတ် ပဋိပတ်ကို မှန်မှန် ကြိုးစားစေလိုခြင်း၊ ဗုဒ္ဓါနုဿတိ စသောဘာဝနာ တမျိုးမျိုးဖြင့် မိမိစိတ်ကို အထူး ထုံထားစေလိုခြင်း၊ ဤသို့သောဆန္ဒကို အခြေခံ၍ ဩဝါဒ ထဲဝယ် စိတ်ကောင်းမွေးမြူနည်းကို နေ့စဉ်ပင် ပြောပြတော်မူသည်။

သင်္ကန်းအရောင်။ ။သင်္ကန်းကို ပိန္နဲရင့်ရောင်, သင်္ကန်းဆေးဆိုးသူများ အခေါ်ဖြင့် နီညိုရင့်ရောင် ဝတ်စေပါသည်၊ အချို့က ထိုအရောင်ကို "ပါရာဇိကအရောင်" တူ ပျက်ရယ်ပြုကြသည်၊ အမှန်မှာ နီညိုရင့်ရောင်သည် ချေးညှော်အပေခံ၍ သမာဓိရှိသောအသွင်ကို ဆောင်ပါသည်၊ မဟာရဏ် (များစွာသော ဆိုးရည်ရှိသောအရောင်)၊ မဟာရတ္တ (များများ ဆိုးထားသောအရောင်) လို့လည်း မဆိုထိုက်ဟု ဆရာတော် ယူဆတော်မူသည်၊ [သီ-ဘာ-၁, ၂၆၃၊ခုဒ္ဒ-ဘာ, ၉၇၊၁၀၀-၁-၂ လည်းရှု]

ပြင်ချုပ်။ ။အရွယ်အရပ်အမောင်းနှင့် လျော်အောင် သင်္ကန်းကို လိုအပ်လျှင် ပြင်သည် (ပြုပြင်သည်)၊ချုပ်ရသည်၊ "နည်းနည်းကလေး ကြီးတာပါ" ဟု ပေါ့ပေါ့ဆဆ မပြုရ၊ အရွယ်ကြီးလာလျှင် "အနေတော်ပါပဲ" လို့ ဆိုပြီးလဲ

မဖြတ်ပဲ မထားရပါ၊ အရွယ်ကြီးလာလျှင် သင့်တော်သော သင်္ကန်းကို လဲ၍ ဝတ်ရသည်။

အဖိုးတန်သင်္ကန်း။ ။တက်ထရွန် စသော သင်္ကန်းများကို မဝတ်စေချင်ပါ၊ သို့ရာတွင် မတားမြစ်ပါ၊ မိမိကိုယ်တိုင်မူ ဝတ်တော်မမူပါ၊ လှူလာလျှင် သင့်လျော်သောတပည့်တို့အား စွန့်တော်မူပါသည်၊ ကျောင်းတိုက်၌ ဝတ်ဆင်ရမည့် အရောင်မျိုး မဟုတ်လျှင်လည်း မိမိ၏နဝကမ္မဖြင့် ဆေးဆိုးပေးတော်မူသည်၊ သင်္ကန်းအရောင် ဝါနေသူ သို့မဟုတ် နီနေသူကိုတွေ့လျှင် ချက်ချင်းခေါ်၍ "ကိုယ်တော်သင်္ကန်းဆိုးပါ၊နောင်-ဒါမျိုးမဝတ်ပါနှင့်" ဟု ပြောပါသည်။

ကြာသင်္ကန်း။ ။တခါက အမရပူရမြို့ အနောက်ဘက် ရွှေဂုံရွာ ရဟန်းအမကြီး ဒေါ်ဖွား သင် သည် ဆရာတော်ကို အလှူနှင်ကြည်ညိုသဖြင့် ကြာရိုးအမျှင်ကလေးများကို ယက်၍ အဖိုးတထောင်တန်သော ကြာသင်္ကန်းတစုံ လှူဖူး၏၊ထိုသင်္ကန်းကို ကိုယ်တိုင်လည်းမဝတ်၊ တပည့်များအားလည်း မစွန့်ပဲ ဘုရားအားလှူလိုက်၏။ (မဟာဂန္ဓာရုံ စေတီတော်၏ မြောက်ဘက် ဘုရားတိုက်၌ ထိုသင်္ကန်း ယခုတိုင် ရှိသေးသည်။)

"လူတွေက ကြာသင်္ကန်းဆိုတာ တကယ့်ကိုကြာပင်ကထွက်တဲ့ ပစ္စည်းတွေနဲ့ ယက်ထားတဲ့ သင်္ကန်းလို့ထင်ကြတယ်၊ တကယ်တော့ ပိတ်သင်္ကန်းမျိုးပါပဲ၊ ဗြဟ္မာက တော ထွက် လာ တဲ့

ဘုရားအလောင်းအား ကြာဖူးထဲကယူပြီးလှူလို့ ကြာသက်နှံလို့ ခေါ်တာပါ''ဟု ရှင်းပြတော်မူသည်။

ဖိနပ်။ ။ဝိနည်းတော်နှင့် မအပ်စပ်သော ကတ္တီပါကွက် ဖိနပ်မျိုး၊ ကြိုးအမျိုးမျိုးဖြင့် ဖြန့်ချုပ်ထားသော ဖိနပ်မျိုး၊ အလွန်လှအောင် ဆေးသုတ်ထားအပ်သော ဖိနပ်မျိုးများကို မသုံးစွဲရပါ၊ ရလာလျှင် အကွက်သဲကြိုးများကို ဖြုတ်၍ဖြတ်၍၊ ရေနံသုတ်၍ဖြစ်စေ၊ သို့မဟုတ် ကျောက်ခဲစသည်ဖြင့် သားရေသဘောပေါ်အောင် ပုတ်တိုက်၍ဖြစ်စေ၊ အရောင်ကို ဖျက်ပြီးမှ သုံးစွဲရပါသည်၊ ခုံမြင့် ဖိနပ်များနှင့် ပလပ်စတစ်ဖိနပ်များကိုမူ လုံးဝ ခွင့်ပြုတော်မမူပါ၊ ကားတာယာဖြင့်ပြုအပ်သော တာယာဖိနပ်မျိုးကိုမူ သုံးစွဲခွင့်ပြုပါ၏၊ မအေးလွန်းမပူလွန်းပဲ ရာသီဥတု မျှတနေသောအခါ ကျန်းမာနေသူဖြစ်လျှင် မြို့ရွာတွင်းဝယ် ဖိနပ်ကိုမစီးစေလိုပါ။

အရွယ်အလိုက်။ ။ဖိနပ်ကိုလည်း အရွယ်နှင့် လိုက်လျောအောင် စီးရသည်၊ ဆရာတော်က ပြောဖူးပါသည် ''ဘုန်းကြီးငယ်စဉ်က ဆရာတော်တပါးက ဖိနပ်တရံ ပေးဖူးတယ်၊ ဖိနပ်ကကြီးလို့ ဘုန်းကြီးခြေထောက်နှင့် မတော်ဘူး၊ စီးယင်းစီးယင်း စိတ်မချမ်းမသာ ဖြစ်ရတယ်၊ မရှိလို့သာ စီးနေရတယ်၊တယ်မကျေနပ်ဘူး''၊ဤအကြောင်းကို မကြာမကြာ ပြောပြပါသည်၊

စာရင်းပေး။ ။သီတင်းကျွတ်၍ ကထိန်ခင်းမည့်သူ ရှိလျှင် ဖိနပ် သင်္ကန်း မကပ်မီ တလလောက်ကြိုတင်၍ တဆယ့်ငါးနှစ်အောက် ငယ်သောကိုရင်ကလေးမျိုးအတွက် သင့်လျော်မည့် သင်္ကန်း၊ ဖိနပ်ကို ကျောင်းဘုန်းကြီးများက အတိုင်းအတာသတ်မှတ်၍ တဝန်ခံဘုန်းကြီးတပါးထံ စာရင်းပေးကြရသည်၊ အရပ်အမောင်း အထူးကြီးသော ရဟန်းများလည်း မိမိနှင့် သင့်လျော်မည့် ဖိနပ်အတိုင်းအတာကို စာရင်းပေးကြရသည်။

ကထိန်။ ။မဟာဂန္ဓာရုံကျောင်းတိုက်သည် သံဃာ ၃၀၀ ကျော်အနည်းဆုံးရှိသဖြင့် သာမန်ပစ္စည်းအင်အားဖြင့် ကထိန်ခင်းရန် မတတ်နိုင်ပါ၊ အသင်းအဖွဲ့တခုက သို့မဟုတ် နှစ်ဦးသုံးဦး စသည်စုပေါင်း၍ ကထိန်ခင်းမှ သံဃာအပါးစေ့ သင်္ကန်းတစုံစီ လှူနိုင်ပါသည်၊ သို့ရာတွင် ဆရာတော်သည် ကထိန်လာလျှောက်လျှင် သင်္ကန်း ဘယ်လောက် ဘယ်နှစ်စုံ တတ်နိုင်သလဲစသည်ဖြင့် ဘယ်တော့မှမမေးပါ၊ မှန်းထားသော တန်ဖိုးထက် ပိုလွန်အောင်လည်း မစီမံပါ၊ ဥပမာ-ငါးထောင် တန်မှန်းလျှင် ငါးထောင်ထက် မပိုစေရပါ၊အပါးစေ့ မလောက်လျှင် ကျောင်းတိုက်ဝယ် စုထားအပ်သော သံဃိကပစ္စည်းများထဲမှ ဖြည့်စွက်၍ သင်္ကန်းဖိနပ်ကို သာမဏေငယ် ဖိုးသူတော်လေးများအထိ အပါးစေ့ ဝေလေ့ရှိပါသည်။

ကထိန်မရ။ ။တရုံတခါ၌မူ ကျောင်းတိုက်ဝယ် ကထိန်မရ သောနှစ်လည်း ရှိတတ်ပါ၏၊ ရှိလဲရှိခဲ့ဖူး၏၊ ထိုနှစ်မျိုးဝယ် ကျောင်းတိုက် သံဃိကသက်န်းများကို ရေတွက်၍မလောက်လျှင် မိမိပုဂ္ဂလိကသက်န်းအစုံ နှစ်ဆယ်, သုံးဆယ် စသည် လိုသလောက်ဖြည့်စွက်၍ ဝေလေ့ရှိပါသည်၊ ကထိန်မရသည့်အတွက် ဝမ်းမနည်းစေရန် သို့မဟုတ် ကထိန်ကို မျှော်မနေစေရန် ကထိန်၏အကျိုးအပြစ်ကို စနစ်တကျ ပြောပြတော်မူပါသည်။

ကထိန်အကျိုး။ ။ "ကိုယ်တော်တို့က ကထိန်မခင်း တော့ ကထိန် အာနိသင် ခေါ်တဲ့ အကျိုး တွေ ရတော့မှာမဟုတ်ဘူးဆိုပြီး ကထိန်ခင်းချင်တတ်ကြတယ်၊ကထိန်ခင်းတာဟာ ကထိန်အာနိသင်ရအောင်လို့ပေါ့၊ ကထိန် အာနိသင် ၅-ပါးထဲမှာ (၁)နံပါတ်က အနာမန္တစာရော-တဲ့၊ (စာတော်တဲ့ တပည့်များ ဝိနည်း နားလည်သော တပည့်များကို ထိုပုဒ်၏ အနက်ဆိုခိုင်းသည်၊ အဓိပ္ပာယ်မေးသည်၊) "ကိုင်း ၁-နံပါတ် ဒီအကျိုးကြည့်ပါလား အစေလကဝဂ်လာ "ယော-ပနဘိက္ခု နိမန္တိတော သဘ်တ္တော သမာနော"စတဲ့သိက္ခာပုဒ်ကို မစောင့်ထိန်းပဲ နေခွင့်ရတယ်လို့ ဆိုတယ်၊ အဲဒီ သိက္ခာပုဒ်က ထမင်းစားကြပါ၊ ခေါက်ဆဲ့ စားကြပါ စသည်ဖြင့် ပင့်ယင် ရဟန်း တပါးပါးကို ခွင့်မပန်ပဲ မြို့ထဲရွာထဲမသွားကောင်းဘူး၊ ဒါပေမယ့် ဘုရားရှင်က စီဝရဒါနဆိုတဲ့ ကထိန်ခေတ်မျိုးမှာ

သက်န်းရပါစေတော့ဆိုတဲ့ အနေမျိုးနဲ့ အဲဒီလို ဖိတ်ပေမယ့် ပင့်တဲ့နေရာ ခွင့်မပန်ပဲသွားနိုင်တယ်လို့ ခွင့်ပြုထားတာ။

ကုသိုလ်ရ။ ။ကိုင်း-ကိုယ်တော်တို့ ဘယ်သူကထမင်းစားကြပါ ဖိတ်ဖူးသလဲ၊ ဒီလိုဖိတ်တော့လဲ ခွင့်ပန်ပြီးသွားတော့ ဘာအပြစ်ရှိသလဲ၊ ခွင့်ပန်သွားရတော့ ဘုရားရှင်၏ စကားလိုက်နာရာရောက်လို့ ကုသိုလ်တောင်ရပါတယ်၊ ရတနဝဂ်ထဲမှာလာတဲ့ မှန်းလဲ့ပြီးလျှင် မြို့ရွာထဲခွင့်ပန်ပြီးမှ ဝင်ရမယ်ဆိုတဲ့ သိက္ခာပုဒ်နဲ့မဆိုင်ဘူး၊ အဲဒီသိက္ခာပုဒ်က ကထိန်အာနိသင်ရရ မရရ ခွင့်ပန်ဝင်ရမှာပဲ၊ သေသေချာချာ နားလည်ပါ။

၂-နံပါတ်အကျိုး။ ။၂-နံပါတ်က အသမာဒါနစာရော-တဲ့ (တပည့်များက နိဿယအနက်နှင့် ဆိုင်ရာသိက္ခာပုဒ်ကို ဆရာတော်က မေးလျှင်ဆိုပြရသည်)၊ ဒါက သက်န်း ၃-ထည်ကို အဓိဋ္ဌာန်တင်ပြီး ဆောင်နေတဲ့ ရဟန်းများ သီတင်းကျတ်လို့ ဟိုဟိုဒီဒီသွားတဲ့အခါ သက်န်းကြီး ယူသွားရယင် မိုးတွင်းဖြစ်လို့ ပင်ပန်းမှာစိုးလို့၊ ကထိန်ခေတ်ဆိုယင် မယူပဲသွားနိုင်တယ်လို့ ခွင့်ပြုတော်မူထားတာ၊ ယခုခေတ်မှာ တိစီဝရိက်ဆောင်သူ သိပ်နည်းနေပါတယ်၊ ဆောင်တဲ့ ရဟန်းကလည်း ကထိန်အာနိသင်မရယင် အဲဒီသက်န်းကို မိမိသွားတဲ့နေရာ ယူသွားရုံပေါ့၊ သိပ်ဝန်လေးစရာ မရှိပါဘူး၊ ပိုတောင် ကုသိုလ်ရသေးတယ်။

တယ်၊ ကထိန်အာနိသင် ရထားယင်တော့ ဘုရားရှင်က တပေါင်းလပြည့်တွင် "သံဃဿဒေမ"လို့ လူသမျှသက်နှံးဟာ ကထိန်ခင်းထားတဲ့ကျောင်း (ကျောင်းတိုက်) နဲ့သာ ဆိုင်တယ်လို့ သီးခြားခွင့်ပြုထားတာ၊ အခုခေတ်မှာ သံဃဿဒေမ-လို့ တယ်မလူကြပါဘူး၊ ပုဂ္ဂလိက,က များပါတယ်၊ သံဃဿဒေမ လို့ဆိုပြီး လူတဲ့သက်နှံးတွေ ဖြစ်ယင်လဲ ဝေတဲ့အခါ အာဂန္တုရဟန်းများ ရောက်နေလျင်သူတို့အတွက်ပါ ထည့်ဝေလိုက်ရုံပေါ့၊ သိပ်နစ်နာမသွားပါဘူး၊ **ကုသိုလ်တောင်** ရပါသေးတယ်၊ ဘုန်းကြီးလဲ ဒီလိုဝေနေတာပါပဲ၊ လူတွေမှာရတယ်ဆိုတဲ့ ကထိန်အကျိုးတွေကတော့ ကျမ်းစာမှာမရှိပါဘူး၊ သူတို့တရားဟောပုဂ္ဂိုလ်တွေက ခဲ့ဟောကြတာပါ၊ ဤသို့ဆရာတော်သည် စိစစ်ပြတော်မူသည်၊ [ကထိန်သက်နှံးလူရတာက ပို၍အကျိုးကြီးသည်ဟု ပြောကြသော စကားနှင့်စပ်၍ မိမိ၏အယူအဆကို ဂါဒီယန်ဦးစိန်ဝင်းက မေး၍ ဖြေတော်မူခဲ့ဖူးပါသည်။]

ပျံတော်မူခါနီး ကထိန်။ ။ဆရာတော်သည် ကျောင်းဒကာ ဒကာမများ၏ တဦးတည်း ကထိန်ခင်းမှုကို မလိုလားပေ၊ ပျံတော်မူခါနီးဖြစ်သော ၁၃၃၉-ခုနှစ်၌မူ တော်သလင်းလလောက်အထိ ကထိန်လျောက်သူမရှိသဖြင့် ကထိန်မရမှန်းသိလျင် ကျောင်းဒကာ-ဒကာမများက စုပေါင်း၍ ကထိန်ခင်းလိမ့်မည်ဟု သတင်းဖြစ်နေစဉ် ဆရာတော်က မိန့်တော်မူသည်မှာ "ကျောင်းဒကာ-ဒကာမတွေက ကျောင်းတိုက်အတွက် တာဝန်တွေများလှပြီ၊ သူတို့မှာ ဟိုက


၃-နံပါတ်အကျိုး။ ။၃-နံပါတ်က ဂဏဘောဇနံ-တဲ့၊ ထမင်းစားကြပါ၊ မုန့်ဟင်းခါးစား ကြပါ၊ ငါးကြော်စားကြပါ စသည်ဖြင့် (ဆွမ်းနာမည်မပါပဲ ပင့်ဖိတ်လျှင် ၄-ပါးအတူသွားပြီး မစားကောင်းဘူးလို့ ပြောတာ)၊ ဒါပေမယ့် ဘုရားရှင်က ကထိန်ခေတ်မှာဆိုယင်တော့ အဲဒီအိမ်က သက်နှံးလူလျှင် ရပါစေတော့ဆိုတဲ့ ကရဏာနဲ့ အဲဒီလို ဖိတ်ပေမယ့် ကထိန်ခေတ်မှာ စားနိုင်တယ်လို့ ခွင့်ပြုတော်မူတာ၊ ကိုယ်တော်တို့ကို အဲဒီလိုတယ်ပြီး မဖိတ်ပါဘူး၊ ဖိတ်တော့လဲ အပ်အောင်စားနိုင်တဲ့နည်းတွေ ဘုရားရှင်က ခွင့်ပြုထားတာတွေ ရှိပါတယ်၊ မခဲယဉ်းပါဘူး၊ ပါစိတ်ဝိဘင်းကြည့်ပါလား။

၄-နံပါတ်အကျိုး။ ။၄-နံပါတ်က ယော စ တတ္ထ စီဝရပ္ပါဒေါ သော နေသံ ဘဝိဿတိ-တဲ့၊ ဒါက သံဃဿဒေမ-သံဃာအားလူပါ၏လို့ ဒကာများက လျောက်ပြီးလှူတဲ့ သက်နှံးမှန်သမျှ ဟိုမှာဒီမှာရှိတဲ့ သံဃာအားလုံးနဲ့ ဆိုင်တယ်၊ အဲဒီ သက်နှံးဝေတဲ့အခါ အခြားကျောင်းတိုက်က အာဂန္တု ကိုယ်တော်များရှိယင် သူတို့အတွက်ပါ ထည့်ဝေရ

လိုတယ်ဆိုလူ ဒီကလိုတယ်ဆိုလူနဲ့ တဘဝန်တွေကြေလှပြီ၊ ဘုန်းကြီးက ဖြစ်နိုင်ယင် ဘယ်သူ့မှ တဘဝန်မပေးလိုဘူး၊ အပိုတဘဝန်လဲ မယူစေချင်ဘူး၊ ဒါကြောင့် ဒီနှစ် ဘုန်းကြီးဘာသာ ကထိန်ခင်းတယ်ဆိုရုံ ခင်းပြီး ကျောင်းတိုက်မှာရှိတဲ့ သင်္ကန်းတွေအားလုံးဝေမယ်''၊ ထိုသတင်းကို ကျောင်းတိုက်မှာနေ၍ ဥပုသ်အမြဲစောင့်နေသော ဒါယိကာမကြီး ဒေါ်စုကကြား၍ ''တပည့်တော် ၃၀၀၀-ထန် ကထိန်ခင်းပါမည်''ဟု လျှောက်သဖြင့် တိဝဝရိက် (သင်္ကန်း ၃-ထည်)ကိုသာ ကပ်ဖွေပြီးလျှင် သီတင်းကျွတ်လပြည့်ကျော် ၅-ရက်နေ့မှာ ကထိန်ခင်းတော်မူပါသည်၊ ကထိန်ခင်းလျှင် ကထိန်ခံမည့်သူမရှိလျှင် မိမိကိုယ်တိုင် ကထိန်ခံ၍ ကထိန်ခင်းလေ့ရှိ၏။ သို့ရာတွင် ထိုကထိန်သင်္ကန်းကို တပုည့်ကြီးမျှားအား ဝါစဉ်အလိုက် နှစ်စဉ်နှစ်စဉ် စွန့်တော်မူလေ့ရှိ၏၊ ဒေါ်စုခင်းအပ်သော နောက်ဆုံးကထိန်ဥမ္မ ကျောင်းတိုက် စာချဝဲန်ဆောင် အရှင်ပဏ္ဍိတာဘိဝံသကို သံဃာ့ကိုယ်စား သင်္ကန်းအလှူခံစေ၍ ယခုလက်ရှိ နာယက ချုပ်ဆရာတော် အရှင်စန္ဒောဘာသအား ကထိန် ခံစေကာ ကထိန်ခင်းခိုင်းတော် မူပါသည်၊ ကျန်သော နဝကမ္မဖြင့် ကမ္မဋ္ဌာန်းထိုင်ရန်, စာကျက်ရန် ကျောင်းဆောင်ငယ်ကလေးများ စီမံတော်မူသည်။

သင်္ကန်းဝတ်နည်း။ ။သင်းပိုင်ကို ဒူးအောက် လက်ရှစ်သစ် လောက်ချ၍ ညီညီဝတ်ရ၏၊ အထက်က ချက်ပေါ်အောင်လည်း မဝတ်ရ၊ ကေသီကို သင်းပိုင်အထက်

အံသကာသာဝ
(အံသကိုဋ်)



ဝိသုဒ္ဓိ ၁-၆၂ ၌ ပြအပ်သောအလျားသုံးတောင်၊ အနံတထွာရှိ အံသကာသာဝ (=အံသကိုဋ်)

ပုံ၌ပြအပ်သော အံသကိုဋ်မှာ အလျား-လေးတောင် (တတောင်ပို) အနံ- တတောင် (တထွာပို) ရှိသော အံသကိုဋ်ဖြစ်သည်။

ဘယ်ဘက်ပခုံးဌ်
တဖန်စွပ်လိုက်ပြီး....



အဖျားကို
ညာဘက်ချိုင်းကြားမှ
ဆွဲ၍....



ဘယ်ဘက်ပခုံးဌ်စွပ်၍



အံသကိုဌ်ကို



အံသကိုင်ခ်အစား ဆရာတို့
သင်ပြအပ်သော ကိုယ်ပတ်နည်း
(၁) ရေသန့်ပ်သင်းပိုင်ဖြင့်ပတ်သည်



ဤသို့ကိုင်ပြီးနောက်....

ခါးစောင်းမှကြိုး
နှစ်စကိုချည်ပါ။



ဤသို့ထောင့်စွန်း ၂-ခုကို
ထုံးပြီး....




ညာဘက်ပခုံးၵ်စွပ်လျင်....



ဤသို့ညာဘက်ကို
ပတ်၍....



ကျောမှဘယ်ဘက်
ချိုင်းကြားသို့ပတ်ယူကာ....



လက် ၃-သစ် ၄-သစ်လောက်မြှင့်၍ ညီညီညွတ်ညွတ် သပ်သပ်ရပ်ရပ် ဝတ်ရ၏၊ အေးသောရာသီဝယ် အတွင်း၌အံသကိုင်၍ လည်း ဝတ်နိုင်၏၊ ကိုယ်ပတ်ကိုလည်း ပတ်နိုင်၏။

သင်ပေး။ ။ကျောင်းတိုက်၌ သင်းပိုင်ဝတ်ပုံ၊ သက်နှံးရမ်းပုံ၊ သက်နှံးရုံပုံ၊ လက်ကတော့တင်ပုံများကို ရောက်သစ်စ ရဟန်းသာမဏေများအား တာဝန်ခံမည့် ကျောင်းစောင့်နှုန်းကြီးက စနစ်တကျ သင်ပြပေးရသည်၊ ကိုယ်တော်တပါး သက်နှံးမည်တာတွေ့လျှင် "ကိုယ်တော် ဆရာဘယ်သူလဲ၊ သွားခေါ်ပါ" ဟုပြော၍ ဆရာလဲလျှင် "ကိုယ်တော်က သူ့သင်မပေးဘူးလား"၊ "သင်ပေးပါအရှင်ဘုရား"၊ "သူကမလိုက်နာဘူးလား"၊ ဤသို့စသည်စစ်ဆေး၍ နောင် မှတ်လောက်အောင် သင့်လျော်သော ဒဏ်တမျိုးကိုပေးလေ့ရှိသည်။

ကထာသလ္လာပသိက္ခာ။ ။ကျေးဇူးရှင် ဆရာတော်သည် ရုပ်ပုံရှင်ကျင့်ဝတ်ဟူသော နာမည် ဖြင့် ရဟန်းသာမဏေတို့၏ ဝတ်နည်း စားနည်းများကို အသေးစိတ် ဓာတ်ပုံနှင့်တကွ ရေးပြတော်မူခဲ့ပါသည်၊ ကထာသလ္လာပသိက္ခာ၌လည်း ကျောင်းတိုက် ဥပဒေအဖြစ်ဖြင့် ဆိုင်ရာအခန်းများ၌ ရေးခဲ့ပါသည်၊ ကထာသလ္လာပ သိက္ခာသည် ပါဠိစကားပြောသင် ကျမ်းစာသက်သက်မတုတ်ပါ၊ အမှန်မှာ မဟာဂန္ဓာရုံကျောင်းတိုက်၏ နံနက်တုံးကြီး ခေါက်ချိန်မှစ၍ ညအိပ်ချိန်အထိ လိုက်နာရမည့် ဥပဒေများကို သဒ္ဓါတရားရှိရှိဖြင့် လိုက်



ဤသို့ကိုယ်ပတ်တမျိုးဖြစ်သည်။

အံသကိုင်ခြင်းအစား ဆရာတို့ပြအပ်သော ရေသနုပ်သင်းပိုင်ဖြင့် ကိုယ်ပတ်နည်း (၃)



ထောင့်စွန်းနှစ်ဘက်ကို ကိုင်၍စည်းပြီးလျှင်....



ဤသို့လိမ်ကာကွင်း ဖြစ်အောင်ကိုင်၍.....

ရှေထောင့်စွန်း နှစ်ခုကို နောက်ကိုယူလျက် ဤသို့ ချည်လိုက်လျှင် ကိုယ်ပတ် တမျိုးဖြစ်၏။

[အလွန် အေးလှမှ ဤနည်းကိုသုံးသည်၊ သံဃ ပရိသတ်ဝင်မူ ခေါင်းမှ အစကို ချထားရသည်။]

ခေါင်းကိုစွပ်လိုက်ပြီးနောက်





နာတတ်ကြစေရန် ရေးအပ်သော ပညာပေးကျမ်းစာလည်း ဖြစ်ပေသည်။

ရှေးခေတ်သက်နှံးရမ်းနည်း။ ။ဆရာတော်သည် ပရိမဏ္ဍလံ ပါရုပိဿာမိ စသော ပါဠိတော်နှင့် အချို့ဆရာအလို ယင်းအဖွင့် အဋ္ဌကထာအလိုကျ ဝိုင်းဝန်းစွာ ကေသီကိုရမ်းပုံနှင့် ယခုခေတ် သက်နှံးရမ်းပုံကို လည်းကောင်း၊ ဆရာသမားထံစသည်သွားရာ၌ ထိုသိက္ခာပုဒ်နှင့် "ကော်သံဥတ္တရာသင်္ကံ ကရိတ္ဝာ" စကား အစဉ်အလာအရ အချို့ဆရာတို့အလို အဋ္ဌကထာအလိုကျ လက်ကတော့တင်ပုံနှင့် ယခုခေတ် လက်ကတော့တင်ပုံ (ရွှေကျင်ဆရာတော်နည်း) ကိုလည်းကောင်း၊ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်ဝယ် ပါသောအဋ္ဌကထာအလိုကျ သက်နှံးရုံပုံနှင့် ယခုခေတ် သက်နှံးရုံပုံကိုလည်းကောင်း ပြောပြတော်မူသည်၊ တခါတရံ လက်တွေ့လည်း ပြုလုပ်စေတော်မူပါသည်။

သင်းပိုင်ရုမ်း။ ။ကေသီမပါပဲ သင်းပိုင်သက်သက်ဖြင့် နေသူကို ဆရာတော် မနှစ်သက်ပါ၊ ကျောင်းအတွင်းကထွက်လျှင် ကေသီပါမှ ကြိုက်တော်မူပါသည်၊ ပင်ပင်ပန်းပန်း အလုပ်လုပ်ရမည့်အခါ၌မူ ကေသီမပါပဲ သင်းပိုင် တထည် ကို အပေါ်ကရုမ်း၍ အလုပ်လုပ်နိုင်ပါ၏၊ ခေါင်းရိတ်နေစဉ်၊ ရေမချိုးမီ ရေငင်နေစဉ်၊ အဝတ်လျှော်စဉ်များ၌လည်း ခါးဝိုက်ထားသော သင်းပိုင်ချည်းသက်သက်ဖြင့် အပေါ်ပိုင်း ကိုယ်တုံးလုံးမနေရပါ၊ အပေါ်သင်းပိုင်တထည်ရမ်းထားရပါသေးသည်။

ခြုံထည်သက်နှံး။ ။ဆောင်းရာသီနှင့် မိုးရာသီဝယ် အေးသော အချိန်၌ ကေသီ၏အတွင်းက ကိုယ်ပတ်ထားရသေး၏၊ ပြီးမှကေသီပတ်ထားရသည်၊ နှစ်ထပ်သက်နှံးကိုဖြစ်စေ ပိတ်ဖျင်စသော သီးခြား သက်နှံးတမျိုးကိုဖြစ်စေ ခြုံထည်အဖြစ်သတ်မှတ်ကာ ကေသီ၏အပေါ်က သပ်ရပ်စွာခြုံထားရ၏၊ ဆောင်းမဝင်မီကပင် မိမိတို့ရပ်ရွာရှိ မိဘဆရာများထံ ဖျင်ဖြင့်ရက်လုပ်အပ်သော ခြုံထည်ကို မှာထားရ၏၊ ထိုခြုံထည်ကို သက်နှံးအရောင်ဖြစ်အောင် ဆေးဆိုး၍သုံးစွဲရ၏၊ ခြုံထည်သီးခြားမရှိလျှင် ကေသီကို နှစ်ထပ်ခေါက်၍ ခြုံကြရသည်။

လေလုံပြောင်းရွှေ့။ ။ဩဝါဒထဲဝယ် "ကန္ဒေနည်းနည်းအေးတယ်၊ ကိုယ်ပတ်ပတ်ထားကြ၊ နောက်ရက်တွေ့ ခြုံထည်ခြုံလာခဲ့ကြ" ဟု သတိပေး၍ ရံခါကိုယ်ပတ်ပါမပါ ခြုံထည်ခြုံမခြုံကို စစ်ဆေးတော်မူပါသည်၊ ဆောင်းအခါဝယ် လေမလုံသောအရာများ၌ ကိုရင်ငယ်များကို မအိပ်စေရန်၊ လေလုံသည့်နေရာများ၌ အိပ်စေရန်၊ တံခါးပိတ်ရန်၊ လူနှင့်ဝေးသောတံခါးကိုဖြစ်စေ၊ လေသောက်ပြူတင်းကိုဖြစ်စေ အသက်ရှူဖို့လေရအောင် ဖွင့်ထားရန် မိန့်တော်မူပါသည်။

နေရာထိုင်။ ။ကျောင်းတိုက်၌ နေရာထိုင်ကိုလည်း သုံးစွဲရပါသည်၊ ဆွမ်းစား, စာတက်, ဆရာသမားထံသွား ဩဝါဒသွား, ဘုရားရှိခိုးသွား, သံဃာ့အစည်းအဝေးသို့ သွားရာအခါဝယ် နေရာထိုင်ကို သုံးစွဲရပါသည်၊ ဖိုးသူတော်

အံ့သကိုင်ဒ္ဓအစား ဆရာတို့ပြအပ်သော
ရေသနုပ်သင်းပိုင်ဖြင့် ကိုယ်ပတ်နည်း (၂)



သင်္ကန်းစကိုကိုင်ကာ....



နောက်သို့ပတ်လျက်ချည်ပြီး....

ဘယ်ဘက်ပခုံးပေါ်
တင်ပြီး....



ညာဘက်ပခုံးမှသင်္ကန်းစကိုချ၍....



လေးများအစ သံဃာကြီးများအထိ ကိုယ်စီနေရာထိုင်ရှိကြရ ၏။ နေရာထိုင်ချုပ်ပုံမှာ အရှေ့ယ်အလိုက် မိမိတို့၏အတောင် ဖြင့် အလျား ၂-တောင်၊ အနံ၁-တောင့်ထူအရွယ်ရှိအောင် ၂-ထပ်,ထပ်၍ ချုပ်ကြရသည်။

အဟောင်းသင်္ကန်းသုံးစွဲနည်း။ ။ဆရာတော်သည် သင်္ကန်းကို ရှိရှိသေသေ ခြိုးခြိုးခြံခြံ ကိုယ် တိုင်လည်း သုံးစွဲပါသည်၊ တပည့်များအားလည်း သုံးစွဲစေ ပါသည်။ ဥပမာ- ကောသီ အနည်းငယ်စုတ်လျှင် ချုပ်ရ၏၊ တော်တော်များများစုတ်လျှင် နှစ်ပိုင်းဖြတ်၍ သင်းပိုင်ဖြစ်စေ၊ ကိုယ်ပတ်ဖြစ်စေ ချုပ်ကြရ၏။ သင်းပိုင်လည်း စုတ်လျှင်ချုပ်ရ၏၊ တရုံတခါ ဟိုဘက်ဒီဘက်ပြောင်း၍ စပ်ပြီးချုပ်ရ၏၊ ကွင်းခေါ် လုံခြည်များကား မချုပ်ရပါ၊ အဟောင်းသင်းပိုင်ကို ကိုယ်ပတ် ဖြစ်စေ၊ ရေသန့်ပ်ဖြစ်စေ လုပ်ရ၏၊ ရေသန့်ပ်သည်ပင် ကိုယ်ပတ်လည်းဖြစ်နိုင်၏။ ဧကသီ, သင်းပိုင်အဟောင်းများကိုပင် နှစ်ထပ်,ထပ်၍ ပုံစံကျအောင် နေရာထိုင်ချုပ်ရသည်၊ အဟောင်း ဖြစ်သော်လည်း သပ်သပ်ရပ်ရပ်ဖြင့် အရောင်လည်း အတော်လှ အောင် ဆိုးကြရပါသည်၊ နေရာထိုင်၏ အရောင်သည် သင်္ကန်း အရောင်နှင့် လိုက်ဖက်ရ၏၊ ဖြူဖတ်ဖြူရော် ကြောင်ကြောင်ကြား ကြား စိမ်းပြာစသည့်အရောင်များကို ပခုံးပေါ်တင်၍ မသုံးစွဲရ ပါ၊ ဥပုသ်ပြု စသည် အခါများဝယ် အောက်ကခင်းထားလျှင်မူ ထိုင်ရပါ၏၊ နေရာထိုင်ကိုင်ပုံ, ခေါက်ပုံ,ခင်းပုံများမှာ သပ်ရပ် သေသပ် စနစ်ကျရပါသည်။



ကြမ်းတိုက်ဖုန်သုတ်။ ။သုံးမရလောက်အောင် စုတ်နေသော သင်္ကန်းများကို ကျောင်းပေါ်ဝယ် ကြမ်းတိုက်ရန်, ဖုန်သုတ်ဖို့ရန် ပြုလုပ်ထားရ၏။ "ကြမ်းတိုက်" ဆိုသည်မှာ သုံးမရသောအဝတ်များကိုစု၍ ခြေထောက်အောက်က ထားပြီး လမ်းသွားသလို ဖြည်းဖြည်းတိုက်သွားရ၏၊ လေးသောအရာဝတ္ထုဖြင့်ဖိ၍ လက်ဖြင့်လည်းတွန်းရ၏၊ ထင်းရှူးသေတ္တာအပျက်မျိုး အောက်ဝယ် သင်္ကန်းများကိုစုထား၍ ထိုသေတ္တာကို ကြိုးဖြင့်ဆွဲရ၏၊ ဖုန်သုတ်ဆိုသည်မှာ စုတ်နေသောသင်္ကန်းကို နှစ်ခေါက်ခေါက်၍ အလယ်က သစ်သား ဝါးစသည် အရိုးတပ်ပြီးလျှင် ကြိုးဖြင့်ချည်ထားရ၏၊ ထိုအရိုးကို လက်ဖြင့်ကိုင်လျက် တံမြက်လှည်းသလို ပုတ်တိုက်ပုတ်တိုက်၍ သွားရသည်။

သင်္ကန်းရုပ်ခေါက်။ ။ကျောင်းပေါ် သို့မဟုတ် ကျောင်းတိုက်၌ သင့်တော်သောနေရာဝယ် သေးငယ်သောဝါးဖြင့်ဖြစ်စေ၊ ကြေးနန်းဖြင့်ဖြစ်စေ သင်္ကန်းလှန်းစရာ မနိမ့်မမြင့်တန်းကလေး လုပ်ထားရ၏၊ ကိုရင်ငယ်များအားတွက် သူတို့နှင့်တော်ရုံ သီးခြားသင်္ကန်းတန်းကိုလည်း ပြုလုပ်စေ၏၊ ယင်းသင်္ကန်းတန်း၌ ချွေးစိုသော သင်္ကန်းကိုလှန်းရ၏၊ ဥပမာဆွမ်းခံပြန်အလာ သင်္ကန်းချွေးစိုလျှင် ခေတ္တလှန်းရ၏၊ ချွေးခြောက်လောက်လျှင် ခေါက်၍ မိမိအိပ်ရာပေါ် ခေါင်းအုံးအောက်၌ ခေါင်းအုံးဖြင့်ဖိထားရ၏၊ သင်္ကန်းတန်းဝယ် အကြာကြီးလှန်းမထားရပါ၊ ကျောင်းအနီးအနား ပတ်ဝန်းကျင်မှာ

လည်း နေရောင်ရသည့်နေရာဝယ် ဝါး သစ်သားတို့ဖြင့် မနိမ့်မမြင့် အလယ်အလတ် အရပ်ရှည်သူ၏ ပခုံးလောက်သာမြင့်အောင် သေသပ်စွာတန်း၍ သင်္ကန်းလှန်းစရာများ ပြုလုပ်ထားရ၏၊ ကိုရင်များအတွက်လည်း သူတို့နှင့်တော်ရုံ သီးခြားသင်္ကန်းတန်းကိုပြုလုပ်စေ၏၊ ယင်းတန်း၌ ရေစိုသောသင်္ကန်းကို လှန်းကြရသည်၊ သင်္ကန်းခြောက်သည့်အချိန်ဝယ် ချက်ချင်းပင်ရုပ်၍ ခေါက်ရ၏၊ သင်္ကန်းကိုဖြစ်သလို ပြီးစလွယ်ဆွဲမချရပါ၊ ဖြည်းဖြည်းဆွဲယူ(မ)ယူရပါသည်၊ နေပူထဲဝယ် အကြာကြီးပစ်မထားရပါ၊ ဆရာတော်တွေ့လျှင် သင်္ကန်းရှင်သည် ဒဏ်ပေးခံရ၏၊ တဘဝန်ခံဘုန်းကြီးလည်း အပြစ်တင်ခံရ၏။

သတိပေး။ ။ဩဝါဒထဲဝယ် "သင်္ကန်းတွေ ခြောက်လျှင် ရုပ်ကြ" ဟု မကြာမကြာ သတိပေးတော်မူပါသည်၊ "ဘုန်းကြီးတွေက သူတပါးလှူတဲ့ ပစ္စည်းများကို မရိုမသေသုံးတတ်ကြတယ်၊ သင်္ကန်းကိုနေပူထဲမှာ အကြာကြီးပစ်ထားကြတယ်၊ ရေသန့်ပဲဆိုယင် မရုပ်တာကများတယ်၊ တနေ့လုံးတည်လုံး လှန်းထားပြီး နောက်တရက် ရေချိုးကာနီးမှ ယူသုံးတော့တာပဲ၊ သပိတ်ကိုလဲ လက်နှစ်ဘက်နဲ့ ရိုရိုသေသေ မကိုင်ကြဘူး၊ လက်တဘက်တည်းနဲ့ အိုးကိုဆွဲသလို နခမ်းကဆွဲသွားကြတာပဲ၊ ဒါတွေအားလုံး မလုပ်ကောင်းဘူး၊ ဆိုင်ရာဆိုင်ရာ ဝိနည်းသိက္ခာပုဒ်တွေရှိတယ်၊ ဒါ့အပြင်မိမိပစ္စည်းကို မရိုမသေသုံးစွဲလျှင် ဒုပ္ပဂိုဘေဒ (မကောင်းသဖြင့် သုံးစွဲခြင်းကြောင့် ဖြစ်သော ဒုက္ကဋ်

အာပတ် သင့်တယ်) သံဃိကဟစ္စည်းဆိုယင် ဘဏ္ဍာစားတောင် ထိုက်တယ်" ဤသို့ပြောပြစောဒကတွေ့မူသည်။

အပ်အပ်ဝပ်စပ်။ ။သင်္ကန်းသပိတ်မှစ၍ ပစ္စည်းများကို အပ် အပ်စပ်စပ် (ဝိနည်းနှင့်လျော်သော) ပစ္စည်း မျိုး ဖြစ်စေလိုပါသည်၊ နိဿဂ္ဂိကိုမကြာမကြာသတိပေး၍ နိဿဂ္ဂိ ရှိလျှင် ဥပုသ်မပြုကောင်းကြောင်း၊ အာပတ်တန်းလန်းနှင့် ပါတိမောက်နာရာရောက်၍ ဒုက္ကဋ်၊ မပြုလျှင်လည်း, ဥပုသ်ပြုရ မည့်ရက်ဖြစ်လျှင်လည်း ဥပုသ်ပြုရမည့်ရက်ဖြစ်လျက်နှင့် မပြုခြင်း ကြောင့် ဒုက္ကဋ်ဖြစ်၍နိဿဂ္ဂိကို အထူးရှောင်ကြဉ်ရန် မိန့်တော်မူပါ သည်၊ ငွေကိုမကိုင်ရပါ၊ သေတ္တာစသည်ထဲမှာလည်း သိမ်းဆည်း မထားရပါ၊ ဖိုးသူတော်စသူတို့ထံ လှဴအပ်ထားရ၏၊ ဖိုးသူတော် ကလေးများက အပ်စပ်အောင်လျှောက်ရ၏၊ ထိုအပ်စပ်သောငွေ ဖြင့် သင်္ကန်းကပ်ရာ၌ (သင်္ကန်းဝယ်ရာ၌) အစီအမံ မတတ်လျှင် လည်းနိဿဂ္ဂိဖြစ်နိုင်ပုံကို မကြာမကြာ မိန့်တော်မူပါသည်။

အဓိဋ္ဌာန်ဝိကပ္ပနာ။ ။ဆရာတော်သည် သင်္ကန်းရလာလျှင် အမှတ်တမဲ့ မသုံးစွဲစေချင်ပါ၊ သင်္ကန်း အရောင်ကို ကောင်းမကောင်း စစ်ဆေးတော်မူသလို သင်္ကန်း ဆိုးရာ၌ အပ်အပ်စပ်စပ်ဖြစ်အောင်လည်း ညွှန်ပြတော်မူလေ့ရှိပါ သည်၊ အဓိဋ္ဌာန်တင်မူ၊ ဝိကပ္ပနာပြုမူ၊ပရိက္ခာရစောဋ္ဌအဓိဋ္ဌာန် တင်မူ၊ကပ္ပဗိန္ဒုထိုးမှုတို့ကိုလည်း လေးလေးနက်နက် စိစစ်လေ့ ရှိပါသည်။

ကပ္ပဗိန္ဒု။ ။ရဟန်းလောင်းတပါး ရဟန်းခံလျှင် ရဟန်းမခံမီ ကပင် ကပ္ပဗိန္ဒုထိုး—မထိုး စစ်ဆေးလေ့ရှိပါ သည်၊ ကပ္ပဗိန္ဒုထိုးရာ၌ အပ်စပ်သော ခဲတံ မင်တံ ဖောင်တိန် ဟုတ်မဟုတ်ကိုလည်း စစ်လေ့ရှိပါသည်၊ "သင်္ကန်း ကပ္ပဗိန္ဒု ထိုးပြီးပြီလား၊ဘာနဲ့ထိုးသလဲ (ခဲတံနဲ့ထိုးသည်ဆိုလျှင်)အဲဒီခဲတံ ဘယ်ကရသလဲ" စသည်ဖြင့် စစ်တော်မူပါသည်၊ မအပ်သော ခဲတံဖြင့် ကပ္ပဗိန္ဒုထိုးလျှင် အပ်စပ်သောသင်္ကန်းလည်း နိဿဂ္ဂိဖြစ် သွားကြောင်း မကြာမကြာ ပြောပြတော်မူပါသည်။

တိစီဝရိက်ဆောင်။ ။ရဟန်းသစ်များအား မိမိတို့၏ နှစ်ထပ် သင်္ကန်း, သင်းပိုင်, ကေသီ, သုံးထည်ကို တိစီဝရိက် အဓိဋ္ဌာန်တင်စေ၍ အနည်းဆုံးတဝါလောက် ဝိနည်း တိစီဝရိက် ဆောင်စေတော်မူပါသည် ကျန် သင်္ကန်း များ ကို ဝိကပ္ပနာပြုစေ၍ မျက်နှာသုတ်ပဝါ,အိပ်ရာခင်း,စောင်, ခေါင်း အုံးဖုံး,နေရာထိုင်နှင့် အလျားတတောင်,အနံတထွာရှိသော ပိတ် စသောအဝတ် ပစ္စည်းမှန်သမျှကို ပရိက္ခာရစောဋ္ဌ အဓိဋ္ဌာန်တင် စေတော်မူပါသည်။

စစ်ဆေး။ ။ဩဝါဒထဲဝယ် ရဟန်းသစ်များကို "ကိုယ်တော့် ကေသီ ဘာလုပ်ထားတုန်း" (အဓိဋ္ဌာန်တင်ထားပါအရှင်ဘုရား) ဆိုလျှင် "တင်စမ်းပါ" [ထိုကိုယ်တော်က တင်ပြရသည်] (အဓိဋ္ဌာန်တင်ပုံကို ဆိုပြရသည်) "ကေသီအဟောင်း တော့ ဘာလုပ်ထားတုန်း" စသည်ဖြင့်စစ်မေး၍ တဦးတယောက်


အား ပေးလိုက် လှူလိုက်သည်ဟုဆိုလျှင် မိမိကဝိနည်းကံအရ ဘာမျှပြုစရာမလိုပဲ အလှူခံရသူက ပြုရကြောင်း၊ မိမိကိုယ်တိုင် သုံးစွဲလိုလျှင်မူ ဝိကပ္ပနာ သို့မဟုတ် ပရိကမ္မာရစောဋ္ဌ အဓိဋ္ဌာန် တင်ရကြောင်း မိန့်တော်မူပါသည်၊ သပိတ်၌လည်း အသစ်ကို အဓိဋ္ဌာန်တင်စေ၍ သပိတ်ဟောင်းကို ဝိကပ္ပနာ ပြုစေတော်မူ ပါသည်။

စစ်ဆေးခိုင်း။ ။ရဟန်းသစ်များ၏ သင်္ကန်း သပိတ် ခဲတံ ဗလာစာအုပ် စသော ပစ္စည်း မှန်သမျှ အဟောင်း အသစ်အားလုံးပင် နိဿဂ္ဂိယပစ္စည်းဟုတ်မဟုတ် တခုချင်း (စာချုပ်ကြီးတပါးကို) စစ်ဆေးစေသည်၊ နိဿဂ္ဂိယပစ္စည်းဖြစ်နေလျှင် မိဘစသူအား အပိုင်အစွန့်ခိုင်းတော်မူ၏၊ ပြီးလျှင် သူတို့က ပြန်လှူမှ သင့်လျော်သော ဝိနည်းကံပြုရသည်။

နိသီဒိုင်။ ။ရတနဝဂ်, သတ္တမသိက္ခာပုဒ်၌ "နိသီဒိုင်"ခေါ် သုက်နှီး သင်္ကန်းကို ပညတ်တော်မူ၏၊ ထိုသင်္ကန်းကို စက်ချုပ်တတ်သော ဦးပဉ္စင်းတပါးကို ပုံစံနှင့် အတိုင်းအတာကို ပြောပြတော်မူကာ အချုပ်ခိုင်း၍ ဩဝါဒထဲ၌ ဖိုးသူတော်တပါးကို ဝတ်ပြုခိုင်းပါသည် ဝိနည်းဆိုင်ရာကို သေသေချာချာ နားလည်စေရန် ပြောပြတော်မူခြင်းဖြစ်ပါသည်။

ထီးသုံးစွဲနည်း။ ။ထီးနှင့်စပ်၍မူ များသောအားဖြင့်အရောင်းဆိုင် များက ပုံစံတမျိုးတည်းသာပြုလုပ်ထား၍ အကြီး အလတ် အငယ်သာကွာခြား၏၊ သို့ဖြစ်၍ အပ်မအပ်

နိသီဒိုင် *
(သုက်နှီးသင်္ကန်း)




ပုံ၌ နှိပ်သီးတပ်ထားသည်၊ ကြယ်သီးလည်း တပ်နိုင်သည်၊ ရှေ့က သင်္ကန်းနားပတ်ကြိုးကဲ့သို့ ကြိုးများတပ်ထားသည်။

* ပါတိမောက်ဘာသာဋီကာနှင့်တွဲကြည့်ပါ။

ဘေးတစကိုလည်းပေါ်ကြား
မှပင်ယူပါ။




လယ်အစကိုပေါ်အကြားမှ
ကာန့်ပ်သီးနှံပ်ပြီး....



နိသီဒိုင်ကို....ရွေ့မှထား၍ဖြစ်စေ



နောက်မှထား၍ဖြစ်စေ...





စိစစ်ဖို့ရာလွယ်ကူ၏၊ ထီးရိုးထိပ်၌ ရေအိုးငယ် (ကြာဆိုက်အိုး) ခြသေ့စသော အရုပ်များတပ်ထားတတ်၏၊ ထိုအရုပ်များကို ဖျက်ပြီးမှ ထိုထီးကို သုံးစွဲရသည်၊ ဆရာတော်သည် ထီးကိုသုံးစွဲခါနီး ထီးထိပ်က ချွန်နေသော အဖုက်လေးကို ဖျက်လိုက်ပါသည်၊အရိုးဌ အောက်ပိုင်းဝယ် အရေးအကြောင်းများ ခြစ်၍ထားတတ်၏၊ထိုအရေကြောင်းကိုလည်း ဓားဖြင့် ဖြတ်၍ဖြစ်စေ၊ အရေးမပေါ်စေပဲ အရိုးနှင့်အရေး တပြေးတည်းဖြစ်အောင် ကြိုးငယ်တို့ဖြင့်ရစ်ပတ်၍ ဖြစ်စေ ထီးကိုသုံးစွဲတော်မူပါသည်။

ယပ်တောင်။ ။ဆရာတော်သည် ထီးကို မိုးရွာချိန်၌သာ သုံးစွဲခွင့်ပြုပါသည်၊ နေပူကိုကာကွယ်ရန်အတွက်မူ ထီးအစား ယပ်ကိုအသုံးပြုရပါသည်၊ ယပ်တောင်များကို ယခုခေတ်ဝယ် ပစ္စည်းအမျိုးမျိုးဖြင့် ပုံစံအမျိုးမျိုးပြုလုပ်ကြ၏။

ခါးပန်းကြိုးနှစ်မျိုး။ ။ခါးပန်းကြိုးသည် ပုံစံအမျိုးမျိုးရှိ၏၊ အချုပ်မှတ်ရန်မှာကြိုးများ စုပေါင်း၍ အပြားဖြစ်အောင်ရက်လျှင် "ခါးပန်းပြား" ဖြစ်၏၊ အလုံးဖြစ်အောင်ရက်လျှင် ဧကရွှေကခေါ် ခါးပန်းကြိုးဖြစ်၏။

ယခုခေတ်ခါးပန်းကြိုး။ ။ယခုခေတ် ခါးပန်းကြိုးများကား (၁) ခါးပန်းပြားသက်သက်၊ (၂) ခါးပန်းကြိုးသက်သက် မတွေ့ရပဲ၊ (၃) ခါးပန်းအပြားဝယ်

တဘက်၌သာ ကြိုးပါသော ခါးပန်းပြား၊ (၂) အလယ်၌ ခါးပန်းအပြားဖြစ်၍ နှစ်ဘက်လုံး၌ ကြိုးပါသော ခါးပန်း **ကြိုး** ဤနှစ်မျိုးကို တွေ့ရသည်၊ နှစ်မျိုးလုံးပင် အပ်ပါသည်၊ **ဘာ**ကြောင့်နည်း၊ ကျမ်းစာ၌ ခါးပန်းပြား ခါးပန်းကြိုး နှစ်မျိုး ခွင့်ပြုထားရာဝယ် ၂-မျိုးလုံးရော၍ လုပ်ထားလျှင် မအပ်ဟုပယ်မြစ်ချက် မရှိသောကြောင့်တည်း။

သတိပြု။ ။သို့ရာတွင် သတိပြုဖွယ်ရာမှာ ခါးပန်းကြိုး၌ အကြောင်အကျား၊ဆင်မျက်လုံးပုစွန်မျက်လုံးလို အကွက်အကွက် ကလေးတွေ ပေါ်နေအောင် အဆန်းတကြယ် ရက်ထားအပ်သော ခါးပန်းကြိုးများလည်းရှိသေး၏၊ ထိုအရာကားမအပ်ပါ၊ ထုံးစံအတိုင်းရက်သဖြင့် အကြောင်းကလေးများ **အစင်း**ကလေးများ ထင်နေသည်မှာ အပြစ်မရှိပါ။

ခါးပန်းသီး။ ။ခါးပန်းကြိုး၏ အဖျားကွင်းကလေးဝယ် တပ်ဖို့ရန် ခါးပန်းသီးခေါ် ပစ္စည်းတမျိုးရှိသေး၏၊ ထိုခါးပန်းသီးကို ယခုခေတ်ဝယ် **အမဲ**ရိုး၊ ကြေး၊ သံတို့ဖြင့် ဖြူလုပ်ကြ၏၊ အလယ်က ကြိုးတပ်ဖို့ရန် အပေါက် (ကွင်းကလေး) ပါသည်ဖြစ်စေ၊မပါသည်ဖြစ်စေ အားလုံးပင် အပ်ပါသည်။

မှန်။ ။သာမဏေများ၊ရဟန်းငယ်များသည် ဆွမ်းခံသွားခါနီး စသည်ဝယ် မှန်ကြည့်ချင်တတ်ကြ၏၊ ဝိနည်းတော်၌(၁)မျက်နှာပေါ်မှာ အနာ စသောရောဂါတခုခုရှိလျှင်(၂)

မိမိကိုယ်ကို ငါဘယ်လောက်အိုပြီလဲဟု သံဝေဂယူလိုလျှင် မှန်ကြည့်ကောင်း၏ဟု ခွင့်ပြုတော်မူ၏၊ တခါက ကိုယ်တော်တပါး မှန်ကြည့်နေသည်ကို ဆရာတော်တွေ့သွား၍ အောက်ပါအတိုင်း ပြောတော်မူပါသည်။

သူတော်စင်ဘဝ။ ။တို့ဘဝက မှန်ကြည့်ပြီး အလှပြင်နေရမယ့် ဘဝမျိုး မဟုတ်ဘူး၊ တောင့်တောင့်တင်းတင်းနဲ့ ကျန်းမာအောင်သာနေပြီး ပရိယတ် ပဋိပတ်အလုပ်ကို လုပ်ရမယ့် ဘဝဖြစ်တယ်၊ ဟတ္ထိပါလဇာတ်မှာ ရှင်ဘုရင်နဲ့ ပုရောဟိတ်ကြီးက ရသေ့ယောင်ဆောင်ပြီး ရသေ့အဝတ်အစားမျိုးဝတ်ပြီး ဟတ္ထိပါလထံသွားတော့ ဟတ္ထိပါလက ကြည်ညိုလွန်းလို့ ဒီလိုဥဒါန်းကျူးခဲ့ဖူးတယ် –

စိရဿံ ဝတ ပဿာမိ၊ ဗြာဟ္မဏံ ဒေဝ ဝဏ္ဏိနံ။
ကာသာယ-ဝတ္ထ ဝသနံ၊ ပင်္ကဒန္တံ ရဇသိရံ။

မြှုန်မာပြန်။ ။နတ်မင်းကြီးများ အသွင်သဏ္ဌာန်ရှိ၍ ဖန်ရည်ဆိုးအပ်သော အဝတ်သင်္ကန်းကို ဝတ်ဆင်ထားပြီး သွားမတုံ့သဖြင့် သွားမှာလည်း သွားချေးတွေ့ပေနေလျက် ခေါင်းမလျော်သဖြင့် ဆံပင်မှာလဲ ဖုန်အလိမ်းလိမ်းကပ်နေတဲ့ သူတော်စင်ကြီးများကို တဆယ့်ခြောက်နှစ်ကြာမှ ဖူးမြင်ရပေတယ်နော်။

ဆပ်ပြာမှေး။ ။ဆပ်ပြာမှေး မ သုံး စဲ့ ကောင်း ကြောင်း ကို အားလုံးလောက်နီးနီးသိကြပါ၏၊ သို့ရာတွင် ရှောင်ကြဉ်သူနည်းလှ၏၊ ကျောင်းတိုက်၌မူ ကာ ဘော် လိပ်၊ ဆန်းလိုက်၊ ရွှေဝါဆပ်ပြာများကို အသုံးပြုလေ့ရှိ၏၊ တခါတရံ ဆပ်ပြာမှေးရလာလျှင်မူ ဘုရားအားလှူရ၏၊ တရားကိုပူဇော်သည့်အနေဖြင့် စာအုပ်ဗီရိုအတွင်းမှာ သို့မဟုတ် စာအုပ်ပုံပေါ်မှာထား ရ၏၊ အိပ်ရာဘေး သင်္ကန်းကြား ခေါင်းအုံးအကြားဌ မထားရပါ။

အပ်အောင်သုံးနည်း။ ။မိမိကိုယ်တိုင် အသုံးပြုလိုမူ သပိတ်ဆေးကောင်း၏၊ နံနက်အိပ်ရာထအပြီး နံနေသောပါးစပ်ကို ဆေးကောင်း၏၊ ထူးထူးခြားခြား ကိုယ်ခန္ဓာအနံ့ဆိုးရှားလျှင် သင့်လျော်သလို အနည်းငယ် သုံးစဲ့ကောင်း၏၊ အနာရောဂါရှိလျှင် ဖန်ရည်ဆေးကောင်း၏၊ ရက်ပေါင်းများစွာရေမချိုးရပဲ နာလန်ထကာစ ရေချိုးလျှင် ၁-ရက် ၂-ရက်သုံးစဲ့ကောင်း၏၊ ဆရာတော်သည် ထူးထူးဆန်းဆန်း ဆပ်ပြာမှေးကို တပည့်များအားစွန့်၍ စာအုပ်ကြားထဲမှာထားပါနော်ဟု မှာလေ့ရှိ၏၊ သာမန်ဆပ်ပြာမှေးကိုမူ ပြအပ်ပြီးအတိုင်း လိုအပ်သောသုံးစဲ့နည်းကို ညွှန်ပြတော်မူပါသည်။

လက်သည်းညှပ်။ ။ရှည်နေသောလက်သည်း ခြေသည်း များကိုမဖြတ်ပဲ မထားကောင်းပါ၊ တချို့လက်သန်းလက်ညှိုး စသည်၌လှအောင် သို့မဟုတ် အသုံးပြုရအောင်

လက်သည်းအရှည်ကြီး ထားတတ်ကြ၏၊ ထိုသို့လည်း မထားကောင်းပါ၊ လက်သည်းဖြတ်ရာ၌ ခား ကတ်ကျေး စသည်သုံးစဲ့ကောင်း၏၊ ယခုအခါဝယ် လက်သည်းညှပ်ခေါ် ပစ္စည်းတမျိုးရှိ၏၊ ထိုလက်သည်းညှပ်၌ လက်သည်း ခြေသည်းဖြတ်ပြီးနောက် အဖျားလေးများ ချောနေအောင် ပွတ်တိုက်ဖို့ရန် တံစဉ်းအသေးစားကလေး ပူးတွဲပါရှိတတ်၏၊ ထိုပစ္စည်းကို မ သုံး စဲ့ကောင်းပါ၊ ဥပမာ- လက်သည်းများကို သဘာဝအတိုင်း ညီအောင် ဖြတ်ကောင်းပါ၏၊ သို့ရာတွင်လည်း အဖျားကလေးများ ချောနေအောင် မည်သည့်နည်းနှင့်မျှ မပြုပြင်ကောင်းပါ။

ဆံပင် နှာခေါင်းမွေးစသည်။ ။ဆံပင်နှာခေါင်းမွေး အထက်နှုတ်ခမ်းမွေး အောက်နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများကို ရိတ်ဖြတ်ပစ်ရမည်ဟု ဝိနည်းတော်၌ ခွင့်ပြုထား၏၊ ချိုင်းမွေး ပေါင်ခြံမွေးများကိုမူ အနာရောဂါစသော အကြောင်းမရှိလျှင် မရိတ်မနုတ်ကောင်းပါ။

သကြား ထန်းလျက်စသည်။ ။ဗုဒ္ဓ ဘာ သာ ဝင် များ သည် ညနေစာမစားရသော ရဟန်းသာမဏေများအတွက် ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် အပြစ်မရှိဟုယူဆ၍ ထန်းလျက် ကြံသကာ သကြား ချိုချဉ် ညချင်းသုတ် စတုမဓုတို့ကို ရဟန်းသာမဏေများအား ကပ်လေ့ရှိ၏၊ မိမိတို့ကိုယ်တိုင်လည်း စားသုံးကြ၏၊ ယင်းပစ္စည်းများကို ဆာရုံသက်သက်ဖြင့် မစားကောင်းပါ၊ ထို့ကြောင့် ကျေးဇူးရှင် ဆရာတော်သည် ကျောင်းတိုက်သံဃာများအား ထန်းလျက်ကို

အရည်ကျိုရ တိုက်၏၊ ရာသီဥတုပူပြင်းသော နွေရာသီ၌မူ ရေအေး မန်ကျည်းသီးများဖြင့် ဖျော်ရည်ဖျော်တိုက်၏၊ စတုမဓူကို အားနည်းသော စာချဘုန်းကြီးများ၊ နာလန်ထစ ဂိလာနများအား ဝေတော်မူလေ့ရှိသည်၊ ညချင်းသုတ်ကိုမူ လုံးလုံးခွင့်မပြုပါ။ (ညချင်းသုတ်မအပ်ပုံကို ပါတိမောက် ဘာသာဋီကာ၌ အကျယ်စိစစ်ထားသည်။)

တုံးကြီးခေါက်။ ။ကျောင်းတိုက်၌ ဆောင်းနွေမိုး ရာသီအလိုက် အရဏ်မတက်မီ တနာရီခန့်ကြိုတင်၍ တုံးကြီးများခေါက်၏၊ တုံးကြီးများမှာ (၁) စေတီ တော်အနောက်ဘက်တုံးကြီး (၂)အရှေ့ဥယျာဉ်တုံးကြီး (၃)အောင်ခြင်းရှစ်ပါး ကျောင်းတိုက်မှတုံးကြီး၊ ဤတုံးကြီးများကို တပြိုင်နက်ခေါက်ရသည်၊ ခေါက်ပုံမှာ ရှေးဦးစွာတုံးတော့သည်အနေဖြင့် ခပ်သွက်သွက် ဆက်ကာဆက်ကာ ခေါက်ပြီးလျှင် ဟေတုပစ္စယော အာရမ္မဏပစ္စယောစသော ၂၄-ပစ္စည်းကိုရွတ်လျက် တချက်ချင်း လေးလေးမှန်မှန် ၂၄-ချက်တိတိ ခေါက်ရသည်။

အိပ်ရာမှထ။ ။ထိုတုံးခေါက်လျှင် ငယ်ရွယ်သူကိုရင်နှင့် သူတော်ကလေးများ ဂိလာနများမှလွဲ၍ သံဃာအားလုံး အိပ်ရာမှထကြရ၏၊ ကျင်ကြီးကျင်ငယ်စွန့်၊ မျက်နှာသစ်ပြီးနောက် သင့်လျော်သော ဣရိယာပုထ်ဖြင့် ဗုဒ္ဓါနုဿတိဘာဝနာစသော တရားတမျိုးမျိုးဖြင့် ငြိမ်သက်စွာ နေကြရ၏၊ ယာဂုကျို, ဆွမ်းပြင် စသည်တာဝန်ရှိသူများကမူ ဆိုင်ရာတာဝန်ထမ်းဆောင်ကြရ၏။

သဟသေယျ။ ။အရဏ်မတက်မီ အိပ်ရာထရခြင်းမှာ ကုသိုလ်ယူနိုင်ရန်လည်းဖြစ်၏၊ ရဟန်းသာမဏေများစုပေါင်း၍ နေကြရသော ကျောင်းများ၌ လူ သာမန်တို့နှင့်အတူ သုံးညဉ့်ထက်ပို၍အိပ်လျှင် သင့်ရောက်သည့် သဟသေယ္ယခေါ် အာပတ်မှလည်း လွတ်စေရန်ဖြစ်၏။

လူည့်သည်။ ။ကျောင်းတိုက်သို့ ဟိုမှဒီမှ မိမိတို့ဆွေမျိုး ကိုရင်ဦးပဉ္စင်း ရှိသော မိဘဦးကြီး **ဦးလေးစသော** သူတို့ ရောက်လာတတ်၏၊ ဆရာတော်သည် လူည့်သည်များကို အမျိုးသားဖြစ်လျှင် မိမိတို့ဆိုင်ရာကျောင်းများ၌ အိပ်ခွင့်ပြုပါ၏၊ အမျိုးသမီးများကိုမူ မည်သူတဦးတယောက်ကိုမျှ လုံးဝအိပ်ခွင့်မပေးပါ၊ မြောက်ဘက် ဇရပ်ဝင်းအတွင်းသို့ ပို့ကြရပါသည်၊ ဇရပ်ဝင်း၌ ဆိုင်ရာကိုရင်များက ဖျာ သင်ဖြူးစသည်ကို ကြောင့်ကြစိုက်၍ ရှာပေးရ၏၊ စောင့်ရှောက်ရ၏၊ စကားပြောလို့မူ တိုးတိုးတိတ်တိတ် ပြောခွင့်ရ၏၊ သို့ရာတွင် ကိုရင်များမြောက်ဘက်ဇရပ်ဝင်း၌ အိပ်၍ မစောင့်ရှောက်ရပါ၊ **အချိန်ကျ**လျှင် ပြန်လာရ၏၊ နံနက်ဩဝါဒပေးခါနီးမှ သွားရှာခေါ်ရ၏။

ဝန်ဆောင်များအား၊ စောင့်ရှောက် ။ကျောင်းတိုက်၌ သံဃာကြီးများ၊ ကျောင်းဘုန်းကြီးများ၊ စာချဝန်ဆောင်များရှိကြ၏၊ ဆရာတော်သည် ထိုပုဂ္ဂိုလ်များ၏ စားရေး ဝတ်ရေး ကျန်းမာရေးများကို စီမံတော်မူ၏၊ စားရေးအတွက် သံဃာကြီးများအား နံနက်နေ့

လယ်ဝယ် ဟင်းတခွက် အပိုစီမံပေးတော်မူ၏၊ နံနက်၌ ပဲပြုတ်ငံပြာရည်ဖြင့်ဆွမ်းစားကြရာ သံဃာကြီးများအတွက် ငါးပိချက်လို့ သို့မဟုတ် ချဉ်ရည်ဟင်းလို့ ဟင်းတခွက်ပို၏၊ နေ့လယ်၌ အသားနှင့်ရောထားသော ဟင်းတမျိုးနှင့် မုန့်, ငှက်ပျောသီး, နာနတ်သီးစသည် အနည်းငယ်ပိုပေး၏၊ထိုပစ္စည်းများသည် မိမိ၏ ပုဂ္ဂလိကထဲမှ သုံးစွဲသည်သာများ၏၊ ဝတ်ရေးအတွက်မူ စာချဝန်ဆောင် အားလုံးကိုပင် ဆပိတ်သက်နှံး ဖိနပ်မရှိလျှင် လာယူလှည့်ပါဟု ဆရာတော်က ဖိတ်ထား၏၊ လာယူလျှင်လည်း ကြည်ကြည်ဖြူဖြူဖြင့် ပေးတော်မူသည်။

ကျန်းမာရေး။ ။စာချဘုန်းကြီးများနှင့် မိမိ၏ ကျမ်းစာကို ကူညီကြသော ကျမ်းပြုဝန်ဆောင် တပည့်များအားမူ နွားနို့ အလှည့်ကျတိုက်ခြင်း၊စတုမဓူဝေခြင်း၊ဖျော်ရည်ဝေခြင်း၊မကျန်းမာလျှင် ပရုပ်ဆီ ရှူဆေးမှစ၍ ဆေးပစ္စည်းထောက်ပံ့ခြင်း၊ဆေးထိုးရလျှင် ဆေးဖိုးအကုန်အကျခံခြင်းများပြုတော်မူ၏၊ နာလန်ထစဖြစ်လျှင် "မြေ့ကုတင်က ဆွမ်းကျောင်းမှာစားနော်၊ဆွမ်းခံမထွက်သေးနှင့်"ဟု မှာတော်မူ၏၊ ဝန်ဆောင်ပုဂ္ဂိုလ်များ ခရီးသွားလျှင်လည်း ဆိုင်ရာဆိုင်ရာ ခရီးစရိတ် (ခရီးလက်မှတ်) အတွက် ဒကာကြီးဆီမှာ (ကပ္ပိယကာရက ဒကာကြီးကျော်ကို ဆို လို သည်၊) ဘုန်းကြီး အတောင်းနဲ့ လက်မှတ် ၅၀-တန်တောင်းပါ စသည် မိန့်လေ့ရှိ၏၊ ရထားပေါ် စသည်၌ စားဖိုရာ စားစရာများလည်း စီမံတော်မူ၏။

စာချဘုန်းကြီးမိဘ။ ။ဤမျှမကသေးပါ၊ စာချဘုန်းကြီးမိဘများအားလည်း စုမ်းနှိုင်သမျှ စောင့်ရှောက်တော်မူသော်၏ တဘက်-စောင် စသည်စွန့်တော်မူသော်၏၊ စွန့်လိုလျှင်တိုက်ရိုက်မစွန့်ပါ၊ တပည့်ဖြစ်သူ စာချဘုန်းကြီးကိုခေါ်၍ "ဒီ စောင် ကို မင်းတရက်နှစ်ရက်သုံးပြီး မင်းဒကာကြီးစွန့်လိုက်ပါ"ဟု ပြောတော်မူပါသည်၊ထိုသို့ပြောရခြင်းမှာ ဝိနည်းတော်၌ (၁) မိမိ၏မိဘနှင့် (၂) မိမိ၏ဝေယျာဝစ္စပြုသူများအား မိမိပိုင်ပစ္စည်းစွန့်ကောင်း၏၊ သာသနာတော်နှင့်စပ်၍ သုံးစွဲရန်လှူထားအပ်သော ပစ္စည်းကို သူတပါး (လူများအား) ပေးသည်ကိုမြင်လျှင် အလှူရှင်တို့၏ သဒ္ဓါတရားပျက်တတ်၏၊ သို့ဖြစ်လျှင် ရဟန်းမှာ သဒ္ဓါဒေယျဝိနိုပါတခေါ် အာပတ်တမျိုး သင့်ပါသည်၊ ထိုအာပတ်မှ ရှောင်ကြဉ်တော်မူလို၍ တိုက်ရိုက် မပေးခြင်းဖြစ်သည်။

ကျောင်းတိုက်ပစ္စည်းများ။ ။ဒီကျောင်းမှာ ကျောင်းတွေ့မှန်သမျှအပ်အပ်စပ်စပ်ချည်းပဲ၊ နိဿဂ်ပစ္စည်းဆိုလို့ သံကလေးတချောင်း တောင်မပါစေရဘူး၊ စားစရာလဲ ပဲဆေးတစိကအစ အပ်အပ်စပ်စပ်ချည်းပဲ၊ တခါတရံ ဟိုကဒီကကိုယ်တော်ကလေးတွေ ပြန်လာတော့ ပဲကလေးတွေ ဆီကလေးတွေပါလာတယ်၊ အလှူမခံခဲ့ကြပါနဲ့၊ မိဘဆွေမျိုးစသူဖြစ်ယင်တော့ တောင်းကောင်းပါတယ်၊ ဘုန်းကြီးဘက်က ဒီကျောင်းမှာ တရားအားထုတ်လို့ ပေါက်မြောက်နိုင်သည်အထိ အပ်အပ်စပ်စပ် ဝိနည်းတော်နှင့်ညီအောင် စီမံထားတာပါ၊

မအပ်စပ်ယင်နိုဆက်ဂိမပြောနဲ့ ဒုက္ကဋ္ဌ အာပတ်ကလေးကတောင် ဈာန်မဂ်ဖိုလ်ကိုတားနိုင်တယ်၊ ဒါကြောင့်မို့ ကိုယ်တော်တို့ သပိတ်သင်္ကန်းစတဲ့ ပစ္စည်းတွေကို ကိုယ်တော်တို့ဘာသာ အပ်စပ်အောင်လုပ်ထားကြပါ၊ စားပင်သောက်ပင်တွေကို ရဟန်းများက ရေမလောင်းကြပါနဲ့၊ခပ်တော့ပေးကောင်းပါတယ် "ကိုရင် ရေသိပါ" လို့လဲခိုင်းကောင်းပါတယ် သစ်ပင်စိုက်တဲ့အခါမှာလဲ "ကိုရင် ဒီအုန်းပင် ဟိုနေရာရွှေ့ သိစမ်းပါ" စသည်ဖြင့် အပ်အပ်စပ်စပ်ခိုင်းကြပါ၊ ဆရာတော်သည် ဤသို့မကြာမကြာ မိန့်တော်မူကာ ကျောင်းတိုက်တခုလုံး ပစ္စည်းလေးပါးနှင့်စပ်၍ ဝိနည်းနှင့်ညီအောင် စီမံတော်မူသည်။

ကပ္ပိယကုဋိ။ ။ပင်ကိုက အပ်စပ်သော ကျောင်းပင်ဖြစ်စေ ကပ္ပိယကုဋိ (အပ်စပ်သောကျောင်းငယ်) ဟု ခေါ်သော ကျောင်းဖြစ်အောင် ဝိနည်းကံပြုရသေး၏၊ ဆရာတော်သည်ကျောင်းအသစ်ဆောက်လျှင် (ကြီးကြီးငယ်ငယ်) အုတ်မြစ်ချသောနေ့ သို့မဟုတ် တိုင်ထူသောနေ့ဝယ် ပထမဆုံး အုတ်(သို့မဟုတ်)တိုင်ကို ဝိနည်းနားလည်သော ရဟန်းနှစ်ပါး သုံးပါးကိုင်စေ၍ "ကပ္ပိယကုဋိ ကရောမ" (သုံးခေါက်ဆို)စေ၍ ကပ္ပိယကုဋိ ပြုတော်မူပါသည်၊ တခါတရံ စာချုပ်နှိုးကြီးများအား ခိုင်းတော်မူသည်၊ ကျောင်းပြီး၍ ရေစက်ချလျှင်လည်း "ဣမံဝိဟာရံ ကပ္ပိယကုဋိံ သံဃဿဒေမ" ဟုဆို၍ စာချုတော်မူသည်၊ ထိုသို့ ကပ္ပိယကုဋိ မပြုအပ်သော ကျောင်းဝယ် ဆွမ်းဆွမ်းဟင်း ငှက်ပျောသီးစသော ယာဝကာလိက (မွန်းမလွဲခင်

စားကောင်းသော) ပစ္စည်းများ၊ ဖျော်ရည်စသော ယာမကာလိက (ည၌အခါသောက်ကောင်းသော) အဖျော်များ တည့်၌ သိမ်းမထားကောင်းပါ၊ သိမ်းထားလျှင် အန္တေဝုဋ္ဌ – ကပ္ပိယကုဋိမဟုတ်သောကျောင်း၌ ထားအပ်သောပစ္စည်းကို သုံးစွဲမှု ကြောင့်သင့်သော အာပတ်တမျိုးမှ မလွတ်နိုင်ပါ။

လက်ဖက်ရည်။ ။ကျောင်းတိုက်၌ မွန်းလွဲလျှင် ကွမ်းမစားရ၊ ဆေးမဝါးရပါ၊ လက်ဖက်ခြောက် ပါသော လက်ဖက်ရည်ကိုလည်း မသောက်ရပါ၊ ဆေးလိပ်ကိုမူ ကျန်းမာသူ မကျန်းမာသူအားလုံး နေ့လွဲမလွဲအခါခပ်သိမ်း ရှောင်ကြဉ်ကြရပါသည်၊ သောက်လျှင် တိုက်မှုထွက်သွားရသည်အထိ အပြစ်ကြီးပါသည်။

စတ္တုဒ္ဒေ။ ။ရဟန်းသာမဏေအားလုံး နဝကမ္မခေါ် ဒွေများကို မိမိ၏ သေတ္တာစသည်၌ သိမ်းဆည်းမထားရပါ၊ဖိုးသူတော်ကလေးများထံသို့ သို့မဟုတ် မြောက်ဘက်ဇရပ်ဝင်းရှိ ကပ္ပိယကာရကများထံ လွှဲအပ်ထားရ၏၊ သူတို့က ဘုရား "တပည့်တော် ဖိုး(ဇီနဝံသ)ထံ အပ်စပ်သော ဝတ္ထု ၁၀-တန် (၁၀၀)ကို အလိုရှိသောအခါ တောင်းတော်မူပါ အရှင်ဘုရား၊ လုံခြုံရာအရပ်ကိုလည်း ညွှန်ပြတော်မူပါအရှင်ဘုရား" ဤသို့အပ်စပ်အောင် လျှောက်ကြသည်၊မိမိက ဖိုးသူတော်ထံမှာလုံခြုံသည်၊ ဒေါ်ရှမ်းထံမှာလုံခြုံသည်၊ ဒကာ ကြီး ကျော် ထံမှာလုံခြုံသည်စသည်ဖြင့် ညွှန်ပြရ၏၊ ပစ္စည်းအလိုရှိမှ "ဖိုးသူတော် ဗလာစာအုပ် ၂-ကျပ်တန်အလိုရှိသည်၊ ဖိနပ် ၁၀-တန် အလိုရှိသည်"

စသည်ဖြင့် တောင်းရသည်၊ (၂-ကျပ်တန် ၁၀-တန်ဟု ဆိုရာ၌ ဝတ္ထုဥစ္စာကိုဆိုလိုသည်မဟုတ်၊ ၂-ကျပ်တန်ဖိုးရှိသော ၁၀-တန်ဖိုးရှိသော ပစ္စည်းကိုဆိုလိုသည်။)

မဂ္ဂင်းစသည်။ ။ဝတ္ထုဥစ္စာ သာမက မိမိ၏ သေတ္တာထဲ၌ ဒကာမဓာတ်ပုံ၊မဂ္ဂင်းစာအုပ်၊ဝတ္ထုစာအုပ်၊ ခိုက်ရန်ဖြစ်ပွားမည့် ဓားစသော လက်နက်များကို သိမ်းဆည်းမထားရပါ၊ ကြည့်ရှုကိုင်တွယ်မှုလည်း မပြုရပါ၊မိန်းမဓာတ်ပုံပါသော ပြက္ခဒိန်ကိုဆွဲချိတ်မထားရပါ၊တခါတရံသေတ္တာအားလုံးဖွင့်၍ စစ်တော်မူသည်။

ကော်ဇော။ ။ဆရာတော်သည် ဝိနည်းတော်နှင့် မလျော်သော ပစ္စည်းမှန်သမျှကို မ သုံး စွဲ စေ လို ပါ၊ ဥပမာ- ပန်းပြောက်ပါသော ခေါင်းအုံးဖုံးစသည်, အလှန်လှုပသောမျက်နှာသုတ်ပဝါစသည်များတည်း၊ သားမွေးကော်ဇော ကြီးများကို မိမိအိပ်ရာ ခုတင်ပေါ် ဝယ် ခင်းမထားရပါ၊ကျမ်းပြင်အပေါ်၌မူ ဘုမတ္ထရဏအဖြစ်ဖြင့်ခင်း၍ ထိုင်ကောင်းပါ၏၊ ထို့ကြောင့် ဆရာတော်သည် သားမွေး ကော်ဇောကြီးများကို အေးသောရာသီဝယ် ဥပုသ်ပြုစဉ် ရဟန်းခံစဉ် သံဃာများထိုင်ရန် ခင်းခိုင်းလေ့ရှိသည်။

(ချည်ကော်ဇောမူ အိပ်ရာပေါ်ခင်းကောင်းပါ၏။)

တံပူနှင့် သွားတိုက်ဆေး။ ။တံပူနှင့်သွားတိုက်ဆေး သွားတိုက်တန်များသည် စားဖို့မဟုတ်၊ ခန္ဓာကိုယ်သန့်ရှင်းဖို့ သုံးစွဲအပ်သော ပစ္စည်းဖြစ်၍ ဥဒကဒန္တ


ပေါ်ဏာသိက္ခာပုဒ်အရ အပြစ်မရှိ၊ သို့ရာတွင်ဆရာတော်သည် တံပူစားယင်း သွားတိုက်ဆေးဖြင့် သွားတိုက်ယင်း ဝမ်းထဲရောက်သွားလျှင် သံသယရှိဖွယ်ဖြစ်၍ ယင်းပစ္စည်းများကို အကပ်ခံခိုင်းလေ့ရှိ၏၊ မွန်းမလွဲမီ နံနက်အခါ၌သာ သုံးစွဲစေလိုပါသည်၊ တံပူသည် လက်လေးသစ်ထက်မတိုရ၊ တထွာထက်လည်းမရှည်ရပါ။

ရေစစ်သောက်။ ။သန့်ရှင်းကြည်လင်၍ အကပ်ခံဖွယ် မလိုသောရေကို ဆရာတော်ကစစ်၍ သောက်မှကျေနပ်တော်မူသည်၊ ရဟန်းများရေမစစ်လျှင် လွန်စွာအပြစ်တင်တော်မူ၏၊ သာမဏေများ ရေမစစ်လျှင် "ကိုရင်ဆိုတော့ အကပ်ခံရမယ့်တာဝန်မရှိလို့ရေမစစ်ပဲသောက်တာအပြစ်မရှိဘူး၊ ဒါပေမယ့် အလေ့အကျင့်ရအောင် မပေါ့မဆသောက်ပါ"၊ ဤသို့မိန့်တော်မူ၏၊ ဒါ့အပြင် ဆွမ်းစားပြီးကာစ မဿန့်ရှင်းသော လက်ဖြင့် ခွက်ကိုကိုင်၍ ပါးစပ်မဆေးပဲ သောက်ခြင်းကိုလည်း အထူးတားမြစ်တော်မူ၏၊ ထို့ကြောင့် ကျောင်းတိုက်၏ရေအိုးစင်များ၌ ဓမကရိုဏ်ခေါ် ရေစစ်ကလေးများထား၍ အောက်ပါစာတန်းကို ရေးလျက် သတိပေးထားပါသည်၊ "ဆွမ်းစားပြီးနောက် လက်နှင့်ပါးစပ်ကို ဆပ်ပြာဖြင့်ဆေးပြီးမှ ဤရေကို စစ်၍သောက်ပါ" (အထက်က အပေါက်ကလေးကို လက်ဖြင့်ပိတ်၍ စစ်ရသော ဓမကရိုဏ်ရေစစ် ရေအိုးပေါ်၌ထား၍ ရေလောင်းသောအခါ စစ်ရသော အဝတ် ရေစစ်ဟု ၂-မျိုးရှိသည်။)

မူသုံးချက်။ ။ပြအပ်ပြီးသော အကြောင်းအရာများကို ပြန်၍ စိစစ်လျှင် ဆရာတော်သည် ပစ္စည်းတခုခု့ (၁) ဝိနည်းတော်နှင့် လျော်ခြင်း၊ (၂) အကုန်အကျနည်းပါးခြင်း၊ (၃) ကျန်းမာရေးနှင့်ညီညွတ်ခြင်း၊ ဤ သုံး ချက် ကို မူ ထား ကြောင်း တွေ့ရမည်ဖြစ်၏၊ မှန်၏၊ ဆရာတော်သည် ဆွမ်း သက်နှံး ကျောင်း ဆေး ပစ္စည်းလေးပါး၌ ငယ်စဉ်မှစ၍ ပျံတော်မူသည်အထိ ကိုယ်တော်တိုင် ခြုံးခြံသုံးစွဲတော်မူသည်အထိ ကိုယ်တော်တိုင် ခြုံးခြံသုံးစွဲတော်မူရုံမျှမက တပည့်များအားလည်း ခြုံးခြံသုံးစွဲဖို့ရန် မကြာမကြာ ညွှန်ပြတော်မူသည်။


မှတ်ချက်။ ။''ကိုယ်တော်တို့အားလုံး မှတ်ထား ကြပါ၊ ဘုန်းကြီးက ပါဠိအဋ္ဌကထာတွေ ကြည့်တဲ့အခါ မှတ်ချက်ယူတယ်၊ ကြည့်ရုံသာ ကြည့်တာမဟုတ်ဘူး၊ ရှေး သူကောင်းတွေဟာ ဘယ်လို၊ ရှေးခေတ်သာသနာဟာ ဘယ်လို ဆိုတာ သတိထားတယ်၊ ဗုဒ္ဓမြတ်စွာလက်ထက်က သာသနာကို ကြည့်ပါ။


ပဝါရေစစ်သုံးပုံမှာ အများသိပြီးဖြစ်ပါသည်၊ ဓမကရိုဏ် ရေစစ်သုံးနည်းကိုသာ ပုံဖြင့်ပြထားသည်၊ [ဓူဠ္လတိသဒ္ဒါကရော-တီတိဓမကရဏံ=ရေထဲနှစ်လိုက်သောအခါ ''ဓူ'' ဟု မြည်တတ် သောကြောင့် ဓမကရဏဟုခေါ်သည်၊ ထိပ်၌ အဝတ်ပိတ်၍ ချည်ရသည်။




ပရိဿာဝန (ပဝါရေစစ်) နှင့် ဓမကရဏ (ဓမကရိုဏ်ရေစစ်)

ဤသို့ လက်မကိုဖွင့်၍ကိုင်ကာ....






လက်မကို ဖွင့်လျက်ပင်
ဤသို့ရေထဲ၌နှစ်၍....




မယူလျက်....

သောက်ရေခွက်ကို အောက်မှခံကာ လက်မကို ဖွင့်လိုက်လျှင်အပ်စပ်အောင်စစ်ပြီး ရေကို ရနိုင်ပါသည်။



ဤသို့လက်မဖြင့်ပိတ်ကာ



ကျောင်းတွေပြင်။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး သုံးလ အကြာမှာ ပထမသင်္ဂါယနာတင်တယ်၊ သင်္ဂါယနာတင်ဖို့ ရာဇဂြိုဟ်မြို့ကို နေရာရွှေးပြီး အဲဒီကြွသွားကြတော့ ရာဇဂြိုဟ်က ကျောင်းတွေ ပျက်နေတာ၊ပေါက်နေတာတွေလို့ တလလုံးလုံး ကျောင်းပြင်ရတယ်၊ အရှင်မဟာကဿပ ကိုယ်တော်တိုင်လဲ ကျောင်းပြင်တယ်၊ ရဟန္တာအရှင်မြတ်ကြီးတွေပါတယ်၊ မြတ်စွာဘုရား ကဆုန်လပြည့်နေ့မှာ ပရိနိဗ္ဗာန်စီတော်မူပြီးလို့ ဝါဆိုလဆိုတော့ နှစ်လပဲကြာသေးတယ်၊ ဒီနှစ်လအတွင်းမှာ တချို့ကျောင်းတွေပျက်, တချို့ကျောင်းတွေပေါက်တယ်လို့ ဆိုတော့ ဒီကျောင်းကြီးတွေလို့ သွပ်မိုးတွေနဲ့ အုတ်တိုက်ကြီးတွေ, ပျဉ်ထောင်ပျဉ်ကာတွေ ဟုတ်ပါ့မလား၊သက်ကယ်မိုး, ဝါးကပ်မိုး, ထရံကာနေမှာပေါ့။

ကျောင်းမကောင်း။ ။ရာဇဂြိုဟ်မှာ ကျောင်းတိုက်ကြီးတွေ ရှိလို့ သံဃာငါးရာ နေလောက်တယ် ဆွမ်းခံလို့လဲ လှယ်ကူတယ်ဆိုပြီး နေရာရွှေးတာပဲ၊ တကျောင်းတလေတော့လဲ ကြီးကြီးမားမားရှိမှာပေါ့၊ အများစုက ,ယခုခေတ် ကျောင်းတွေလောက် မကောင်းပါဘူး၊ဆိုပါတော့ပေါ့၊ ဒီကျောင်းလောက် မကောင်းပါဘူး။

သင္ဃေးဆွမ်း။ ။တခါဆွမ်းကျပြန်တော့လဲ အားလုံးပဲ ဆွမ်းခံဘဉ်းပေးရတယ်၊ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်လဲ ဆွမ်းဘဉ်းပေးတော်မူတယ်၊အနာထပိဏ်တို့ ဝိသာခါတို့အိမ်မှာ သံဃာငါးရာ,တထောင်,နှစ်ထောင် နေ့စဉ်ဆွမ်းကပ်တယ်လို့ဆို

တယ်၊ ဟင်းကောင်းတွေနဲ့မဟုတ်ပါဘူး၊ ကုလားတွေထုံးစံအတိုင်း ကုလားပဲဟင်း ပြစ်ပြစ်တခွက်နဲ့ သရက်သီးသနပ်လို့ အချဉ်တခွက်၊ဒီနှစ်ခွက်ပါပဲ၊ကျမ်းစာမှာ သပို့ နဝနီတ စတဲ့ ကိုးမျိုးလောက်ကို ကောင်းမွန်တဲ့အစာလို့ သတ်မှတ်ထားတယ်၊ ဒါလဲမကြီးကျယ်ပါဘူး၊ဆွမ်းကို ထောပတ်ကလေးဆမ်းစားရ, ဆီကလေးဆမ်းစားရ, ပျားရည်ကလေးနဲ့ နယ်စားရ, သကာရေကလေးနဲ့ နယ်စားရလျှင် အကောင်းအမွန်ပါပဲ။

ယသော်ဓရာဘိက္ခုနီ။ ။ဒါမျိုးကို တို့တတွေအမြဲလိုလို စားနေကြရတာပဲ၊ တခါက ယသော်ဓရာဒေဝီဖြစ်တဲ့ ဘိက္ခုနီ လေနာနေလို့ ဘာမှသောက်စရာမရှိဘူး၊ ရာဟုလာ ကိုရင်ကလေးက မယ်တော် ဘာဖြစ်တာပါလဲမေးတော့ လေနာနေတယ် သားတော်၊ ဘာ ဖြင့် ပျောက် တတ်ပါတုန်း၊ နန်းတော်မှာနေစဉ်က သရက်သီး ဖျော်ရည်ကလေး သောက်ယင် ပျောက်တာပါပဲလို့ ပြောတော့ ရှင်ရာဟုလာက သရက်သီးဖျော်ရည် ရှာမပေးနိုင်ဘူး၊ မှိုင်နေတယ်။

သရက်ဖျော်ရည်။ ။အရှင်သာရိပုတ္တရာက ကိုရင် ရာဟုလာ မှိုင်နေတာတွေ့လို့ မေးတော့ ဒီလိုဒီလိုပဲ မယ်တော် လေနာထနေလို့ သရက်သီးဖျော်ရည် တိုက်စရာမရှိလို့ မှိုင်နေပါတယ်လျှောက်တော့ အရှင်သာရိပုတ္တရာက ကောသလမင်းကြီးနန်းတော် သပိတ်နဲ့ကြွပြီး ဖျော်ရည်အလှူခံပေးရတယ်၊ ကောသလမင်းကြီးက နောင် ယသော်ဓရာ ဘိက္ခုနီ

အတွက်ဆိုလျှင် ပစ္စည်း ၄-ပါး ဖိတ်ပြီးသားပါပဲ လျှောက်ပြီး ဖျော်ရည်သူလိုက်တယ်၊ အဲဒါသောက်မှ ရောဂါပျောက်တယ်။

ဘုန်းကြီးဘဝ။ ။တရံတခါ၌မူ နားလည်အောင် ပြင်းပြင်း ထန်ထန်ပင် ပြောပြတော်မူပါသည်၊ ဘုန်းကြီးတွေက ကိုယ့်လုပ်စာတပြားမှ မပါပဲ စားရတယ်၊ ဒီကြားထဲက ဟင်းမကောင်းယင် ညည်းချင်သေးတယ်၊ဒီလိုမဟုတ်ဘူး၊ ဘာနဲ့စားရစားရ စားနိုင်တယ်၊ ပဲလျော်ကလေးနဲ့စားရ,စားရ စားနိုင်ရတယ်၊ ကျောင်းလဲ သူများ ဆောက်ပေး ထား တဲ့ကျောင်းပဲ၊ **ဘာဂုဏ်ယူစရာရှိသလဲ၊** ဘာမက်မောစရာရှိသလဲ၊ အကြောင်းအားလျော်စွာ ရတော့**လဲ** သာသနာကျက်သရေလို့ သဘောထားပြီး ပရိယတ် ပဋိပတ်**နဲ့** တရားသဖြင့်နေကြပေါ့။

သာသနာ့မူ။ ။ကိစ္စတခု ဆောင်ရွက်ရာ၌မူ ဆရာတော်သည် ၁။ ကုသိုလ်ရ၊ ၂။ အ မျာ း ချမ်း သာ၊ ၃။ အခြိန်မကြာစေသော မူသုံးချက်ကိုအထူး သတိထားတော်မူပါသည်၊ ထို့ကြောင့်ပင် ရဟန်းခံ သိမ်သမုတ်စသည်တို့၌ အခြိန်တိုတိုနှင့် **အကျိုးရှိရှိ** တသက်တာလုံး ဆောင်ရွက်တော်မူခဲ့ပါသည်။

အခြိန်မကြာ။ ။မှန်၏ ကျောင်းတိုက်ဝယ် သင်္ကြန်တွင်း ဝါဆိုဦးတို့၌ ရဟန်းခံ လွန်စွာပေါများ၏၊ ဒုလ္လဘများကို ညနေ ၅-နာရီလောက် မှာ လည်းကောင်း၊ အမြဲနေ သာမဏေများကို နံနက် ၇-နာရီလောက်မှာ လည်းကောင်း ရဟန်းပြုပေးလေ့ရှိ၏၊ ရဟန်းပြုပေးချိန်မှာ **မိနစ်-**

၄၀၊ ၄၅-မိနစ်မျှသာကြာပါသည်၊ ပဲကုန်းသိမ်ကို သမုတ်သောအခါဝယ် ကိုယ်တော်တိုင်ဦးစီး၍ ခပ်ကြီးကြီးစာချုပ်နှင်းကြီး ၂၀-လောက်ဖြင့် ဆယ့်ငါးမိနစ်လောက် အခြိန်အတွင်းမှာပင် အောင်မြင်စွာသမုတ်တော်မူခဲ့ပါသည်၊ သို့ရာတွင် လုပ်သင့် လုပ်ထိုက်သော ကိစ္စများကို ကြိုတင်၍ ပြုလုပ်ထားရပါသည်။

ရဟန်းခံ၌ ပြောပြတော်မူပုံ။ ။ယခု မကြာမကြာ တွေ့ကြုံရသော ရဟန်းခံနှင့်စပ်၍ ဆရာတော် ပြောပြခဲ့သည့်အရာများကို ရေးပါဦးမည်။

ရှင်ပြု။ ။ရဟန်းအဖြစ်ကို ခံယူခြင်းကို ရဟန်းခံဟုခေါ်၏၊ ရဟန်းမခံမီ ရှေးဦးစွာစနစ်တကျ ရှင်ပြုရ၏၊ (စနစ်တကျ ရှင်ပြုပုံကို ရှုပ်**ပုံ** ရှင်ကျင့်ဝတ်၌ရှု၊) ရှင်ပြုရာ၌ ဌာနကရိဏ်း မြို့သစ္စာရွတ်နိုင်၍ ဝိနည်းကျမ်းကျင် သောစာချုပ်နှင်းကြီး ၁-ပါးအား တာဝန်ပေးလေ့ရှိ၏၊ ရှင်ပြုပြီးမှ ဥပဇ္ဈာယ်သွားယူရသည်၊ ရှင်ပြုပြီးအမြဲနေ သာမဏေများ ရဟန်းခံလျှင် စာချုပ်နှင်းကြီးတပါးထံ ဒဏ်တောင်း၍ သရဏဂုံထပ်ယူရ၏၊ ပြီးလျှင် ဆရာတော်ထံ ဥပဇ္ဈာယ်ယူရသည်။

ကပ္ပဗိန္ဒုထိုး။ ။သင်းပိုင် ကေသီ နှစ်ထပ်သက်နှင့် ကိုယ်ပတ်တို့ကို ကပ္ပဗိန္ဒု ကြိုတင်ထိုးထားရ၏၊ ကပ္ပဗိန္ဒု ကြိုတင်မထိုးထားလျှင် ကမ္မဝါစာဖတ်အပြီးဝယ်

ရဟန်းဖြစ်သွားခြင်း မပွဲဗိန္ဒု မထိုးရသောသက်နှံးများကို ဝတ်နေရသဖြင့် သုရာပါနဝဂ်, ဒုဗ္ဗဏ္ဏကာရဏ သိက္ခာပုဒ်အရ ပါစိတ်အာပတ်မှ မလွတ်နိုင်ဟု ဆရာတော်ယူဆတော်မူသည်။

ရဟန်းခံရက်ချုပ်။ ။ရဟန်းခံရက်ချုပ်ကို ကြိုတင်ရေးသားရ၏၊ ရေးပုံမှာ....ရှင် ( )၏ ရဟန်းခံရက်ချုပ်၊

သာသနာတော် သက္ကရာဇ် ၂၅၂၆-ခု၊ ကောဇာသက္ကရာဇ် ၁၃၄၄-ခု၊ ဂိမှ (နွေ)ဥတု၊ ပထမဝါဆိုလဆန်း (၈)ရက်၊ တနင်းလာနေ့နံနက် ( )နာရီ၊ ( )မိနစ်အချိန်တွင် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်အတွင်းရှိ ပဲကုန်းခဏ္ဍသိမ်ဝယ် မဟာဂန္ဓာရုံ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်( )သည် နိမ့်ကျသောသာမဏေအဖြစ်မှ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်သည်။

ပထမ ကမ္မဝါစာဆရာ။ ။ ၁။
၂။
၃။
ဒုတိယ ကမ္မဝါစာဆရာ။ ။ ၁။
၂။
၃။
တတိယ ကမ္မဝါစာဆရာ။ ။ ၁။
၂။
၃။

ကာရကသံဃာ ( )ပါး။
အနုသာသက။
ပုစ္ဆက။
ဩဝါဒါစရိယ။ (ဤပုံစံအတိုင်းရေးထားရသည်။)

သာသနာသက္ကရာဇ်တွက်နည်း။ ။"ရောက်ပြီးကောဇာ, တည်ပြီးခါလျှင်, ဒွေအင်္ဂနှင့်, ကေကော, နှောင်းတုံပါမူ သာသနာသက္ကရာဇ်, အမှန်ဖြစ်၏"ဟူသော လက်ံာအရ ရောက်ပြီးသက္ကရာဇ်ကိုတည်၍ (၁၁၀၂) နှင့် ပေါင်းလျှင် သာသနာသက္ကရာဇ်ဖြစ်၏၊ဥပမာ-ယခုရောက်ဆဲ ၁၃၄၄- ခုတည်၊ ၁၁၀၂ - ခုနှင့် ပေါင်းလျှင် ရလဒ်မှာ (၂၅၂၆)ဖြစ်၏၊ ယင်းသည်ပင် ရောက်ဆဲသာသနာသက္ကရာဇ်ဖြစ်၏၊ ဤကား ဘုရားရှင်ပရိနိဗ္ဗာန် စံဝင်တော်မူရာ မဟာသက္ကရာဇ် (၁၄၀) ခုနှစ်၊ ကဆုန်လပြည့်နေ့ည၊ မိုးသောက်ယံအချိန်မှစ၍ ရေတွက်အပ်သော သက္ကရာဇ်ဖြစ်သည်။

ပရိနိဗ္ဗာန်စံချိန်။ ။(ဝိသာခပုဏ္ဏမ ဒိဝသေ ပစ္ဆူသ သမယေ အနုပါဒိသေသာယ နိဗ္ဗာန ဓာတုယာ ပရိနိဗ္ဗုတေ ဘဂဝတိ လောကနာထေ၊ ဝိ,၄ ၁၊ ၄။) ထို့ကြောင့် မြန်မာနှစ်ဆန်း ၁-ရက်သည် သာသနာနှစ်ဆန်း ၁-ရက်ကားမဟုတ်သေး၊ သာသနာနှစ်ဆန်း ၁-ရက်မှာ ကဆုန်လပြည့်နေ့ည မိုးသောက်ယံ၏ ကုန်လုနီးနီး စက္ကန့်ပိုင်းအချိန်မှ စပေလိမ့်မည်၊ သို့အတွက် ရောက်ဆဲကောဇာစသော တွက်

နည်းကိုချည်း ပုံ၍ အားမကိုးလိုက်ပါနှင့်ဦး၊မြန်မာနှစ် ဆန်းဆန်းချင်း သာသနာနှစ်မဆန်းသေးပါ၊ ဤသို့သေချာစွာတွက်၍ သာသနာသက္ကရာဇ်ကို ထည့်သွင်းပါ၊ ထို့အပြင် ပထမအဆိုင်း ကမ္မဝါစာဖတ်ရာ၌ တတိယကမ္မဝါစာအဆုံး "သော ဘာသေယျ"၌ ယျဟုရွတ်ဆိုချိန်ဝယ် နာရီကိုကြည့်၍ ဆိုင်ရာကွက်လပ်ဖြည့်ပါ။

ရဟန်းခံအစီအစဉ်။ ။ရဟန်းခံအစီအစဉ်ကို လွယ်ကူစွာမှတ်နိုင်စေရန် မဟာဂန္ဓာရုံ စာချုပ်နှင့်တော်ကြီးများသည် မိမိတို့ဘာသာ အတိုကောက်လက်ာ ရေးစပ်ထားကြသည်၊ ကျေးဇူးရှင်ဆရာတော် ပြောလေ့မရှိသော်လည်း ဤ၌အစီအစဉ် မာတိကာအဖြစ်ဖြင့် ထိုလက်ာကို ဖော်ပြပါဦးမည်။

(ဆောင်)။ ။ယူ ပြော သ မုတ်, သွန်သင်းလုပ်, မယုတ် အတောင်းခိုင်း၊ ပုစ္ဆကသမ္မု, ကေန်ပြု, ထိုသို့ အမေးခိုင်း၊ ရဟန်းခံတွက်, ဤ ဂ-ချက်, အကွက်ကျကျပိုင်း။
၁။ ယူ-ဥပဇ္ဈာယ်ယူ၊ ၂။ ပြော-သပိတ်သင်္ကန်းကို ပြောပြု၊ ၃။ သမုတ်-ရဟန်းလောင်းကို သွန်သင်လမ်းပြဖို့ရာ မိမိကိုယ်ကို သမုတ်သော ကမ္မဝါစာဖတ်၊ ၄။ သွန်- ရဟန်းလောင်းကို သွန်သင်၊ ၅။ သင်းလုပ်- ရဟန်းလောင်းကို သြသာရဏဥတ်ဖြင့် သံဃာသို့သွင်းခေါ်၊ ၆။ မယုတ်အတောင်းခိုင်း- ရဟန်းလောင်းကို သံဃာအား ရဟန်းအဖြစ် အပြည့်အစုံ ၃-

ခေါက်ဆို၍ အတောင်းခိုင်း၊၇ ။ ပုစ္ဆကသမ္မု ကေန်ပြု-ရဟန်းလောင်းကို စစ်ဆေးမေးဖို့ရာ ပုစ္ဆကသမ္မုတိ ကမ္မဝါစာဖတ်၍ သမုတ်၊ ၈။ ထိုသူအမေးခိုင်း- သံဃာက ထိုသမ္မုတိရသူအား အမေးခိုင်းသဖြင့် ထိုပုဂ္ဂိုလ်က သံဃာ့ကိုယ်စား ရဟန်းလောင်းအား မေးစိစစ်၊ ဤ ဂ-ချက်သည် ရဟန်းခံမှု၏အစီအစဉ်တည်း။

ဟတ္ထပါသ်။ ။သိမ် ထဲ ဝယ် ကံ ပြု ရာ၌ ၂-တောင့် ထုံ ဟတ္ထပါသ် အတွင်း အားလုံးရောက်နေရ၏၊ ဆရာတော်ကမူ ဟတ္ထပါသ်အတွင်းရောက်ရုံသာမက တပါးနှင့် တပါး ထိနေမှကျေနပ်၏၊ "ဒီအထဲမှာ ရဟန်းမစစ်တဲ့ (ပါရာဇိကကျသူ) ကိုယ်တော်ပါလာလျှင် သူ့ကိုလွှန်၍ ဟိုဘက်က ကိုယ်တော်နှင့် ဟတ္ထပါသ်စပ်အောင်ထိုင်ရတယ်" ဟု ပြောလေ့ရှိ၏၊ တပါးနှင့်တပါးထိအောင် ထိုင်ရာဝယ် ရှေ့နောက် ဝဲယာ ဖြောင့်ဖြောင့်မတ်မတ် အတန်းလိုက် ညီညီညာညာထိုင်ရသည်။

ကမ္မဝါစာကိုင်ပုံ။ ။ကမ္မဝါစာဖတ်မည့် ရဟန်းသည် ဆောင့်ကြောင့်ထိုင်ရ၏ ခါး ကို ဆန့်ထား ရ၏၊ လက်နှစ်ဘက်ကို ဒူးပေါ်တင်ထားရ၏၊ထိုသို့တင်ရာ၌ တတောင်ဆစ်နှစ်ခုကို ဒူးပေါ်တည့်တည့် တင်မထားရပါ၊ အနည်းငယ် ဒူး၏အတွင်းဖက်သို့ ချ၍တင်ထားရသည်၊ဦးခေါင်းကို မငဲ့လွှန်း မမော့လွှန်း ထားရ၏၊ ဤထိုင်နည်းကို ခြေသေ့ထိုင် ထိုင်နည်းဟုဆရာတော်က ပြောလေ့ရှိ၏၊ ထို့နောက် ကမ္မဝါစာကို ဆရာတော်သင်ပြထားသည့်အတိုင်း သေသပ်စွာကိုင်ရသည်။

ပြောပြ။ ။ထိုအချိန်ဝယ် ရဟန်းလောင်းက ဆောင့်ကြောင့် ထိုင်လျက် သံဃာအား လက်အုပ်ချီ၍ ရိုသေစွာ နေရသည်၊ ဤအချိန်၌ ၃-ကြိမ် ရှိခိုးစရာမလိုသေးပါ၊ ထို့နောက် အနုသာသကခေါ် သွန်သင် နည်းပေးလမ်းပြ ပြုမည့် ပုဂ္ဂိုလ်က ဤသို့ပြောရသည်။

ရှေးဦးစွာ ဥပဇ္ဈာယ်ယူစေရမည်ဟု အမိန့်တော်ရှိသော ကြောင့် ငါ့ရှင် ဥပဇ္ဈာယ်ယူဦးလော”၊ (မယူရသေးလျှင် ယူရ၏၊ ယူပြီးဖြစ်လျှင် ယူပြီး ပါ အရှင်ဘုရားဟု လျှောက်ရ၏၊ ရဟန်းလောင်းက မလျှောက်တတ်လျှင် ခုနကယူပြီးပြီ၊ သို့မဟုတ် မနေ့က ယူပြီးပြီဟု ဥပဇ္ဈာယ်က ပြောရ၏၊)

သပိတ်သင်္ကန်းပြော။ ။ ဥပဇ္ဈာယ် ယူစေပြီးနောက် သပိတ်သင်္ကန်းတို့ကို ပြောပြရမည်ဟု အမိန့်တော်ရှိသောကြောင့် “ငါ့ရှင်၏ရွေ့မှာရှိသော ဤသပိတ်သည် ငါ့ရှင်၏ ကိုယ်ပိုင်သပိတ်ဖြစ်သည်၊ သပိတ်ပေါ်မှာ တင်ထားအပ်သော နှစ်ထပ်သင်္ကန်းကြီးသည် ငါ့ရှင်၏ ကိုယ်ပိုင်နှစ်ထပ်သင်္ကန်းကြီးဖြစ်သည်၊ ငါ့ရှင်၏ အထက်ပိုင်းကိုယ်မှာ ရမ်းထားအပ်သော ကေသီသည် ငါ့ရှင်၏ ကိုယ်ပိုင်ကေသီဖြစ်သည်၊ ငါ့ရှင်၏ခါးမှာ ဝတ်ထားအပ်သော သင်းပိုင်သည် ငါ့ရှင်၏ ကိုယ်ပိုင် သင်းပိုင်ဖြစ်သည်”၊ဤနေရာ၌ ဆရာတော်က ဘာကြောင့် ဤသို့ပြောရသည်ကို နားမလည်သေးသော ရဟန်းလောင်းအား ရှင်းပြလေ့ရှိ၏၊ အနေကြာ၍ စာတော်သောရဟန်းများအားမူ ရှင်းမပြပါ။

ရဟန်းလောင်း သံဃာမှထုတ်။ ။သပိတ်သင်္ကန်းတို့ကို ပြောပြပြီးရာ ယခုအခါ၌ ငါ့ရှင်ကို သွန် သင် နည်း ပေး လမ်းပြဖို့ရာ အချိန်အခါရောက်လာပြီ၊ ဤသံဃာတော်တို့၏ အလယ်မှာလည်း သွန်သင်နည်းပေး လမ်းပြဖို့ရာ မသင့်တော်၊ ထို့ကြောင့် သင့်တော်သော အရပ်၌ သွား၍ ရပ်နေချေဦးလော။

မှတ်ချက်။ ။“တချို့က သံဃာတော် တို့၏ ၂-တောင့်ထွာ ဟတ္ထပါသ်မှ လွတ်လောက်ရာအရပ် ၌ဟုဆိုကြတယ်၊ ဟတ္ထပါသ်လို့ စာကမပါဘူး၊ ကမ္မာရဟ ပုဂ္ဂိုလ်ဖြစ်လို့ ရဟန်းလောင်းဟာ ဟတ္ထပါသ်ကလွဲတ်လွတ် မလွတ်လွတ် လိုရင်း မဟုတ်ဘူး “ကေမန္တံ နေတွာ- သင့်တော်သောနေရာသို့ ခေါ်၍”လို့ပါတယ်၊ တခါရဟန်းလောင်းကို ငယူပရိသတ်နှင့် သံဃာ့ပရိသတ်ကြားထဲမှာ ဆုံးမကြတယ်၊ ဒါလဲမဟုတ်ဘူး၊ သံဃာထဲမှာ “နူနာရှိသလား၊ ယောကျ်ားစစ်စစ် ဟုတ်ရဲ့လား”လို့ ရုတ်တရက်မေးယင် ရှက်ကြောက်ပြီး မဖြေဝံ့မှာ မဖြေတတ်မှာစိုးလို့“ငါ့ရှင်ကို ဒီလိုဒီလိုမေးလိမ့်မယ်၊ အမှန်အတိုင်းလျှောက်ပါ” လို့ကြိုတင်ပြီး နည်းပေးလမ်းပြပို့တာပဲ၊မေးယင်ဖြေတတ်အောင် ကြိုတင်ပြီးပြောတာပဲ၊ ဒါကြောင့်မို့ ပရိသတ်ရှေ့မှာ နည်းပေးလမ်းပြမလုပ်ရဘူး၊ သင့်တော်တဲ့ ချောင် ခပ်ကျကျ နေရာမှာ ခေါ်ပြီး နည်းပေးလမ်းပြပို့ရတယ်၊ “ရပ်နေချေ”ဆိုတာကလဲ သိပ်မကြာလို့ပြောတာ၊ ရပ်ယင်းမကြာခင်ပဲ ကိစ္စပြီးမှာမို့ပြောတာ၊ အခုတော့ရဟန်းလောင်းကို ပရိသတ်ကြားထဲမှာ ရပ်ခိုင်း

ပြီး အသံကောင်းကောင်း အသံကျယ်ကျယ်နဲ့ ဆိုတတ်တဲ့သူကို ရွေးပြီးဆုံးမခိုင်းကြတယ်၊ မဟုတ်ဘူး''ဤသို့ ပြောပြလေ့ရှိသည်၊ (ထို့ကြောင့် ကျောင်းတိုက်၌ ရဟန်းလောင်းများကို လူကွယ်ရာအခန်းထဲ၌ရပ်စေ၍ နည်းပေးလမ်းပြပြုလေ့ရှိသည်။)

နာမည်မှည့်။ ။ကမ္မဝါစာဖတ်ရာ၌ ဂ ရ ဂ ါ ရ ဝ ဖြစ်ပါစေ ခြင်းအကျိုးငှာ ဥပဇ္ဈာယ် ဆရာ၏ဘွဲ့တော်ကို အရှင်တိဿဟု အမည်သစ်မှည့်ပါသည်၊ အရှင်ဘုရား၊ ရဟန်းလောင်း၏ဘွဲ့မှာ ရှင် (ဧသက) ဖြစ်ပါသည် အရှင်ဘုရား၊ ရဟန်းလောင်းနှစ်ပါးဖြစ်လျှင် တောင်ဘက် ရဟန်းလောင်းက ရှင်ဇီနောရသ၊ မြောက်ဘက်ရဟန်းလောင်းက ရှင်ဇီနဝံသဖြစ်ပါသည် အရှင်ဘုရား၊(ဤသို့ပြောရသည်။)

မှတ်ချက်။ ။ဥပဇ္ဈာယ်က ကမ္မဝါစာဖတ်သူထက် ဝါကြီးနေယင် ဘွဲ့ရင်းအတိုင်းဖတ်က မရှိသေရာကျမည်စိုး၍ နာမည်မှည့်ရ၏၊ ကမ္မဝါစာ၌ ''နာဂေါ''ဟု ရဟန်းလောင်း၏ဘွဲ့ ထည့်ထား၏၊ ထိုနာမည်ကိုမူ မသုံးပဲ ရဟန်းလောင်း၏ ဘွဲ့ရင်းအတိုင်းပင် ဖတ်ရသည်။

ပတ္တကလွှဲမှတ်ချက်။ ။တချို့က ''ပတ္တကတ်လံ''ဟု တသတ်သံဖတ်၏၊ တချို့ကလဲ ''ပတ္တကံလံ''ဟု နှဂ္ဂဟိတ်သံဖတ်ကြ၏၊ ဆရာတော်ကမူ ''ကလ္လ၌ လသည် နှဂ္ဂဟိတ်မှ ဖြစ်လာသောအက္ခရာမဟုတ်သဖြင့် ''သံဃဿ၌ ဃသ်ဟုရွတ်သလို တသတ်သံပေါက်အောင် ရွတ်ရကြောင်း၊ ပဋ္ဌသလွှဲ

နော၊ သလွှကွာတို့၌ လ-ကား နှဂ္ဂဟိတ်မှဖြစ်ပေါ်လာသောကြောင့် နဂိုနှဂ္ဂဟိတ်အသံအတိုင်း ပဋ္ဌိသံလိနော၊သံလက္ခကာဟု ရွတ်ရကြောင်းကို မကြာမကြာ ရှင်းပြသည်။ [ရူ-ဘာ- ၁, ၁၂၄၊ ကခ်ါ-ဘာ- ၁၊ ၃၅-လည်းရှုပါ။]

ရဟန်းလောင်းထံသွား။ ။ဥပဇ္ဈာယ်၏ဘွဲ့ကို အမည်သစ်မှည့်၍ ရဟန်းလောင်း၏ ဘွဲ့များကို သံဃာများသိအောင် လျှောက်ပြီးသောအခါ အနုသာသကသမ္မုတိဥ တ်ကို ရွတ်ဖတ်ရ၏၊ ထို့နောက်ကမ္မဝါစာကို ကိုင်လျက် သံဃာဘက်သို့လက်အုပ်ချီ၍ နောက်ဆုတ်နောက်ဆုတ် သံဃာပရိသတ်နှင့် ၅-တောင်လောက်ဝေးသောနေရာသို့ ရောက်မှ ရဟန်းလောင်းရှိရာဘက်သို့ လှည့်သွားရ၏၊ ရောက်လျှင် ရဟန်းလောင်း၏ ရှေ့နားက ဘေးတိုက်ရပ်လျက် အောက်ပါအတိုင်း သွန်သင်နည်းပေး လမ်းပြ ပြုကြရသည်။

သွန်သင်။ ။ငါ့ရှင်ရဟန်းလောင်း နားထောင်၊ ယခုအခါသည် ငါ့ရှင်၏အမှုကို လျှောက်ရမည့်အခါဖြစ်သည်၊ ဟုတ်သည့်အတိုင်း လျှောက်ရမည့်အခါဖြစ်သည်၊ ငါ့ရှင် သန္တာန်၌ ထင်ရှားရှိသော အရာများကို သံဃာတော်တို့အလယ် မေးစိစစ်သောအခါ ထင်ရှားရှိလျှင် 'ရှိပါအရှင်ဘုရား' 'ဟုတ်လျှင် ဟုတ်ပါအရှင်ဘုရား'ဟု လျှောက်ထားရမည်၊ ထင်ရှားမရှိလျှင်လည်း 'မရှိပါအရှင်ဘုရား၊ မဟုတ်လျှင်လည်း မဟုတ်ပါအရှင်ဘုရား'ဟု လျှောက်ထားရမည်၊ ရှိတိရှိတုန့် မလျှောက်ဝံ့မရှိနှင့်၊ မျက်နှာမသာမယာ မဖြစ်နှင့်။

အနာကြီး ၅-မျိုး။ ။ငါ့ရှင်သန္တာန်မှာ နှူ နာ ရှိသလားဟု မေးလိမ့်မည်၊ ရှိလျှင် ရှိပါအရှင်ဘုရား၊ မရှိလျှင်မရှိပါအရှင်ဘုရားဟု လျှောက်ထားရမည်၊ မြင်းဖု နာမျိုးကော ရှိ ပါ သ လား ဟု မေး လိမ့် မည်၊ ရှိလျှင်ရှိပါ အရှင်ဘုရား၊ မရှိလျှင် မရှိပါအရှင်ဘုရားဟု လျှောက်ထားရ မည်၊ ယားယံပေါက်ကွဲ ပွေးကြီး ဝဲကြီးစွဲနေသော အနာမျိုး ရှိသလားဟုမေးလိမ့်မည်၊ အမှန်အတိုင်းလျှောက်ထားပါ၊ အ သားအသွေးတို့ကို ခြောက် ခန်း စေ တတ်သော ချောင်းဆိုး သွေးပါ (တီဘီ)ပန်းနာ မြစ်ခြောက်နာမျိုးကော ရှိသလား ဟု မေးလိမ့်မည်၊အမှန်အတိုင်းလျှောက်ထားပါ၊ဝက်ရူး ကြက်ရူးနာမျိုး ရှိသလားဟုမေးလိမ့်မည်, အမှန်အတိုင်းလျှောက် ထားပါ။

လူစသည်။ ။ငါ့ရှင်သည် လူသားစင်စစ်ဟုတ်ရဲ့လားဟု မေး လိမ့်မည်၊ဟုတ်လျှင် ဟုတ်ပါအရှင်ဘုရား၊မဟုတ် လျှင်လဲ မ ဟုတ် ပါ အ ရှင် ဘု ရား ဟု လျှောက်ထားရမည်၊ (ယောကျ်ားစစ်စစ်ကော ဟုတ်ရဲ့လား၊ သူ့ကျွန်အဖြစ်မှကင်း လွတ်သူ ဟုတ်ရဲ့လား၊ သူ့ကြွေးမြီမှ ကင်းစင်သူကော ဟုတ် ရဲ့လားဟုမေးလိမ့်မည်၊ အမှန်အတိုင်းလျှောက်ပါ)

မင်း မှု ထမ်း သား လခစားမဟုတ်သူ မှန်ရဲ့လားဟုမေး လိမ့်မည်၊ ဟုတ်လျှင် ဟုတ်ပါအရှင်ဘုရား၊ မ ဟုတ် လျှင် လဲ မဟုတ်ပါ အရှင်ဘုရားဟု လျှောက်ထားရမည်၊ (တကယ်လို့

လခစားဖြစ်နေလျှင် ခွင့်ယူထားက လ ခ စား မဟုတ်တော့ ပါ၊) ငါ့ရှင် ကို ရ ဟန်း ပြု ဖို့ ရန် မိရင်းဘရင်းမျှားက ကျေကျေနပ်နပ် ခွင့်ပြုအပ်သူကော ဟုတ်ရဲ့လားဟု မေးလိမ့် မည်၊ အမှန်အတိုင်းလျှောက်ထားပါ၊ ငါ့ရှင် အသက်နှစ်ဆယ် ပြည့်ပြီလားလို့ မေးလိမ့်မည်၊ ပြည့်လျှင်ပြည့်ပါ အရှင်ဘုရား၊ မပြည့်လျှင်လဲ မပြည့်ပါအရှင်ဘုရားဟု လျှောက်ရမည်၊ ငါ့ရှင် မှာ ကိုယ်ပိုင်သင်္ကတ်သင်္ကန်းကော ပြည့်စုံပြီလားဟု မေးလိမ့် မည်၊ ခုနကပြောခဲ့တဲ့ သင်္ကတ်သင်္ကန်း၊ အ ခု ဝတ် ထား တဲ့ သင်္ကန်းတွေဟာငါ့ရှင်**ရဲ့**အပိုင်ဖြစ်တယ်၊ ဒါကြောင့် ပြည့်စုံပါ ပြီအရှင်ဘုရားဟု လျှောက်ပါ၊ ငါ့ရှင်နာမည် ဘယ်လိုခေါ်သလဲ ဟု မေးလိမ့်မည်၊ မိ**မိ**ရဲ့ဘဲ့ရင်းအတိုင်း "သေက"ပါအရှင်ဘုရား ဟုလျှောက်ပါ၊ ငါ့ရှင်ရဲ့ ဥပဇ္ဈာယ် ဆရာတော်၏ ဘွဲ့တော် အဘယ်အမည်ရှိသလဲဟု မေးလိမ့်မည်၊ ဆရာတော် ( ) ၏ဘွဲ့ကို ခဏအရှင်တိသဿလို့ပြောင်းထားတယ်၊ အရှင်တိသဿပါ အရှင်ဘုရားဟုလျှောက်ထားရမည်၊ ငါ့ရှင်ကို သွန်သင်နည်း ပေးလမ်းပြပြုပြီးရာ ယခုအခါ၌ ငါ့ရှင်နှင့်အတူ သံဃာ့အလယ် သို့ သွားဖို့ရာ မသင့်တော်၊ ထို့ကြောင့် ဤနေရာမှာပင် နေရစ် ခဲ့ဦး၊ ရဟန်းလောင်းလာခဲ့ဟု ခေါ်သောအခါ လက်အုပ်ချီ ကာ ရှိသော့စွာလာခဲ့ရသည်။

ပြန်သွင်း။ ။ဤသို့ရဟန်းလောင်းအား နည်း ပေး လမ်း ပြ ပြုပြီးနောက် အနုသာသက ပုဂ္ဂိုလ်သည် သံဃာ့ အလယ်သို့ လက်အုပ်ချီကာ ရှိ သေ စွာ ဝင်ပြီး လျှင် ဆောင့်

ကြောင့်ထိုင်လျက် ဩသာရဏ(ရဟန်းလောင်းကို သံဃာ့အထံသို့ သွင်းခေါ်သော) ဥပဇ္ဈာယ်ကိုဖတ်ရသည်။

မှတ်ချက်။ ။ကမ္မဝါစာ အဆုံးဌ ရဟန်းလောင်းလာခဲ့လို့ ခေါ်ရတယ်၊ စာက "အာဂန္ဆာဟိတိ ဝတ္တမ္မေ-လာခဲ့လို့ ပြောပါ" လို့ပါတယ်၊ ဤသို့ဆရာတော်ကမိန့်လေ့ရှိ၏။

ရဟန်းအဖြစ်တောင်း။ ။"ရဟန်းလောင်း လာခဲ့"ဟု ခေါ်လိုက်လျှင် ရဟန်း လောင်း သည် လက်အုပ်ချီလျက် ရိုရိုသေသေလာရ၏၊ သံဃာ**ရွှေမှောက်**သို့ ရောက်လျှင် ၃-ကြိမ် ရှိခိုးခိုင်းရ၏၊ ထိုနောက်"သံဃံဘန္တေ ဥပသမ္ပဒံယာစာမိ" စသည်ဖြင့် ၃-ကြိမ် ရဟန်းအဖြစ်တောင်းရသည်။ [ထိုပါဠိကို ဆရာဖြစ်သူက သေချာစွာ သင်ပြထားရ၏၊ ဒုလ္လဘဖြစ်မူ မသင်ရပါ။]

မှတ်ချက်။ ။ဘိက္ခုနံ ပါဒေ ဝန္ဒာပေတွာ-လို့ စာကရှိတယ်၊ ဒါကြောင့်မို့ ရဟန်းလောင်းကို ၃-ကြိမ်ရှိခိုးခိုင်းရတယ်၊ ယာစာမိ အနက်မှာလဲ အပြစ်ရှိလို့ တောင်းပန်နေတာမဟုတ်လို့ "ယာစာမိ တောင်း(ပန်)ပါ၏"လို့ "ပန်"မထည့်ရဘူး၊ ရဟန်းအဖြစ် (ရဟန်းပြုခွင့်) တောင်းနေတာမို့ ယာစာမိ-တောင်းပါ၏"လို့သာ ဆိုရတယ် ဤသို့ရှင်းပြသည်။

အနက်။ ။ဘန္တေ-အရှင်ဘုရားတို့၊ သံဃံ-သံဃာတော်ကို၊ ဥပသမ္ပဒံ၊ မြင့်မြတ်သော ရဟန်းအဖြစ်ကို၊ ယာစာမိ-တောင်းပါ၏၊ ဘန္တေ- အရှင်ဘုရားတို့၊ သံဃော- သံဃာတော်သည်၊ မံ-တပည့်တော်ကို၊ အနုကမ္ပံ-လျော်စွာ တုန်လှုပ်တတ်သော ကရုဏာကို၊ ဝါ-သနားစောင့်ရှောက် ချီးမြှောက်မှုကို၊ ဥပါဒါယ-အကြောင်းပြု၍၊ဥလ္လုမ္ပတု-နိမ့်ကျသော သာမဏေအဖြစ်မှ တုတ်ဆောင်၍ မြင့်မြတ်သော ရဟန်းအဖြစ်၌ တည်စေတော်မူပါ၊ ဘန္တေ-တို့။

ဒုတိယမို့-နှစ်ကြိမ်မြောက်လည်း သံဃံ-ကို။ပ။ဥလ္လုမ္ပတု-ပါ။ ဘန္တေ-တို့၊ တတိယမို့-လည်း၊သံဃံ-ကို။ပ။ဥလ္လုမ္ပတု-ပါ။

မြန်မာ။ ။အရှင်ဘုရားတို့ သံဃာတော်ကို မြင့်မြတ်သော ရဟန်းအဖြစ်ကို တောင်းပါ၏၊ အရှင်ဘုရားတို့ သံဃာတော်သည် တပည့်တော်ကို ချီးမြှောက်သော အားဖြင့် နိမ့်ကျသော သာမဏေအဖြစ်မှ ထုတ်ဆောင်၍ မြင့်မြတ်သော ရဟန်းအဖြစ်၌ တည်စေတော်မူပါ၊ အရှင်ဘုရားတို့ သံဃာတော်ကို မြင့်မြတ်သော ရဟန်းအဖြစ်ကို နှစ်ကြိမ်မြောက်တောင်းပါ၏။ပ။တည်စေတော်မူပါ။

အရှင်ဘုရားတို့ သံဃာတော်ကို မြင့်မြတ်သော ရဟန်းအဖြစ်ကို ၃-ကြိမ်မြောက် တောင်းပါ၏။ပ။တည်စေတော်မူပါ။

အမှာ။ ။ရှေးဦးစွာ သံဃာတော်အစေခံသော စကား ကို ပါဠိသက်သက် ၃-ခေါက်ဆို၍၊ စာမတော် သူများ (ပါဠိ၏ အဓိပ္ပာယ်ကိုသိစေရန်) ပါဠိ ၃-ခေါက်ဆိုပြီးနောက် အနက်ဆို၍၊ စာတော်သူများ မဆိုရပါ၊ ပါဠိနှားမလည်သော ဒုလ္လဘများအတွက်မူ ပါဠိရောအနက်ပါချမပေးပဲ မြန်မာပြန် သက်သက်ကိုသာ ၃-ခေါက် ချပေးလေ့ရှိသည်။

ဥလ္လုမ္ပတုမှတ်ချက်။ ။ဥလ္လုမ္ပတု- ဥဒ္ဓရတု သာမဏေရဘာဝါ ဥဒ္ဓရိတ္ဘာ ဘိက္ခုဘာဝေ ပတိဋ္ဌာ ပေတူတိ အတ္ထော၊ ဒီလိုဖွင့်တယ်၊ ဒီအနက်သာ ရဟန်းခံနှင့်သာပြီးသင့်လျော်တယ်၊ **အကုသိုလ်နယ်မှ** ထုတ်ဆောင်၍ **ကုသိုလ်နယ်၌** တည်စေတော်မူပါ၊ ဒီလိုလဲ ဖွင့်ပါသေးရဲ့၊ ဒါပေမယ့် ၃-ခေါက် ဆိုတဲ့နေရာမှာ ၃-**ကြိမ်** တောင်းရာရောက်အောင် ရွေ့နောက် ညီစေရတယ်၊ ဥပမာ- "ပထမတကြိမ်၌ နိမ့်ကျသော သာမဏေ အဖြစ်မှ ထုတ်ဆောင်၍ မြင့်မြတ်**သော** ရဟန်းအဖြစ်၌ တည်စေတော်မူပါလို့" ဆိုလျှင် နှစ်**ကြိမ်မြောက်** ၃-**ကြိမ်မြောက်**မှာလဲ ဒီအတိုင်းပဲဆိုရတယ်၊ ဒါမှ ၃-ကြိမ်တောင်းရာ ရောက်တယ်၊ သို့မဟုတ်ယင် တကြိမ်တမျိုးစီ တောင်းနေရာ ရောက်တယ်၊ **အကုသိုလ်နယ်မှ** ထုတ်ဆောင်၍ ကုသိုလ်နယ်၌ တည်စေပါလို့ ဆိုချင်ယင်လဲ ၃-ကြိမ်လုံး အဲဒီအတိုင်း ဆိုရတယ်။

တနည်း။ ။ဥလ္လမ္ပတု- သံသရာတည်းဟူသော ရေအယဉ်မှ ထုတ်ဆယ်ကယ်တင်၍ နိဗ္ဗာန်ဘည်းဟူသော ကြည်းကုန်းထက်သို့ ရောက်အောင် ပို့ဆောင်တော်မူပါ အရှင်

ဘုရားလို့ တချို့ဆိုကြတယ်၊ ဒီအဖွင့်တော့ မတွေ့မိဘူး၊ ကိုယ်ကိုယ်တိုင်မှ နိဗ္ဗာန်မရောက်သေးပဲ၊ သံသရာထဲ လည်တုန်းရှိသေးတာ၊ ရဟန်းလောင်းကို ဘယ်နှယ်လုပ် နိဗ္ဗာန်ပို့မလဲ၊ ဤသို့ ပြောပြတော်မူသည်။

ပုစ္ဆက။ ။၃-ကြိမ် တောင်းပြီးသောအခါ သင့်တော်သော ပုဂ္ဂိုလ်က ပုစ္ဆက သမ္မုတိဥတ်ကို ဖတ်၍ ရဟန်းလောင်းအား မေးစစ်ရသည်။

မှတ်ချက်။ ။တချို့နေရာ၌ ရဟန်းလောင်းအား ဆုံးမသူ ကပင် ရဟန်းလောင်းအား ပြန်၍ မေးစစ်ကြ၏၊ ထိုအချက်ကို ဆရာတော်မန္တစ်သက်ပါ၊ သူကိုယ်တိုင်မေးယင် "ဘယ်လိုမေးလိမ့်မယ်လို့ ဖြေပါပြောခဲ့ပြီး၊ ဒီကျတော့ သူကိုယ်တိုင်ပဲ ပြန်မေးတာ သဘာဝမကျဘူး၊ တခြားစွမ်းနိုင်တဲ့သူ မရှိယင်တော့ ထားပါတော့၊ အခု စွမ်းနိုင်တဲ့သူတွေ ရှိရဲ့သားနဲ့၊ တပါးတည်းကဆုံးမ၊ တပါးတည်းကမေး မလုပ်ရဘူး၊ တပါးကဆုံးမ၊ တပါးကမေးရတယ်"၊ ဤသို့ မိန့်လေ့ရှိသည်။

မေးစစ်။ ။ပုစ္ဆကသမ္မုတိဥတ် ဖတ်ပြီးလျှင် အောက်ပါအတိုင်း မေးရသည်၊ "ငါ့ရှင်ရဟန်းလောင်းနားထောင်၊ ယခုအခါ ငါ့ရှင်၏ အမှန်ကို လျှောက်ရမည့်အခါ၊ ဟုတ်သည့်အတိုင်း လျှောက်ရမည့်အခါဖြစ်သည်၊ ငါ့ရှင်သန္တာန်မှာ ထင်ရှားရှိသော အရာများကို မေးမည်၊ ထင်ရှားရှိလျှင် ရှိပါ အရှင်ဘုရား၊ ဟုတ်လျှင် ဟုတ်ပါအရှင်ဘုရား၊ ထင်ရှား

မရှိလျှင် မရှိပါအရှင်ဘုရား၊ မဟုတ်လျှင်လည်း မဟုတ်ပါအရှင်ဘုရားဟု လျှောက်ထားရမည်၊ ငါ့ရှင်သန္တာန်မှာ နှုနာရှိသလား၊ (မရှိပါဘုရား)၊ ရဟန်းလောင်းက လျှောက်ရသည်)၊ မြင်းဖုအနာရှိသလား၊ (ဤသို့စသည်ဖြင့် အနာကြီး ၅-မျိုးကို စစ်ရသည်၊ ငါ့ရှင် လူသားစင်စစ်ဟုတ်ရဲ့လား၊ (ဟုတ်ပါ အရှင်ဘုရား)၊ ယောကျ်ားစင်စစ်ကော ဟုတ်ရဲ့လား၊ (ဟုတ်ပါအရှင်ဘုရား)၊ (သူ့ကျွန်အဖြစ်မှ ကင်းလွတ်သူ ဟုတ်ရဲ့လား၊ မင်းမှူထမ်းသား လခစားမဟုတ်သူ မှန်ရဲ့လား၊ သူ့ကြွေးမြီမှ ကင်းစင်သူ ဟုတ်ရဲ့လား၊ ငါ့ရှင်ကို ရဟန်းပြုဖို့ရန် မိရင်းဘရင်းတို့က ကျေကျေနပ်နပ် ခွင့်ပြုရဲ့လား၊) ငါ့ရှင် အသက်နှစ်ဆယ်ပြည့်ပြီလား (ပြည့်ပါအရှင်ဘုရား)၊ ကိုယ်ပိုင် သပိတ်သင်္ကန်းကော ပြည့်စုံပြီလား (ပြည့်စုံပါ အရှင်ဘုရား၊) ငါ့ရှင်နာမည် ဘယ်လိုခေါ်သလဲ (ဧသကပါ အရှင်ဘုရား၊) ငါ့ရှင်ရဲ့ ဥပဇ္ဈာယ်ဆရာတော်၏ ဘွဲ့တော်ဘယ်အမည် ရှိသလဲ၊ (အရှင်တိဿပါ အရှင်ဘုရား)။

အသက် ၂၀-တွက်နည်း။ ။အသက် ၂၀-ဟူရာ၌ အမိဝမ်းဝယ် နေခဲ့ရသော ရက်, လ, နှစ်များနှင့်တကွ တွက်ရ၏၊ ဥပမာ-အမိဝမ်း၌ ၇-လကြာလျှင် ဖွားမြင်ပြီးနောက် ၁၉-နှစ်နှင့် ၅-လ ရှိသူ သည် အသက် ၂၀-ပြည့်၏၊ အမိဝမ်း၌ ၁၀-လကြာခဲ့လျှင် ဖွားမြင်ပြီးနောက် ၁၉-နှစ်နှင့် ၂-လပြည့်လျှင် အသက် ၂၀-ပြည့်သူဖြစ်၏၊ (အကျယ်

ကို ပါတိမောက် ဘာသာဋီကာ ဥနဝီသတိ သိက္ခာပုဒ်၌ ကြည့်ပါ။)

ဘုရားရှင်အလိုတော်ကျ။ ။ဘုရားရှင်က သာသနာ ဝင်လာသူ မှန်သမျှကို ကျန်းကျန်းမာမာနဲ့ သီလသိက္ခာဖြည့်ကျင့်ပြီး မိမိအတွက်လည်း အကျိုးရှိ၊ သူများ အတွက်လည်း အကျိုးရှိရှိ နေစေချင်တယ်၊ ဒါကြောင့်မို့ နှုနာ ရောဂါစသည် ရှိတဲ့သူတွေကို ရဟန်းပြုမပေးရလို့ ပညတ်တော်မူထားတာ၊ ရောဂါ ရှိသူတယောက် ရဟန်းပြုလျှင် သူလဲပဲ ပရိယတ် ပဋိပတ်အလုပ် အားမထုတ်နိုင်၊ အခြား သီတင်းသုံးဖော်တွေလဲ သူ့ကို ဆေးကုသပေးနေရတာနဲ့၊ အလုပ်တွေ များပြီး တဘဝန်ပိုနေမယ်၊ ဒါကြောင့်မို့ ရဟန်းမပြုရတာပါ၊ မေတ္တာ ကရုဏာ မရှိလို့မဟုတ်ပါဘူး၊ မင်းမှူထမ်းတို့ ဘာတို့ ကတော့ဝိနည်းဆိုင်ရာ ဝတ္ထုကြောင်းအတိုင်းပါပဲ။

မမြင်နိုင်တာမေး။ ။နှုနာ ရှိသလား၊ ယောကျ်ားစင်စစ် ဟုတ်ရဲ့လား စသည်ဖြင့် မေးတာက မမြင်နိုင်တာကို မေးတာပဲ၊ မြင်ရုံနဲ့သိနိုင်တဲ့အရာကို မမေးဘူး၊ ဥပမာ–နားရွက်ပြတ်နေသူ၊ နှာခေါင်းပြတ်နေသူ၊ လက်ပြတ်နေသူတို့ကို မြင်ရုံနဲ့သိလို့ မေးနေစရာမလိုဘူး၊ ရဟန်းပြုပေးယင် တော့ ရဟန်းတော့ဖြစ်ပါရဲ့၊ ဒါပေမယ့် ဥပဇ္ဈာယ်မှာ အာပတ်သင့်တယ်၊ သာသနာတော်က သူများလူမှု တန်းမှ စားရတာမို့ ကြည်ညိုစရာဖြစ်အောင် နည်းနည်းတော့ ရုပ်လက္ခဏာရွေးချယ်တဲ့ သဘောပါပဲ၊ ဤသို့ ဆရာတော်က ပြောပြတော်မူသည်။

ကမ္မဝါစာဖတ်။ ။ရဟန်းလောင်းကို စစ်ဆေး မေးမြန်း ပြီးသောအခါ ဥပသမ္ပဒ ကမ္မဝါစာ (ရဟန်းပြုကြောင်း ကမ္မဝါစာ)ကို ဖတ်ရ၏၊ ကမ္မဝါစာ ဖတ်ရာ၌ တပါးဖတ်လျှင်ပြီး၏၊ သို့ရာတွင် ယခုခေတ်၌ ပထမတဆိုင်း ၃-ပါး၊ ဒုတိယ ၃-ပါး၊ တတိယ ၃-ပါးအားဖြင့် ၉-ပါး၊ ၃-ကြိမ် ဖတ်လေ့ရှိ၏၊ ကျောင်းတိုက်၌မူ ပထမတကြိမ် တပါး တည်းဖတ်၍ ဒုတိယ,တတိယကျမှ ၃-ပါးစီဖတ်လေ့ရှိ၏၊ တရံတခါ၌မူ ပထမ ဒုတိယ ၃-ပါးစီဖတ်၍ တတိယကျမှ ဆရာတော် တပါးတည်း ချီးမြှင့်လေ့ ရှိ၏၊ တရံတခါ၌မူ ပထမဆုံး ဆရာတော် တပါးတည်း. တကြိမ်၊ ဒုတိယ သုံးပါး တကြိမ် အားဖြင့် နှစ်ကြိမ်သာဖတ်ရ၏။

၃-ပါး တွဲဖတ်။ ။ကမ္မဝါစာ ၃-ပါး တွဲဖတ်ရာ၌ ၁-ပါးက တနေရာ၊ ကျန် ၂-ပါး က လည်း တနေရာစီ ပီသလျှင် ကမ္မဝါစာအစအဆုံး ပီသရာ ရောက်၍ ကမ္မဝါစာ သမ္မတ်ဖြစ်သောကြောင့် ရဟန်းဖြစ် သည်ဟု တခွါကယူ၏၊ အမှန်မှာ ထိုသို့မဟုတ်ပါ၊ ၁-ပါးပါးက ကမ္မဝါစာအစအဆုံး ပီမှသာ ရဟန်းဖြစ်နိုင်သည်၊ ထို့ကြောင့် ၁-ပါးတည်း ပီပီသသဖတ်ခြင်းက သာ၍ စိတ်ချရပေသည်။

ကမ္မဝါစာ ပီ-မပီ။ ။ဆရာတော်၏ ကျေးဇူးရှင် ဖြစ်သော မြောင်းမြ ဆရာတော်ကြီးက "ဗမာ ဆိုလျှင် ဗမာအသံနှင့် ဌာန်ကရိဏ်းအပီသဆုံး ဖတ်ရတာပေါ့၊ ရှမ်းဆိုလျှင်လည်း ရှမ်းအသံနှင့် အပီသဆုံး ဖတ်ရတာပေါ့၊ ဗမာ

ကမ္မဝါစာပီသယင် ဗမာရဟန်းဖြစ်၊ ရှမ်းကမ္မဝါစာပီလျှင် ရှမ်း ရဟန်း ဖြစ်တာပေါ့" ဟု မိန့်ဖူးသည်။

ပတ္တစီဝရံ။ ။ကမ္မဝါစာမှာ "ပတ္တစီဝရံ"လို့ ဆိုတော့ သပိတ်နှင့်သင်္ကန်း တစုံရှိယင် ရဟန်းခံဖြစ်ပါ့တယ်၊ တစုံဆိုတာက သင်းပိုင်နဲ့ ရိုးရိုးဧကသီဖြစ်ဖြစ်၊ ဒါမှမဟုတ် သင်းပိုင်နဲ့ နှစ်ထပ်သင်္ကန်းဖြစ်ဖြစ်ပါပဲ၊ လိုနေတဲ့သင်္ကန်းကို နောက်မှ ဖြည်းဖြည်းရှာပေါ့၊ ပရိက္ခရာ ၈-ပါးလုံးလဲ မလိုပါဘူး၊ ဤသို့လည်း မိန့်ဖူး၏။

ဒွန်ကမ္မဝါစာ။ ။ရဟန်း ၂-ပါး၊ ၃-ပါးပြုရာ၌ ကမ္မဝါစာဝယ် ရဟန်းလောင်း ၂-ပါး ၃-ပါးကိုတွဲ၍ ဖတ်ရ၏၊ ထိုသို့တွဲဖတ်သည်ကို "ဒွန်ကမ္မဝါစာ"ဟု ခေါ်၏၊ ထိုကမ္မဝါစာ၌ "တိဿော စ ဒတ္တော စ၊အယံတိဿော စ အယံဒတ္တောစ" စသည်ဖြင့်ခွဲ၍ ရှုတ်အပ်သော ဝါကျဒွန်၊ "တိဿ ဒတ္တာ၊ ဣမေ တိဿဒတ္တာ" စသည်ဖြင့်တွဲ၍ ရှုတ်အပ်သော သမာသ်ဒွန်ဟု ရှိရာ၊ ဤကျောင်းတိုက်၌ သမာသ်ဒွန် ကိုသာ အသုံးများ၏၊ ထိုကမ္မဝါစာကိုလည်း ဆရာတော်၏ ကျေးဇူးရှင်ဖြစ်သော အဘယာရာမ ဆရာတော်၏ မူကိုသာ သုံးစွဲလေ့ရှိသည်၊ ကမ္မဝါစာအကြောင်းကို ကောင်းကောင်း နားလည်စေရန် ကျွမ်းကျင်သော ဆရာသမားများနှင့် လေ့လာသင့်ပေသည်၊ ကျောင်းတိုက်၌မူ ကျွမ်းကျင်သော စာချဘုန်းကြီးများက ဆရာတော်၏ မူအတိုင်း လေ့ကျင့်ပေးကြပါသည်။

အရိပ်တိုင်းနည်း။ ။နာရီမရှိသေးသော ရှေးခေတ်က ပထမကမ္ဘဝါစာ၏အဆုံး၌ နေရောင်ခြည်ရှိရာသို့ထွက်၍ ဖဝါးအရိပ်တိုင်းရ၏ ဥပမာ – နံနက်ဘယ်နှစ်ဖဝါး၊ နွေလယ်ဘယ်နှစ်ဖဝါး တိုင်းတာရ၏၊ ယခုခေတ်ဝယ် နာရီကို ကြည့်၍ အချိန်သတ်မှတ်ကြသည်။

အချိန်ပြောပြနည်း။ ။ရဟန်းဖြစ်စ ထို ခ ဏ္ဍ ပင် အရိပ်ကို (နာရီကို) တိုင်းတာရမည်၊ ဘယ်နှစ်နာရီလဲ (နံနက် ၇-နာရီ၊ ၃၅-မိနစ်ပါအချင်ဘုရား၊) ရက်ချုပ်ဖတ်မည်သူက လျှောက်ရသည်၊ ဥတုကို တိုင်းတာရမည်၊ ဘယ်ဥတုလဲ(နွေဥတုပါအချင်ဘုရား) ဒိဝသဘာဂ-နွေရက် လအဖို့ကို ပြောပြရမည် (ဝါဆိုလဆန်း ဂ-ရက် တနင်းလာနွေပါ အချင်ဘုရား)ဒါက ဒီနေရာမှာ အမျှဒေသိဖို့ရန် တခုစီတခုစီခွဲပြောနေတာ၊ ရဟန်းသစ်နောက်နောင်အခါ မှတ်ထားဖို့ရာ သင်္ဂီတိ-(အရိပ် ဥတု နွေဟု စုဆောင်း ၃-ပါး ပေါင်း၍လည်း ပြောပြရမည်) (ထိုအခါမှာရဟန်းတပါးက ရက်ချုပ်ဖတ်၍ပြရသည်။)

ရက်ချုပ်ပြောရကျိုး။ ။ရဟန်းဖြစ်ပြီးလျှင် ပြီးချင်းအကျဉ်းအားဖြင့် ၂၂၇၊ အကျယ်အားဖြင့် ကုဋေ ၉-ထောင်ကျော် သီကွာပုဒ်တွေဟာ ရဟန်း သစ် ကိုယ်တိုင်က မသိပေမယ့် ရဟန်းအသစ်အပေါ်မှာ တည်သွားပြီ၊ ရဟန်းဖြစ်ချိန်နောက်ကျ၍ သီလသိက္ခာ ထိန်းသိမ်းရမှု နောက်ကျသူက မိမိထက် ကုဋေပေါင်းများစွာ သီလသိက္ခာကြီးမားသော ပုဂ္ဂိုလ်ကို အလွန်ရိုသေစွာ ရှိခိုးထိုက်တယ်၊ဟုတ်တယ်၊

တမိနစ်လောက် ရဟန်းဖြစ်ချိန်ကြီးတယ်ဆိုယင်ပဲ သူရဲ့သီလထိန်းသိမ်းမှုက ကုဋေပေါင်းများစွာပိုပြီး ထိန်းသိမ်းရာရောက်နေတယ်။

ပစ္စည်းဝေ။ ။သံဃာ့ပစ္စည်းများ ဝေတဲ့အခါမှာလဲ တမိနစ်ခန့်ဖြစ်စေ သီလသိက္ခာကြီးသူကို အလျင်ဝေရတယ်၊ မြတ်စွာဘုရားလက်ထက်က ဆွမ်း သင်္ကန်း ကျောင်း ဆေး ပေါလှူတယ်မဟုတ်ရဘူး၊ ဒါကြောင့်မို့ ကျောင်းမှာ နေရာချထားလျှင် ကြီးတဲ့ပုဂ္ဂိုလ်ကို သင့်တော်မည့်နေရာ ကောင်းကောင်းလေးပေးပြီး ဝါစဉ်အလိုက်ချထားရတယ်၊ သံဃာကုန်မပင့်နိုင်လို့ ၁၀-ပါး၊ ၁၅-ပါး စသည် ဆွမ်းစားပင့်ယင်လဲ ဝါစဉ်အလိုက် အလှည့်ကျ လိုက်ရတယ်၊ ဒါကြောင့်မို့ ရဟန်းဖြစ်စအခါနှိမ့်မှာ ရက်ချုပ်ကို တိတိကျကျပြောလိုက်ရတယ်၊ ဤသို့ရှင်းပြတော်မူသည်။

မှတ်ချက်။ ။ရဟန်းဖြစ်ချိန်ချင်း တိုက်ဆိုင်နေလျှင် ဥပဇ္ဈာယ်ဆရာချင်း အကြီးအငယ်မေးပြီးတော့ ဥပဇ္ဈာယ်ဆရာကြီးသူကို အကြီးအရာ၌ ထားကြ၏၊ ဥပဇ္ဈာယ်ဆရာချင်းတူနေပြန်လျှင် ကာရကသံဃာ အနည်းအများလိုက်၍ ကာရကသံဃာများသော ပုဂ္ဂိုလ်ကို အကြီးအရာ၌ ထားကြ၏၊ တသိမ်တည်းမှာပင် တချိန်ဘည်း၌ ရဟန်းအတူဖြစ်လျှင်မူ သာမဏေဝါအကြီးအငယ်ကိုလိုက်၍ ရှေးချယ်သင့်မည်ထင်၏၊ အသက် အကြီးအငယ်ကိုလိုက်၍လည်း ရှေးချယ်ကြသေး၏၊ သာမဏေဝါလောက် သဘာဝကျမည်မထင်၊ ဒုန်ကမ္ဘဝါစာဖြစ်

ပြောတာကိုး၊ အမှန်တော့ ထမင်းတောင်းတာပါပဲ၊ ထမင်းတောင်းတာက ရသေ့အိုကြီးတွေ့၊ပရိဗိုဇ်အိုကြီးတွေ့၊ ပုဏ္ဏားအိုကြီးတွေနဲ့ သူတောင်းစားတွေကိုသာ မြင်ဖူးတော့ သိပ်အံ့သြနေကြတယ်၊ တချို့ကလဲ ထမင်းမလောင်းကြဘူး၊ တချို့က နည်းနည်းပါးပါး လောင်းပါရဲ့။

ရှင်ဘုရင်သိ။ ။ဒီလိုနဲ့ တဆင့်တဆင့်ပြောရာက အားလုံးနှံ့သွားတယ်၊ ဗိမ္ဗိသာရရှင်ဘုရင်က နန်းတော်ပေါ်ကမြင်တယ်၊ သူလဲပဲအံ့သြလို့ အမတ်တယောက်ခေါ်ပြီး "ကိုင်း-လိုက်ကြည့်စမ်း၊ လူဖြစ်ယင်လဲ အဲဒီထမင်းစားလိမ့်မယ်၊ နတ်ဖြစ်ယင်လဲ မိုးပေါ်ပျံသွားလိမ့်မယ်၊ နဂါးတို့ဘာတို့ ဖြစ်ယင်လဲ မြေထဲဝင်သွားလိမ့်မယ်" ဆိုပြီး လိုက်ကြည့်ခိုင်းတယ်။

ဘုဉ်းပေး။ ။အလောင်းတော်က ပဏ္ဏဝတောင်ခြေ ရောက်တော့ထိုင်ပြီး ငြိမ်ငြိမ်သက်သက် ဘုဉ်းပေးနေတယ်၊လိုက်အကြည့်ခိုင်းတဲ့ အမတ်လဲပဲ ချက်ချင်းပြန်ပြီး ရှင်ဘုရင်ဆီသံတော်ဦးတင်တယ်၊အရှင်မင်းကြီး လူပါ၊ ဘုဉ်းပေးနေပါပြီဆိုတော့ ရှင်ဘုရင်က ချက်ချင်းလိုက်လာတယ်၊ အနားရောက်တော့ ထိုင်ပြီးရှိခိုး၊ ဆွမ်းဘုဉ်းပေးပြီးတော့မှ မြင့်မြတ်တဲ့အမျိုးက ထွက်လာတယ်လို့ ထင်ပါတယ်၊ ဒီလို တောင်းစားမနေပါနဲ့၊ ထီးနန်းအပ်ပါ့မယ်၊ လက်ခံပါလို့ ပြောတော့၊ ဟုတ်တယ်၊ ဟိမဝန္တာအနီးအပါးက ကပိလဝတ္ထုလို့ခေါ်တဲ့ နေပြည်တော်က သာကီဝင်မင်းမျိုး ဖြစ်ပါတယ်၊ ထီးနန်းစည်းစိမ်ကို

လျှင် ရွှေကနေသူကို အကြီးဟုယူသင့်၏၊ ကမ္မဝါစာအကြိမ်လိုက်၍ အကြီးအငယ်ရွေးချယ်မှုကိုမူ မပြုထိုက်၊ ဘာ့ကြောင့်နည်း— ဌာန်ကရိဏ်းကျနလျှင် တကြိမ်တည်းဖြင့် ရဟန်းဖြစ်သောကြောင့်တည်း၊ ဌာန်ကရိဏ်းကျနအောင် မရွတ်တတ်သူကား အကြိမ်များစွာရွတ်သော်လည်း ရဟန်းစစ်စစ်ဖြစ်အောင် မတတ်နိုင်ပါ။

မှီရာလေးပါး။ ။မြတ်စွာဘုရားက ရဟန်းဖြစ်ပြီးလျှင် ပြီးချင်း ရဟန်း သစ် အား စားဝတ်နေရေးကျန်းမာရေးအတွက် ဆွမ်း သင်္ကန်း ကျောင်း ဆေး ဆိုတဲ့ မှီရာလေးပါး၊မပြုမကျင့် ရှောင်ကြဉ်ရမယ့် (အကရဏီယ) လေးပါး ပြောရမည်ဟု မိန့်တော်မူတယ်။

ဆွမ်းခံ။ ။ဆွမ်း ကို ခံ စား ပါ၊ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်လဲ ထီးနန်းစည်းစိမ်ကိုစွန့်၍ တောထွက်လာတဲ့ အချိန်ကစပြီး ဆွမ်းခံဘုဉ်းပေးတော်မူတယ်၊ တခါတော့ ဗုဒ္ဓမြတ်စွာ ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံတော်မူတယ်၊ ဘုရား မ ဖြစ် သေး ဘူး၊ အလောင်းတော်ဘဝပဲ ရှိသေးတယ်၊ သက်တော်က ၂၉-နှစ် အရွယ်၊ ခန္ဓာကိုယ်က တောင့်တောင့်တင်းတင်း၊ အသားအရေတော်က ဝါဝါဝင်းဝင်း သပ်သပ်ပယ်ပယ် စက္ခုန္ဒြေချပြီး အင်မတန်ကြည်ညိုဖွယ်ရာ ဆွမ်းခံနေတယ်။

အံ့သြ။ ။လူတွေမြင်တော့ အလွန်အံ့သြနေကြတယ်၊ ဒီလို အသက်အရွယ် ငယ်ငယ် သပ်သပ်ပယ်ပယ်နဲ့ ဆွမ်းခံသူကို သူတို့က မမြင်ဖူးဘူး၊ ဆွမ်းခံဆိုတာကလဲ ယဉ်ကျေးအောင်

မလိုချင်လို့ တောထွက်လာခဲ့ပါတယ်လို့ ပြောတော့ ယုံတယ် ရှင်ဘုရင်က၊ ယုံလဲယုံလောက်တယ်လေ၊ ကောင်းပါပြီ၊ ဒီလိုဆို ယင် တရားကျင့်လို့ တရားထူးရယင် တပည့်တော်နိုင်ငံ စော စောကြွပါလို့ ပြောပြီး ပြန်လာခဲ့တယ်။

ကပိလဝတ်သို့ကြွ။ ။တခါကလဲ ဗုဒ္ဓမြတ်စွာ ဘုရားဖြစ်တော် မူပြီး မိမိရဲ့နေပြည်တော် ကပိလဝတ်သို့ ကြွတော်မူတယ်၊ အားလုံး သာကီဝင်မင်းတွေက ကြိုဆိုပြီး နိဂြောဓရုံ ကျောင်းတိုက်မှာပင့်ပြီး ပူဇော်ကြတယ်၊ ဒါပေမယ့် ဘယ်သူကမှ ဗုဒ္ဓမြတ်စွာကို ဆွမ်းဘုဉ်းပေးဖို့ မပင့်ဘူး၊ မင်းကြီး ကလဲ သားတော်ဟာ နက်ဖြန် နန်းတော်မှာပဲ ဆွမ်းစားမယ် ထင်ပြီး အထူးမပင့်ဘူး။

နံနက်ဆွမ်းခံ။ ။မနက်ကျ တော့ ဗုဒ္ဓမြတ်စွာက ရှေးရှေး နောင်တော် ဘုရားရှင်တွေ မိမိတို့ နေပြည် တော် ရောက်တဲ့အခါ ဆွမ်းကိစ္စဘယ်လိုများ စီမံတော်မူကြ သလဲလို့ ဉာဏ်နဲ့ကြည့်တော်မူတော့ အားလုံးဘုရားရှင်တွေ ဆွမ်း ခံတော်မူကြကြောင်း မြင်တော်မူလို့ နောက်ပါသံဃာ ၂-သောင်းနှင့်အတူ ကပိလဝတ်မြို့ထဲလှည့်ပြီး အိမ်စဉ်အတိုင်း ဆွမ်း ခံတော်မူတယ်။

ရှင်ဘုရင်ကြား။ ။သိဒ္ဓတ္ထမင်းသား မြို့ထဲလှည့်ပြီး ထမင်း တောင်းနေသတဲ့လို့ သတင်း ကြားသွားတယ်၊ လူတွေကလည်း တိုက်ကြီး တွေ ပေါ်က ကြည့် နေကြတယ်၊

ဃသောဓရာဒေဝီကလည်း ဒီသတင်းကြားတော့ မင်းကြီးထံ သွားပြီး အရှင်မင်းကြီးရဲ့သားတော် ထမင်း တောင်းနေပါ တယ်လို့ သံတော်ဦးတင်တယ်၊ မင်းကြီးကလဲ အလွန် စိတ် မကောင်းဖြစ်ပြီး ပုဆိုးကိုမှ သေသပ်အောင်မဝတ်နိုင်ပဲ ဘုရား ထံ ပြေးလာတယ်။

ဗုဒ္ဓအန္တယ်။ ။ဘုရားထံရောက်တော့ သားတော်ဘုရား ဘာ ကြောင့် တပည့်တော်တို့ကို အရှက်ခဲ့ရပါသလဲ၊ ဘာပြုလို့ ထမင်းတောင်းနေရပါသလဲ၊ ခမည်းတော်က ဒါ လောက်များတဲ့ ကိုယ်တော်တွေ အတွက် ဆွမ်းမတော်နိုင်ဘူးလို့ များ မှတ်ပါသလားလို့ လျှောက်တော့ ဗုဒ္ဓမြတ်စွာက "ခမည်း တော်မင်းမြတ်-ငါတို့အမျိုး ထုံးစံအတိုင်း တောင်းတာပါ"လို့ ဖေါ်ပြခဲ့ပြီ မိန့်တော်မူတယ်၊ မင်းကြီးက "မြတ်စွာဘုရား-ဒကာ တော်တို့အမျိုးမှာ ထမင်းတောင်းစားသူ တယောက်မှမရှိပါ ဘူး"လို့ လျှောက်တော့ "မင်းကြီး သာကီယဝံသကို ပြောတာ မဟုတ်ဘူး၊ တို့ရဲ့ဗုဒ္ဓဝံသ ဗုဒ္ဓအန္တယ် ဗုဒ္ဓထုံစံကို ပြောတာပါ"လို့ မိန့်တော်မူပြီး တရားဟောတော်မူတော့ မင်းကြီး သောတာပန် ဖြစ်သွားတယ်။

ဆွမ်းခံစားပါ။ ။ဒါကြောင့် ဗုဒ္ဓမြတ်စွာတောင်မှ ဆွမ်းခံ စားသေးတဲ့ပဲလို့ ဘုရားအာရုံပြုပြီး ရဟန်း သစ်လဲ ဆွမ်းခံစားပါ၊ ပိဏ္ဍယာလောပဘောဇနမှ ပို့လွန်တဲ့ အတိရေက လာဘလို့ခေါ်တဲ့ ဆွမ်းတွေလဲရှိပါရဲ့၊ အကြောင်း

အားလျော်စွာ ရယင် စားကောင်းပါတယ်။ [ထိုဆွမ်းများကို အကျဉ်းချုပ် ပြောပြသည်။]

ဆွမ်းခံစားရကျိုး။ ။ဒါပေမယ့် ဗုဒ္ဓမြတ်စွာက ဆွမ်းခံစားစေလိုတယ်၊ ဘာကြောင့်လဲ ဆိုတော့ တအိမ် တအိမ်မှာ တလုတ်စာမျှရအပ်တဲ့ ဆွမ်းဟာ ဘယ်ဒကာ-ဒကာမ်မျှ တဝဝန် အထူးမလေးတဲ့အပြင် မိမိ ကိုယ်တိုင်လဲ အညောင်းအညာ ပြေအောင် လမ်းလျှောက်ပြီးသား ဖြစ်နေတယ်၊ တခါ ဒကာ-ဒကာမတွေကလဲ ဒါလောက် ဆွမ်းကို လောင်းလိုက်ရသည့်အတွက် ပြန်ပြီး ကျေးဇူးတင်ခြင်းကို မမျှော်လင့်လို့မို့ သဒ္ဓါတရားသန့်ရှင်းတယ်၊ မိမိကိုယ်တိုင်လဲ မေတ္တာဖြင့် နေလေ့ရှိလျှင် ဆွမ်းခံအိမ်တိုင်းအိမ်တိုင်း မေတ္တာပို့ပြီး သွားတော့ အလှူရှင်တွေအား အသပြာထောင်ထုပ်ကို ချပေးသလို ကုသိုလ်ပေးရာရောက်နေတယ်၊ ဒါကြောင့်မို့ အပူအအေးမျှပြီး ကျန်းမာရေးကောင်းလျှင် ဆွမ်းခံစားချင်းဟာ အကောင်းဆုံးပဲ။

ပုံသကူသင်္ကန်း။ ။သင်္ကန်းကို ပုံသကူသင်္ကန်း ကောက်ဝတ်ပါလို့ ဗုဒ္ဓမြတ်စွာ မိန့်တော်မူတယ်၊ ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင်လဲ ပုံသကူသင်္ကန်းကို ကောက်တော်မူဖူးတယ်၊ တခါက ဗုဒ္ဓမြတ်စွာက ပုဏ္ဏာမည်တဲ့ ကျွန်မရဲ့အလောင်းကို အဝတ်ဖြင့်ရစ်ပတ်ပြီး သုသာန်မှာ ပစ်ထားခဲ့တဲ့အကြောင်း သိတော်မူလို့ သုသာန်ကြွပြီး လက်တဘက်က အဝတ်စကို

မြောက်၍ လက်တဘက်က ကပ်ပါလာသော လောက်များကို ခါချပြီး ပုံသကူ ကောက်တော်မူတယ်၊ အနီးအပါးမှာနေကြတဲ့ နတ်များက တအံ့တသြ လှုပ်လှုပ်ရွရွ ဖြစ်တော့ သစ်ပင်တွေဘာတွေပါလှုပ်ပြီး မြေကြီးပါ လှုပ်ဖူးတယ်၊ ဒီလို ပုံသကူသင်္ကန်းမျိုးဝတ်တော့ ဘယ်မှာ တဏှာရာဂ ဖြစ်ပါတော့မလဲ၊ အဲဒီ ပုံသကူ သင်္ကန်းအပြင် အပိုအလွန်ဖြစ်တဲ့ သင်္ကန်းများကိုလဲ အကြောင်းအားလျော်စွာ ရယင် သုံးစွဲကောင်းပါရဲ့။ [ထို သင်္ကန်းများကို အတိုချုပ် ပြောပြသည်။]

ကျောင်း။ ။သစ်ပင်တည်းဟူသော ကျောင်းကို အမှီပြုပြီး ရဟန်းတရား ပွားများအားထုတ်ရမယ်၊ သစ်ပင်ကကြီးပြီး အရွက်စိတ်ယင် လေမိုးလုံပါတယ်၊ အိမ်ခိုင်ယမှာတော့ ညောင်ပင်လို အပင်ကြီးတွေဟာ ကိုင်းကထွက်လာတဲ့ အမြစ်တွေနဲ့ ထောက်ထောက်ပြီး ကျယ်ပြန့်သွားလိုက်တာ တမိုင်လောက်တောင်ရှိသတဲ့၊ ဗုဒ္ဓမြတ်စွာ ဖွားမြင်တော်မူတော့ လုမ္ဗိနီအင်ကြင်းတောထဲမှာ ဖွားမြင်တယ်၊ တောထွက်တော် မူလာတော့လဲ ဥရုဝေလတော သစ်ပင်တွေအောက်မှာပဲ တရားကျင့်တော်မူတယ်၊ ဘုရား ဖြစ်တော်မူတော့လဲ ညောင်ပင်အောက်မှာပဲ ဘုရားဖြစ်တယ်၊ ပရိနိဗ္ဗာန်စံတော်မူတော့လဲ ကုသိနာရုံ မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်ထဲက သစ်ပင်အောက်မှာပဲ ပရိနိဗ္ဗာန်စံတော်မူတယ်၊ သစ်ပင်နဲ့သာသနာဟာ အလွန်လိုက်ဖက်တယ်၊ ဒီလိုကျောင်းကြီးမျိုးတွေလို အကြောင်းအားလျော်စွာ ရတော့လဲ တရားသဖြင့် သုံးစွဲကောင်းပါရဲ့။

ခွင့် ပေး ခွင့် ယူ။ ။ဘုန်း ကြီး မှာ ဝေယျာဝစ္စ ပြု မယ့် သူ ရှိ တယ်၊ ဒါ ကြောင့် မို့ ဘုန်းကြီး အပေါ် ပြု ရမယ့် ဝတ္တရား များ ပြု စရာ မလို ဘူး၊ ချမ်းချမ်း သာသာ ဝိနည်း လေး စား ပြီး နေ ပါ၊ ဘုန်းကြီး က ငါ့ ဂုဏ် အပေါ် ပြု ရ မည့် ဝ တ္တ ရား များ ကို လဲ ဘုန်းကြီး ကမြင်ယင် ပြော မယ်၊ တ ဝ ဝန်ခံ ဘုန်းကြီး တွေ က လဲ ပြော လိမ့် မယ်၊ ဤ သို့ အ မိန့် ရှိ ၏။ တ ရံ တ ခါ ဥ မူ ခွင့် တောင်း ခွင့် ယူ ကို ကမ္မ ဝါ စာ ဆ ရာ များ ကို ယ်စား အောက်ပါ အတိုင်း ရဟန်း လောင်း ကို လိုက်၍ အ ဆို ခိုင်း သည်၊ "ဥ ပဇ္ဈာယ် ဆ ရာ၊ ကမ္မ ဝါ စာ ဆ ရာ တို့ အ ပေါ် ၌ တ ပည့် တော် က ပြု သင့် ပြု ထိုက် သော ဝ တ္တ ရား များ ကို မ ပြု ပဲ နေ နိုင် ရန် တ ပည့် တော် အား ခွင့် ပြု တော် မူ ကြ ပါ အ ရှင် ဘုရား၊ တ ပည့် တော် အ ပေါ် ၌ အ ရှင် ဘုရား များ က ပြန် လည်း၍ စောင့် ရှောက် ရ မည့် ဝ တ္တ ရား များ ကို လဲ မ စောင့် ရှောက် ပဲ နေ နိုင် ရန် တ ပည့် တော် က ကျေး ဇူး ပါ၏ အ ရှင် ဘုရား"

အ ဓိ ဋ္ဌာန် စ သည်။ ။ထို နောက် အ ဓိ ဋ္ဌာန် ဝိ ကပ္ပ နာ စ သည် ပြု ဖို့ ရန် ပစ္စည်း များ အပ် မ အပ် စစ်ဆေး ဖို့ ရန် မိန့် တော် မူ သည်၊ (ကို ယ် တော် တို င်လဲ တ ခါ တ ရံ စစ်ဆေး တော် မူ သည်၊ ဤ အ ကြောင်း အ ရာ များ ကို ရှေး ၌ ဖော် ပြ ခဲ့ ပြီ။)

လိုက် ပို့။ ။ထို့ နောက် ရဟန်း သစ်၏ နောက် သို့ သူ၏ နေ ရာ ကျောင်း ရောက် သည့် အ ထိ ရဟန်း အ ဖော် တ ပါး ကို လိုက်၍ ပို့ စေ သည်။

ရဟန်း ခံ ပြီး ချိန်။ ။ရဟန်း ခံ အ ကြောင်း အ ရာ ကို နား လည် စေ ရန် စာ ဖြင့် ရေး ပြ နေ သ ဖြင့် အ လွန် ကြာ သည် ဟု ထင် ပေ လိမ့် မည်၊ အ မှန် မှာ မ ကြာ ပါ၊ မှန်၏၊

ဆေး။ ။နွားကျင်ငယ် တည်း ဟူ သော ဆေး၊ ဒါ မှ မဟုတ် နွားကျင်ငယ်နဲ့ စိမ်ထား အပ်တဲ့၊ ဇီး ဖြူ၊ ဖန်း ခါး သို့ သျှား သီး ဆေး ကို မှီ ပြီး ရဟန်း အ လုပ် ပွား များ-အား ထုတ် ရ မယ်၊ ရှေး ခေတ် က စာ တို့ ပေ တို့ အံ စရာ တက် စရာ မ ရှိ တော့ ထူး ထူး ခြား ခြား ရောဂါ မ ရှိ ဘူး၊ ညောင်း ညာ တဲ့ ရောဂါ လောက် ပဲ ရှိ တာ၊ ယ ခု ခေတ် တော့ ရောဂါ တွေ က ပေါ သ လို ဆေး တွေ ကလဲ ပေါ ပါ ရဲ့၊ ဒါ ပေ မယ့် သာ ယာ စရာ တော့ မ ရှိ ပါ ဘူး၊ အပ် ကြီး မြင် ရ တာ နဲ့ ပဲ ကြောက် စရာ လို ဖြစ် နေ ပါ တယ်၊ ဒီ ပြင် ထော ပတ် ဆီ ပျား ရည် စတဲ့ ဆေး များ လဲ အ ကြောင်း အား လျော် စွာ ရယင် သုံး စွဲ ကောင်း ပါ ရဲ့။

ပါ ရာ ဇိ က ၄-ပါး။ ။ပါ ရာ ဇိ က ၄-ပါး ကို စာ တော် ပြီး သူ ရ ဟန်း လောင်း များ-အား "ပါ ရာ ဇိ က ၄-ပါး က တော့ ငါ့ ဂုဏ် သိ ပြီး သား ပဲ" ဟု သာ ပြော၏၊ အ ထူး ပြော ပြ လေ့ မ ရှိ၊ ဒုလ္လဘ ရဟန်း များ-အား မူ ငါး ပါး သီ လ ကို အ ခြေ ခံ၍ အ ကျဉ်း ချုပ် ပြော ပြ တော် မူ၏။

သြ ဝါ ဒ။ ။မှီ ခို ရ မည့် ပစ္စည်း ၄-ပါး ကို မှီ ခို ပြီး အ ထူး သ ဖြင့် ရှောင် ကြဉ် ရ မည့် ပါ ရာ ဇိ က ၄-ပါး ကို ရှောင် ကြဉ် ပြီး ကျန် သ မ္မာ ပုဗ္ဗ ဓာ များ ကို လည်း ထိန်း သိမ်း စောင့် ရှောက် ပြီး ရဟန်း တ ရား ပွား များ အား ထုတ် နေ ပါ၊ ဤ သို့ သြ ဝါ ဒ နိ ဂုံး ချုပ် တော် မူ သည်။

ကျောင်းတိုက်၌ ရဟန်းခံလျှင် ၁။ သပိတ်သင်္ကန်းကို ပြောပြခြင်းမှစ၍ ရဟန်းလောင်းကို စစ်ဆေးမေးမြန်း ပြီးသည်အထိ ၁၅-မိနစ်လောက်သာ ကြာ၏၊ ထို့နောက် ကမ္မဝါစာလည်း (၃-ကြိမ်ဖတ်ရစေကာမူ ၁၅-မိနစ်လောက်သာကြာ၏၊ရဟန်းခံရက်ချုပ် ပြောပြခြင်းမှစ၍ ဩဝါဒအဆုံးအထိလဲ ၁၅-မိနစ်လောက်သာကြာ၏၊ အားလုံးပေါင်းလျှင် ၄၅-မိနစ်မျှသာ ရှိသည်၊ တရံတခါ အနေကြာ၍ စာတော်သောရဟန်းလောင်းဖြစ်မူ ထို့ထက်ပင်မြန်ပါသေး၏သည်၊ (ကျောင်းတိုက်၌ ရဟန်းခံရှိလျှင် တခြားသိမ်၌ရဟန်းဖြစ်လာသူများကို သိမ်ထပ်ပေးလေ့ရှိသည်။)

အချိန်မဖြုန်း။ ။အပိုစကားမပြောပဲ အလုပ်ကိုသာ တွင်တွင် လုပ်စေလိုသည်မှာ ဆရာတော်၏ ထူးခြားသော မူပင်ဖြစ်ပါသည်၊ များစွာသောလူတို့သည် ကိုယ်လုပ်ရမည့်အလုပ်ကိုမလုပ်ပဲ စကားဝိုင်းဖွဲ့ကာ အချိန်ဖြုန်းတတ်ကြ၏၊ ဆရာတော်သည် မိမိ၏ တပည့်များအား (၁) အချိန်မဖြုန်းစေရန်၊ (၂)စကားကိုလိုအပ်သလောက်သာ ပြောစေရန်၊ (၃)အချိန်တိုင်း အချိန်တိုင်း၌ အလုပ်ဖြင့်နေစေရန်၊ (ကထာသလ္လာပသိက္ခာအခန်းများဖြင့်)တနေ့တာလုပ်ငန်းကို သတ်မှတ်တော်မူခဲ့ပါသည်။

တနေ့တာလုပ်ငန်း။ ။(ဤယခုဝါခေါင်လ နေထွက်နေဝင်ချိန်အတိုင်း တနေ့တာ လုပ်ငန်းကို ရေးပါမည်။)

၁။ နံနက် ၃-နာရီ မိနစ် ၄၀-၌ တုံးကြီးခေါက်လျှင် အိပ်ရာမှထရသည်၊ ထိုသို့ထပြီးကျင်ကြီး ကျင်ယော် ကိုယ်လက်သုတ်သင်ပြီးနောက် တရားတမျိုးမျိုးဖြင့် နေရသည်၊ (ကထာသလ္လာပသိက္ခာ ၁-၂-၃-အခန်း။)

၂။ ၄-နာရီ မိနစ် ၄၀-၌ အရုဏ်တုံးခေါက်လျှင် အရုဏ်ဆွမ်းစားရ၏၊ (ကထာသလ္လာပ ၆-အခန်း၊) ပြီးလျှင် သပိတ်ဆေးရ၏၊ (၇-အခန်း၊)

၃။ ၅-နာရီ ဩဝါဒတုံးခေါက်လျှင် ဩဝါဒပေးရာဌာနသို့ သွားရ၏၊ (ကထာသလ္လာပသိက္ခာရေးချိန်က ဩဝါဒသီးခြားမရှိသေးသဖြင့် ထိုအခန်းမပါ၊)

၄။ ၆-နာရီကျော်ကျော်၌ ဩဝါဒပြီးလျှင် ကျောင်းပတ်ဝန်းကျင်၌ ဝေယျာဝစ္စပြုရ၏။

၅။ ၆-နာရီခွဲ ၇-နာရီ၌ ဆွမ်းခံသွားရ၏၊ (၈-၉-အခန်း။)

၆။ ၈-နာရီလောက်ဝယ် အများစု ဆွမ်းခံပြန်ရောက်ကြ၏၊ (၁၀-အခန်း)

၇။ ၈-နာရီ ၉-နာရီစာတက်စာချ၊ (၁၁-၁၂-အခန်း။)

၈။ ၁၀-နာရီ ဆွမ်းပြင်ရ၍ ၁၀-နာရီခွဲ၌ ဆွမ်းစားရ၏၊ (၁၃-အခန်း၊)

၉။ ၁၁-နာရီမှ ၁၂-နာရီခွဲအထိ အိပ်စက်အနားယူရ၏၊ စကားလုံး၀မပြောရ၊ (ထို့ကြောင့် ကထာသလ္လာပ သိက္ခာ၌ ထိုအခန်းမပါ၊) ဤတွင် နံနက်ပိုင်းကိစ္စပြီးပြီ။

မှတ်ချက်။ ။ဆွမ်းစားချိန် အိပ်ချိန်တို့မှလွဲ၍ ၈-နာရီနှင့် ၁၀-နာရီခွဲအကြား၀ယ် သင့်လျော်သလို ရေချိုးနိုင်၏၊(၁၄-အခန်း၊)အချိန်မရွေးကုဋီတက်နိုင်၏၊ (၁၅-အခန်း၊)

၁၀။ ၁၂-နာရီခွဲမှ ၅-နာရီအထိ စာတက်စာချတုံးခေါက်၏၊ ၅-နာရီခွဲ အလုပ်တုံးခေါက်၏၊ (၂၀-အခန်း၊)


၆-နာရီ ထန်းလျက်ရည် သံချောင်းခေါက်၏၊ (၂၂-၂၃-အခန်း၊) ၆-နာရီခွဲမှ ၇-နာရီကျော်အထိ စာပြန်နိုင်၏၊ ၇-နာရီခွဲလျှင် ဘုရားဝတ်တက် ကြေးမောင်းခေါက်၏၊ (၁၆-အခန်း၊) ၈-နာရီမှ ၈-နာရီခွဲအထိ တရားထိုင်ရ၏၊ ၈-နာရီခွဲလျှင် အိပ်နိုင်၏၊ (၄၂-အခန်း။)

မှတ်ချက်။ ။နေ့လယ်ပိုင်း၌ ၁၂-နာရီခွဲမှစ၍ ရေချိုးနိုင်၏၊ ညနေဝယ် အလုပ်လုပ်ရသူများ ကိုယ်ခန္ဓာညစ်ပေနေလျှင် ရေချိုးနိုင်၏၊ မိမိကျန်းမာရေး အခြေအနေကြည့်၍ သင့်လျော်သည့်အချိန်ဝယ် ကျောင်း တိုက် တွင်း၌ လမ်းလျှောက်နိုင်၏၊ (၂၁-အခန်း၊)

(ထို့ပြင်ကထာသလ္လာပ သိက္ခာဝယ် အခြားအခန်းများလဲ ပါပါသေးသည်၊) အဖိတ်နေ့၌ ဆွမ်းခံပြန်ချိန်မှစ၍ ကျောင်းကို အထူးသန့်ရှင်းရ၏၊ ခေါင်းရိတ်ရ၏၊ အဝတ်လျှော်ရ၏၊ (၃၆-၃၇-အခန်း) ညနေအချိန်တွင် အခြား ရက် များ ထက် နာရီဝက်စောရ၍ အလုပ်တုံးခေါက်၏။

ဥပုသ်နေ့။ ။ဥပုသ်နေ့၌– ဩဝါဒနား၏၊ ဆွမ်းကပ်ရှိလျှင် မနားရ၊ တတိုက်လုံး အမှိုက်လှည်းရ၏၊ (၂၆-အခန်း၊) လပြည့်လကွယ်ဖြစ်လျှင် ညနေ ၄-နာရီ ၄-နာရီခွဲ၌ ရဟန်းများဥပုသ်ပြုရ၏၊ သာမဏေများ ဥပုသ်နေ့တိုင်း ၅-နာရီ အချိန်ဝယ် သရဏဂုံထပ်ယူရ၏၊ အဖိတ်နေ့နှင့် ဥပုသ်နေ့ ၂-ရက် ဘုရားဝတ်တက်နား၏၊ တရားထိုင်မှုမနားရပါ၊ ဤတာဝန်များမှာ နေ့စဉ်ဆောင်ရွက်ရသော အကြမ်းစားတာဝန်များသာဖြစ်၏၊ အခြားတာဝန်များလည်း ရှိပါသေးသည်။

ကေသီရမ်းပုံတမျိုး



ဤသို့ကိုင်ပြီးလျှင်....

ဤသို့ချိုင်းအောက်မှဆွဲယူကာ....

အစ ၂-ခုကို ဤသို့တတောင်
ဆစ်အောက်သင်းလွှက်....



သက်နှံးရုံသကဲ့သို့ အနည်းငယ် ပြင်လိုက်လျှင် အဝန်းညီစွာ ဧကသီကိုရမ်းပုံတမျိုးဖြစ်လာ၏။

ပရိမဏ္ဍလ ပါရုပနသိက္ခာပုဒ် အဖွင့်လာ "ဥဘောကဏ္ဍေသမံကတ္တာ.... အရ အချို့ ဆရာတို့ အလိုဧကသီရမ်းပုံ။ (ပါတိမောက် ဘာသာဋီကာနှင့်တွဲကြည့်ပါ။)



ဤသို့မြောက်လိုက်သော် ဗယ်ဘက်လက်အဖျားအစွန် ၂-ခု, ညာဘက်လက်အောက်ဒူးဆစ်ပေါ်ရှိ အစွန်း ၂-ခု ညီနေသည်ကိုသတိပြုပါ။ ဤသည်ကို "ဥဘောကဏ္ဍေသမံကတ္တာ" ဟုဆိုပါသည်။



ဤသို့ပခုံးပေါ်တင်ပြီး....

ဗယ်ဘက်စုံးပေါ်တင်
လိုက်ကာလက်တောက်ဝတ်
နားရောက်လာသော
သင်္ကန်းစကိုလက်ဖြင့်သိမ်း
၍ကိုင်ထားရသည်။



ဥဘောကဏ္ဍသမံကတ္ထာ
(ဝိ-ဋ္ဌ-၃,၁၆၂)အရ လက်
ကတော့တင်နည်း
ဖြစ်လာပြီး....



....ဖော်၍ ကေသီရမ်းပုံ၊ ရှေကျင်ဆရာတော်ဘုရားကြီး ဆဝါဒ
ကထာ ၁၃-၄-တို့၌ သီဟိုဠ်ဒီတဘက်ရုံနည်းဟု ဆိုသည်။

ညာဘက်ပခုံးပေါ်၌ကေသီရမ်းပုံ*



ကေသီကို....

....ဤသို့မပြီးလျင်....



*ဘုရားဝတ်တက်ရန် သွားရာအခါ စသည်၌ ပရိမဏ္ဍလပါရုပန
သိက္ခာပုဒ်အဖွင့်လာ"ဥဘောကဏ္ဍကတ္ထာ"အရညာဘက်ပခုံးကို....

....ဗယ်ဘက်ပခုံးကို
အုပ်လိုက်ပြီးနောက်....



ညာဘက်ချိုင်းအောက်မှ
သင်္ကန်းစကိုဆွဲလျက်....



ကောသီရမ်းနည်း



ဤသို့ကိုင်ပြီးလျင်....

ပဋိပတ်ဝိနည်း။ ။ကျေးဇူးရှင်ဆရာတော်၏ **ကျောင်းတိုက်၌** သင်ပြခန်းဝယ် **ပြအပ်ခဲ့သော ကျောင်း** တိုက်တဝင်း၏ ပညာရေးစနစ်**အရ ပရိယတ်ဝိနည်းအရာ၌** ကျမ်း**ကျင်သကဲ့သို့** ပြအမ်ပြီးနည်း**အရ ပဋိပတ်ဝိနည်း၌လည်း** ကျမ်း**ကျင်**ကြသည်၊ ကျင့်သုံး**ကြ**သည်၊ (ဝိနည်းကိုစာတွေ့**အ**နေဖြင့် ကျမ်းကျင်၍ လက်တွေ့**အား**ဖြင့်**လည်း** ကျင့် သုံး**ကြ**သည်၊) ကျင့်သုံး**အောင်လည်း** အုပ်ချုပ်တော်မူသည်။

ငါးပါးသီလ။ ။ကျေးဇူးရှင်ဆရာတော်သည် ရဟန်း,သာမဏေများ**အား** ဝိနည်း**သီလ**ဖြင့် ဆုံးမတော်မူသလို ဒကာဒကာမများ**အား**လည်း လူကျင့်**သီလ**ဖြင့် ဆုံးမတော်မူသည်၊ ငါးပါး**သီလ** လုံခြုံ**အောင်**ထိန်း၊ သီလက**အ**ရေးကြီး**တယ်**၊ ကဲသွားကြတော့ဟု လာရောက်ကန်တော့သူတိုင်းကို အမိန့်ရှိတော်မူသည်၊ တခါက မန္တလေးမှ ဒကာတယောက် သည် ဆရာတော်၏ ကျမ်းစာကိုကြည့်၍ အလွန်ကြည်ညိုလှသဖြင့် ဆရာတော်အား ဖူးမြော်ဖို့ ရောက်လာလေရာ ဆရာတော်ကမေးသော**အခါ** ကြည်ညိုလွန်း၍ ဖူးမြော်လာ**ကြောင်း**လျှောက်လေလျှင် ''ဘုန်း**ကြီး**ကြည်ညိုဖို့ထက် ၅-ပါး**သီလ**လုံဖို့**က**အရေး**ကြီး**သည်''ဟု မိန့်တော်မူလိုက်သည်၊ **သီလ**အရေး**ကြီး**ကြောင်းကိုသာ အကြိမ်များစွာ ဆရာတော်သည် နည်း**အ**မျိုးမျိုးဖြင့် မိန့်တော်မူပါသည်။

သီလအရေး**ကြီး**။ ။မြန်မာလူမျိုးတွေ**က** သီလမထိန်း ချင်ကြဘူး၊ဒါနသာပြုချင်ကြတယ်၊ ဘာပြုလို့တုန်းဆိုတော့ သီလက လူမှမသိပဲ၊ဒါနကိုသာလူသိတာ၊နာမည်

ဗယ်ဘက်လက်ကောက်ဝတ် အနီးရောက်လာသော အစကို..... ဗယ်ဘက် လက်ဖြင့်ကိုင်ထား**ပါ**မူ



လက်ကတော့တင်ခေါ် အဝန်းညီစွာ ကေသီ ရှမ်းနည်းတမျိုး ဖြစ်သည်။



ရွှေကျင် ဆရာတော် ဘုရား**ကြီး**၏ ဩဝါဒကထာ ၁၄-ခွဲ ဆရာတော်ဘုရား**ကြီး** သင်ပြအပ်သော**နည်း**ဟု ပြအပ်သော လက်ကတော့တင်ခေါ် ပရိမဏ္ဍလဖြစ်**အောင်** ကေသီရှမ်းနည်း။

ကျော်ချင်ကြတယ်၊ ဒီတော့ ဒါနများများပြူကြတယ်၊ ဒါက ဗမာပြည် သာသနာရောက်စတုန်းက ပုဂံပြည်မှာ ပြောရကျင့်ရ ခက်တဲ့သီလကို သိပ်မပြောပဲ ပြောရကျင့်ရ လွယ်ကူတဲ့ ဒါနကို သာ နည်းအမျိုးမျိုးဖြင့် အကျယ်ခွဲပြီး ဟောခဲ့ကြလို့ပေါ့၊ အဲဒီ ကစပြီး ဒါနဦးကျိုးလာတယ်၊ ဟောတဲ့ပုဂ္ဂိုလ်တွေကလဲ နန္ဒိယ သဋ္ဌေး မသေခင်ကတည်းက နတ်ပြည်မှာ ဘုံပေါက်တဲ့ဝတ္ထု များတွေ လူမင်းကြီးတွေ နတ်မင်းကြီးတွေ ဖြစ်နိုင်ပုံကို အကျယ် ခွဲပြီး ဟောခဲ့ကြတယ်။

သဋ္ဌေးဖြစ်ချင်။ ။ပစ္စည်းမရှိတဲ့သူတွေကလဲ ဖြစ်နိုင်ယင် မဟာ ဒုတ်တို့လို ချက်ချင်း သဋ္ဌေးဖြစ်ချင်ကြတော့ ရှိသမျှ ပုံလူကြတာပဲ၊ သဋ္ဌေးတွေကလဲ သေယင် သဋ္ဌေးပဲ ပြန်ဖြစ်ချင်, မူးကြီး မတ်ကြီးတွေကလဲ မူးကြီးမတ်ကြီးပဲပြန် ဖြစ်ချင်, ရှင်ဘုရင်တွေကလဲ ဒီလိုရှင်ဘုရင်ပဲ ပြန်ဖြစ်ချင်တယ်၊ ဒီတော့ ဒါနကို သိပ်ပြူကြတယ်၊ ကျောင်းကြီး ကန်ကြီးတွေ ဆောက်ကြတယ်။

တမူးရလို့ တပဲလူး။ ။ဟောတဲ့သူတွေကလဲ "**မရှိလို့ မလူး, မလူးလို့မဲ့**"လို့ ဟောကြတယ်၊ ဟုတ်တော့ ဟုတ်ပါရဲ့၊ဒါပေမယ့် သိပ်မဟောရဘူး၊ **အကျင့်**ကို ဦးစားပေး ဟောရမှာ၊ ပြီးတော့ ဆိုကြသေးတယ်၊ "**တမူးရလို့ တပဲလူး တို့ရှမ်းတောင်သူ တူနိုင်ရိုးလား**"တဲ့၊ ဒီတော့ ဗမာပြည်မှာ ဆရာကို ဒကာက မြောက်လိုက်, ဒကာကို ဆရာကမြောက်လိုက်နဲ့

လုပ်လာခဲ့ကြတာ ပကာသန ဒါနတွေများတယ်၊ "**ဆရာကို ဒကာကမြောက်တော့လဲ ဒကာကို ဆရာက မြောက် တော့ မဲ့**" ရောတဲ့။

လာဘ်ရလမ်းနှင့်နိဗ္ဗာန်လမ်း

အညာဟိ လာဘူပနိသာ၊အညာ နိဗ္ဗာန ဂါမိနိ။
ဧဝ မေတံ အဘိညာယ၊ ဘိက္ခု ဗုဒ္ဓဿ သာဝကော။
သက္ကာရံ နာဘိ နန္ဒေယျ၊ ဝိဝေက မနုဗြူဟယေ။

လာဘူပနိသာ-လာဘသက္ကာ, ရဖို့ရာဟူ, ဂုဏ်ပါမျှော်ချင့်, ခွင့်ပြုအပ်သောအကျင့်သည်၊ အညာ- နိဗ္ဗာန်ရောက်ကြောင်း, အကျင့်ကောင်းမှု, ရွှေစောင်းသောအား, တမျိုးတခြားသာ တည်း, ၊ နိဗ္ဗာနဂါမိနိ-ရုပ်နာမ်ခပ်သိမ်း,ချုပ်ငြိမ်းဖို့ရန်,နိ ဗ္ဗာန် ရောက်ကြောင်း, ကောင်းသောအကျင့်သည်၊အညာ-ဂုဏ်လာဘ် မျှော်ကိုး အကျင့်ဆိုးမှ, တမျိုးတခြား တပါးသာတည်း၊ ဧဝံ-ဤသို့သွားလမ်း,ခွဲခြမ်းသောအား,နှစ်မျိုးနှစ်စားဖြင့်၊တံမဂ်-သံသရာလည်ရန်, အပါယ်စံနှင့်, နိဗ္ဗာန်မြန်းဖွယ်, လမ်းနှစ်သွယ်ကို၊ အဘိညာယ-သို့လောသို့လော မတွေးတောပဲ သဘော အရှိ ဟုတ်တိုင်းသိ၍၊ ဗုဒ္ဓဿ-သိရန်မှန်က မကျန်ရအောင် လုံးဝ သိမြင် ဘုရားရှင်၏၊ သာဝကော-ကရုဏာလှုံ့ဆော်, မေတ္တာ တော်ဖြင့် ဟောဖော်ညွှန်ပြ မြတ်ဓမ္မကို, အားရပုံသေ, လိုက်နာ ၍နေသော ဘိက္ခု-သံသရာဘေး, လာမည့်ရေးကို, မျှော်တွေး ရှုတောင်း ရဟန်းကောင်းသည်၊သက္ကာရံ-ဒကာ ဒကာမ် သဒ္ဓါ

ကြ၍ ဒါနဟုခေါ် ပူဇော်သက္ကာရကို၊ နာဘိနန္ဒေယျ–မရသော်တ ရသော်ကြ၍ အားရခင်မင် လိုချင်တောင့်တ မနေရာ၊ ဝိဝေကံ– အဖော်ကိုရှောင်း အပေါင်းကိုခွာ ဆိတ်ငြိမ်ရာဝယ် ဘာဝနာနှစ်ရပ် သမာပတ်ကို၊ အနုပြုဟယေ- တဆင့်ထက် တဆင့် ရင့်သထက်ရင့်အောင် မလင့်ပုံသေ တိုးပွားစေရာ၏။

ကျက်သရေရှိစေခြင်း။ ။ဘုန်းကြီးက ကု သိုလ် ရ ဖို့ ချည်း ဒီအလုပ် လုပ်နေတာ မဟုတ်ဘူး၊ သာသနာကျက်သရေရှိအောင်လုပ်နေတာ ကုသိုလ်ရဖို့သက်သက် ဆိုလျှင် တပါးတည်းနေပြီး တရားကလေးနှလုံးသွင်းလိုက် စာကလေးကြည့်လိုက် လုပ်နေရုံပါပဲ၊ကုသိုလ်တွေရပါတယ်၊ နေလဲနေတတ်ပါတယ်၊ ဂျပန်ခေတ်တုန်းက ကိုယ့်ရေကလေး ကိုယ်ခပ်ချိုးပြီး ကိုယ့်စာလေး ကိုယ်ရေးပြီး ဘုန်းကြီးတပါးတည်း ဒီလို နေခဲ့ရတာပဲ။

ဘုရားကျောင်းတိုက်။ ။"ဤကျောင်းတိုက် သာသနာ ဖြင့် ဗုဒ္ဓမြတ်စွာအားပူဇော်ပါ၏"လို့ဘုန်းကြီးက နေ့တိုင်းဘုရားကိုလှူနေတာ၊ ဒါဘုန်းကြီးကျောင်းတိုက် မဟုတ်ဘူး၊ဘုရားကျောင်းတိုက် ၌ကျင်ဆရာတော်တို့ ဝိသုဒ္ဓါရုံဆရာတော်တို့ လက်ထက်က ကိုယ်တော်ကလေးတွေဟာ တော်တော်ကြည်ညိုစရာကောင်းတယ်၊ အနောက်ဝိသုဒ္ဓါရုံ ပြောင်းလာတော့ အနောက်ဝိသုဒ္ဓါရုံက ကိုယ်တော်ကလေးတွေဟာ အရှေ့ဝိသုဒ္ဓါရုံတုန်းကလောက် ဂူခြေမရှဘူးတဲ့၊ တံတေးဆရာတော်ကပြောဖူးတယ်။

မကျစေချင်။ ။ဘုန်းကြီးက အဲဒီဆရာတော်ကြီးတွေ လက်လက်ထက်မှာ ရရှိခဲ့တဲ့ သာသနာ့ကျက်သရေမျိုး ပျောက်မသွားအောင် ထိန်းနေတာ၊ ဘုန်းကြီးမူက ရှေ့မတိုးနိုင်ချင်နေပါစေ၊ ရောက်နေတဲ့အဆင့်ကတော့ ကျမသွားစေရဘူး၊ ရောက်နေတဲ့အဆင့်က ကျသွားတာကို ဘုန်းကြီးမခံနိုင်ဘူး၊ထိန်းထားရမယ်၊ ထိန်းမထားနိုင်တဲ့ ကိုယ်တော်တွေထွက်သွားကြ "အဖျားလှည့် အမှည့်ရနိုးနိုး"ဆိုတာလို ကမ္မဋ္ဌာန်းတွေ အားထုတ်နေကြတယ်၊ သီလကမပါဘူး။

ကိုယ်တည်း တယောက် ချမ်းသာရောက်ဖို့ ခုလောက်ကြိုးထုတ် အားမထုတ်ဘူး ဗုဒ္ဓမြတ်စွာသာသနာ၏ ရှေးခါဘိုးဘလက်ထက်ကလျှင် ရသည့်တန်ခိုး ထပ်မည်းဖို့ အားကျိုးမာန်တက်ငါဆောင်ရွက်သည် ဆက်လက်တည်တန့်ရုံသာတည်း။

ကျန်းမာရေး။ ။ဘယ်လောက်စိတ်ကောင်းရှိရှိ ဘယ်လောက် ဝိုနည်း လေးစား လေးစား ဘယ်လောက် သီလထိန်းထိန်း ကျန်းမာရေးမကောင်းလျှင် ဘာမှမလုပ်နိုင်၊ ဒီတော့ ကျန်းမာဖို့အရေးကြီးတယ်၊ မကျန်းမာလျှင် ပစ္စည်းဥစ္စာတွေရှိလဲ အလကားပဲ၊ "လာဘာ-လာဘ်တို့သည်၊ အာ-ဂျောဂျပရမာ– ကျန်းမာခြင်းသာ အလှန်ဆုံးအတိုင်း အရှည်ရှိကုန်၏"။

သဒ္ဒေးသမီးမကျန်းမာ၊ ။တခါက မန္တလေးမှာ သုံးထပ်တိုက်ကြီးတတိုက်၏ အထက်ဆုံးအထပ်ဝယ် အေးခုတင်ကြီး တလုံးပေါ်မှာ သဒ္ဒေးသမီးတယောက်

မသွားမလာနိုင်လောက်အောင် မကျန်းမာနေတယ်၊ အနီး အပါးမှာလဲ တိုက်တလုံးတည်နေတယ်၊ ပန်းရံမလေးများက အုတ်ခဲတွေရွက်ပြီး နေပူကျဲကျဲမှာ သီချင်းကလေးတအေးအေး နဲ့ တက်လိုက်ဆင်းလိုက် လုပ်နေတယ်၊ မကျန်းမာနေတဲ့ သဌေး သမီးက ပြတင်းပေါက်တခုက အဲဒီပန်းရံမလေးတွေမြင်တော့ ''ငါ့ယ်နော် သူတို့ဘဝနဲ့ လဲလို့ရလျှင် လဲစမ်းချင်တယ်'' ဟု ညည်းသတဲ့။

အရုဏ်တက်အစောစား။ ။ကျေးဇူးရှင် ဆရာတော်သည် ကျန်း မာရေးအတွက် နံနက်အစောမရှိခင် စောမအံ့စေပါ၊ ဘုရားရှိမခိုးစေပါ၊ တိတ်ဆိတ်ငြိမ်သက်စွာနေ၍ တရားနှလုံးသွင်းစေပါသည်၊ အ ရုဏ်တက် လျှင် အဆာပြေ အနည်းဆုံး ဆွမ်းရည်ပြစ်ပြစ် သောက်သင့်ပုံကို ကထာသလ္လာဓ သိက္ခာအခန်း (၄၄)မှာ တွေ့နိုင်ပါတယ်။

ထန်းလျက်ရည်။ ။နောက်ပိုင်း၌မူ ယာဂုနှင့် အဆာပြေ ဆွမ်း စားစေပါသည်၊ ညနေပိုင်း၌ မိုးအခါ ထန်းလျက်ရည်သက်သက် ဆောင်းအခါ ထန်လျက်ရေထဲဝယ် ချင်းထည့်၍ တိုက်ပါသည်၊ နွေအခါ၌မူ ထန်းလျက်ကို ရေအေးဖြင့် မန်ကျည်းသီးဖျော်ရည် လုပ်တိုက်ပါသည်၊ (မန် ကျည်းသီးများကို ကျောင်းတိုက်အတွင်း၌ မန်ကျည်းပင်များမှ ကိုရင်ကြီးများက ကပို့၍ ကိုရင် အငယ်အလတ်များက အခွံနှာ ကြရသည်၊ ဟိမှသည်မှ လူအပ်သော မန်ကျည်းသီးများလည်း ပါပါ၏။)

ခြုံထည်ကိုပတ်။ ။ဆောင်း ရာသီမှာ အ အေး မ မိ အောင် ကျောင်းအပြင်၌ မအိပ်ရန် တံခါးပိတ်ရန် ကိုယ်ပတ် ပတ်ထားရန် ခြုံထည်ခြုံရန်များကို အထူးသတိပေးပါ သည်၊ ကိုယ်ပယ် ပတ်နည်းကို ရောက်သစ်စ ရဟန်းသာမဏေ များအား တဝန်ခံဆရာများက သင်ပြထားရ၏၊ ခြုံထည်ကို လည်း သပ်သပ်ရပ်ရပ်ညီညီညာညာ ခြုံတတ်စေရန် သင်ပြရ၏၊ မညီမညာမသပ်မရပ် တွေ့လျှင် အပြစ်တင်ခံရ ဒဏ်ပေးခံရသည်။

တံခါးပိတ်ဖွင့်။ ။အေးသောရာသီဝယ် နံနက်ဆွမ်းခံ ပြန် လောက်မှစ၍ နေ ရောင်ခြည် ဝင် စေ ရန် တံခါးများဖွင့်ထားရ၏၊ ညနေ ၄-နာရီလောက်မှ နေမဝင်မီ ဝင်ပြီးသားအပူဓာတ်များ မထွက်စေရန်နှင့် အအေးဓာတ်မဝင် စေရန် တံခါးပိတ်ရ၏၊ နွေအခါ၌မူ နွေအခါဝယ် နေရောင် ခြည်ဝင်သောဘက်မှ တံခါးများကို ပိတ်ထားပြီး ညအခါ၌ တံခါးအားလုံး ဖွင့်ထားရသည်၊ တံခါးကို ညင်သာစွာ ပိတ်ရ ဖွင့်ရသည်၊ ဖွင့်ပြီးလျှင် ချိတ်, ချိတ်ထားရ၏၊ ကိုးရိုးကားရား မထားရပါ၊ ကျောင်း၏တံခါးပေါက်၌ လည်းကောင်း၊ ဝရံ တာများ၌ လည်းကောင်း၊ သင်္ကန်း, စောင် စသည်များကို အမြင်မတော်အောင် လှန်းမထားရပါ၊ ဆိုင်ရာသင်္ကန်းတန်း၌ သာ လှန်းရ၏၊ ဆောင်းအခါဝယ် မိမိ၏ခြုံထည် ဓစောင် အိပ် ရာခင်းများကို မှိုမတက်စေရန်နှင့် အပူဓာတ်ရစေရန် နေပူဝယ် မကြာမကြာ လှန်းရ၏။

ဆေးကျောင်း။ ။သံဃာများ၏ ကျန်းမာရေး အတွက် ကျောင်း တိုက် တွင်း မှာ ဆေး ကျောင်း ဆောက်ထားပြီး ထိုကျောင်း၌ အများသုံး အင်္ဂလိပ်ဆေး အချို့နှင့် မြန်မာဆေးများထား၏၊ (က) ဆေးများကို ထိန်းသိမ်းရန်၊ (ခ) ကျောင်းကိုစောင့်ရှောက်ရန်၊ (ဂ) ဂိလာန များကိုပြုစုရန် တာဝန်ဖြင့် ရဟန်းသာမဏေ အနည်းငယ်ကို အမြဲထား၏။ တခါတရံ အခြားကျောင်းများမှလည်း သာမ ဏေများကို တပါးနှစ်ပါးခန့် အလှည့်ကျထားပေး၏၊ တချို့ သာမဏေများကလည်း ကုသိုလ်ဖြစ် တလစသည် တာဝန်ယူ၍ ဂိလာနများကို ပြုစုကြ၏။

ကော်ဖီ။ ။ထိုသာမဏေများက နံနက်ဩဝါဒအပြီး တကြိမ်၊ နွေဆွမ်းစားပြီး တကြိမ်၊ ဂိလာနများ အတွက် ကော်ဖီနှင့်မုန့်ကျွေး၊ သို့မဟုတ်- ဘိစကွတ်နှစ်ခုစီ ယူပေးရသည်၊ မြောက်ဘက် ဇရပ်ဝန်း၌ သံဃာ့ဝေယျာဝစ္စ ပြုနေသူများက ကော်ဖီဖျော်ပေးသည်။

[ယခု ဒကာမကြီးဒေါ်ရှမ်းက သံဃာ့ဝေယျာဝစ္စ တာဝန်ကို ယူနေသည်။]

ဆန်ပြုတ်ဆွမ်း။ ။နံနက်တကြိမ်၊ နွေတကြိမ် အပူချိန်တိုင်း ပေးရသည်၊ အပူချိန်မှန်တမ်း (၂)ရက် လောက်ရောက်ပြီးသော အဖျားဂိလာနများအား မုန့်နှင့်ကော်ဖီ ပေးရသည်၊ မုန့်နှင့်ကော်ဖီ (၂)ရက်စား၍ အဖျားမတက်သော

ဂိလာနများအား ဇရပ်ဝင်းမှ ဆံပြုတ်ယူပေးရသည်၊ ဆံပြုတ် (၂)ရက်သောက်၍ အဖျားမတက်လျှင် ဇရပ်ဝင်းမှ ဆွမ်း အနည်းငယ် ဟင်းအနည်းငယ် ယူပေးရသည်၊ ဆွမ်းများများ မပေးရပါ၊ ဆွမ်း(၂)ရက်စား၍ အဖျားမတက်မှ မိမိနေထိုင်မြဲ ကျောင်းသို့ ပြောင်းခွေ့ရသည်။

ဆေးကျောင်းပြောင်း။ ။ကျောင်းတိုက် အတွင်း၌ မကျန်း မမာ ဖျားနာနေသူ မှန်သမျှသည် မိမိနေမြဲကျောင်းမှ ဆေးကျောင်းသို့ ပြောင်းခွေ့ နေထိုင် ရသည်၊ မပြောင်းလျှင် အပြစ်တင်ခံရသည်၊ "ကိုယ်တော် ဘာ ပြုလို့ မပြောင်းတာလဲ၊ သူများတွေကူးကုန်လိမ့်မယ်"ဟု ပြော လေ့ရှိသည်၊ တာဝန်ခံ ဆရာများအားလဲ "ဖျားလျှင် ကိုယ့် ကျောင်းကို မထားကြနဲ့၊ ဆေးကျောင်းပို့ကြ"ဟူ ပြောလေ့ရှိ ပါသည်။

အနှောင့်အယှက်။ ။မကျန်းမာသူသည် အခြား ပုဂ္ဂိုလ်များ နှင့် ကျောင်းထဲအတူနေက အခြား သူများ၏ စာသင်စာချအနှောင့်အယှက်ဖြစ်တတ်သည်၊ မကျန်း မာသူမှာလည်း အခြားသူများနှင့် စပ်၍ ကျန်းမာရေးအတွက် အနှောင့်အယှက် ဖြစ်တတ်သည်၊ "တခါက မန္တလေးကျောင်း တိုက်ကြီးတခု၏ အလယ်တိုက်ကြီးပေါ်မှာ ကိုယ်တော်တပါး ကျောက်ကြီး ပေါက်နေတယ်၊ ကိုယ်တော်တပါးက ထောင့် တနေရာမှာ ကြက်သားကြော် စားနေတယ်၊ ဂိလာနကိုယ်

တော်က 'မင်းတော့ကွာ သိရောပေါ့၊ အနာပျောက်ကာမှ ဓားနဲ့ ကိုခုတ်မယ်' ဟု ကြိမ်းသတဲ့၊ သို့သော် အနာမပျောက်ပဲ ပုံတော်မူသွားသတဲ့''၊ ဤဝတ္ထုကို မကြာမကြာ ပြောပြတော်မူသည်။

ကုဋ္ဌီရောဂါဖြစ်ခန်း။ ။ဆေးကျောင်းအတွင်းမှာ ရောဂါကုဋ္ဌီနှင့် ရောဂါဖြစ်ခန်းရှိသည်၊ မိုးရွာသည်ဖြစ်စေ၊ နေပူသည်ဖြစ်စေ၊ ချမ်းချမ်းသာသာ ကုဋ္ဌီတက်နိုင် ရောဂါဖြစ်နိုင်၏၊ ဆေးကျောင်းမပြောင်းပဲ ကျောင်းမျာ၌နေလျှင် ကုဋ္ဌီရှိရာသို့ အဝေးကြီး သွားရသည်။

ပြင်ပဂိလာန။ ။ဆေးကျောင်း မပြောင်းလောက်သော နှာစေး ခေါင်းခဲ ချောင်းဆိုး ဂိလာနများလဲ ဆေးကျောင်း၌ ကော်ဖီမှာ၍ သောက်နိုင်၏၊ ဆေးတောင်းလည်း စားနိုင်၏၊ ထိခိုက်ရှနာများကိုလည်း ဆေးကျောင်းမှ ဆေးထည့်ပေး၍ အတော်အတန် ပြင်းထန်သော ဂိလာနများအတွက် ဆရာဝန်ခေါ်ပေး၏၊ ဆေးဖိုးခကိုမူ ဂိလာနဆိုင်ရာ ကပ္ပိယကာရကက တာဝန်ယူရ၏၊ ပြင်းထန်က ဆေးရုံသို့ပို့ရ၏။

ဆေးပေးချိန်။ ။အပြင်ဂိလာနများကို ဆေးပေးချိန်မှာ မနက် ၉-နာရီမှ ၁၀-နာရီအထိ၊ ညနေ အလုပ်တုံးခေါက်ချိန်မှ ဘုရားဝတ်တက်ချိန်အထိ ဖြစ်သည်။

ဂိလာနများချိန်။ ။ရာသီအကူးဖြစ်သော လများနှင့် ဝါဆိုဦး သီတင်းကျွတ် လများဝယ် ဖျားနာဂိလာနသံဃာ ပေါများတတ်၏၊ တိုက်ဖိုက်၊ တုတ်ကွေး၊ မျက်စိနာရောဂါများ အဖြစ်များ၏၊ ထိုကာလ၌ ဆေးကျောင်းမှာ ဂိလာနသံဃာမဆန့်၊ ဆေးကျောင်း၌မူ ခုတင် (၁၂)လုံးသာ ဆန့်၍ (၁၂)ပါးသာ နေလောက်သည်၊ ဂိလာနုပဋ္ဌာကနှင့် ဆေးပေးတာဝန်ခံနှစ်ပါးလည်း ထိုကျောင်းတွင်းမှာပင် နေကြ၏၊ ဆေးကျောင်း၌ ဂိလာနသံဃာများအတွက် ခုတင် ထွေးခံနှင့် ဇွန်း ပန်းကန် ချိုင့် အရွှမ်းအမျိုးမျိုးလည်းရှိ၏။ [ဂိလာနပြုစုသူကို ''ဂိလာနုပဋ္ဌာက'' ဟု ခေါ်၏။]

ဂိလာနပြုစုသူ၏တာဝန်။ ။ကျောင်းတိုက်၏ အလုပ်ချိန်တိုင်း အမှိုက်သရိုက် ပိုးမျှင်များမှအစ ရှင်းလင်းကြရမည်၊ ကော်ဖီယူပေး၊ ဝေပေး၊ ထွေးခံဆေး၊ ကုဋ္ဌီဆေး၊ ရောဂါဖြစ်ခန်းဆေး ကိစ္စများနှင့် စောင့်ခြင်ထောင်တို့ကို သိမ်းပေး၊ ခေါက်ပေးခြင်း၊ အပူချိန်တိုင်းခြင်း၊ မှတ်ခြင်း၊ ဆေးပေးခြင်းများကို ပြုလုပ်ကြရသည်၊ ညနေပိုင်း၌မူ သကြားနှင့်သံပရာ သို့မဟုတ် ရှောက်သီး စသည်ကို ဖျော်ရည်ဖျော်၍ ဆေးနှင့်တွဲကာ တိုက်ကြရသည်၊ မိုးရာသီဝယ် အေးလွန်းသောအခါနှင့်ဆောင်းဝင်စအချိန်များတွင် ဖျော်ရည် အစား ချင်းထည့်၍ ကျိုထားအပ်သော ထန်းလျက်ရည်ကို ဝေကြရသည်။

နောက်တနေ့ ကော်ဖီ,မုန့်,ဆန်ပြုတ်, ဆွမ်း ပေးသင့်မပေးသင့် ဂိလာနတို့ကို ညနေအပူချိန်တိုင်းပြီး အချိန်ဝယ် ဆေးကျောင်းတာဝန်ခံဘုန်းကြီးက စာရင်းလုပ်၍ ဂိလာနုပဋ္ဌာက

သာမဏေများအား ညှန်ကြားထားရသည်၊ထိုသာမဏေများက မြောက်ဘက်ဇရပ်ဝင်းရှိ သံဃာ့ဝေယျာဝစ္စပြုသူအား အသိပေး၍ နောက်တနေ့ နံနက်ဝယ်ယူပေးရသည်၊ ထိုသို့ယူယင်း နေ့လယ်စာအတွက်လည်း စာရင်းအရ မှာထားခဲ့ရသည်၊နေ့လယ်အချိန်မှာ သွားယူပေးရသည်။

ညှန်ကြားကြည့်ရှု။ ။ပြင်းထန်သော ဂိလာနမျာ အတွက် ဆရာဝန် ညှန်ကြား ချက် အတိုင်း တာဝန်ခံဘုန်းကြီးက ဂိလာနုပဋ္ဌာကတို့အား ညှန်ကြား၍ ဂိလာနမျာအား အစာနှင့်ဆေးတို့ကို ပေးကြရသည်၊ တာဝန်ခံဘုန်းကြီးသည်မနှံ့ ဆန်ပြုတ်ဆွမ်းစားယင်းပေးထားသော ဂိလာနမျာ၏ အဖျားပြန်တက် မတက် အခြေအနေကို ညအချိန်ဝယ် အပူချိန်တိုင်းကြည့်၍ အဖျားတက်လျှင် ထိုအစာများကို ဆက်လက်မပေးပဲ ကော်ဖီ သို့မဟုတ် ဆွမ်းရည်လောက်သာ ပေးရသည်၊ မတက်လျှင် ပေးမြဲအစာကို ပေးရသည်။

ပြောပြစစ်ဆေး။ ။ဆွမ်းစားရမည့် ဂိလာနမျာ အတွက် ဂိလာနုပဋ္ဌာကတို့က ဆွမ်းယူသွားသော ဇရပ်ဝင်း၌ ဆရာတော် ရောက်ရှိနေလျှင် ယူရမည့်အတိုင်း အတာကို ဆရာတော်က ပြောပြတတ်သည်၊ အဖျားပျောက်ပြီဆိုပြီး အများကြီးမစားရဘူး၊ အစာမကြေလို့ ပြန်ဖျားတတ်တယ်၊ ဆွမ်းပူတပန်းကန်ပြားမဲ့မဲ့လောက် စွန့်တာနဲ့ ပဲပြုတ်ကလေးနဲ့ ငါးခြောက်ဖုတ်ကလေးနဲ့ နည်းနည်းပဲစားရတယ်၊ ၂-ရက်လောက်စားလို့ ဘာမှမဖြစ်မှ ဝဝစားပေါ့၊ညနေ စတဲ့

မဓူစားတော့လဲ ဇွန်းသေးသေးကလေးနဲ့ တဇွန်းလောက်စားပြီး ရေနွေးကလေးသောက်လိုက်ရတယ်။

ခေတ္တဆေးကျောင်း။ ။ဖော်ပြပါအတိုင်း ဂိလာနမျာသော ကာလတို့၌ ဆေးကျောင်းဟောင်း အောက်ထပ် အရှေ့သိမ်သုံးခန်း ကျောင်းတို့၌ လည်းကောင်း၊ ဂန္ဓကုဋိဝင်းအတွင်းဒေါ်မြကျောင်း၊ ရန်ကုန်ကျောင်း၊ မြင်းမူကျောင်း တို့ ၌လည်းကောင်း ဂိလာနမျာကို ထားရသည်၊ ထိုအရေအတွက်မှာ တရုတရာကျော်အထိ ရှိခဲ့ဖူးသည်၊ ဆရာတော်ကိုယ်တိုင်လည်း ဂိလာနမျာအကြောင်းကို ဆေးကျောင်းတာဝန်ခံအား မေးလေ့ရှိသည်။

စာချဘုန်းကြီးဖျား။ ။စာချ ဘုန်းကြီးများ ဖျားခဲ့သော် ဆေးကျောင်းမရောက်သေးလျှင် "ဖျားနေယင် ဆေးကျောင်းပြောင်းပါစေ၊ ကိုယ့်ကျောင်းကို ဖျားမနေစေပါနဲ့၊ လိုတာရှိယင်လဲပြောပါ" ဟု ပြောကာဖိတ်တတ်သည်၊ တရံတခါ ဩဝါဒပြီးချိန်မှာ ဆေးကျောင်းသို့ကြွ၍ ဂိလာနစာချဘုန်းကြီးကို သီးခြား မေးလေ့ရှိသည်၊ ကော်ဖီစသည်ယူရာဝယ် စာချဘုန်းကြီးများအတွက် မတ်ခွက်ဆိုလျှင် အဖုံးကလေးနှင့် လင်ဗန်းကလေးနှင့် သပ်သပ်ရပ်ရပ်ပြင်ဆင်ယူပေးဖို့ရန် အထူးမိန့်လေ့ရှိသည်၊ ကျောက်ရောဂါ၊ ဝမ်းရောဂါကာကွယ်ရေးဆေးများထိုးရန်လိုအပ်လျှင် သတ်မှတ်အပ်သော်နေရာသို့ ဆရာတော်ကိုယ်တိုင် လာရောက်၍ သံဃာများနည်းတူ ဆေးထိုးမှု ခံယူတော်မူသည်။

များမှာ (၁) အရှင် ဥက္ကဋ္ဌ (ယခုလူ့ဘောင်ပြောင်း)၊ (၂) အရှင်သုစိတ္တ၊ သာသနဓဇ ဓမ္မာစရိယ၊ (၃) အရှင်ဇနပတိ၊ သာသနဓဇ ဓမ္မာစရိယ အင်္ဂုတ္တရနိကာယပါဠိပါရဂူ-တို့ ဖြစ်သည်၊ ဆရာတော် ပျံလွန်တော်မူပြီး နောက်တွင် အရှင် ကလျာဏ၊ အရှင်တိက္ခဉာဏ်တို့ ထိုတာဝန်ကို ဆောင်ရွက်လျက် ရှိကြ၏။

ဆေးကျောင်းသုံးပစ္စည်း။ ။ဆေးကျောင်း၌ ရှိသော ဆေးပစ္စည်းများကို ဒကာ ဒကာမများကလည်းလှူကြ၏၊ တချို့က ဆေးပစ္စည်းမဲ့လှူပဲ ဆေးအတွက် နဝကမ္မသီးခြားလှူကြ၏၊ ထိုနဝကမ္မဖြင့် တာဝန်ခံဘုန်းကြီးက လိုအပ်သောဆေးပစ္စည်းကို ကပ္ပိယ၏၊ အပူချိန်မှတ်တမ်းနှင့် တချို့တချို့ဆေးဝါးများ မြို့နယ်ဆေးရုံမှ အကူအညီ ရ၏။ အပူချိန်မှတ်တမ်းအကူအညီမရလျှင် ဖရောင်းစက္ကူဖြင့် အပူချိန်မှတ်တမ်း စာရွက်ပြုလုပ်၍သုံးကြသည်။

အထင်သေး။ ။နိုင်ငံခြားသားများနှင့်နိုင်ငံတွင်း ခေတ်ပညာတတ်တို့က ရှေးရိုးအစဉ်အလာအတိုင်း ဖြစ်သလို မပြုမပြင်နေတော်မူကြသော မိမိတို့ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများကို သူတို့၏တပည့်ဒကာများနှင့်တကွ ကျောင်းကန် အဆောက်အအုံတို့ကိုပါ ကြည့်ရှုကာ အထင်သေးစွာဖြင့် ပြောဆိုကဲ့ရဲ့ကြသည်၊ ကျေးဇူးရှင်ဆရာတော်သည် ထိုအဖြစ်မျိုးကို မခံနိုင်ချေ၊ မခံနိုင်ပါဟုလည်း ကထာသလ္လပ သိက္ခာ

ဂိလာနုပဋ္ဌာကကျောင်း။ ။ဂိလာနများလာတတ်သဖြင့် ဂိလာနုပဋ္ဌာကများအတွက် နှစ်ပါးနေ ကျောင်းကလေးကိုဂိလာနကျောင်း၏ တောင်ဘက်၌ ဆောက်လုပ်ပေးထားသည်၊ ထိုကျောင်း၌ ဂိလာနုပဋ္ဌာကကို နေစေပါသည်၊ နောက်တခါ ဂိလာနုပဋ္ဌာကများ တိုးခဲ့ရန် လိုအပ်၍ ဂိလာနုပဋ္ဌာကတို့အတွက် ဂိလာနကျောင်းဆောင်၏ တောင်ဘက်၌ အဆောင်ငယ်တခု ထပ်မံ၍ ထုတ်ပေးတော်မူပါသည်။

ဆေးကျောင်း။ ။ကျောင်းတိုက် တည်စလောက်က ဂိလာန်များနေဖို့ရန် ဆောက်ထားအပ် သော ကျောင်းတခုရှိ၏၊ ကျောင်းအစ်မမှာ ဆရာတော်က အစ်မ,လေး ဟုခေါ်လေ့ရှိသော ဒကာမကြီး ဒေါ်စိန်ရွှင် ဆိုသူဖြစ်၏၊ ထိုဒကာမကြီးသည် နယူးဘားမား ပိဋ္ဌကတ်ပုံနှိပ်တိုက်၏ ပထမဆုံးတာဝန်ခံလည်းဖြစ်၏၊ ထိုကျောင်းကို ဆေးကျောင်းဟုလည်းကောင်း၊ ဆရာတော်က အစ်မ,လေး ကျောင်းဟုလည်းကောင်း ခေါ်လေ့ရှိသည်။

ဆေးကျောင်းဟောင်း။ ။နောင်အခါ ထိုကျောင်း၌ ဂိလာနများ များလွန်းမှသာ အောက်ထပ်၌ထားတော့၏၊ ထို့ကြောင့် ထိုကျောင်းကို "ဆေးကျောင်းဟောင်း"ဟု ခေါ်ကြသည်။

ဆေးကျောင်းတာဝန်ခံ။ ။ဆေးကျောင်းဟောင်း ဆေးကျောင်းသစ် ဂိလာနုပဋ္ဌာကကျောင်းဆောင်တို့၌ တာဝန်ခံအဖြစ်ဖြင့် နေခဲ့သော ဘုန်းကြီး

(အခန်း-၂၀)၌ ပြောပြတော်မူခဲ့သည်၊ ထို့ကြောင့် မိမိကိုယ် တိုင်စံပြအဖြစ်ဖြင့် တည်ထောင်အပ်သော မဟာဂန္ဓာရုံကျောင်း တိုက်၌ သန့်ရှင်းမှုကို လုပ်ငန်းတရပ်အဖြစ်ဖြင့် သတ်မှတ်စေခိုင်း တော်မူခဲ့၏၊ မှန်၏၊ သန့်ရှင်းမှုသည် ကျန်းမာရေး အတွက် အထောက်အကူပြုသလို သာသနာ၏ ကျက်သရေကိုလည်း ဆောင်နိုင်ပါပေသည်။


သာယာအောင်ပြု။ ။ဩဝါဒပြန်တချိန်၊ ရာသီအလိုက် ညနေ ဝယ် အလုပ်တုံးဟူသောအမည်ဖြင့် တုံး ခေါက်အချက်ပေး၍ တချိန်၊ ပုံမှန်အားဖြင့် တနေ့လျှင် ၂-ကြိမ် ကျောင်းတိုက် သန့်ရှင်းသာယာမှုကို ဆောင်ရွက် ကြရသည်၊ တံမြက်လှည်းရသည်၊ အမှိုက်ကျုံးရသည်၊ ကြမ်းတိုက်ရသည်၊ သာမဏေငယ်များနှင့် သူတော်ငယ်များက ခွေးချေးကျုံးရ သည်။

ရေဆေး။ ။အတူသာယာအောင် ပြုပြင်အပ်ထားသော နေ ရာများ၌ ခွေးချေးကျုံးပြီးလျှင် ရေဖြင့်ဆေးရ သည်၊ ထန်းလျက်ရည် စသည်အစက်များဖိတ်စင်ရာ အုတ်ခုံသမံ တလင်းပေါ် စသည်၌ ရေဖြင့်ဆေး၍ တံမြက်စည်းဖြင့် လှည်း ပစ်ခဲ့ရသည်၊ ထိုအစက်များကို ဆရာတော်တွေ့ရှိလျှင် မည်သူ့ ကြောင့် ဖိတ်စင်သည်ကို စစ်ဆေးတော်မူလေ့ရှိသည်၊ စစ်ဆေး ၍ရလျှင် ထိုသူကိုအဆေးခိုင်းသည်၊ စစ်ဆေး၍မရလျှင် နီးရာ ကျောင်းမှ ရဟန်းသာမဏေတို့ကို အဆေးခိုင်းသည်။

ရေဖျန်း။ ။ဖုန်ထတတ်သောနေရာဝယ် တံမြက်မလှည်းမီ ရေ ဖျန်းရသေးသည်၊ ထို အကြောင်း ကို ကထာ-သလ္လာပသိက္ခာ အခန်း (၂၆)၌ ဖော်ပြတော်မူထားပါသည်၊ ရေဖျန်းဖွယ်မလိုသောအခါ၌မူ မဖျန်းရပါ၊ ဥပမာ-မိုးရွာထား သောအခါ အေးသော ဆောင်းအခါတို့တည်း၊ တံမြက်စည်းကို တဘက်သတ်မလှည်းရ၊ ဟိုဘက်ဒီဘက် လှည့်လှည့်လှည်းရသည်၊ တံမြက်စည်းကြောင်းရာ ကိုလည်း ဖြောင့် ဖြောင့် တန်း တန်း ညီနေအောင် လှည်းရသည်၊ တံမြက်စည်းကို ပခုံးပေါ်မထမ်းရ၊ လက်ဖြင့် သေသေသပ်သပ် ကိုင်ရသည်။

ကြမ်းတိုက်။ ။ဝတ်ရွှမ်ဖြစ်လောက်အောင် စုတ်ပြတ်နေသော သင်္ကန်းတို့ကို ဖုန်သုတ်ကြမ်းတိုက်လုပ်ရသည်၊ ဘုရားကျောင်းတိုက် စသည်၌ကား သန့်ရှင်းသော မျက်နှာသုတ် ပဝါ စသည်ကို ဖုန်သုတ်ကြမ်းတိုက်ဖို့ရာ သုံးစွဲသည်။

အထူးသန့်ရှင်း။ ။အဖိတ်နေ့ ဆွမ်းခံပြန်ချိန်၌ ကျောင်းရှင်း၍ ဥပုသ်နေ့ဆွမ်းခံမသွား၊မီ တကျောင်း တိုက် လုံး တံမြက်လှည်းရသည်၊ နံရံအမိုးများရှိ ပိုးမျှင်များကို ကြက် မွေးတံမြက်စည်းရှည်ဖြင့် သုတ်သင်ခြင်း၊ တံမြက်လှည်းခြင်း၊ ကြမ်းတိုက်ခြင်းများကို အထူးတလည် ပြုလုပ်ရသည်၊ အထက်ပါ ရက်များ၌ခေါင်းရိတ်ရသည်၊ ခေါင်းရိတ်ပြီး ဆံပင်များကိုလှည်း ကျုံးပစ်ရသည်၊ ခေါင်းရိတ်သောအခါ ကိုယ်တုံးလုံး အရိတ် မခံရ၊ အပေါ်ကသင်းပိုင်တထည် ရမ်းပတ်ထားရသည်၊ ရေငင်ရာ အခါ၌လည်း သင်းပိုင်ရမ်းထားရသည်၊ ဆံပင်များကို ကျုံးပစ်



ကုဋ္ဌီများ၌ ဤဆိုင်းဘုတ်ကို ချိတ်ထားသည်။

ဤစာတမ်းကို ကျောင်းတိုက်၏ ကုဋ္ဌီများ၌ ဆွဲချိတ်ထားသည်၊ ဤကုဋ္ဌီကျင့်ဝတ်ကို ဩဝါဒ၌ သာမဏေများကို လည်းကောင်း၊ အချို့သံဃာများကိုလည်းကောင်း၊ သံဃာအားလုံးကိုလည်းကောင်း အကြောင်းအားလျော်စွာ ရွတ်ဆိုခိုင်းလေ့ရှိပါသည်၊ လိုက်နာမလိုက်နာ စိစစ်လေ့ရှိပါသည်။

တံတွေးနှပ်။ ။သန့်ရှင်းသော နေရာတိုင်း၌ နှပ်မညစ်ရ၊ တံတွေးမထွေးရပါ၊ စက္ကူစုတ်စသည် အမှတ်တမဲ့မချရပါ၊ ငှက်ပျောခွံ သရက်ခွံ စသည်မှပစ်ရပါ၊ ထိုသို့ပြုမူလျှင် **အ**ပြစ်တခုဖြစ်သည်၊ ကျောင်းပေါ်မှာကား တံတွေးထွေးမှု၊ နှပ်ညှစ်မှု၊ စက္ကူစုတ်စသည်ပစ်ချမှု၊ ရေသွန်မှုတို့ကို လုံးဝမပြုရပါ၊ ထိုစဉ်က လုံးဝလည်းမပြုကြပါ၊ ကျောင်းပေါ်

ရသည်၊ မလှည်းမကျုံးလျှင် ဝက်သတ်ကုန်းက ဝက်မွေးတွေလို ပဲဟု စသည်ဖြင့် ပြောဆိုတတ်သည်၊ကထာသလ္လာပသိက္ခာ အခန်း (၃၇)၌လည်း ရေးသားထားသည်။

ခွေးကျွေး။ ။ဆွမ်းစားပြီးသောအခါ အစွန်အဖျားကျသော နေရာမှာသာ ခွေးကျွေးရသည်၊ **ဆွမ်းများ**ကို ပုံသွန်မထားရ သပိတ်ဆေးရည်များကိုလည်း ဗဲ့ကဲ့ထအောင် မသွန်ရပါ၊ ထိုအကြောင်းကို ကထာသလ္လာပ (၇)အခန်း၌ လည်း ရေးထားသည်၊ **"ဆွမ်းစားပြီးသောအခါ** လက်ဖြင့် ပါးစပ်ကိုဆပ်ပြာဖြင့် ဆေးပြီးမှ ဤ**ရေ**ကို**စစ်**၍ သောက်ပါ" ဟူသောစာတမ်းကလေးများ**ကို**လည်း **ရေအိုးစင်**တိုင်း၌ ချိတ်ဆွဲထားသည်။

ကုဋ္ဌီကျင့်ဝတ်။ ဤကုဋ္ဌီ၌ကျင့်ဝတ်

၁။ ကေသီကို တန်းပေါ်၌တင်ပြီးမှ။
၂။ ဖိနပ်ချွတ်၍ဝင်ပါ။
၃။ အသုဘ ဘာဝနာကို နှလုံးသွင်းပါ။
၄။ ကျင်ကြီးမစွန့်ခင် ရေလောင်းပါ။
၅။ စွန့်နေဆဲလည်း မကြာမကြာ ရေလောင်းပါ။
၆။ "အင်း-အင်း" ဟူသော ညည်းညူသံကို မပြုရ။
၇။ တံပူကို မခဲစားရ။
၈။ စွန့်ပြီးသောအခါ တုတ်စက္ကူ အဝတ်စကို မသုံးရ။
၉။ စပ်စပ်ပျတ်ပျတ် အသံမမြည်စေပဲ ရေဖြင့်သာဆေးပါ။
၁၀။ အားလုံးပြီးသောအခါ သန့်ရှင်းခဲ့အောင် ဆေးခဲ့ပါ။

သဏ္ဌာန် (၁၀)ပေကျော်မြင့်သောတိုင်ကြီး (၃)တိုင်ကို စိုက်လျက် တိုင်ထိပ်ဝယ် လျှပ်စစ်မီးသီး တပ်ဆင်ထားပါသည်၊ ထိုတိုင်များကို ကျဲ့ဂက်ဖယောင်းတိုင်ဟုခေါ်သည်။

ပန်းအိုး။ ။ရင်ပြင်တော်၌ ပန်းအိုးများတင်လှူခြင်းကို ပန်းများညှိုးခြောက်လျက် ကျက်သရေမရှိပဲ အမှိုက်ရှုပ်တတ်သဖြင့် နှစ်သက်တော်မမူ၊ ထို့ကြောင့် သင်္ဘောပုံသဏ္ဌာန် (၃)ပေခန့်အလျားရှိသော အုတ်ပန်းအိုးများနှင့် စည်ပိုင်းဖြတ်ပုံသဏ္ဌာန် (၄)ပေပတ်လည်ခန့် အုတ်ပန်းအိုးများကို ပြုလုပ်ကာ အတွင်း၌ မြေဆွေးများ မြေဩဇာများထည့်ကာ နှင်းဆီ, စံပယ်, စကားစိမ်း စသောပန်းအမျိုးမျိုးတို့ကို ရာသီလိုက်၍ ထာဝရလဲလှယ်စိုက်ပျိုး ကပ်လှူတော်မူသည်၊ ထိုစေတီဝင်းကို သန့်ရှင်းဖို့ရန် တာဝန်ခံဘုန်းကြီးတပါးကို ထား၍ သဒ္ဓါတရားရှိသူတို့က ဝိုင်းဝန်းကာ ပန်းပင်များကို ရေသိခြင်း တံမြက်လှဲခြင်းများကို နေ့စဉ် ၂-ကြိမ်ပြုလုပ်ကာ သာယာအောင် ဆောင်ရွက်ကြရပါသည်။

ပန်းပင်။ ။ကျောင်းတိုက်အတွင်း အခြားအခြား နေရာများ၌လည်း ပန်းများကို စနစ်တကျ စိုက်ပျိုးစောင့်ရှောက်ပေးတော်မူပါသည်၊ ထိုပန်းပင်များကို ဆွတ်ခူး၍ကား ဘုရားအား မလှူရပါ၊ ဤပန်းပင်များဖြင့်ပင် ဘုရားကိုပူဇော်ပြီး ဖြစ်သည်ဟု မိန့်လေ့ရှိပါသည်၊ မှန် ၏။ ဆရာတော်သည် ကျောင်းတိုက်တခုလုံးကို ဘုရားအားပူဇော်ထားလျက် ဘုရားကျောင်းတိုက်ဟု သဘောထားသည်။

ဝယ် အမှိုက်ထည့်ရန်ပုံး သို့မဟုတ် တောင်းကလေးများရှိသည်၊ အမှိုက်ကို ထိုနေရာသို့ သွားထည့်၍ တနေ့တခါ စွန့်ပစ်ရသည်။

မြေညှိသစ်ပင်သိ။ ။တလလျှင် အခါပေါင်းများစွာ မြေညှိခြင်း၊ သစ်ပင်ရှေ့ခြင်း၊ သစ်ပင်ကြီးများကပ်ခြင်း၊ သစ်ပင်ငယ်များ စိုက်ပျိုးခြင်း၊ မြက်ကပ်ခြင်း၊ မြက်စိုက်ခြင်း အုတ်ခဲကျိုးထုခြင်း စသော အထူးအလုပ်များကို အကြောင်းအားလျော်စွာ ဆောင်ရွက်ကြရပါသည်၊ သာမဏေသကျသီဟစာမေးပွဲနှင့် အစိုးရစာမေးပွဲများနီးလျှင် ထိုအလုပ်များရှိတတ်ပါ၏၊ စာမေးပွဲနီးလို့မို့ ခိုကပ်၍မနေရပါ၊ ကိုယ်ကျိုးရှာသမားဟု ပြောကာ ဤကျောင်းတိုက်၌ မနေထိုက်ဟု မိန့်လေ့ရှိပါသည်၊ သို့ရာတွင် ရက်တပတ်လောက် နီးကပ်နေမှ ခွင့်ပြုတတ်ပါ၏။

စေတီတော်။ ။မဟာဂန္ဓာရုံ ကျောင်းတိုက်အတွင်း၌ စေတီတော်တဆူရှိပါသည်၊ ထိုစေတီတော်ကို ကျွေးဋ္ဌေးရှင် ဆရာတော်သည် မိမိဝါဒနှင့်အညီ မကြီးမငယ် မဆန်းကြယ်ပဲ ကြည်ညိုဖွယ်ဖြစ်အောင် ထပ်မံ ပြုပြင်တော်မူထားပါသည်။

မီး။ ။ဖယောင်းတိုင်ထွန်းလျှင် ရင်ပြင်တော်၌ ဖယောင်းစက်များကျလျက် မသန့်မရှင်း ဖြစ်တတ်ပါသည်၊ ထို့ကြောင့် ဖယောင်းတိုင်အစား ကွန်ကရစ်ဖြင့် ဖယောင်းတိုင်ဖို့

ဘုရားပွဲ။ ။စေတီတော်အတွက် ဘုရားပွဲများ မကျင်းပရပါ၊ ဂန္ဓာရုံ ကျောင်းဝင်းအတွင်း၌ အနာဂတ်သာသနာရေးမူအတိုင်း ဘုရားပွဲ ကျောင်းပွဲ ကထိန်ပွဲစသော လူစည်ကားအောင် လုပ်သော မည်သည့်ပွဲကိုမျှ မပြုလုပ်ရပါ၊ ထိုသို့ ပြုလုပ်ခြင်း၏ အပြစ်ကို အနာဂတ်သာသနာရေး၌လည်း ကျယ်ဝန်းစွာရှင်းပြသွားပါသည်။

ဘုရားအာရုံပြု။ ။စေတီဝင်းအတွင်းသို့ ဝင်လျှင် ဘုရားပန်းအိုး ရေသိုသူများမှအပ တံမြက်လှည်းသူများမှစ၍ သင်္ကန်းကို လက်ကတော့ သပ်ရပ်စွာတင်၍သာ ဝင်ရသည်၊ ကိစ္စအထူးမပါလျှင် လက်အုပ်ချီဝင်ပြီး နောက်ဆုတ် ထွက်ရသည်၊ အကြောင်းမဲ့ ဘုရားအာရုံပြုလိုမှုမပါပဲ စေတီဝင်းအတွင်းသို့ လုံးဝမဝင်ရပါ၊ ထိုစဉ်က စေတီဝင်းမှာ ရှိသမျှ လေးစားရမည့် ဌာနတခုသာဖြစ်၍ ဘုရားအာရုံ မပြုလိုပဲလည်း မည်သူမျှ မဝင်ခဲ့ကြပါ၊ အလကားသင်္ကန်း မဝင်ထိုက်ဟုလည်း ခိုင်မာစွာလက်ခံထားကြပါသည်၊ သတ်မှတ်အပ်သော အချိန်မှ တပါးသော အချိန်တို့၌ အသံထွက်၍ စေတီဝင်းအတွင်းဝယ် ဘုရားရှိခိုးမှုကို မနှစ်သက်ပါ၊ ဗုဒ္ဓါနုဿတိဘာဝနာဖြစ်အောင် စိတ်ဖြင့် အာရုံပြုမှုကိုသာ အားပေးတော်မူသည်၊ ဤသို့သန့်ရှင်းနေသောကြောင့် အထက်နတ်ကောင်းနတ်မြတ်များပင်ဆိတ်ငြိမ်သန့်ရှင်းသော ဤစေတီတော်ဝင်းအတွင်းသို့ လာရောက်၍ ဘုရားအာရုံ ပြုကြလိမ့်မည်ဟု ဆရာတော်က လည်းယူဆ၊ အများကလည်းယူဆကြပါသည်။

ရုရှားပါရဂူ။ ။တခါက ရုရှားပါရဂူများ အမရပူရသို့ လာရောက်လှည့်လည်ရာဝယ် လိုက်လံပြသသူများက မဟာဂန္ဓာရုံသို့ ဝင်သောအခါ ဘုန်းကြီးကျောင်း ရောက်ပြီဟု ပြောမထားသော်လည်း ထိုပါရဂူတို့ ဖိနပ်ချွတ်ကြသတဲ့၊ ခင်ဗျားတို့ ဘာလို့ချွတ်တာလဲဟု မေးသောအခါ ဒါလောက် သန့်ရှင်းတဲ့နေရာ ကျွန်တော်တို့ မစီးဝံ့ပါဟုပြောကြသတဲ့။

စုပေါင်းဆောင်ရွက်။ ။ဤမျှလောက် ကျောင်းတိုက်ကို စနစ်ကျအောင် သန့်ရှင်းအောင် ဆရာတပည့်စုပေါင်းကာ ဆောင်ရွက်ကြပါသည်၊ အခကြေးငွေဖြင့် တစုံတယောက်ကို ခိုင်းထားခြင်းမဟုတ်ပါ၊ သဒ္ဓါတရားဖြင့် ကိုယ့်ဝန်ကိုယ်ထမ်းကြခြင်းသာ ဖြစ်ပါသည်၊ ကျေးဇူးရှင်ဆရာတော်က ဘုရားရှင်အား နှေစဉ်ပင် "ဤကျောင်းတိုက်သာသနာဖြင့် ဗုဒ္ဓမြတ်စွာအား ပူဇော်ပါ၏" ဟု ဆိုတော်မူကြောင်းကို ကိုယ်တော်တိုင်ပင် မကြာမကြာ မိန့်တော်မူလေ့ရှိသည်။

တကိုယ်စီသန့်ရှင်းမှု။ ။ကျေးဇူးရှင် ဆရာတော်သည် ကျောင်းတိုက်သံဃာများအား စေတီတော်ဝင်း ကျောင်းတွင်း ကျောင်းပြင် မြေပြင်ကျောင်းဝိုင်း ကုဋီ မီးဖို ချောင် ရေအိုးစင် သပိတ်စင်တို့၌ သန့်ရှင်းစေရန် စိမံညွှန်ပြတော်မူသလို တဦးစီတဦးစီ၏ ကိုယ်တွင်းကိုယ်ပ သန့်ရှင်းမှုကိုလည်း ညွှန်ပြတော်မူခဲ့သည်၊ ကိုယ် တွင်း သန့် ရှင်း မှု ဟူ ရာ၌ အညောင်းအကိုက် မဖြစ်အောင် မှန်မှန်လမ်းလျှောက်စေခြင်း၊

စစ်ဆေး။ ။တိုက်ထဲ၌ လှည့်လည်စစ်ဆေးစဉ် ရဟန်းသာမဏေများ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း နေမနေကို အမြဲသတိပြုတော်မူ၏၊ သင်္ကန်းများ မခေါက်ပဲထားခြင်း၊ တံမြက်စည်းစသည်ကိုကိုးရိုးကားရား ထားခြင်း၊ ပန်းကန်ခွက်ရောက် စသည်ကို ပစ်စလက်ခတ် ထားခြင်းများကို တွေ့လျှင် ချက်ချင်းအရေးယူတော်မူ၏၊ တဦးတယောက်၏ ချွတ်ယွင်းချွတ်ဖြင်လျှင် ထိုသူအား ဒဏ်ပေး၏၊ ခေါင်းရိတ်ရမည့် နေ့ဝယ် ခေါင်းမရိတ်ပဲ ဆံမွှင်ရှည်နေသူများဖြစ်လျှင်ပင် ဟိုကိုယ်တော် ဘာ့ကြောင့်မနေက ခေါင်းမရိတ်သလဲဟုမေးလျှင် ခိုင်လုံသောအကြောင်းကို မလျှောက်နိုင်က အပြစ်တင်တော်မူ၍ သူများတွေ့ရိတ်တဲ့အခါ မှန်မှန်ရိတ်ပါဟု မိန့်တော်မူလေ့ရှိသည်။

အသွားအလာ။ ။ကျောင်းတိုက်၌ ရဟန်းသာမဏေ သူတော်အားလုံးပင် ဆရာတော်၏ သင်ပြပြောပြတော်မူအပ်သော နည်းဖြင့် သွားကြလာကြရပါသည်၊ ရင်ပေါင်တန်း၍ မသွားရပါ၊ ဘောက်ဆတ် ဘောက်ဆက် မသွားရပါ၊ ပျာရာပျာရာမသွားရပါ၊ ဟိုကြည့်ဒီကြည့်မသွားရပါ၊ တခါက ကိုယ်တော်နှစ်ပါး ရင်ပေါင်တန်းသွားနေသည်ကို ဆရာတော်မြင်၍ ခေါ်ပြီးလျှင် တတိုက်လုံးနှံ့အောင် တပည့်တော်တို့ ရင်ပေါင်တန်းသွားလို့ပါ အရှင်ဘုရားဟု လက်ကတော့တင်ကာ လက်အုပ်ချီ၏ လျှောက်ထားစေတော်မူသည်။

စာကျက်စာပြန်ရာ၌ လမ်းလျှောက်၍စာကျက်ခြင်း၊ စာပြန်ခြင်း၊ စာချခြင်း၊ ခေတ်ချုပ်ဆီးချုပ်မဖြစ်အောင် သတိထားစေခြင်း၊ ခန္ဓာကိုယ် အနှံ့အသက်မကောင်း မဖြစ်အောင် မှန်မှန်ရေချိုးစေခြင်းများ ပြုလုပ်စေ၏။

ကိုယ်ပသန့်ရှင်းမှု ဟူရာ၌ မိမိ၏သင်္ကန်း စောင် အိပ်ရာခင်းများကိုနှာသုတ်ပဝါ လက်သုတ်ပဝါ ခေါင်းအုံးဖုံး စသော အသုံးအဆောင်များ မညစ်ပတ်စေရန် မှန်မှန် ဖွပ်လျှော်စေခြင်း၊ နေလှန်းခြင်း၊ မိမိ၏ စာအုပ် ခုတင် ခေါင်းအုံးမှစ၍ သပ်သပ်ရပ်ရပ် မရှုပ်မပွေအောင် ထားစေခြင်းများကို ပြုလုပ်စေ၏။

ထန်းရွက်ကျောင်း။ ။ဆရာတော်သည် ပစ္စည်းမကောင်းသော်လည်း သပ်သပ်ရပ်ရပ် ဖြူဖြူစင်စင် ဖြစ်စေချင်၏၊ ကျောင်းတိုက်၏ ရှေးအစ ကျောင်းများသည် မကြီးကျယ်ပါ၊ မခမ်းနားပါ၊ တချို့ကျောင်းလေးများသည် ဝါးကပ်မိုး ထရံကာမျှသာဖြစ်၏၊ တချို့စာချကျောင်းများသည် ထန်းလက်တဲများဖြစ်၏၊ သို့ရာတွင် သပ်ရပ်သန့်ရှင်းရပါသည်၊ ဆရာတော်၏ ကျောင်းသည်ပင် တထပ်ကျောင်း ပျဉ်ကာ ပျဉ်ခင်း သစ်သားကျောင်းကလေးဖြစ်၏၊ မျက်နှာကျက်မပါပါ၊ နွေအခါဝယ် ပူလွန်းသဖြင့် အေးစေရန် ထန်းရွက်များဖြင့် နှစ်စဉ်ပင် မိုးချိမိုးချ ပေးရပါသည်၊ ၁၃၂၃-ခု နှစ်လောက်က ကျောင်းတိုက်သံဃာ များလာသဖြင့် ဆွမ်းစားဖို့ရာ နေရာမလောက်၍ ထန်းရွက်တဲကိုလည်းကောင်း၊ ကျင်ကြီးစွန့်ဖို့ရာ ထန်းရွက်ကုဋီကိုလည်းကောင်း ပြုလုပ်ခဲ့ရပါသည်။

ဆင်ခြင်။ ။ဩဝါဒဥ္စလည်း မတ်တတ်ရပ်စေ၍ ဒသဓမ္မသုတ်လာ အောက်ပါ ပစ္စဝေက္ခဏာများကို အဆိုခိုင်းသည်၊ "အညော မေ အာကပ္ပေါ ကရဏီယောတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ" ငါသည် လူဝတ်ကြောင်တို့၏ အပြုအမူမှ တမျိုးတခြားသော အပြုအမူကို ပြုထိုက်ပါတကား ဟု ရဟန်းသာမဏေသည် အမြဲမပြတ် ဆင်ခြင်ရမည်။

ရင်ပေါင်တန်း။ ။ကိုယ်တော်တို့ရှာထဲက ကာလသားတွေလို ရင်ပေါင်တန်းပြီး စ ကား တ ပြော ပြော မသွားရဘူး၊ ဘုန်းကြီးက သာသနာတော်ကို ကျက်သရေရှိစေချင်လို့ လုပ်နေတာ၊ မလိုက်နာနိုင်လျှင် မနေကြနဲ့ဟုလည်း ပြောတတ်သည်။

ဆွမ်းခံသွား။ ။၂-ပါးသွားလျှင် ကြီးစဉ်ငယ်လိုက် သွားရသည်၊ ဆွမ်းခံသွားရာ၌ ရဟန်းများရှေ့က သွားရသည်၊ အကြီးအငယ်ကို အတိအကျ မသတ်မှတ်၊ တတောင်ခန့်ခြား၍ သွားရသည်၊ ရှေ့တည့်တည့်ကိုသာ ကြည့်ရသည်၊ ဗုဒ္ဓါနုဿတိ မေတ္တာ အသုဘ မရဏဿတိ ဘာဝနာတို့တွင် တမျိုးမျိုးကို ပွားများ၍ သွားရသည်၊ အထူးသဖြင့် ဗုဒ္ဓမြတ်စွာ၏သာသနာ့ဝန်ထမ်းများဖြစ်၍ ဗုဒ္ဓါနုဿတိဘာဝနာကို ဖြစ်စေ၊ သာသနာ့ဝန်ထမ်းတို့မှာလည်း ဆွမ်းစသည်လောင်းလှူသောဒကာမများနှင့် ဆက်စပ်နေသည်ဖြစ်၍ မိမိအားဆွမ်းလောင်းလှူမည့် မြို့ရွာရပ်ကွက် ဒကာဒကာမများ အပေါ်၌ မေတ္တာ ဘာဝနာကိုဖြစ်စေ ပွားများဖို့ရန် မကြာမကြာ ပြော

ပြတော်မူသည်၊ တရံတခါ ကိုယ်တော်များ ဆွမ်းခံသွားမည့် လမ်းအနီးအပါးဝယ် စောင့်လျက် လမ်းလျှောက်ယင်း မိန့်တော်မူနေပါသည်၊ တချို့သင်္ကန်းရုံအချို့မကျသေးသူ အဟောင်းများနှင့် ရောက်သစ်စ သာမဏေများ၏ သင်္ကန်းရုံပုံ၊ သပိတ်အိတ်အနေအထားနှင့် သွားပုံလာပုံကို အကဲခတ်နိုင်စေရန် ထိုသူများကို ဆွမ်းခံသွားခါနီးဝယ် သင်္ကန်းရုံ သပိတ်အိတ်လွယ်ပြီး နောက် မိမိကျောင်းအနီးသို့ လှည့်လာစေ၍ မြို့ထဲဆွမ်းခံသွားစေပါသည်။

ဘုရားဝတ်တက် ဩဝါဒသွား။ ။ဘုရား ဝတ်တက်သွားရာ ဩ ဝါ ဒ သို့ သွား ရာ၌ ကျောင်းခန်းအတွင်းသို့ လက်အုပ်ချီလျက် မနေးမမြန် ရှေ့နောက်စဉ်ကာ ဝင်ရသည်၊ ဘုရား ဝတ် တက် ပြီးသောအခါ ဩဝါဒပြီးသောအခါများ၌ တံခါးနှင့်နီးရာ အတန်းမှစ၍ နှစ်တန်းစီ အစဉ်အတိုင်းထလျက် လက်အုပ်ချီကာ နောက်ဆုတ်ထွက်ကြရသည်၊ ကျောင်းခန်း၏ အပြင်ဘက်သို့ ရောက်သောအခါ နောက်ဆုတ်မဟုတ်တော့ပဲ ရှေ့နောက်စဉ်ကာ တတောင်ကြားခန့် ဆွမ်းစားကျောင်းကြီး၏ အောက်သို့တိုင်အောင် လက်အုပ်ချီ၍ ဘုရားကို အာရုံပြုလျက် သွားရသည်။

ဆွမ်းကြီးလောင်း။ ။တရံတခါ မန္တလေးမြို့ရှိ ဒကာတဦးဦး က သံဃာ ၂၀၀၊ ၃၀၀ ကားကြီးများဖြင့်ပင့်၍ ဟင်း ၄-ခွက်လောက်ဖြင့် ဆွမ်းလောင်းကြ၏၊ ထိုအခါ ကားများကို စောစောကြိုတင်မှာ၍ လမ်းမကြီးဝယ်

တန်းစီရပ်ထားရ၏၊ အချက်ပေး ကြေး မောင်း ခေါက် လျှင် သံဃာများသည် သင်္ကန်းရုံ သပိတ်လွယ်၍ စေတီတော်တောင် ဘက်မှ အရှေ့ဘက်သို့ပတ်၍ ရွှေနောက်တန်းစီကြွရ၏၊ ဆရာတော်သည် စေတီတော် မြောက်ဘက် စာချုပ်တိုက်သီးပင်အောက်မှ မတ်တတ်ရပ်လျက် လာနေသောကိုယ်တော်များကို တပါးချင်းစစ်ဆေးတော်မူသည်၊ အချို့မကျလျှင် လိုက်ခွင့်မရပဲ ပြန်လွှတ်ခံရ၏၊ ကားပေါ်တက်စဉ်ကပင် အလှူရှင်များ အားမေတ္တာပို့သွားရန်လည်း အထူးသတိပေးတော်မူသည်။

အသုဘ။ ။အသုဘကိစ္စ၌ သွားခွင့်ကြုံလျှင် မျက်နှာကို အထူး သတိထားစေပါသည်၊ စပ်ဖြဲဖြဲ ရယ်ရယ်မောမော စကားတပြောပြော မသွားရပါ၊ ကိုယ်တော်တို့ အသုဘဘာဝနာပွားပြီးတော့ သွားရတယ်၊ သံဝေဂယူပြီး သွားရတယ်၊ မစဉ်းမစား ပျော်ပွဲစားသလို မသွားရဘူး၊ အနာရှိတဲ့ ကိုယ်တော်၊ နေမကောင်းတဲ့ကိုယ်တော်လဲ မလိုက်နဲ့၊ တာဝန်ကျယ်အစားထည့်ပေါ့၊ ဤသို့ပြောပြတတ်သည်။



အရပ်ဝေးသို့ ခရီးသွားမည်ဆိုလျှင် ဤသင်္ကန်းရုံ, သပိတ်လွယ်, နေရာထိုင်တင်, ယပ်တောင်ကိုင်လျက်၊ကပ္ပိယဖိုးသူတော်များနှင့် အတူသွားရသည်၊ စားပွဲပေါ်ဝယ် ခရီးသွားရာ၌ ယူဆောင်ရိုး သပိတ်, လက်သုတ်ပဝါ, ဇွန်း, သင်ခုန်းဓား, မတ်ခွက်, ရေစစ်, သပိတ် အိတ်များကိုပြထားသည်။

ခရီးဝေးသွား။ ။ခရီးဝေး သွားလျှင် ဖိုးသူတော် စသော ကပ္ပိယကာရက ပါရသည်၊ ၂-ပါးလောက်ဆိုလျှင်ပင် ရွှေနောက်တန်း၍ သွားရသည်၊ လွယ်အိတ်ကိုလွယ်၍ သွားခြင်းကို ဆရာတော်သဘောမကျ၊ သပိတ်လွယ်ဖြင့် သွားခြင်းကိုသာ သဘောကျတော်မူသည်၊ လက်သုတ်ပဝါကို သပိတ်ဖုံးပေါ်၌အုပ်၍ ကိုင်းခွက် ဇွန်း ခေါင်းရိတ်ဓား ဓမကရိုဏ် ရေစစ်များကို သပိတ်ထဲ ထည့်၍ ယူရသည်၊ ဆပ်ပြာခွက် သွားတိုက်ဆေးစသော အသုံးအဆောင် ကလေးများကိုလည်း

အနေအထိုင်။ ။အသွားအလာတတ်ဖို့ရန် ပြောပြတော်မူသလို အနေအထိုင် တတ်ဖို့ရန်လည်း ညွှန်ပြတော်မူ၏၊ ခဲ့ပါဦးမည်၊ ယခုကာလ၌ ကာလသားများသည် အုတ်တံတိုင်း တံခါးမ,ပြတင်းပေါက် စသည်ဝယ် ရယ်လားမောလား ကိုးရိုးကားရား နေထိုင်တတ်၏၊ ရဟန်းသာမဏေများမှာလည်း ထိုကာလသား အရွယ်များသာ ဖြစ်သဖြင့် ဆရာသမားများ၏ အသင်အပြလည်း မခံရပါက ထိုသို့ပင် နေထိုင်တတ်၏၊ "အညော မေ အာကပ္ပေါ" ဒေသနာတော်အရ ထိုသို့ မနေသင့်ပါ၊ ထိုသို့မနေရဟုလည်း တားမြစ်ထားပါသည်၊ ထိုထို နေရာ၌ သက်နှံးအဟောင်းကိုဖြတ်၍ ချုပ်အပ်သော နီညိုရောင် ရှိသေးသော နေရာထိုင်ခေါ် အဝတ်တမျိုးကိုခင်း၍သာ ထိုင်ရသည်၊ ထိုသို့မဟုတ်လျှင် သက်နှံးကို ဖုန်စသည်ပေသောကြောင့် ရဟန်းများမှာ ဒုပ္ပဋိဘောဂဒုက္ကဋ်သင့်၍ သာမဏေတို့မှာ ဒဏ်ထိုက်သည်။

အခင်းဖြင့်ထိုင်။ ။သံဃိကကျောင်းများ၌ နေရာထိုင်စသော အခင်းမပါပဲ ထိုင်မိပြန်လျှင် **မိမိ၏ခန္ဓာ** ကိုယ်မှ ချွေးစသည်ပေသောကြောင့် ထိုအာပတ်ဒဏ်တို့ ထိုက်သည့်အပြင်သူစိလေဝမ ခရလေဝမဘီလူးတို့ကဲ့သို့တိရစ္ဆာန်ပြိတ္တာ စသော ဒုဂ္ဂတိဘဝအကျိုးကို ရရှိတတ်လေသည်။

ဘီလူး ၂-ယောက်။ ။ဤဘုရားရှင်လက်ထက်ဝယ် ကဿပ ဘုရား၏ သာသနာတော်က ရဟန်းတော် ၁၀-ပါးသည် ခရီးသွားလာရာမှ အပြန်တွင် ချွေးများ



ကျောင်းတိုက်အတွင်း၌ကဲ့သို့ပင် ရောက်ရာ အရပ်၌လည်း ဤသို့ ဘုရားဝတ်တက်ကြသည်။

သပိတ်ထဲ ထည့်နိုင်သည်၊ သင်္ကန်းအပို တစုံလောက်လည်း ထည့်ယူနိုင်သည်၊ ရေသနုပ်ကို ကိုယ်၌ပတ်၍ ခြုံထည်သင်္ကန်းကို ညာဘက်ပခုံးပေါ် တင်၍ ယူနိုင်သည်၊ လိုအပ်လျှင် အမြိတ်မပါသောလွယ်အိတ်ကို သုံးခွင့်ပြုတော်မူသည်၊ ထိုလွယ်အိတ်မှာ ယခုအခါ ယိုးဒယားလွယ်အိတ်များနှင့် တူပါသည်။

ခရီးသွားစဉ်။ ဘုရားဝတ်တက် ။ခရီးသွားစဉ် ထေရ်ကြီး ဝါကြီး ရဟန်းတော်များကို ကန်တော့ခြင်း, တည်းခိုရာ၌ နာန၌ တံမြက်လှည်းမှု စသည် ပြုခြင်း, ကျောင်းတိုက်ဝယ် ဘုရားဝတ်တက်ချိန်၌ ဘုရားဝတ်တက်ခြင်း, တရားထိုင်ခြင်းတို့ကို ပြုရပါသည်။

ထွက်နေသော ခန္ဓာကိုယ်ဖြင့် အခင်းမပါပဲ သံဃိကကျောင်း ပေါ်၌ အိပ်လိုက်မိရာ သူ၏ခန္ဓာကိုယ်မှ ချွေးများသည် သံဃိက ကျောင်းကို ပေသွား၏၊ ထို့ကြောင့် ထိုရဟန်းသည် သူစိတ်လေးမ ဟူသောနာမည်ဖြင့် နတ်ဘီလူး ဖြစ် ရှာ သည်၊ ဥ ပါ သ က ာ တယောက်လည်း "သံဃိကကျောင်း၏ နံရံကို အခင်းမပါပဲ ချွေး ပြန်နေသော ခန္ဓာကိုယ်ဖြင့် မှီမိလေရာ ခရလောမ နတ်ဘီလူး ဖြစ်ရှာသည်။

အဝတ်ပတ်။ ။ကုလားထိုင် စားပွဲစသည်တို့၏ ခြေထောက်၌ သံဃိကကျောင်းကို မပွန်းပဲ့စေရန် အဝတ် စသည်ပတ်၍ ထိုင်ရသုံးစွဲရသည်၊ ထိုသို့မဟုတ်လျှင် ဆရာတော် တွေ့ရှိက ကြီးကျယ်သော အပြစ်တမျိုးဖြစ်လေသည်။

သံရိုက်။ ။မိမိတို့နေခွင့်ရသော နေရာ၌ တစုံတခု ချိတ်ဆွဲရန် သံဃိကကျောင်းကို ဖျက်ဆီးရာရောက်သောကြောင့် သံမရိုက်ရ။

ပြက္ခဒိန်။ ။အမျိုးသမီးပုံပါသော ပြက္ခဒိန်များ ဝိနည်းတော် နှင့်မလျော်သောကြောင့် ချိတ်ဆွဲမထားရပါ၊ မိန်း မပုံများကို မိခင်ပုံမှစ၍မထားရပါ၊ တွေ့ရှိလျှင်ကျောင်းတိုက်မှ နှင်ထုတ်နိုင်သည်။

ဘုရားပုံတော်။ ။ဘုရားပုံတော်များကိုလည်း မ ထား ရ ပါ၊ ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓပုံတော်များ၏ ရှေ့၌ ရှိသေစွာနေထိုက်၏၊ မိမိတို့နေရာ၌လည်း အမြဲတမ်း ထို

သို့မနေနိုင်၊ ထို့ကြောင့် ပုံတော်များကို မရှိသေရာရောက်၏၊ ထို့ကြောင့် ထိုသို့တားမြစ်တော်မူသည်၊ ပုံတော်များကို ဘုရား ကျောင်းဆောင်အတွင်း၌သာ ထားရသည်၊ ဘုရားကျောင်း တော်သို့ သွားရာ၌ လက်ကတော့တင်ကာ ရှိသေစွာသွားရပုံ ကို ရှေးဥ္စရှင်းပြခဲ့သည်။

လူနှင့်အတူထိုင်မှု။ ။အခု သဒ္ဓါတရားနည်းပါးသော ဒကာ ဒကာမများသည် ကျောင်းသို့လာသော အခါ ထိုင်ခုံ ခုတင် စသောနေရာ၌ ထိုင်တတ်၏၊ သာသနာ စိတ်မရှိသော ရဟန်းသာမဏေတို့ကလည်း ကြမ်းပေါ် မြေပေါ် ၌ ရပ်လျက် ထိုင်လျက်လည်းကောင်း၊ ထိုင်ခုံရှည် တခုတည်း ဝယ် ဒကာ ဒကာမတို့နှင့် အတူလည်းကောင်း၊ ထိုင်တတ် သည် ထိုသို့ မထိုင်ရပါ၊ လူမျာ်း၏ ရှေ့ဝယ် မိမိက မြင့်သော နေရာမှဖြစ်စေ သို့မဟုတ် နေရာအတူ၌ဖြစ်စေ နေရာထိုင်ခင်း၍ သေသပ်စွာ တင်ပျဉ်ခွေထိုင်မှ ဆရာတော်က ကျေနပ်ပါသည်။

အချင်းချင်းထိုင်မှု။ ။ရဟန်းများ ရပ်နေထိုင်နေစဉ် သာမဏေ များက ထိုင်ခုံစသည်ပေါ်၌ ထိုင်နေ တတ်ကြ၏၊ သိက္ခာကြီးသောရဟန်းများ ရပ် နေ စဉ် လည်း သိက္ခာငယ်သော ရဟန်းများက ထိုင်ခုံစသည်ပေါ်၌ ဝယ် ထိုင် နေတတ်ကြ၏၊ ထိုသို့နေထိုင်ရာ၌ သာမဏေနှင့် သိက္ခာငယ် သော ရဟန်းတို့၌ ဂါရဝတရားနှင့် မိမိသီလကို ချစ်မြတ်နိုး သောစိတ် မြတ်စွာဘုရား၏ သာသနာတော်ကို ချစ်မြတ်နိုး

ပြောပြသည်၊ ကျောင်းတိုက်သို့ရောက်သစ်စ ရဟန်း သာမဏေများအား တာဝန်ခံဆရာက ဘုရားဝတ်တက်ရာ၌ ထိုင်ပုံ၊ ကမ္မဋ္ဌာန်းထိုင်ပုံ၊ ဩဝါဒထိုင်ပုံ၊ စာတက်ထိုင်ပုံများကို သေချာစွာ သင်ပြရသည်။

အစားအသောက်။ ။ဆရာတော်သည် အနေအထိုင်တတ်ဖို့ရာ သင်ပြသလို စားတတ်၊ ဝတ်တတ်အောင် လည်း သင်ပြတော်မူသည်၊ သင်္ကန်းဝတ်တ်ပုံကို ရှေးဦး ရေးခဲ့ပြီ၊ ဤဦး အစားအသောက်နှင့်စပ်၍ ရေးပါမည်၊ ရဟန်း သာမဏေများသည် ဝိနည်းတော်အရ သပိတ်ဖုံးဖြင့်မစားရပါ၊ သပိတ်ဖုံးသည် နှီးခွက်ဖြစ်၍ မအပ်ပါ၊ သပိတ်ဖုံးထဲ၌ ခေတ္တစားစရာ ထည့်ထားကောင်းပါ၏၊ စားသောအခါ တိုက်ရိုက်ယူ၍ မစားကောင်းပါ၊ သပိတ်ထဲသို့ ပြောင်း၍ဖြစ်စေ၊ ပန်းကန်ထဲသို့ ပြောင်း၍ဖြစ်စေ စားရပါသည်၊ သပိတ်တလုံး ပန်းကန်ပြား တချပ်တည်း စသည်၌ ၂-ပါး ၃-ပါး စသည်ဝိုင်းမစားရပါ၊ ခွက်တခုတည်း၌ ၂-ပါး ၃-ပါး အတူတူစားလျှင် ကေထာလက ဖြစ်၍ မအပ်ပါ၊ ပွဲလယ်ဝယ်တည်ထားအပ်သော ဟင်းကို လက်ချင်းမဆုံအောင် ၁-ပါးပြီးမှ ၁-ပါး နှိုက်ရသည်။

လက်ပါးစပ်ဆေး။ ။လက်မဆေး, ပါးစပ်မဆေးပဲ မစားရပါ၊တခါက ရဟန်းအခ့ါသည် ဘုရားပွဲတခုသို့ကြွရာ၏၊ ထိုရဟန်းများကို ဩဝါဒ၌ ဘာတွေစားခဲ့သလဲဟု ဆရာတော်ကမေး၏၊ ကိတ် မုန့် စား ခဲ့ ရ ကြောင်း

သေစိတ်များ ဆိတ်သုဉ်းနေကြသည်၊ **အောက်ကဖြစ်စေ**၊ နိမ့်သောနေရာ၌ဖြစ်စေ ထိုင်နေသော သိက္ခာကြီးသော ရဟန်းတို့၌ မိမိ၏ သီလသိက္ခာကို တန်ဖိုးထားတတ်သော စိတ်နှင့် ပတ်ဝန်းကျင်၏ လေးစားမှုကို ခံယူနိုင်လောက်သော အနေအထိုင် အသွားအလာ အပြောအဆို အဝတ်အစား စည်းကမ်းစနစ် အတတ်ပညာများ ဆိတ်သုဉ်းနေကြသည်၊ ယင်းသို့ မတော်မလျော် ထိုင်နေကြသော ရဟန်းရှင်တို့ကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်၏ အသရေပျက်စီးရသည်၊ သာသနာတော်ကျက်သရေရှိအောင် ဆောင်ရွက်လာသော သာသနာတော်ကို ချစ်မြတ်နိုးလှသော ကျေးဇူးရှင် ဆရာတော်သည် သူ၏ကျောင်းတိုက်၌ ထိုအနေအထိုင်မျိုးလို လုံးဝ တားမြစ်တော်မူသည်။

ခုတင်ပေါ်ထိုင်။ ။ခုတင် တလုံး ပေါ်၌ ၂-ပါး၊ ၃-ပါး ထိုင်ခြင်း အိပ်ခြင်းကိုမူ တားမြစ်တော်မူသည်၊ ထိုင်ခုံရှည်ပေါ်၌ကား ဝိနည်းတော်နှင့် လျော်အောင် ၂-ပါး၊ ၃-ပါး ထိုင်ခြင်းကို ခွင့်ပြုတော်မူပါသည်၊ ကျေးဇူးရှင် ဆရာတော်သည် မိမိဆရာသမား အိပ်ရာပေါ်သို့ ကိုယ်တိုင် လည်းမတက်ပါ၊ သူ၏ကျောင်းတိုက်တွင်း သံဃာများကိုလည်း မတက်စေပါ၊ တက်ရမည့်ကိစ္စကြုံလျှင် ဒူးထောက်ပြီး လေးစားစွာတက်ပါသည်၊ ငယ်စဉ်က မြောင်းမြဆရာတော်၏ ဖိနပ်ကို ကျော်မိသည်၊ ဆရာ့ဖိနပ်ဟုသိသောအခါ ထိုဖိနပ်ကို လက်အုပ်ချီ၍ ကန်တော့ခဲ့ဖူးသည်၊ ဤအကြောင်းကို မကြာမကြာ

ကဝါဠိ နပဏာမယေ''ဟူသော ခုဒ္ဒသိက္ခာ(၆၇)ဂါထာ၏ အပရဒ္ဓကိုလည်း အရွတ်ခိုင်းတတ်ပါသည်၊သပိတ်ကို ဆေးကြော ပြီးသောအခါ သပိတ်သုတ်ယင်း တမာရိုးတံပူကို ဝါးကြသည်၊ လက်လေးသစ်အောက် တိုသောတံပူ, လက်ရှစ်သစ်ထက်ရှည် သော တံပူများကိုလည်း မခဲစားရ၊''စတုရင်္ဂုလတော ဥိန-မဓိကဉ္စကုံလံတထာ၊ ဒန္တကဋ္ဌံ နခါဒေယျံ, လသုဏံ နအကလ္လကော''ဟူသော ခုဒ္ဒသိက္ခာ(၃၄၀)ဂါထာကိုလည်း အရွတ် ခိုင်းတတ်သည်၊ သပိတ်ကို ရေပြောက် ရေစက်များ၊ ရေစီး ကြောင်းများ မကျန်အောင် သုတ်ပြီးနောက် နေလှန်းရသည်၊ ကြာမြင့်စွာမလှန်းရပါ။ နေပူမှုယူ၍ သပိတ်စင်ပေါ်၌ ထား သောအခါ သပိတ်ဖုံးကိုဖွင့်၍ ထားရ၏၊ လက်သုတ်ပဝါကို မိမိနေရာ၌ သိမ်းထားရ၏၊ နောက်တနေ့ ထိုသပိတ်ကို အကပ် ခံကာ ရေဖြင့်ကျင်းရ၏၊ ရေဖြင့် ကျင်းပြီးနောက်လည်း တဖန် အကပ်ခံစေလို၏၊ ဤအကြောင်းများကို ကထာ သလ္လာပ သိက္ခာ အခန်း(၇)၌ ဖော်ပြတော်မူသည်။

သပိတ်ဆေး။ ။သပိတ်ဆေးရာ၌လည်း အနှံအသက် မကျန် အောင် ဆေးစေလို၏၊ ရွှေကျင်ဂိုဏ်းဝယ် ထင်ရှားသော ဘာသန္တရဆေးကဖြစ်သော စလေ ဆရာတော် ဘုရားကြီး၏ ဒယ်အိုးကြီးရှိအောင် ဝိနည်းထိုရိုပုံကိုလည်း မိန့် တော်မူလေ့ရှိ၏၊ထိုဆရာတော်သည် သန္ဓိဓိဖြစ်မည်စိုး၍ အာမိသ အနှံအသက်များ လုံးဝကင်းရှင်းစေရန် ရေနွေးဖြင့် သတ်ပိ ဆေးလေ့ရှိသောကြောင့် ဆိုင်ရာကပ္ပိယတို့က ဒယ်အိုးဖြင့် ရေနွေး

လျှောက်ကြရာ လက်တွေ့ပါးစပ်တွေ့ ဆေးသေးရှဲလားဟု မေး သောအခါ မဆေးကြောင်းလျှောက်ထားသောကြောင့် သံဃာ များကို ''လိုက်ဆိုကြ လိုက်ဆိုကြ'' ''ပါးစပ်မဆေး လက်မ ဆေး ကိတ်မုန့်ကြီးကိုလွေး''ဟု အဆိုခိုင်း၍ ကဲ့ရဲ့တော်မူသည်၊ ဆေးပြီးသော လက်ဖြင့်သင်္ကန်းလက်သုတ်ပဝါတို့ကို မကိုင်ရ၊ တင်ပျဉ်ခွေကာ ထိုင်၍ ဒူးနှစ်ဘက်ပေါ်လက်သုတ်ပဝါကို ဖြန့် ခင်းထားကာ သပိတ်ဖြင့်စားကြရသည်၊စားပွဲပေါ် ကျနေသော ထမင်းလုံး ဟင်းပေါက်များကို ကောက်၍ မိမိတို့၏ သပိတ်ဖုံး သပိတ်ခြေတို့၌ ထည့်ယူသွားရသည်၊ သပိတ်ထဲ၌ မထည့်ရပါ၊ စားပွဲပေါ်ဝယ် တော်တော်များများ ဟင်းရည်ဟင်းပေါက် များစိုနေလျှင် သန့်ရှင်းအောင် မိမိလက်သုတ်ပဝါဖြင့် သုတ် သွားရသည်၊ ပါးစပ်ထဲရောက်ပြီးသား သားရိုးငါးရိုးစသည် တို့ကို ဝိနည်းတော်အရသပိတ်ထဲမထည့်ရပါ၊ ဟင်းပန်းကန် ထဲမှ သပိတ်ထဲဝယ် ထည့်ထားအပ်သော အသားတုံးငါးတုံး ဘို့ကို ဖဲ့၍စားစဉ် သပိတ်ထဲ အရိုးကျန်နေလျှင်မူ အပြစ် မရှိပါ၊ လက်ကိုလည်း ထွေးခံထဲ ဆေးချသလို သပိတ်ထဲ ဆေးမချရပါ။

သပိတ်ကိုင်။ ။သပိတ်ကို လက်နှစ်ဘက်ဖြင့်သာ ကိုင်ရသည်၊ တဘက်တည်းကိုင်လျှင် သူဘောင်းစား ခွက်ကို ကိုင်တာနှင့် တူသည်ဟုပြော၍ ရှုတ်ချတော်မူသည်၊ သပိတ်ကိုင် လျှက် တံခါးကိုမဖွင့်ရ,မပိတ်ရ၊ သပိတ်အိတ်ဖြင့် လွယ်ထားလျှင် မူ,ဖွင့်ကောင်းပိတ်ကောင်းပါ၏၊ ''ပတ္တေန ပတ္တဟတ္ထောဝါ,

ကျူပေးကြရ၏၊ ဂျူဖန်များသော် ဒယ်အိုးကြီးမှာ ချိုသွားလေတော့၏၊ ထို့ကြောင့် "စလေဆရာတော်တို့များ ဒယ်အိုးကြီးတောင် ချိုသွားအောင် ဝိနည်းထိုရ်တော်မူကြသည်" ဟု ပြောစမှတ်ပြုကြောင်းကိုလည်း မိန့်တော်မူ၏။

ဆွမ်းကပ်။ ။ဒကာ ဒကာမများ ကျောင်းတိုက်သို့ လာရောက်၍ ဆွမ်းကပ်လှူသောအခါ မြို့တွင်းရွာတွင်းသို့ ဆွမ်းခံသွားသကဲ့သို့ပင် သင်္ဃန်းရုံမှ စသည်ကိုပြုရ၏၊ ထိုသို့ပြုရကြောင်းကိုလည်း တခါက ချောကျင် ဆရာတော်ကြီးများ ထိုကဲ့သို့သောနေရာဝယ် သင်္ဃန်းရုံသင့် မရုံသင့် ဆွေးနွေးကြရာ ဖော်ပြပါ စလေဆရာတော်ဘုရားက စူဠဝါအဋ္ဌကထာ (၁၁၉) လာ ချေးအဋ္ဌကထာလာဝါဒကို ထောက်ပြ၍ သင်္ဃန်းရုံသင့်ကြောင်းကို မိန့်သောကြောင့် သိရသတဲ့၊ ကျောင်းတိုက်၌ ဆေးသောက်ကမ်းစားမှုကို တားမြစ်တော်မူသည်၊ ကထာသလ္လာပသိက္ခာ အခန်း (၁၃)၌ အကျယ်ရေးတော်မူသည်။

ကပ္ပိ။ ။စပျစ်သီး ပူစီနာ (ပူဒီနာ) စသည်ကိုစားလိုလျှင်ကပ္ပိယသည်၊ဆွမ်းစားစဉ် ဆွမ်း ပန်းကန်, ဟင်းပန်းကန်ကို မှ၍အရှင်ဘုရားယူပါဦးဟု ပြောသော် မယူတော့ဘူးဟု နှုတ်ဖြင့်လည်းကောင်း၊ကိုယ်အမူအရာဖြင့် လည်းကောင်း မတားရ၊ အလိုရှိတော့မှ ပြောပါမည်ဟု ပြောရသည်၊ ပဝါရိတ်မသင့်အောင် ညှန်ပြခြင်းဖြစ်၏၊ အကယ်၍ ပဝါရိတ်သင့်လျှင်လည်း နောက်တနေ့ရောဉ် စားလိုသောအခါ အတိရိုက်ဝိနည်းကံပြုရ

သည်၊ ဆွမ်းစားနေစဉ် လေလာ၍ သပိတ်ထဲဖုန်များဝင်ခဲ့သော် ထပ်၍ အကပ်ခံရသည်။

စတုမဓုရသည်။ ။ညနေအခါ စတုမဓုရကို အထင်အရှား အားနည်းသော ပုဂ္ဂိုလ်များသာ စားရသည်၊ အခြားပုဂ္ဂိုလ်များ မစားရ၊ ညချင်းသုတ်ကိုလည်း လုံးဝမစားရ၊ ဘိလပ်ရည်ကိုလည်း အလိုရှိတိုင်းမသောက်ရ၊ ဂေလည အကြောင်းရှိမှ လိုအပ်သလောက် သောက်ရသည်၊ ဝိနည်းတတ်ကြွက်သတ် ဟူသောစကားကဲ့သို့ အချို့ စာတော်ပေတော်ပုဂ္ဂိုလ်ကြီးများ၏ ပရိယာယ်ဖြင့် သောက်ကြပုံကိုလည်း မိန့်တော်မူ၏၊ တခါက ကျောင်းတိုက်ကြီးတတိုက်၌ တိုက်အုပ်ဘုန်းကြီးနှင့်တကွ စာချဘုန်းကြီးတို့သည် နေ့ဆွမ်းစားပြီး၍ မကြာမီ မွန်းလွဲပြီးစအချိန်ဝယ် ဘိလပ်ရည်သောက်နေကြစဉ် ဆရာတော်ကြီးနှင့်တွေ့ရှိရာ အိုးတိုးအင့်တင့်ဖြစ်နေလို့ပါ အရှင်ဘုရားဟု လျှောက်ပြီး သောက်မြဲပင်သောက်နေကြသတဲ့။

သားကြီးငါးကြီး။ ။ဒကာဒကာမတို့ ဆွမ်းကပ်လိုလျှင် သားကြီးငါးကြီးများကို အသီးအရွက်တို့နှင့် ရောရွှေသာချက်စေသည်၊ ကျောင်းတိုက်အတွင်း၌ ကြက်ကောင် ဝက်ကောင်များစွာကို ခုတ်ထစ် ချက်ပြုတ်နေသည်မှာ မသင့်တော်၊ အထက်နတ်များလည်း သဘောကျမည်မဟုတ်ဟု မိန့်တော်မူ၏။

ပုဂ္ဂလိကအစာ။ ။ပုဂ္ဂလိက အစားအသောက်များ မထားရ၊ အစားအသောက်များ ပုဂ္ဂလိကထားလျှင် ကျောင်းတွေ့မှာ အနုံ့အသက်မကောင်း၊ ကိုယ်ရှိကိုယ်စား စိတ်များဝင်လာ၍ စိတ်ဝမ်းကွဲတတ်၏၊ မဟာဂန္ဓာရုံ ကျောင်းတိုက်၌ တအိုးတည်းစား တဆရာတည်းတပည့် များသာဖြစ်ကြ၏။

ဆွမ်းကြီးခံ။ ။ဆွမ်းကြီးခံများဝယ် ဦးပဉ္စင်းများကို ကောင်းသော စားဖွယ် သောက်ဖွယ်များကို ထိုနေ့၌ပင် ကပ်သည်၊ ချန်ဖို့လိုအပ်လျှင် ကိုရင်များအား လောင်းသော စားဖွယ် သောက်ဖွယ်တို့ကိုသာ ချန်သည်။

ဘုရားပွဲ။ ။ဘုရားပွဲများ၌ အာရုံခံ တန်ဆောင်းထဲဝယ် ဆင်းတုတော်များကို ကျောပေးကာ စကားတပြောပြော ရယ်မောစားသောက်နေခြင်းကို သဘောမကျ၊ ကျောင်းသားငယ် ကလေးများကို ထမ်းစေ၍ ကျောင်းရောက်သော် အကောင်းမှန်သမျှတို့ကို ဘုန်းကြီးတပါးတည်း စားခြင်းကိုလည်း မတရားဟုဆို၏။

ကြွက်သေခန်း။ ။ကျက်သရေခန်း ခေါ်သော အခန်းတခန်းတည်း၌ သိမ်းဆီးကာ ကြွက်တရုန်းရုန်းနှင့် ထားခြင်းကိုလည်း သဘောမကျ၊ ထိုအခန်းမှာ ကျက်သရေခန်း မဟုတ်၊ ကြွက်သေခန်းဖြစ်သည်ဟု မိန့်တော်မူသည်။

အပြောအဆို။ ။မဟာဂန္ဓာရုံ ကျောင်းတိုက်၌ တင်ပါဟူသော အသုံးမရှိ၊ မှန်ပါ အရှင်ဘုရား ဟုသာ အသုံးရှိ၏၊ မင်းငါမသုံးပဲ အရှင်ဘုရား တပည့်တော်ဟု သာသုံးရ၏၊ ဒကာဒကာမများနှင့် စကားပြောသောအခါ ခင်ဗျားက ကျုပ်က ကျွန်တော်က နင်ကဟု မပြောပဲ၊ ဒကာကြီးက ဒကာမကြီးက ဦးပဉ္စင်းက ကိုရင်က ဘုန်းကြီးကဟုသာ သုံးရသည်၊ ဦးကျော်ဝင်း ဒေါ်ရှမ်းဟုမသုံးပဲ ဒကာကြီးကျော်, ဒကာမကြီးရှမ်း စသည်ဖြင့်သာ ခေါ်ရသည်၊ ဗျာဟုသောစကားကို မသုံးရ၊ ကိုရင်သကျဝံသ ဘယ်သွားမလို့ပါလဲ၊ တပည့်တော် ကုဋ္ဌိသွားမလို့ပါ၊ ကိုရင်ဘယ်ရွာကလဲ၊ တပည့်တော်မြင်းခြံကပါ၊ ဤသို့စသည်ဖြင့် ယဉ်ကျေးစွာသုံးရ၏၊ ခေါ်လျှင် အရှင်ဘုရား ဟုထူးရ၏၊ ဆရာတော် ပြောဖူးသည် "အရှင်ဘုရားဆိုတာ ဘန္တေ-ကို ဘာသာပြန်ထားတာပဲ၊ မှန်ပါအရှင်ဘုရားဆိုတာက ဧဝံဘန္တေ၊ အာမဘန္တေကို ဘာသာပြန်ထားတာပဲ၊ ဒီအသုံးဟာ ရှေကျင်ဂိုဏ်းမှာမရှိဘူး၊ ဒွါရမှာသာရှိတယ်၊ ဘုန်းကြီးက ဒွါရက ယူထားတာ"။

စကားများ။ ။ကြာမြင့်စွာစု၍ စကားမပြောရ၊ တောတောင်ထဲ၌ "ဟေ့ ငခွေးရေ၊ ဗျို့ ဘာလဲ" စသည်ဖြင့် ဟစ်အော် ပြောဆိုသလို အသံကျယ်ကြီးဖြင့် မပြောရ၊ အဝေးကြီးကမခေါ်ရ၊ မထူးရ၊ တိုးတိုးသက်သက် ယဉ်ကျေးစွာပြောရသည်၊ တခါက ဗုဒ္ဓမြတ်စွာရှိစဉ် ကျေးရွာများမှ လိုက်လာသော ရဟန်းတော်လေးများသည် ကျောင်းတိုက်ထဲ၌ ဆူဆူ

ညံ့ညံ့စကားပြောနေကြရာ ဗုဒ္ဓက ဒါဘယ်သူ့တပည့်တွေလဲမေး၍ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလ္လာန် တပည့်ဖြစ်ကြောင်း လျှောက်လေလျှင် အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန်ကိုခေါ်၍ သင်တို့တပည့်တွေနဲ့အတူကူ ထွက်သွားကြဟု နှင်ထုတ်ခဲ့ဖူးပါသည်။

ကျောင်းလည်၍စကားမပြောရ။ ။အကြောင်းမဲ့ ကျောင်းလည်၍ စကားမပြောရ၊ သာသနာပ ရဿပုရဗိဇ်တို့ကဲ့သို့ "ဟာငါ့လူကသိပ်လှတာပဲ၊ မဟုတ်ပါဘူးကွာ မင်းလှတာပါ၊ အောင်မာ မင်းလက်ကလေးတွေက နုလိုက်ပါလား၊ မဟုတ်ပါဘူး၊ မောင်ရင့်ခြေထောက်ကလေးတွေကမှ ဝင်းဝါနေတာပဲ"စသောစကားမျိုးကို ပြောနေလျှင် အပြစ်တခုဟု သတ်မှတ်ထားသည်၊ သြဝါဒ၌ အောက်ပါ ပါဠိတော်ကို အဆိုခိုင်းသည်၊သန္နိပတိတာနံ ဝေါ ဘိက္ခဝေ ဒုဿံ ကရဏီယံ ဓမ္မီကထာ ဝါ အရိယော ဝါ တုဏှီဘာဝေါ" ဘိက္ခုတို့ စုဝေးမိကြသော သင်တို့သည် ၁။ တရားနှင့်ဆိုင်ရာ စကား၊ ၂။ တရားနှလုံးသွင်း၍ မြင့်မြတ်သော တိတ်တိတ်ဆိတ်ဆိတ်နေထိုင်မှု၊ဤကိစ္စနှစ်ခုကိုသာ ပြုရမည်။

အပိုစကား။ ။မိမိတို့စပ်ဆိုင်ရာ ကိစ္စမျာ်းနှင့် ပတ်သက်သော စကားများကိုသာ ပြောစေလို၏၊ အကျိုးမရှိသောစကား၊ အပိုစကားမပြောစေလို၊ ဥပမာ- ဆွမ်းခံသွားမှုနှင့်စပ်သောစကား၊ ရေချိုးစဉ် ရေချိုးမှုနှင့် စပ်သောစကား

များသာ ပြောစေလို၏၊ထိုစကားကိုပင် အသိဉာဏ်နှင့်ယှဉ်လျက် ပြောစေလို၏၊ ထို့ကြောင့် ကျောင်းတိုက်၌ တနေ့တာလုပ်ငန်းအဖြစ်ဖြင့် သတ်မှတ်ထားအပ်သော အချိန်တိုင်း၌ ပါဠိဘာသာဖြင့် ပြော ဆို ဖို့ ရာ က ထာ သလာ ပ သိက္ခာ ကျမ်း စာ ကို ရေးခဲ့သည်။

စည်းကမ်းလိုက်နာ။ ။ကျောင်းတိုက်မူ ၁၀-ချက်မှာ ကျောင်းတိုက်၏ စည်းကမ်းသာဖြစ်သည်၊ ဤစည်းကမ်းများကို လိုက်နာရသည်၊ ပြအပ်ခဲ့သည့်အတိုင်း စနစ်ကျသော စာသင်နည်းများဖြင့် စာတော်ပေတော် ပုဂ္ဂိုလ်ကျော်များကို ထုတ်ဖော်ပေးရာ ဤမဟာဂန္ဓာရုံ ကျောင်းတိုက်၌ စိတ်ကောင်းရှိရခြင်းအစ စည်းကမ်းလိုက်နာရခြင်း အဆုံးရှိသော မူ ၉-ချက်ကို လွှတ်ထား၍ စာမေးပွဲအောင်ရန် စာတတ်ရန်မျှ မကြိုးစားရ၊ စာမေးပွဲမအောင်, စာမတတ်စေကာမူ ပြအပ်ပြီးမူ ၉-ချက်နှင့်ညီနေလျှင် မဟာဂန္ဓာရုံ၌ အပြစ်ရှိသည်ဟု မသတ်မှတ်၊ ပြအပ်ပြီးမူ ၉-ချက်နှင့်မညီလျှင်ကား စာမေးပွဲအောင် စာတတ်စေကာမူ ချွတ်ယွင်းချက် အပြစ်ရှိသူဟု သတ်မှတ်သည်၊ စာမေးပွဲ မြန်မြန်အောင်ချင်လျှင် အခြားကျောင်းတိုက် သွားနေ၊ တခြားကျောင်းတိုက်တွေမှာ စာမေးပွဲတွေ အောင်ပါတယ် စသည်ဖြင့်လည်း မိန့်တော်မူလေသည်။

မူလွှတ်နေသူ။ ။ဉာဏ်စွမ်းဉာဏ်စ မရှိသူများကိုမူ မူ-၉ချက်နှင့်ညီ ညွတ် နေ လျှင် "စိတ်ကောင်း စေတနာကောင်းနှင့် အေးအေးသာနေ၊ စာမတတ်ပေမယ့် ကိစ္စမရှိဘူး"

ဟုလည်း မိန့်တော်မူသည်၊ "ကိုယ်တော် ဘာစာမေးပွဲတွေ အောင်ပြီးပြီတုန်း၊ ရောက်တာဘယ်လောက် ကြာပြီတုန်း၊ ဒါလောက်ကြာလို့မှ ဘာစာမေးပွဲမှ မအောင်သေးဘူး၊ နို့ဆိုယင် ဘာလုပ်နေတာတုန်း၊ ဒီကျောင်းတိုက်မှာ အချောင်သမားတွေ မနေထိုက်ဘူး" ဟု မူ ၁၀-ချက်လုံး လွတ်နေသူတို့ကို ပြောလေ့ရှိပါသည်၊ "ဒီကိုယ်တော်က စာတတ်လို့ မာနကြီးနေတာလား၊ ဒီလိုကျောင်းတိုက်မှာ စိတ်ကောင်းမရှိပဲ စာတတ်နေတဲ့သူတွေ မနေထိုက်ဘူး" စသည်ဖြင့် မူ ၉-ချက်လွတ်နေသော စာတော်ပေတော်များကို ရွတ်ချလေ့ရှိသည်၊ ဤကျောင်းတိုက်၌ နေထိုက်သူများဟူသော စာတန်းကိုလည်း ချိတ်ဆွဲထားသည်။

သတိ။ ။ဝိနည်းတော်နှင့်အညီနေ၍ ဘာဝနာ တမျိုးမျိုးကို အချိန်မှန်မှန်ကြိုးစားပြီးလျှင်....

၁။ မူလဆရာသမား၏ ကျောင်းတိုက်၌ စာချနေလိုသော ပုဂ္ဂိုလ်၊

၂။ ကျေးရွာကျောင်း၌နေ၍ လူကြီးလူငယ်များ၏ စာရိတ္တနှင့် ပညာရေးကို အားပေးလိုသော ပုဂ္ဂိုလ်၊

၃။ တောရကျောင်းမျိုး၌ မိမိအတွက်သာ တရားကျင့်၍ ဆိတ်ငြိမ်စွာ နေလို သော ပုဂ္ဂိုလ်၊ ဤသာသနာ့ဝန်ဆောင် ၃-မျိုးတွင်ပါဝင်၍ သာသနာ့အကျိုး နိုင်ငံ့အကျိုး ဆောင်လိုသူသာ ဤကျောင်းတိုက်၌ နေထိုက်သည်။

မူ ၃-ချက်မှ မူ ၁၀-ချက်အထိ တိုး၍အုပ်ချုပ်

မူ ၃-ချက်။ ။ကျေးဇူးရှင်ဆရာတော်သည် သာသနာတော်ကို ကျက်သရေရှိစေရန် အောက်ပါ မူ ၃-ချက်ဖြင့် စာသင်သား မှတ်တမ်းစာအုပ်ငယ်ပြုလုပ်ကာ ကျောင်းတိုက်ကို အုပ်ချုပ်တော်မူသည်။

ဌာန သုဌာနတာ လောကေ၊ အာဇေရာနံ သုဘာဇေရတာ။
သောတူနံ သောဝ စဿဒ္ဓေ၊ သော အာရာမ သမ္ပဒါ။

ကျောင်းတိုက်၏ သာယာသန့်ရှင်းသော ဌာနကောင်းဖြစ်ခြင်း၊ စာချ ဘုန်းကြီးကောင်းများရှိခြင်း၊ စာသင်သားတို့က ပြောဆိုရ လွယ်ကူခြင်း၊ ဤ ၃-မျိုးသည် ကျောင်းတိုက်၏ ပြည့်စုံရမည့်အချက် ဖြစ်သည်၊ တဖန် မူ ၆-ချက် တိုးမြှင့်၍ အုပ်ချုပ်တော်မူပြန်သည်။

မူ ၄-ချက်။ ။တဖန် မူ ၄-ချက်သတ်မှတ်၍ အုပ်ချုပ်ပြန်သည်။

(ဆောင်)။ ။ ၁။ စာပေသာတတ်၊ စိတ်မမြတ်က၊မပြတ်ရောဂါ၊ ကုစားရာတည်း၊ သွားလာဝတ်စား၊ နေထိုင်ငြားနှင့်၊ စကားမတတ်၊ ဖြစ်တုံလတ်၊ စာတတ်ကျိုးမတည်၊ ၂။ စိတ်ကောင်းကျန်းမာ၊သွားအလာတည်း၊ စားရာဝတ်ရေး၊နေထိုင်ရေးနှင့်၊ ပြောရေးဆိုတတ်၊ စည်တိုင်းတတ်မှ၊ စာတတ်က- မုချကျိုးရှိမည်။

ဤဆောင်ပုဒ်တို့မှာ မှတ်ရှု လွယ်ကူစေရန် သင်ပုန်းများ၌ ရေးအပ်သော မူ ၇-ချက်အတွက် ကျေးဇူးရှင်ဆရာတော် ကိုယ်တိုင် ရေးအပ်သော ဆောင်ပုဒ်များဖြစ်သည်။

ဤကျောင်းတိုက်၌ —

၁။ စိတ်ကောင်းရှိဖို့က ပထမ။
၂။ ကျန်းမာဖို့က ဒုတိယ။
၃။ အသွားအလာတတ်ဖို့က တတိယ။
၄။ အဝတ်အစားတတ်ဖို့က စတုတ္ထ။
၅။ အနေအထိုင်တတ်ဖို့က ပဥ္စမ။
၆။ အပြောအဆိုတတ်ဖို့က ဆဋ္ဌမ။
၇။ စာတတ်ဖို့က သတ္တမ။

ဤမူ ၇-ချက်ပြီးမှ ထပ်မံဖြည့်စွက်၍ ပြအပ်ပြီးမူ ၁၀-ချက်ကို သတ်မှတ်အုပ်ချုပ်တော်မူပါသည်။

ကျောင်းတိုက်နေလိုလျှင်။ ။ကျောင်းတိုက်၌ အာမခံမရှိသူ မနေရပါ၊ အာမခံရှိမှနေရ၏၊ အများအားဖြင့် ရဟန်းငယ်နှင့် သာမဏေငယ်များကိုသာ လက်ခံလေ့ရှိ၏၊ သူတို့ဆရာသမားများက ဆရာတော်ထံ တိုက်ရိုက်ဖြစ်စေ၊ (သို့မဟုတ်) အာမခံမည့် စာချုပ်နှင်းကြီးမှတဆင့် ဖြစ်စေ၊ ဆရာတော်အား ၁-လ၊ ၂-လ ကြိုတင်လျှောက်ထား ရ၏၊ နေခွင့်ရရန် ခဲယဉ်းသလောက် ထွက်လိုမူ လွယ်ကူလှ၏၊ တချို့ အပြစ်ရှိလို့လည်း နှင်ထုတ်ခံရ၏၊ အပြစ်များမှာ ၁။ ပွဲ, ရုပ်ရှင်, ဘောပွဲ စသည်ကြည့်ခြင်း၊ ၂။ ရန်ဖြစ်ခြင်း၊ ၃။ လက်နက် တုတ်ခွာကိုင်ဆောင်ခြင်း၊ ၄။ ဆေးလိပ်သောက်ခြင်း၊ ၅။ ထန်းရည် အရက်သောက်ခြင်း၊ ၆။ ညစာစားခြင်း၊ ၇။ သူများပစ္စည်း ခိုးခြင်း၊ ၈။ ဝတ္ထု မဂ္ဂဇင်း မိန်းမခေတ်ပို့ စသည်ကိုင်ဆောင်ခြင်း၊ ၉။ ကပ္ပိယမပါပဲ မန္တလေးသွားခြင်း၊ ၁၀။ သင်္ကန်းမရုံပဲ မြို့တွင်း ရွာတွင်းသွားခြင်း၊ ၁၁။ ပိုက်ဆံကို ကပ္ပိယ ကာရကအနေဖြင့် မဟုတ်ပဲ ကိုယ်တိုင်သိမ်းဆည်း သုံးစွဲခြင်း အပြစ်များတည်း၊ နှင်ဒဏ်ကိုမူ ၆-လ၊ ၁-နှစ်၊ တသက်လုံး ထိုက်သလိုနှင်သည်၊ သို့ဖြစ်၍ အဝင်ခက်သလောက် အထွက် လွယ်ကူသည်ဟု ပြောစမှတ်ပြုကြ၏။

ပြည့်စုံရမည့်အင်္ဂါ။ ။ကျောင်းတိုက်၌ နေထိုင်လိုသူများ၏ ပြည့်စုံရမည့် အင်္ဂါများကို အောက်ပါအတိုင်း သတ်မှတ်ထားသည်။

၁။ စာမေးပွဲအောင်မှုကို ပဓာနမပြုပဲ ပရိယတ် ပဋိပတ် ကျွမ်းကျင်မှုကိုသာ ပဓာနပြုရခြင်း။

၂။ အင်္ဂါကြီးငယ် ချွတ်**ယွင်း**ချက် **မ**ရှိရခြင်း။

၃။ ရှင်ဖြစ်လျှင် (က)ရတနာ့**ဂုဏ်**ရည်လာ ရတနာ ၃-ပါး ဂုဏ်တော်များကိုလည်းကောင်း၊ (ခ) ရုပ်ပုံ ရှင်ကျင့်ဝတ်လာ ကျက်စရာများကိုလည်းကောင်း ရပြီးဖြစ်ခြင်း။

၄။ ရဟန်းဖြစ်လျှင် ပါတိမောက်ဘာသာဌီကာ နိဿယဖြင့် ဘိက္ခုပါတိမောက်ပါဠိ အနက်ကိုရပြီးဖြစ်ခြင်း။

ခြင်္ဂဳံးချက်။ ။ကျောင်းတိုက်၌ နေလိုသောဆန္ဒ၏ ထက်သန်ကြောင်းထင်ရှားအောင် ၃-နှင့် ၄-အချက်ကို ပြထားပါသည်၊ ကျောင်းတိုက်၌ နေဆဲလည်းဖြစ်၊စောင့်ရှောက်မည့် ပုဂ္ဂိုလ်လည်းဖြစ်သူနှင့် အတူလာလျှင် ကျောင်းတိုက်သို့ ရောက်ပြီးမှလည်း ကျက်နိုင်ဖါသည်။

၅။ သက်နှံးများကို ပိန္ဓနရောင်အရင့် ဆိုးခဲ့ရခြင်း။

၆။ ဆပိတ်နှင့် (ဆွမ်းခံဖြစ်လောက်သော) သ ပိတ် အိတ် ဝတ်ခွက် ၅-လုံးခန့် ပါရခြင်း။

၇။ သက်နှံးအရောင်နှင့်တူသော နေရာထိုင် ပါရှိရခြင်း၊ (အရွယ်မှာ ရှင်ငယ်ဖြစ်လျှင် အလျား တထောင့်ထွာ, အနံ တတောင်နှင့် လက် ၅-သစ်ခန့်၊ ရှင်ကြီးနှင့် ရဟန်းဖြစ်လျှင် အလျား ၂-တောင် အနံ တတောင်ထွာခန့် ရှိရပါသည်၊ သက်နှံးအဟောင်းကို ချုပ်လျှင်လည်း ဖြစ်နိုင်ပါ၏။)

၈။ ရေချိုးခွက်, ဆပ်ပြာခွက်, လက်သုတ်ပဝါ, ဇွန်း (လက်ဖက်ရည်စသည်သောက်ရန်)ဂိုဠ်းခွက်ပါရခြင်း၊ (ဥပမာမှာ မတ်ခွက်ဟု ခေါ်အပ်သော ခွက်တည်း။)

၉။ သက်နှံး, စာအုပ်, ခဲတံ စသော ပစ္စည်းအားလုံးပင် ဝိနည်းတော်နှင့် အပ်စပ်စေရခြင်း၊ (ကိုယ်တိုင် ဝယ်အပ်သော

ပစ္စည်းမဟုတ်ပဲ မိဘဆွေမျိုး ပစ္စည်း ၄-ပါး ဒါယကာ ဒါယိကာမများက လှူဒါန်းအပ်သော ပစ္စည်းများသာ ဖြစ်စေရခြင်း"ဟု ဆိုလိုပါသည်။)

၁၀။ ဆရာမိဘစသော အုပ်ထိန်းသူဖြစ်စေ၊ ထိုသူ၏ ကိုယ်စားဖြစ်စေ လိုက်ပါအပ်နှံရခြင်း၊ (ရဟန်းတော်များလိုက်ပို့လျှင် ကပ္ပိယကာရက ပါစေရပါသည်။)

၁၁။ ထိုကပ္ပိယက ပါလာသောဥစ္စာကို ဖိုးသူတော်စသော ကပ္ပိယထံ အပ်နှံလွှဲဆောင်းရခြင်း၊ (အပ်နှံခံရသူက ဝိနည်းတော်နှင့် လျော်ညီအောင် လျှောက်ပါလိမ့်မည်။)

၁၂။ နေမည့်ရဟန်းသာမဏေသည် ဆိုက္ကား, မြင်းလှည်း, နွားလှည်းတို့ကို မစီးခဲ့ရခြင်း။

၁၃။ ကျောင်းတိုက်၌နေစဉ် အရာရာ စောင့်ရှောက်မည့် (မိမိထက်ကြီးသော)တဘဝန်ခံပုဂ္ဂိုလ်ရှိစေရခြင်း။

ဩဝါဒမှတ်တမ်း။ ။ဆရာတော်သည် နှစ်ပေါင်း ၃၀-ကျော် ကျော်လောက် နေ့စဉ် နေ့စဉ် ကျောင်းတိုက်ကို ဩဝါဒပေးယင်း ပြောပြအုပ်ချုပ်တော်မူ၏၊ ထိုဩဝါဒများသည် လွန်စွာပင် တန်ဖိုးရှိလှ၏၊တချို့ တပည့်များက စပ်ရာစပ်ရာ လိုက်ရေးထားကြ၏၊ ယခုလက်ရှိ စာချဝန်ဆောင် အရှင်ပညာဇောတ (စံပြ) ကမူ ၁၃၃၃-ခုနှစ် ဩဝါဒကို အပြည့်အစုံ မှတ်တမ်းတင်ထားသည်။

သာသနာ။ ။သာသနာဟူသည် သီလ, သမာဓိ, ပညာ သိက္ခာ ၃-ပါးသာဖြစ်သည်၊ ဤသီလ, **သမာဓိ**, ပညာ သိက္ခာ ၃-ရပ်တည်တံ့အောင် မူ ၁၀-ချက် သတ်မှတ်၍ အုပ်ချုပ်တော်မူခြင်းဖြစ်သည်၊ ဩဝါဒ၌ **အောက်** ပါအတိုင်း **အဆို** ခိုင်းသည်။

၁။ သာသနာဆိုတာ ဘုရား**အဆုံး**အမကို ခေါ်တယ်။

၂။ ဘုရား**အဆုံး**အမဆိုတာ သီလ, သမာဓိ, ပညာ သိက္ခာ ၃-ပါးပဲ။

၃။ သိက္ခာသုံးပါးတည်မှ သာသနာတည်သည်။

၄။ သိက္ခာ ၃-ပါးသည်လင်္ဂိပုဂ္ဂိုလ်တို့သန္တာန်၌ တည်သည်၊ ကျောင်းကြီး ကံကြီးများ၌မတည်။

ထေရော အာစရိယော သေဋ္ဌော၊ တသိ်ဿာစ သုသိက္ခိတာ။
သုသုဒန္တာ သုသမဂ္ဂါ၊ သောဘေသုံဇိနသာသနံ။

ကျေးဇူးရှင် ဆရာမြတ်သည်လည်းကောင်း၊ ထိုဆရာမြတ်၏ကောင်းစွာ အသင်အပြခံထားရသော တပည့်များသည်လည်းကောင်း၊ ယဉ်ကျေးလိမ္မာ ညီညွတ်စွာဖြင့် ဗုဒ္ဓမြတ်စွာ သာသနာကို တင့်တယ်စေကြပါသည်။

အရှင်သုဇာတ (သာဝတ္ထိ)
မဟာဂန္ဓာရုံတိုက်
အမရပူရမြို့
ဟောပြခန်း

ကျေးဇူးရှင် ဆရာတော်သည် သံဃာများအား နေ့စဉ် ဩဝါဒပေးသည့်အနေဖြင့် ပြောပြရုံသာမက၊ လူဒကာ, ဒကာမများ တရားဟောသည့်အနေဖြင့်လည်း ဟောပြတော်မူခဲ့သည်၊ ချွေတာရေးနှင့် သီလတို့ကိုလည်းကောင်း၊ စိစစ်တတ် သောဉာဏ်ကိုလည်းကောင်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ဟောတော်မူသည်၊ ရှင်ပြုရဟန်းခံ ကထိန်စသော ဘာသာရေးပွဲတို့၌ လိုရင်းမဟုတ်ပဲ ကြီးကျယ်နေသော ပကာသနအလုပ်တို့ကို မပြုလုပ်ရန်ဟောတော်မူသည်၊ တသက်တာ ဟောအပ်သမျှတရားတို့ကို ရရှိသမျှတင်ပြရမှု အောက်ပါအတိုင်းဖြစ်သည်။

၁။ **မန္တလေးမြို့ ဓမ္မဗိမာန်။ ဖွင့်ပွဲတရားတော်** ။ဗော ဇျော်သုတ် ကို မူ ထား၍ နိဗ္ဗာန် လိုလားသော ယောဂီသူတော်စင်တို့၏ ကျင့်ပုံကျင့်နည်းကို ဟောပြတော်မူသည်။

၂။ **ရွှေကုန်သည်တရားတော်။** ။အရှင် ဒေဝဒတ်နှင့် ဘုရားအလောင်းတို့ ရန်စဖြစ်သော သေရိဝဇာတ်ကိုမူတည်၍ လူလောကသည် နတ်လောကထက် ပါရမီဖြည့်ခွင့်ရကြောင်း၊ ဗုဒ္ဓဘာသာဝင်တို့ ဗုဒ္ဓအလိုတော်ကျ အောင် သီလထိန်းမှုမှုစ၍ စနစ်တကျ အလုပ်လုပ်သင့်ကြောင်း၊

အခွင့်ကောင်းကို လက်မလွှတ်စေပဲ အမှားမရှိအောင် ကြိုးစားသင့်ကြောင်းကို ဟော်ထားသည်။

၃။ ပေါရိုဏ်သာဒတရားတော်။ ။သုတသောမဇာတ်ကို အခြေခံ၍ နိဗ္ဗာန်ရလိုလျှင် သာမန် လိမ္မာရုံမျှမဟုတ်ပဲ သူများ အတုယူရလောက်အောင် စံပြအနေဖြင့် လိမ္မာသင့်ကြောင်း၊ ရှေးသူတော်ကောင်းများသည် တရားမသိခင်က မိုက်သည်ဟု ဆိုရလောက်အောင် မိုက်ကြသော်လည်း တရားသိသောအခါ အလွန်လိမ္မာပါသည်ဟု ဆိုရလောက်အောင်စံပြအဖြစ်ဖြင့် လိမ္မာသွားကြောင်းကို ဟောထားသည်။

၄။ သူတော်ကောင်းလက္ခဏာ တရားတော်။ ။မြေခွေးအပေါ်၌ ကျေးဇူး သိ သော ခြင်္သေ့ ဇာတ်တော်ကိုမူတည်၍ ဆရာဝန်ကြီး ဒေါက်တာသာလှ၏ အလှူ၌ သူတော်ကောင်းဆိုသည်မှာ အဘယ်သူကိုဆိုကြောင်း၊ သူတော်ကောင်းဖြစ်ချင်ယင် မည်သည့် အချက်များ ပြည့်စုံရမည်ဖြစ်ကြောင်းကို ဟောထားသည်။ [ယခု စာအုပ်ဖြစ်နေပါပြီ။]

၅။ ခေမာထေရီတရားတော်။ ။ခေမာထေရီမိဘုရားဝတ္ထုကိုမူတည်၍ ဥယျာဉ်ကမ္မဋ္ဌာန်းကျောင်းလေးများ ဆောက်လုပ်ပြီးစဉ် ရွှေမြင်းဒကာကြီး ဦးထွန်းလှိုင်နှင့် ဒကာမကြီးဒေါ်သိန်းတို့၏ ကျောင်းရေစက်ချပွဲ၌ ကျောင်းဒကာ ကျောင်းအမများ မည်ကဲ့သို့ စိတ်ထားသင့်

ကြောင်း ပါရမီဖြည့်ပြီးသားလူတွေတောင်မှ နောက်ဆုံးဘဝမှာ အဆင်မပြေဖြစ်တတ်သေးကြောင်းတို့ကို ဟောထားသည်။

၆။ ရွှေဟင်္သာမင်းတရားတော်။ ။သံယမမင်းကြီးနှင့် ရွှေဟင်္သာဇာတ်ကို မူတည်၍ ပါရမီဖြည့်ဘက်များတဦးနှင့်တဦး ကြင်နာပုံ၊ ကုသိုလ်များများပြုထားသူများ သေခါနီး၌ မကြောက်ရပုံကို ဟောထားသည်။

၇။ အသိဉာဏ်တိုးပွားရေး တရားတော်။ ။အပဏ္ဏက ကုန်သည်ဇာတ်ကို မူတည်၍ တမလွန်ဘဝရှိ–မရှိ ဝါဒနှစ်မျိုးရှိနေရာ ကိုယ်မပိုင်သောအရာ ဖြစ်၍ မလွဲလမ်းကို လိုက်သင့်ကြောင်းကို ဟောထားသည်။

၈။ မရဏဿတိတရားတော်။ ။မရဏဿတိဘာဝနာ ပွားများထားသော မိသားစု ၇-ဦးအကြောင်းကို မူတည်၍ မသေခင်က ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း၊ တဦးနှင့်တဦး ချစ်ချစ် ခင်ခင် နေသင့်ကြောင်း၊ သေကာမှ ဝမ်းနည်းပူဆွေး၍ အကျိုးမရှိကြောင်းတို့ကို ဟောထားသည်။

၉။ ဦးကာက မွေးနေ့ တရားတော်။ ။ကျောင်းအမ ဒေါ်ကျင်တီ၊ ဒေါ်ကျင်သန်း မိသားစုတို့၏ ဖခင်ဖြစ်သူ ဦးကာကသည် ဆရာတော်ထံ မကြာမကြာလာ၍ တရားမေး၏၊ အထူးသဖြင့် အတွေ့, အနတ္တ အကြောင်းကို မေး၏၊ သူ၏မွေးနေ့ ၁-ရက်ဝယ် ဆရာတော်

အား ဆုမ်းစားပင့်သဖြင့် အတ္တအကြောင်းကို အကျယ်ချဲ့၍ ဟောတော်မူသည်။

၁၀။ ၅-ပါးသီလ တရားတော် ။တမျိုးတဆွေလုံး ၅-ပါးသီလ စောင့်ထိန်းကြသော ဓမ္မပါလဇာတ်ကို မူတည်၍ ၅-ပါးသီလ လုံသင့်ကြောင်း၊ လုံလျှင် ကျိဘဝ နောက်ဘဝ၌ များစွာ အကျိုးရှိကြောင်းကို ဟောတော်မူသည်။

၁၁။ နီဗွာန်တရားတော် ။နိဗ္ဗာန်သည် အမြတ်ဆုံး ချမ်းသာဖြစ်ကြောင်း၊ အိပ်ပျော်နေသူ၏ ချမ်းသာမျိုးလို ခံစားမှုမရှိပဲ ချမ်းသာကြောင်း၊ နိဗ္ဗာန်၏အရသာသည် တရံတခါ လွှန်စွာဒုက္ခရောက်သော ပုထုဇဉ်အား ထင်ရှားစွာ ဖြစ်ပေါ်လာကြောင်း၊ ရွေး သူတော်ကောင်းတို့ လောကီသုခကို မီး ၁၁-ပါးဖြင့် ဝိုင်းရံနေသော ဒုက္ခအစုဟုမြင်၍ နိဗ္ဗာန်ကိုသာ တောင့်တခဲ့ကြောင်း ဟောတော်မူသည်။

၁၂။ အနာဂတ်သာသနာရေး တရားတော် ။၁၉၃၅-ခုနှစ် ရန်ကုန်မြို့ဝိုင်အမ်ဘီအေ အသင်းကပင့်သဖြင့် ရန်ကုန်ကြွစဉ် ရွေးခေတ်သာသနာနှင့် ယခုခေတ်သာသနာ ကွာခြားပုံ၊ နောင်အနာဂတ်၌ ဗုဒ္ဓဘာသာဝင်တို့ သာသနာကို မြင့်စေလိုလျှင် မည်ကဲ့သို့ ကျင့်ရပုံကို ပထမသင်္ဂါယနာ၊ ဒုတိယသင်္ဂါယနာ၊

တတိယသင်္ဂါယနာ သမိုင်းကြောင်းနှင့်တကွ ဟောပြတော်မူသည်။ [ယခု စာအုပ်ဖြစ်နေပါပြီ။]

၁၃။ ဓမ္မာဒါသ တရားတော် ။သုတ်ပါဌေယျ ပရိနိဗ္ဗာန သုတ်တော်လာ ဓမ္မာဒါသ သုတ်ကိုမူတည်၍ ဘုရား, တရား, သံဃာ ရတနာ ၃-ပါး အပေါ်၌ လေးလေးစားစား ယုံကြည်လျက် ၅-ပါးသီလလုံသူသည် သောတာပန်ဟု မိမိကိုယ်ကို ဆုံးဖြတ် နိုင်ကြောင်းကို ဟောတော်မူသည်။

၁၄။ ဗုဒ္ဓါနုဿတိ ဘာဝနာ တရားတော် ။ဗုဒ္ဓါနုဿတိ ဘာဝနာ ပွားပွားများလေ့ ရှိသော ဖုဿဒေဝ်၏ ဝတ္ထု၊ အသန္ဓိမိတ္တာ မိဖုရား၏ ဝတ္ထုတို့ကို မူတည်၍ ဗုဒ္ဓါနုဿတိ ဘာဝနာ ပွားများပုံ၊ ထိုသို့ပွားများခြင်းဖြင့် ရနိုင်ခြင်း၏အကျိုးတို့ကို ဟောတော်မူသည်။

၁၅။ သမ္ဗတ္တိစက် တရားတော် ။ပဋိရူပ ဒေသဝါသ၊ ပုဗ္ဗေ စ ကတပုညတာ စသော သမ္ဗတ္တိစက်ခေါင်း ၄-မျိုးပါသော မဂဓတိုင်းပြည်ကို ဗိုလ် ၅-ဦး အုပ်ချုပ်လျက်, ကိလေသာရန်သူတို့၏နယ်မှ ပျံသန်းလွတ်မြောက်၍ နိဗ္ဗာန်အရောက်သွားဖို့ရာ မိမိကိုယ်ကို မဂဓ ၈-ပါးနှင့် ပြည့်စုံအောင် နေ့စဉ်နေ့စဉ် ဆင်ခြင် ကျိုးစားသင့်ကြောင်းကို ဟောတော်မူသည်။

၁၆။ ရတနသုတ် တရားတော်။ ။ရတနသုတ် ဖြစ်ပေါ်လာပုံ အတ္ထုပ္ပတ္တိနှင့် တကွ ပရိတ်ရွတ်သူများ ပရိတ်မရွတ်မီ ဘုရားရှင်၏ ဂုဏ်တော်များကို အသေးစိတ်ပွားများဆင်ခြင်ရန် ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသပါရမီယော စသော ပါဠိတော်အရ အကျယ်ခွဲ၍ ဟောထားသည်။

၁၇။ မေတ္တသုတ် တရားတော်။ ။မေတ္တသုတ် ဖြစ်ပေါ်လာပုံ အတ္ထုပ္ပတ္တိနှင့် တကွ မေတ္တာပို့သူ၏ ရရှိသည့်အကျိုး၊ မေတ္တာပို့သူ၏ ပြည့်စုံရမည့်အင်္ဂါ မေတ္တာပို့ပုံ ပို့နည်းတို့ကို အကျယ်ခွဲ၍ဟောထားသည်။

၁၈။ ခန္ဓသုတ် တရားတော်။ ။ခန္ဓသုတ် ဖြစ်ပေါ်လာပုံ အတ္ထုပ္ပတ္တိနှင့်တကွ နဂါး ၄-မျိုးတို့အပေါ်၌ မိတ်ဆွေဖွဲ့ပုံကို ဟောထားသည်။

၁၉။ မောရသုတ် တရားတော်။ ။မောရသုတ် ဖြစ်ပေါ်လာပုံ အတ္ထုပ္ပတ္တိနှင့် တကွ ပရိတ်တော်လာ ပါဠိတော်တို့၏ အဓိပ္ပာယ်ကို အကျယ်ခွဲ၍ ဟောထားသည်။

၂၀။ ဝဋ္ဋသုတ် တရားတော်။ ။ဝဋ္ဋသုတ်ပရိတ် ဖြစ်ပေါ်လာပုံနှင့်တကွ သစ္စာဆိုသူ ပြည့်စုံရမည့်အင်္ဂါ၊ သစ္စာဆိုသည်မှာ အဘယ်အရာ ဖြစ်သည်၊ သစ္စာကို ဘယ်သို့ဆိုရသည်တို့ကို သားကလေးအား မြေကိုက်၍

ဆရာရသေ့ကြီး အဖေ အမေ ၃-ဦးတို့ သစ္စာဆိုပုံကိုပါ ထည့်သွင်း၍ ဟောထားသည်။

၂၁။ ဓဇဂ္ဂသုတ် တရားတော်။ ။သီဟိုဠ်ကျွန်းဝယ် စေတီပေါ်မှ လိမ့်ကျလာသော ရဟန်းလေးတပါးဝတ္ထုနှင့် ဓဇဂ္ဂသုတ်လာ အဓိပ္ပာယ်များ၊ ဘုရားဂုဏ်တော်များကို အကျယ်ခွဲ၍ဟောထားသည်။

၂၂။ အာဠဝကသုတ် တရားတော်။ ။အာဠဝကသုတ် ဖြစ်ပေါ်လာပုံ အကြောင်းအရာနှင့် တကွ အာဠဝကသုတ်၏ အစွမ်းအာနိသင်၊ ရွတ်ပုံအစီအစဉ်ကို သုတ်ပါထေယျပါဠိတော် အဋ္ဌကထာအတိုင်း ဟောတော်မူသည်။

၂၃။ အင်္ဂုလိမာလသုတ် တရားတော်။ ။အရှင်အင်္ဂုလိမာလ ဝတ္ထုကို မူတည်၍ အကျယ်ခွဲ၍ ဟောတော်မူသည်။

၂၄။ ဗောဇ္ဈင်္ဂသုတ် တရားတော်။ ။တရား အားထုတ်သူ၏ သန္တာန်ဝယ် ဗောဇ္ဈင် ၇-ပါး ဖြစ်ပေါ်လာပုံကို စနစ်တကျဟောပြ၍ ဘုရားရှင်၊ အရှင်မဟာမောဂ္ဂလ္လာန်၊ အရှင်မဟာကဿပတို့ ကျန်းမာတော်မူစဉ် ဗောဇ္ဈင်တရားကို နာရသဖြင့် ကျန်းမာတော်မူလာပုံတို့ကို ဟောတော်မူသည်။

၂၅။ ပုဗ္ဗဏ္ဏသုတ် တရားတော်။ ။ပုဗ္ဗဏ္ဏ အဓိပ္ပာယ်နှင့်တကွ ယဲ့ဒုန္နိမိတ္တံမှစ၍ သုနက္ခတ္တံ သုမင်္ဂလံအထိ မေတ္တာပွားလျက် အလွန်မွန်မြတ်သော စိတ်ထား ဖြင့် သတ္တဝါအများ ရတနာ ၃-ပါးကို ဆည်းကပ်သော ဥပါသကာ ဥပါသိကာမများ ကြီးပွားချမ်းသာ မင်္ဂလာဖြစ်စေရန် စိတ်အားတက်ကြွစွာဖြင့် ဆုတောင်းထားသည်။

၂၆။ မဟာသမယသုတ်၊ တရားတော် ။မဟာသမယသုတ် ဖြစ်ပေါ် လာပုံ အကြောင်းအရာများနှင့် တကွ သုတ်တော်ကို အလွန် ကြည်ညိုစရာ ကောင်းလောက်အောင် ရွတ် ဆို ထား သည်။

၂၇။ ဓမ္မစက္ကာတရားတော်။ ။သုတ် တော် တ ခု လုံး ကို အကျယ်ချဲ့ ဟော တော်မူသည်။ [ယခု ကျမ်းစာအုပ် ဖြစ်နေပါပြီ။]

၂၈။ အနတ္တလက္ခဏသုတ်၊ တရားတော် ။တသုတ်လုံး အသေးစိတ် အကျယ်ချဲ့ဟောတော်မူသည်။

၂၉။ ပဋ္ဌာန်းတရားတော်။ ။၁၇-ရက် တိုင် တိုင် ပစ္စည်း တမျိုး ပစ္စည်းတမျိုး၏သဘော ကို သာမန်သူတို့ နားလည်လောက်အောင် သုတ္တန်သဘော များ၊ ဇာတ်တော်လာဝတ္ထုများ၊ လောကသဘာဝများဖြင့် အသေးစိတ် ဟောတော်မူသည်။ [ယခု ကျမ်းစာအုပ်ဖြစ်နေ ပါပြီ။]

၃၀။ ကျောင်းရေစက်ချ၊ တရားတော် ။မန္တလေးမြို့ ပဲကုန်းရပ် ဦးသောင်းဉာဏ် ဒေါ်ခင်လှ တို့၏ သိမ်,ကျောင်း,ရေစက်ချ ဝယ် ဟောအပ်သည်၊ သံဃိကကျောင်း၏အကျိုးကြီးပုံ၊ မနေ တတ်လျှင်အပြစ်ကြီးပုံနှင့်၊ ကျောင်းဒကာ ကျောင်းအစ်မများ ကပ်ပို့နမင်း, အနော်ဇာဒေဝီတို့ကဲ့သို့ ချမ်းချမ်းသာသာ ကျင် လည်ရ၍ ကျွတ်ဘန်းဝင်ရပုံ ဟောတော်မူထားသည်။

မှတ်ချက်။ ။ဤတရားတော်များမှာ အချို့စာအုပ်ဖြစ်နေ၏၊ အချို့ တိတ်ခွေထဲမှာရှိ၏၊ ဆရာတော်ဟောပြ အပ်သောတရားများသည် ဤမျှမကပါ၊ မှန်၏၊ ဤတရားများ သည် မိမိတို့လက်လှမ်းမှီသမျှ စုဆောင်းထားအပ်သော တရား များဖြစ်၏။

တရားများစွာရှိ။ ။ကျေးဇူးရှင် ဆရာတော်သည် သာရေး, နာရေး ကိစ္စတိုင်း၌ အနည်းနှင့် အများ တရားဟောသည်သာဖြစ်၏၊ အနီးအနား မြို့ရွာများသို့ မလွဲ မကင်းသာလိုက်၍ ဟောရသောညတရားပွဲများသည်ပင် များလှ စွာ၏၊ ကျောင်းတိုက်သို့ ဟိုမှဒီမှလာရောက်၍ နံနက်ဆွမ်း နေ့ဆွမ်း ကပ်သူများအား လည်းကောင်း၊ ရဟန်းခံရှင်ပြု ကိစ္စ များ၌လည်းကောင်း စပ်ရာစပ်ရာ ဟောအပ်သောတရားများ လည်း မမှတ်မိလောက်အောင်များ၏၊ ထိုတရားများကို ဆိုင် ရာဆိုင်ရာ အလှူရှင်တို့က တချို့အသံဖမ်း၍ မိမိတို့အိမ်သို့ ယူ

သူ့းကြ၏၊ တချို့မူ အသံမဖမ်းရပါ၊ ဆရာတော်ကမူ အသံဖမ်းသည်ဖြစ်စေ၊ မဖမ်းသည်ဖြစ်စေ၊ ပရိသတ်များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ လိုက်နာနိုင်မည့်၊ လိုက်လဲ လိုက်နာရမည့် ကိုယ်ကျင့်တရားမျိုးကို ကြိုးကြိုးစားစား ဟောတော်မူလေ့ ရှိပါသည်။

မြန်မာ့ရိုးရာ။ ။ကျေးဇူးရှင် ဆရာတော်သည် မြန်မာ့ရိုးရာ များကို ထုတ် ဖော် သော အား ဖြင့် လည်း တရားဟောတော်မူသည်၊ တခါက မဟာဂန္ဓာရုံ ဥယျာဉ် အတွင်း၌ ဒံပေါက်, ထမင်းနဲကျော်, ခေါက်ဆွဲ, မုန့်တီ, မုန့်ဟင်းခါး, ကြာဇံဟင်း, ကော်ဖီနှင့်ကိတ်မုန့်, လက်ဖက်ရည်နှင့် လက်ဖက်သုတ်, ဆန်ခင်းမကင်း, ရေခဲမုန့်, လမုန့်, ထိုးမုန့်တို့ကို ရောင်းချသော စျေး ဆိုင် တန်း များ ကို ဂ-ငယ်ပုံသဏ္ဌာန် စီတန်း၍ ဖွင့်တော်မူလျက် အမတာဝဏ (နိဗ္ဗာန်စျေး)ဟု နာမည်တပ်ကာ အလှူရှင်များကို ဒါန, သီလ, မေတ္တာဘာဝနာ ကုန်ပစ္စည်းအနေဖြင့် ရောင်းချစေကာ သံဃာတော်များသည် သက်နှံးရုံကာ အစဉ်အတိုင်း သီလ, သမာဓိ, ပညာ အဖိုးအခဖြင့် ဝယ်ယူစေပြီး တဆိုင်ပြီးတဆိုင်ချေ.၍ ချေ.၍ ထိုင်လျက်က အနည်းငယ်စီအနည်းငယ်စီ ဝယ်ယူစားသောက်ကြရသည်၊ ဆိုင်တန်းဆုံးသောအခါ တထပ်စာ ဆွမ်းကိစ္စ မျှတလေတော့သည်။ ထိုအမတာဝဏ (နိဗ္ဗာန်စျေး)၌ မိလိန္ဒပဉှာ (၃၁၉) အနုမာနပဉှာအခန်းလာ အောက်ပါဂါထာကို အနက်ရေးလျက် ဟောတော်မူခဲ့လေသည်။

နိဗ္ဗာန်စျေး။ ။ဗျာဓိတံ ဇနတံ ဒိသ္ဝာ၊
အမတာပဏံ ပသာရယိ ံ။
တမ္မေနတံ ကိဏိတ္ဝာန၊
အမတံ အာရေထ ဘိက္ခဝေါ။

ဘိက္ခုပေါ်ငါ၏ဆိုင်ရာ သာသနာဝယ် ဝန်တာကိုထမ်းအိုရဟန်းတို့၊ ဗျာဓိတံ-ဓဖြာ ဘေးရောဂါနှင့် အိုနာသေမှု ဘေးထုပြင်းပြခံစား၍နေရသော၊ ဇနတံ-လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းကို၊ ဒိသ္ဝာ-ဉာဏ်အားထင်ထင် တွေ့မြင်ရသည်ဖြစ်၍၊ အမတာပဏံ-အိုနာသေရေး ဒုက္ခဘေးတို့ ကင်းဝေးစေရန် စိတ်အကြံဖြင့် မိဒ္ဓာန်အေးအေး နိဗ္ဗာန်စျေးကို၊ ပသာရယိ ံ-စွမ်းနိုင်သူများ ဝယ်ယူစားဖို့ ခမ်းနားသန့်ရှင်း ဖြန့်ခင်းတော်မူလိုက်ပေပြီ၊ တံ အမတာပဏံ-အမြိုက်ခေါ်ရေး ထိုနိဗ္ဗာန်စျေးကို၊ ကမ္မေန-ဒါန သီလာ ဘာဝနာဟု လွန်စွာကြိုးကုတ် အားလုပ်အနေ အဖိုးငွေဖြင့်၊ ကိဏိတ္ဝာန - စျေးလည်းမဆစ် ငွေမထစ်ပဲ စနစ်မပယ် ကောင်းစွာဝယ်၍၊ အမတံ - အိုနာသေမှု ဘေးထုကင်းကွာ မြိုက်သုဒ္ဓါကို၊ အာရေထ- အခွင့်သာတောင်း အခါကောင်း၌ အကြောင်းတိုက်ဆုံ ကြိုးစား၍ ဝယ်ယူလိုက် ကုန်ရာသတည်း။

ဤသို့ဖွဲ့ဖြိုးစ မြန်မာနိုင်ငံတော်ဝယ် ငွေ့ကုန် ကြေး ကျမများပဲ ပကာသနမပါသော, ဘုရားရှင်၏ အလိုတော်ကျလည်းဖြစ်သော သာသနာရေးအလုပ်များကို ဒကာဒကာမတို့ နားလည်စေရန် နားလည်သလိုလည်း လိုက်နာစေရန် ဟောပြည့်နှံ့ကြားတော်မူခဲ့သည်။

တဆင့်ဟောပြသောတပည့်။ ။ကျေး ဇူး ရှင် ဆ ရာ တော် ၏ တရားခွေများမှ တရားများကို ကူးယူ၍ အရှင်ဣန္ဒောဘာသာဘိဝံသ (အစိုးရနှင့်စေတိယဂိဏ် ဓမ္မာစရိယ နာယကဆရာတော်) စာအုပ် ရိုက်နှိပ်ပါသည်၊ ထို့ကြောင့် ထိုဆရာတော်သည် တဆင့်ဟောပြသော တပည့် ဖြစ်ပါသည်။

တဆင့်ဟောသော ဒကာများ။ ။ဒ ကာ ဦး အောင် သိန်း (ဗိုလ်မှူးကြီးဟောင်း)လည်း ထိုကဲ့သို့ ပုံနှိပ်သည်၊ ဒကာဦးထိန်ဝင်းက ပုံနှိပ်ရာ၌ တာဝန်ခံ စီမံသည်၊ ထိုဒကာတို့လည်း တဆင့်ဟောသော တပည့်ဒကာ များဖြစ်ပါသည်။

ထေရော အာစရိယော သေဋ္ဌော၊
တာသိဿာ ကထိကာပိစ။
ယထာဘူတံ ပကာသေတွာ၊
ဇောတယုံ ဇိနသာသနံ။

ကျေးဇူးရှင် ဆရာမြတ်သည်လည်းကောင်း၊ ထိုဆရာမြတ်၏ ဩဝါဒကို ကောင်းစွာနားလည်ကြသော ဟောပြောပြသ ဆုံးမ ကြသူများသည်လည်းကောင်း ဗုဒ္ဓမြတ်စွာ၏ မှန်ကန်သော တရားတော်အတိုင်း လုပ်နည်းကိုင်နည်း၊ ပြောနည်း၊စိတ်ထား နည်းတို့ကို ထင်ရှားအောင် ဖော်ပြ၍ ဘုရားရှင်၏ သီလ သမာဓိ ပညာ သုံးဖြာသောသာသနာကို စွမ်းနိုင်သလောက် တောက်ပ စေခဲ့ကြပါသည်။

အရှင်သုဇာတ (သာဝတ္ထိ)
မဟာဂန္ဓာရုံတိုက်
အမရပူရမြို့

နေပြခန်း

ရောင့်ရဲတင်းတိမ်။ ။ကျေးဇူးရှင် ဆရာတော်သည် ကျန်းမာ ရေး ညီညွတ်အောင် လေလုံမိုးလုံ တထပ် ကျောင်းကလေးဌာသာ သီတင်းသုံးတော်မူသည်၊ ထိုကျောင်း သည် ကျောင်းသစ်သက်သက်မဟုတ်၊ မိမိဉပဇ္ဈာယ် စစ်ကိုင်း မဟာဂန္ဓာရုံဆရာတော်၏ ကျောင်းဟောင်းထဲမှ ပစ္စည်းအချို့ ကိုယူ၍ ထပ်မံဖြည့်စွက် ဆောက်လုပ်ထားအပ်သော ကျောင်း ဖြစ်၏၊ ဆရာတော်အတွက် ခမ်းနားသော အ ဆောက်အ အုံ ဆောက်လုပ်လှူဒါန်းလိုသည့် ပစ္စည်းဥစ္စာကြွယ်ဝသော ဒကာ ဒကာမ မြောက်မြားစွာရှိပါသော်လည်း အဆောက်အအုံကြီး များကို အလှူခံတော်မမူ၊ ဆရာတော်သည် အ လို ရှိ ပါ က ခြောက်ထပ်တိုက်ကြီးကိုပင် ချက်ချင်းဆောက်လုပ်လှူဒါန်းမည့် ကျောင်းဒကာ ကျောင်းအမတွေ များစွာရှိပါလျက် ဤသို့ သီတင်းသုံးတော်မူခြင်းကြောင့် ဆရာတော်၏ သန္တာန်ဌိသလ္လေခ ဂုဏ်နှင့် ပြောသလိုလုပ် လုပ်သလိုပြောသော ဂုဏ်တို့ကို ကြည် ညိုမဆုံးဖြစ်နေသော တပည့်ဒကာ ဒကာမတွေလည်း အများ အပြားပင်။

ပရိယတ် ပဋိပတ်။ ။ကျေးဇူးရှင်ဆရာတော်သည် စာရေးစာ ချ ပရိယတ္တိအလုပ်များဖြင့်လည်းကောင်း၊ သာသနာ့ကျက်သရေဆောင် တပည့်များ ဖြစ်ပေါ်လာအောင်

စီမံအုပ်ချုပ်တော်မူခြင်းဖြင့် လည်းကောင်း တသက်တာပတ်လုံး သီတင်းသုံးတော်မူသည်၊ ရေအိုးစဉ် ကုဋေမျှားမှအစ ဝိနည်းနှင့် လည်းကောင်း၊ ကျန်းမာရေးနှင့် လည်းကောင်း ညီညွတ်အောင်စီမံ သုံးဆောင်တော်မူသည်၊ တပည့် ဒကာ ဒကာမတို့ကို လည်း ညွှန်ကြား အုပ်ချုပ်တော်မူသည်၊ ပွဲကြီးလမ်းကြီး အလှူကြီး အတန်းကြီးများသို့လိုက်၍ အချိန်ဖြုန်းတော်မမူ၊ ကြီးကျယ်ခမ်းနား ဆန်းပြားသော အသုံးအဆောင်တို့ကို သုံးစွဲကာ ဟိတ်ထုတ်တော်မမူ၊ လာသမျှ ဒကာ ဒကာမ စသူတို့နှင့် အကျိုးမဲ့ ပရိယတ်ပဋိပတ်အလုပ်များ အပျက်ခံ၍ စကားပြော နေတော်မမူ။

ဘဝနာ။ ။ညအချိန်နှင့် နံနက်အချိန်များ၌ ဘုရားအာရုံပြု၍လည်းကောင်း၊ မေတ္တာ ပို၍ လည်းကောင်း သီတင်းသုံးတော်မူသည်၊ ဘုရားကို အာရုံပြုမိတိုင်း လက်အုပ်ချီတော်မူသည်၊ နံနက်တုံးကြီးခေါက်သော် အမြဲတမ်းထတော်မူသည်၊ အရဏ်မတက်မီ ၁-နာရီကြို၍ တုံးကြီးခေါက်သည်၊ အရဏ်တက်လျှင် ယာဂုကျိုပေး၍ ဩဝါဒ ပေးတော်မူသည်၊ ဩဝါဒပေးဆုံး၌ ဌာနသို့အမြဲတမ်း သံဃာများအလျှင် ဆောက်တော်မူသည်၊ စုတ်စုတ်နုပ်နုပ်လည်း နေတော်မမူသလို ဟန်ကြီးပန်ကြီးလည်း နေတော်မမူ၊ တပည့်များကိုလည်းတော်စွာလျော်စွာ ပစ်စလက်ခတ်မထားပါ။

စားရေးဝတ်ရေး။ ။ကျန်းမာရေးအတွက် ဆေးဝါးအပြည့်အစုံဖြင့် ဆေးကျောင်း ဆောက်ပေးတော်မူသည်၊ ဝတ်ရေးအတွက် တနှစ်လျှင် သင်္ကန်း ၁-စုံ၊ ဖိနပ် ၁-ရံ

ရအောင် ဆောင်ရွက်ပေးတော်မူသည်၊ ထိုသင်္ကန်း ဖိနပ်တို့ကို လည်း အရပ်အမောင်းနှင့် လိုက်လျောအောင် တိတိကျကျ စီမံတော်မူသည်၊ အရွယ်အရပ်နှင့် မသင့်တော်ပဲ သင်္ကန်း ဖိနပ်တို့ကို မသုံးရဟုလည်း တားမြစ် ထားသေးသည်၊ စားရေးအတွက် အရွက်ဆွမ်းနှင့် နေ့ဟင်းနှစ်မျိုး၊ ညနေ ဖျော်ရည်တို့ကို တပည့်အားလုံးအတွက် စီမံတော်မူသည်၊ သပိတ်အရွယ် အမျိုးမျိုးကို လည်း လုံးဝမရှိသူအတွက် ပေးရန်၊ ကြီးနေသူအတွက် အငယ်နှင့် လဲရန် စီမံတော်မူသည်၊ ဖိနပ်များကိုလည်း နည်းတူ စီမံတော်မူသည်၊ ဆပ်ပြာခဲများကို စာချုပ်နှင်းကြီးများအား တလ ၁-ခါ၊ ၂-ခါ ဝေသည်၊ အကျိုးမများသော အလုပ်တို့ကို အလုပ်တခုအဖြစ်ဖြင့်လုပ်တော်မမူ၊ အကျိုးရှိသော ပရိယတ်,ပဋိပတ် အလုပ်များဖြင့်သာ နေသည်။

တပါးတည်းနေ။ ။ပျံတော်မူသည်အထိ တပါး တည်း သာ သီတင်းသုံးသည်၊ မည်သူမျှ မိမိကျောင်းပေါ်အအိပ်မခံ၊ တပါးတည်းသာ ဆွမ်းဘုဉ်းပေးသည်၊ ဆွမ်းစားချိန်လည်း ဟင်းခွက်များများ ကောင်းကောင်းဖြင့် ကြီးကြီးကျယ်ကျယ်မဟုတ်၊ သင့်လျော်သော ဟင်းတခွက် နှစ်ခွက်ဖြင့်သာဘုဉ်းပေး၏၊ ဆွမ်းစားပြီးနောက် ဌက်ပျော်သီးစသော သစ်သီးတမျိုးမျိုးကို ဘုဉ်းပေး၏၊ နွားနို့တခွက်လောက် သောက်၏၊အရွက်ဆွမ်းကိုမူဆန်ပြုတ်ဘုဉ်းပေးသည်သာများ၏။

မြန်မာမုန့်။ ။မုန့်ပျားသလက်၊ မုန့်ဆီကျော်၊ပြောင်းဖူး၊ ကန်စွန်းဥ စသောမြန်မာ့ရိုးရာ အစားအသောက်များကို ဘုဉ်းပေးလေ့ရှိသည်၊တခါက တံတားဦးမှ ဒေါ်မြမေ

ဆိုသူ ဒါယိကာမကြီးက ဆရာတော်အတွက် ကိတ်မုန့်ဝယ်လာလေရာ ဆရာတော်က "ဒကာမကြီးဒေါ်မြ၊ ဘုန်းကြီးက တလုံးနဲ့လဲ ဝတာမဟုတ်ဘူး၊ ဒါလောက် ကောင်းကောင်းကြီး မလှူပါနဲ့၊ လှူချင်ယင် မုန့်ပျားသလက်လှူပါ"ဟု မိန့်ဖူးသည်၊ ရှေးလူကြီးတွေဆန်လုံးတီး, မုန်ကျည်းရွက်ဟင်းချိုနဲ့စား၊ ပဲလှော်နဲ့စား၊ ထန်းလျက်နဲ့စားပြီး အသက်ရှည်ကြတယ်"ဟု မကြာမကြာမိန့်ဖူးသည်။

ခွဲခြားဝေဖန်။ ။စားဖွယ်သောက်ဖွယ် အလှူလောလျှင် ပုဂ္ဂလိကလား သံဃိကလားမေး၍ သံဃိကဆိုလျှင် ဆွမ်းစားကျောင်းသို့ပို့စေ၏၊ ပုဂ္ဂလိကအတွက်ဆိုလျှင် မိမိအတွက် သင့်လျော်သလောက်ယူ၍ စာချဘုန်းကြီးများအား ဝေခြမ်းပေးတော်မူ၏၊ ကျောင်းတိုက်၌ လက်ဖက်ရည်သောက်ချိန် သီးခြားမရှိ၊ ဆွမ်းစားပြီးလျှင် မိမိအတွက်ရသမျှ စားစရာများကို တခါတည်းစားရ၏၊ ဆရာတော်လည်း ထိုသို့ပင်ကျင့်သုံးသည်၊ အသက်အရွယ်ကြီး၍ များများဘဉ်းမပေးနိုင်သောအခါမှ ဂ-နာရီခွဲ၊ ၉-နာရီလောက် အချိန်ဝယ် မုန့်ကြွပ်ကလေး ၂-ခုလောက်နှင့် ကော်ဖီသို့မဟုတ် စားစရာအနည်းငယ်ဘဉ်းပေးတော်မူသည်။

သံဃာခွင့်ပန်။ ။သံဃိကပစ္စည်းမှ မျက်နှာသုတ်ပဝါစသည်ကို ဝေယျာဝစ္စပြုသူများအား စွန့်စရာရှိလျှင် "မြောက်ဘက် ဝေယျာဝစ္စလုပ်နေတဲ့သူများအား မျက်နှာသုတ်ပဝါတထည်စီစွန့်ပါတယ်၊ သံဃာများက ကျေနပ်ကြပါ ဤသို့

၃-ကြိမ်ခွင့်ပန်၏၊ မိမိတဦးတည်း သဘောဖြင့်မလုပ်၊ ရှင်လောင်းခေါင်းရိတ်စရာ ရှိလျှင်လည်း အမြဲပင် ပန်ပြော၏၊ ဥပုသ်ပြုဖို့ရာစသည်အတွက် သံဃာ့ပရိသတ်ထဲဝင်လျှင် မိမိတပည့်တွေပဲဟု မရှိမသေမဝင်၊ လက်ကန်တော့တင်၍သာ ဝင်၏၊ တပည့်တော်အသုံးကိုမူသုံးခဲ့၏၊ "ဘုန်းကြီးက၊ ကိုယ်တော်တို့က" ဟု သုံးတတ်၏၊ ရင်းနှီးသော တပည့်များအားမူ "ငါကမင်းက" ဟု ပြောပါသည်။

ဖျော်ရည်။ ။ညနေ ၃-နာရီလောက်မှစ၍ ဆာလျှင် ရုံသီအလိုက်ပေါ်သော နာနတ်သီး၊ စပျစ်သီး၊ သရက်သီး ဖျော်ရည်များ တနာရီတကြိမ် ဘဉ်းပေး၏၊ ဘဉ်းပေးရာ၌ အရသာခံ၍ သောက်သည့်သဘောမရှိ၊ ပစ္စဝေက္ခဏာဆင်ခြင်၍ တကြိမ်တည်း သောက်တော်မူသည်။

ဝိရိယ။ ။စာချဲ့ဝါဒပေး ဥပုသ်ပြုကိစ္စတို့၌ ဆရာတော်က အလျင်ဓရောက်သည်သာ များ၏၊ တခြားနေရာသို့ ကြွစရာရှိလျှင်ကြွိတင်ပြင်ဆင်ထား၏၊ ဥပမာ—၉-နာရီပင့်ထား၍ ကားလာမည်ဆိုလျှင် ဂ-နာရီခွဲသာသာမှာ သက်နှံရုံပြီးသားဖြစ်နေ၏၊ ကျင်ကြီးကျင်ယ် စွန့်ပြီးသားဖြစ်နေ၏၊ ကားလာလျှင် အဆင်သင့်လိုက်သွား၏၊ မိမိအတွက် ဘယ်တော့မှ နောက်မကျ၊ သက်နှံးရမ်း, သက်နှံးရုံတို့ကိုလည်း ရဟန်းငယ်ပမာ လွန်စွာသပ်ရပ်လှသည်။

ရုပ်ပုံတော်။ ။ဆရာတော်၏ ခန္ဓာကိုယ်သည် အမြဲတမ်း ကျန်းမာနေသော အသွင်ကိုဆောင်၏၊ မျက်နှာတော်သည် တက်ကြွရွင်လန်းနေ၏၊ ခန္ဓာကိုယ်အစိတ်အပိုင်းတိုင်း

အစိတ်ပိုင်းတို့ပိုင်း လက်ကြည့်ကြည့်, ခြေထောက်ကြည့်ကြည့် သေး သိမ်သွယ်မှုန်သောအသွင်ကို မည်သည့်**အခါမှ** မတွေ့ရ၊ ဝိရိယ ဓာတ် အပြည့်ပါသော, သတ္တိဗျတ္တိအပြည့်ပါသော အသွင်အပြင် ဖြင့် တက်ကြွရှင်လန်းလျက်သာရှိသည်။

စိတ်ဓာတ်။ ။အများ ကောင်းစားစေလိုသော မေတ္တာဖြင့်, အ ကျိုး မ ရှိ သော အာ ရုံ၌ စိတ်မရောက်စေပဲ အကျိုးရှိသောအာရုံ၌သာ စူးစိုက်စွာ ထားနိုင်သော သမာဓိ, ဗုဒ္ဓါနုဿတိစသော ဘာဝနာများဖြင့် ထုံမွှမ်းထားအပ်သော စိတ်ဓာတ်တော်သည် ထူးထူးခြားခြားပင် စင်ကြယ်သန့်ရှင်း၏၊ စင်ကြယ် သန့် ရှင်းသလောက် ကောင်းမြတ်သော အသိဉာဏ်များ ပေါ်ထွက်နေ၏၊ ဆရာတော်၏ စိတ်သည် အမြဲလိုလိုပင် ဘုရားဆီသို့ရောက်နေ၏၊ တရံတခါ"ဘုန်းကြီးက မြန်မာတနိုင်ငံလုံးက ဘုရားမကြည်ညိုဘူးဆိုပါတော့ ဘုန်းကြီးကတော့ ကြည်ညိုမှာပဲ၊ တနိုင်ငံလုံးက ဝိနည်းမလေးစားဘူးဆိုပါတော့၊ ဘုန်းကြီးက မလေးစားပဲမနေနိုင်ဘူး"၊ဤသို့အထိ ပြောပြဖူးသည်။

ပါရမီ။ ။"မင်းတို့ ဘုန်းကြီး ကြီးပွားတယ် ကြီးပွားတယ်လို့ ပြောကြတယ်၊ ဒါက **အား**မကျလောက်ပါဘူး၊ ဘုန်းကြီးက ကြီးပွားအောင် လုပ်တာမဟုတ်ပါဘူး၊ **သာသနာ့** အလုပ် လုပ်တာပါ၊ ဘုန်းကြီး တောင် မြို့ ထွက် **လာ တာ က** ငါလေ အေးအေးဆေးဆေးလေး **စာ**ရေးပြီး သံဃာ**အစိတ်** သုံးဆယ်လောက်နဲ့ တရား ကျင့်မယ် ဆိုပြီး ထွက်လာတာပါ၊ **အခု**တော့ နိုင်ငံကယုံကြည်လို့ **အား**ကိုးကြလို့ သည်လိုကြီး**ကြီး**

ကျယ်ကျယ် ဖြစ်လာ**တယ်**၊ မဖြစ်လဲလုပ်မှာပဲ၊ ဆိုပါတော့ ဒီ ကျောင်း**တွေ**အကုန်လုံး ဗုံးချလို့ပျက်စီး**ကုန်ပါ**စေ၊ ဘုန်းကြီးက ပြာပုံဘဝကပြန်ပြီး စချင်ပါသေးတယ်၊ သီလမပါယင်၊ ပါရမီ မပါယင် **အလ**ကားပါပဲ" ဤသို့ **ပါ**ရမီအလုပ်ကိုသာ **အနှစ်** သာရဟုမြင်သည်။

စာမူ။ ။တရံတခါ ခရီးဝေးကြရလျှင် စာချ ဘုန်းကြီးနှင့် ကျန်စာကူရေးသူ တပည့်များအား ဤဆိုမှာခဲ့၏၊ "မင်းတို့ကျောင်း မီးလောင်လျှင် မရှိက်ရသေးတဲ့(ပုံမနှိပ်ရသေးတဲ့)ငါ့စာမူတွေ အလျင်ဆဲ့၊ ဒါပဲငါလိုချင်တယ်"၊ ဤသို့မှာ၏၊ ဆရာတော်သည် ကျမ်းစာပြီးလျှင် ဝမ်းသာ၏၊ စာအုပ်ဖြစ်လျှင် **စာ**အုပ်ကို ကိုင်ကာကိုင်ကာ ဘုရားရှင်အား အကြိမ်မပေါင်း များစွာလက်အုပ်ချီ၏၊ စာချရာ၌ သတ္တာ-ဘုရားသည်ဟု ပေါ့ပေါ့ ဆဆမပေးရ၊ သတ္တာ-မြတ်စွာဘုရားသည်၊ ဒါမှမဟုတ်၊သတ္တာ-ဘုရားရှင်သည်၊ ဤသို့ဆိုရ၏၊ "ကိုယ်တော်တို့က ဘုရားမမြင်ဘူး၊ ဘုရားဆို ဆင်းတုတော်ပဲ မြင်တယ်၊ ဘုန်းကြီးက ဒီလိုမဟုတ်ဘူး၊ ဒီကျောင်းတောင်မှ ဘုရားကျောင်းတိုက်၊ ဒီဒီလို သဘော ထားတာ"ဟု မိန့်လေ့ရှိသည်။

ဆရာအာရုံ။ ။ကျေးဇူးရှင်ဆရာတော်သည် ဩဝါဒပေးစဉ် တရား**ဟော**စဉ် ဇာတ်တော်များကိုပြောယင်း ကြေကွဲဝမ်းနည်းဖွယ်ရာ **အ**ကြောင်းအရာများသို့ ရောက်လျှင် ပြောယင်းပြောယင်း အသံတော်မှာ ဆို့နစ်လာ၏၊ တရံတခါ မျက်ရည်ပင်ကျ၏၊ ချေကို တော်တော်နှင့် မဆက်နိုင်၊ တက်ကြွရှင်လန်းဖွယ်ရာအခန်းရောက်လျှင်လည်း လွန် စွာ တက် ကြွနေ၏၊

လွန်စွာဥဿုံလန်းနေ၏၊ ရယ်စရာအခန်းဆောက်လျှင်လည်း လွန်စွာပင်ရယ်တော်မူ၏၊ ဤသည်ကိုထောက်၍ **ဆရာတော်၏** စိတ်သည် **မည်မျှလောက်** တရားတော်၌ နစ်မြုပ် သက်ဝင် နေသည်ကို မှန်းကြည့်နိုင်ပါသည်။

ဇာတ်တော်များ။ ။မိမိတို့သည် ဆရာတော်အထံမှ မဟာသဓာဇာတ်တော်၊ မဟာဇနက ဇာတ်တော်၊ ကုသဇာတ်တော်၊ ဝေဿန္တရာဇာတ်တော်၊ တေမိယဇာတ်တော်၊ မာတင်္ဂဇာတ်တော်နှင့် ဇာတ်တော် အတိုကလေးများကို ကြားရ၏၊ အလွန်နားထောင်ကောင်းလှ၏၊ ဇာတ်တော်များကို ပြောရာ၌ ကိုယ်ပိုင်အမြင်ဖြင့် ပြောလေ့ရှိ၏၊ မှတ်ချက်လည်း ချပြ၏၊ အသံသွင်းခွင့်မရလိုက်သည်ကို လွန်စွာမှနှမြောလှ၏၊ တရားဟောသည်ထက် မိမိတို့တပည့်များအား ဩဝါဒပေးယင်း ပြောအပ်သော ဇာတ်တော်များက ပို၍ပင်ကောင်းသည်ဟု အမှန်ပင်ဆင်မိပါသည်။

အသိအလိမ္မာတိုး။ ။ဆရာတော်၏ တရားများသည် **နားထောင်းကောင်း**ရုံ သက်သက်မဟုတ်ပါ၊ နာယူသူတို့မှာတက်ကြွရှင်လန်းနေသလိုသံဝေဂလည်းဖြစ်လာ၏၊ သဒ္ဓါတရားတိုးပွားလာ၏၊ ဥပမာ—တံမြက်စည်းကို ညီညီညာညာသပ်သပ်ရပ်ရပ် လှည်းသော ရဟန်းတပါး**အကြောင်း** ပြော**လျှင်** ဩဝါဒ နာနေသော ရဟန်း သာမဏေများသည် ထို**အတိုင်း**လိုက်၍ အကောင်အထည် ဖော်ချင်လာ၏၊ ခန္ဓိ**အကြောင်း**ပြော**လျှင်** တကယ်ပင် သည်းခံချင်လာ၏၊ **မေတ္တာအကြောင်းဟော**

လျှင်နောက်ကလိုက်၍ မေတ္တာပို့မိလာ၏၊ ဤမျှ**လောက်အသက်**လေပါ့၊ **အကောင်**အထည်လဲဖော်၍**ဖြစ်အောင်ဟောတော်မူ**ပေသည်။

အစဉ်အလာစိစစ်။ ။ဗုဒ္ဓဘာသာဝင်များ အစဉ်အလာ အရ လက်ခံလာကြသော ကိစ္စများကို ဆရာတော်သည် **သဘာဝကျကျ စိစစ်လျက်** လက်ခံတော်မူသည်၊ ထို အချက်များကို သတိရသမျှ ဖော်ပြပါမည်၊ ၁။ ဘုရားရှင်**အရပ်**တော် (၁၈)တောင်နှင့် စပ်သောကိစ္စ၊ ၂။ ဇင်းမယ်ပဏ္ဍာသဝတ္ထုလာ ဇမ္ဗုပတိချုတ်ခန်းကို မှီ၍ ဖြစ်ပေါ်လာသော ဘုရားပုံတော်များ၌ မကိုင်စစလွယ် ဆင်ထားသောကိစ္စ၊ ၃။ ရေစက်ချရာဝယ် ခွက်ကလေးထဲမှ ရေကိုယူ၍ တစက်တစက် ချသောကိစ္စ၊ ၄။ ကျောင်းဝိုင်း**အတွင်း** မြေပြင်ဝယ် ဖိနပ်**စီး**သင့် မစီးသင့်ကိစ္စ၊ ၅။ ကြက်ကောင်လုံး ဝက်သားတုံး**ကြီး**များဖြင့် ဘုရားအား ဆွမ်းတော်**ကြီး** တင်သောကိစ္စ၊ ၆။ ဘုရားဝိုင်း**အတွင်း**၌ ရုပ်**ရှင်**ဇာတ်ပွဲများဖြင့် ဘုရားပွဲပြုလုပ်ခြင်းကိစ္စ၊ ၇။ ဘုန်း**ကြီး**ပျံ၌ ပိုက်ဆံအကုန်ခံကာ တလား**လောင်**တိုက် ပြာ**သာဒ်**ရုပ်**ရှင်**ပွဲများဖြင့် အကြီးအကျယ် ချမှုကိစ္စ၊ ဤသို့ စသည်များကို စိစစ်တော်မူသည်။

ကျောင်းနာမည်များ။ ။ထို**သို့** စိစစ်တတ်သော ဉာဏ်ကြောင့်ပင် ဆရာတော်သည်**အကျိုး**မရှိသော အလုပ်ကို လုပ်**တော်**မူ**လေ့**မရှိ၊ ကျောင်း ဆောက်ပြီး လျှင် ကျောင်း**နာမည်** ကောင်း**ကောင်း**ရွေးပြီး ဆိုင်းဘုတ်တပ်လေ့မရှိ၊ **တောင်ဘက်မှာရှိသော** ကျောင်းကို တောင်ကျောင်း**ကြီး**၊

ကျောင်းငယ်ကို တောင်ကျောင်းလေး၊ နောက်မှဆောက်အပ်သော တိုက်ကို တိုက်သစ်၊ ဆေးကျောင်းသစ်၊ ဘုရားအနီးအပါးတိုက်**ကို** ဘုရားတိုက်၊ ကျောင်း**တိုက်အ**ရှေ့ပိုင်းမှ သိမ်**ကို** အရှေ့သိမ်၊ အနောက်ပိုင်းကသိမ်**ကို** အနောက်သိမ်၊ ဤသို့စသည်ဖြင့် သံဃာများပါးစပ်က အလိုအလျောက် လွယ်ကူစွာ ခေါ်သောအမည်ပင် ကျောင်း**အ**မည် ဖြစ်တော့သည်၊ မဟာဂန္ဓာရုံကျောင်းတိုက်ကို သံဆူးကြိုးဖြင့် ဝင်းခတ်ထားသည်၊ အရှေ့ဘက်၌ ထန်းလုံးတန်းဖြင့် သတ်မှတ်ထားသည်။ [ယခု အုတ်တံတိုင်းများ ဖြစ်နေပါပြီ။]

ကျောင်းဘုန်းကြီးများ။ ။ကျောင်းအသီးသီးဝယ် အုပ်ချုပ်စောင့်ရှောက်ဖို့ရာ အကြီးအကဲ တပါးစီထား၏၊ ကျောင်းဘုန်းကြီးဟု နားလည် နေကြ၏၊ ဆရာတော်ကမူ ကျောင်းဘုန်းကြီးဟု မခေါ်၊ စာချဘုန်းကြီး, တာဝန်ခံဘုန်းကြီးဟုသာ ပြော၏။

နာယကများ။ ။ယခုလက်ရှိ နာယကများကို ဆရာတော်ရှိစဉ်က သံဃာကြီးများဟု သုံးရ၏၊ သံဃာကြီးများဟုဆိုလျှင် အကြီးဆုံး စာချဘုန်းကြီးများဟု နားလည်နေကြသည်၊ ဤသံဃာကြီးများက ဆရာတော်၏ အမိန့်အတိုင်း ကျောင်းတိုက် ကိစ္စများကို ဦးဆောင်စီမံပေးကြရသည်၊ (နာယကများတွင် "အရှင်မဟိန္ဒသည် ကျောင်းတိုက်၌ အဆောက်အအုံသစ် ဆောက်လုပ်ရာဝယ် အထူးတာဝန်ဆောင်ရ၏၊ အရှင်အဂ္ဂဝံသသည်ကား ဆွမ်းစားကျောင်း ကိစ္စ၌ အထူးတာဝန်ဆောင်ရသည်။)

အလုပ်ဖြင့်နေ။ ။ဆရာတော် ကျောင်းတိုက်၌ သာသနာ့ဝန်ဆောင်**မျ**ား မရှိပဲ၊ လောကီရေးကို ဆောင်ရွက်နေသော လူဝတ်ကြောင် ဒကာ ဒကာမများ **နေ**သော ကျောင်းမရှိ၊ **လော**ကီကို ဆောင်ရွက်နေသူများလည်း လုံးဝမရှိ၊ အဆောက်**အ**အုံတိုင်း၌ ပရိယတ်, ပဋိပတ် သာသနာ့ဝန်ဆောင် များချည်းသာရှိ၏၊ (မြောက်ဘက်ဇရပ်ဝင်း၌ ယောဂီများ၊ ဝေယျာဝစ္စ ပြုသူများရှိ၏၊ သူတို့လည်း ရှစ်ပါးသီလဖြင့် နေကြရသည်။)

ရှပ်ရှင်ဇာတ်ပွဲစသည်။ ။မဟာဂန္ဓာရုံ ကျောင်းတိုက်၌ ရှပ်ရှင်ဇာတ်ပွဲ လုံးဝမရှိပါ၊ အသံချဲ့စက်**ကို**လည်း ဩဝါဒပေးသောအခါ, ဆွမ်းကပ်ရှိလျှင် ဩဝါဒတရား ခွေ ဖွင့်သောအခါ၌သာ အသုံးပြုပါ၏၊ ဇာတ်လမ်းနှင့် သီချင်းခွေများ လုံးဝမဖွင့်ရ၊ တရားခွေများ**ကို**သော်မှ ညဦးပိုင်းတချိန် လောက်သာ ဖွင့်ရသည်၊ပဂ္ဂလိကကက်ဆက်နှင့် တီတ်ခွေများကိုလည်း ထားခွင့်မပြု၊ လူဝတ်ကြောင်များ ကျောင်းဝိုင်းအစွန်း၌ ဖိနပ်စီးရ၏။

အချိန်မဖြုန်း။ ။သံဃာများစုဝေး၍ ဘုရားဝတ်တက်ခြင်း**မှ** တပါး အသံထုတ်၍ ဘုရား**ဝတ်တက်ခြင်း**မရှိရ၊ ဆရာတော်ကျောင်း၌ နာရီမရှိ၊ ရေခဲသေတ္တာ စသော ဇိမ်ခံပစ္စည်းများ မရှိ၊ မသုံးသင့်ကြောင်းကိုလည်း ပြော၏၊ ကျန်းမာရေးနှင့် ဆိုသို့တုဆိုးမူကြောင့်သာ စာဝါနှင့်အခြားတာဝန်များကို နားလေ့ရှိ၏၊ အချုပ်အား**ဖြင့်** ကျေးဇူးရှင်

ဆရာတော်သည် အချိန်ကို အချည်းနှီးမကုန်ဆုံးစေပဲ ကျန်းမာရေးနှင့် သာသနာရေးအတွက်သာ အသုံးချလျက် တသက်တာ ပတ်လုံး နေပြတော်မူခဲ့ပါသည်။

ဇထရော အာစရိယော သေဋ္ဌော၊ ဗုဒ္ဓါရမ္မဏ ဂေါစရော၊
ဓဇဝိနယံ ပဏာသေတ္ဝာ၊ ဝိဟာသိ ဗုဒ္ဓသာသနေ။

ကျေးဇူးရှင်ဆရာမြတ်သည် အမြဲ ဗုဒ္ဓါနုဿတိအာရုံရှိ၍ သုတ္တ အဘိဓမ္မာဟူသော ဓမ္မနှင့်ဝိနယကို ကိုယ်တိုင်ကျင့်သောအားဖြင့် ထင်ရှားပြတော်မူလျက် ဗုဒ္ဓမြတ်စွာသာသနာ၌ အကျိုးရှိစွာ နေပြတော် မူသွားပါသည်။

အရှင် သုဇာတ (သာဝတ္ထိ)
မဟာဂန္ဓာရုံတိုက်
အမရပူရမြို့

သေပြခန်း

သေရဲရမည်။ ။သေခါနီးမှ ခြေမကိုင်မိ, လက်မကိုင်မိ ကြောက်ကြောက် လန့်လန့် ဖြစ်နေသည်ကို ဆရာတော်သဘောမကျ၊ စောစောစီးစီးက သီလကို လုံခြုံအောင် ထိန်း၍ အခြားကုသိုလ်ကောင်းမှုတို့ကိုလည်း အခါအားလျော်စွာ ပကာသနမပါပဲ စနစ်တကျ ပြုစေလို၏၊ သေပြီးလျှင် အပါယ်ငရဲ၌မကျရဟု ကိုယ့်ကိုယ်ကို ရဲဝံ့စွာ ယုံကြည်သူသည် သေရမှာမကြောက်ထိုက်၊ သေရဲရမည်ဟုလည်း အယူရှိ၏၊ မသေရဲသူတို့သည် သီလစသော ကုသိုလ်ကောင်းမှု လုံးလုံးမရှိသူ၊ နှည်းနေသူများသာ ဖြစ်သည်ဟုလည်း ယူဆတော်မူသည်၊ "ကိုယ်တော် သေရဲရဲ့လား" ဟုလည်း မေးလေ့ရှိ၏၊ ဘာမှမဖြေပဲ နေလျှင်လည်း ကောင်း၊ မသေရဲပါဟု ဖြေလျှင်လည်း ကောင်း "ကိုယ်တော် ဘာတွေလုပ်ထားလို့လဲ၊ သီလမရှိမှ သေရတာ ကြောက်တာ၊ သီလရှိတဲ့သူက သေရမှာမကြောက်ဘူး၊ သေခါနီး ပျော်တောင်ပျော်သေးတယ်" ။

ကိုယ့်ကိုယ်ကိုစိတ်ချ။ ။"ဆရာတော်ကြီးတပါးကတော့ ကိုယ်တော်တို့ အောင့်ထားလိုက်ကြ၊ ဒီဘဝမှာ အောင့်ထားလိုက်လို့ရှိယင် ဟိုနတ်ပြည်ရောက်တော့ သည့်ပြင် ဘာအလုပ်မှမရှိဘူးလို့ ပြောတယ်၊ ဘုန်းကြီးက နတ်ပြည်ကို အထင်ကြီးလို့ ပြောတာမဟုတ်ပါဘူး၊ ဒီဘဝမှာ သီလလုံယင်

သေရဲတယ်၊ ဒီထက်ကောင်းတဲ့ နေရာတွေကို ရောက်မှာလို့ ဘုန်းကြီးကတော့ ကိုယ့်ကိုယ်ကို စိတ်ချနေတယ်''ဟု ပြောလေ့ ရှိသည်၊ တခါတရံ၌မူ စာချယင်း ရုပ်နာမ်နှင့် စပ်သော အကြောင်းအရာတို့ကို ပြောရာမှ ရပ်ထားလိုက်ကာ ''တော်ပြီ၊ ဘုန်းကြီး ရွေဆက်မပြောတော့ဘူး၊ တော်တော်ကြာ တရားတွေ ပေါက်သွားလိမ့်မည်၊ ဘုန်းကြီးမှာ လုပ်စရာအလုပ်တွေ အများကြီးရှိသေးတယ်၊ တရားပေါက်လို့ မဖြစ်သေးဘူး''ဟု ပြောလေ့ ရှိသည်။

ရောဂါပေါင်းစုံ။ ။၁၃၃၉-ခုနှစ် ဝါဆိုဦးလောက်မှစ၍ သေဖို့ပြင်ကြဟု ဩဝါဒပေးလေ့ ရှိသည်၊ တလတခါလောက် ကျန်းမာရေး အတွက် ဓာတ်မှန်ရိုက်နေရသည်၊ မကြာမကြာလည်း မန္တလေး ဆေးရုံကြီးမှ သမားတော်ကြီးများ လာ၍ ကျန်းမာရေး စစ်ဆေးကြသည်၊ ဆီးချို ရောဂါ၊ အသည်းကင်ဆာ၊ သွေးတိုး၊ အဆုပ်တွင်းရောင်၊ နှလုံးတဘက်ကြီး ရောဂါများဖြစ်နေသည်၊ ဆရာတော်ကား မသိ၊ သွေးတိုး, ဆီးချို ရောဂါတို့ကိုသာသိ၏။

သက်စောင့်။ ။သွေးတိုး ရောဂါကိုမူ ဆရာတော်က သက်စောင့်ရောဂါကလေးဟုပြောလေ့ ရှိ၏၊ ထိုရောဂါကြောင့် အစားအသောက် အနေအထိုင် စသည်ကိုဆင်ခြင်နေရသည်၊ ထို့ကြောင့် အစားအသောက် မှားခြင်း စသော အကြောင်းကြောင့် ဆိုင်ရာရောဂါမတိုးပွားရုံမျှမက အခြားရောဂါများလည်း မဖြစ်ပေါ်နိုင်သည့်အတွက် အသက်ရှည်နိုင်

ပေသည်၊ ရောဂါနာမည်တပ်၍ မသိရစေကာမူ ဒုက္ခဝေဒနာကိုကား ခံစားနေရမည်သာ။

ထမ်းစင်။ ။ထိုဝါဆိုဦး၌ပင် ဆရာဝန်က အမြင့်သို့မတက်ရဟု ဆို၍ ဩဝါဒပေးရာ ဆွမ်းစားကျောင်းအပေါ်ထပ်သို့ အဝတ်ထမ်းစင်ဖြင့် တက်ဖို့ရန် အရှင်ဇနပဒတိဿနှင့် အဖော်လေးငါးပါးတို့ အဝတ်ထမ်းစင် ပြုလုပ်ကြရ၏၊ သို့သော် ထိုအဝတ်ထမ်းစင်ဖြင့်မတက်ပဲ ကိုယ်တိုင်သာတက်ပါသည်၊ ဘုန်းကြီးဦးကုဏ္ဍလ(လေးမျက်နှာ)က ကျန်းမာရေးအတွက် မဆင်းမတက်ရအောင် ပွဲကုန်းသိမ်မှာ ဩဝါဒပေးရန် အထပ်ထပ် လျှောက်လေရာ ''အပေါ်ကနေ မေတ္တာပို့ရတာ ပိုနှံတယ်''ဟု မိန့်၍ ဆွမ်းစားကျောင်းအပေါ်ထပ်သို့ တက်ဖို့ရန် တယောက်ထိုင် ဓာတ်လှေခါးတပ်ဆင်ဖို့ရာ စုံစမ်းခိုင်းဖူးသည်။

လာရောက်မေး။ ။ထိုဝါဆိုဦး၌ပင် ဆရာတော် ပုံလွန်တော်မူပြီဟု သတင်းဖြစ်ကာ စစ်ကိုင်းဘက်မှ ရွှေဟင်္သာ ဆရာတော်ကြီးလည်း ဆရာတော် ကျောင်းနားသို့ကားဖြင့် ရောက် လာသည်၊ ဆရာတော်လည်း စာချဖို့ရန် ကျောင်းရှေ့ ပန်းစင်အောက်မှ ဖြတ်လာစဉ် ရွှေဟင်္သာဆရာတော်ကြီးနှင့် ဆုံမိ၍ ''ဆရာတော်ကြီးပါဘုရား''ဟု စာချမည့် ဒေါသန်းသန်းကျောင်းအောက်သို့ ပင့်ဆောင်သွားသည်၊ ထိုင်မိသောအခါ ''ဆရာတော် ဘာကိစ္စ ကြွလာပါသလဲ''ဟု လျှောက်ထားရာ ရွှေဟင်္သာ ဆရာတော်ကြီးက အဖြေမပေးပဲ

ပြုံးပြုံးကြီး လုပ်နေသောကြောင့် ''ဆရာတော်ဘုရား တပည့်တော် ပျံတော်မူပြီလို့ကြားလို့ ကြွလာတာ မဟုတ်လားဘုရား၊ စောစောက အဲဒီဘက်က ဒကာ ဒကာမတွေ သီလရင်တွေလဲ ဒီလိုပဲလာကြတယ်''ဟု လျှောက်ထားရာ ရှေဟာသံာ ဆရာတော်ကြီးက ဟုတ်မှန်ကြောင်း အမိန့်ရှိပြီးနောက် အခြားစကားများကို အနည်းငယ်ပြောပြီး ပြန်ကြွသွားတော်မူသည်။

ကြိုတင်ပြင်ဆင်။ ။ဆရာတော်သည် သေဖို့ရန် အထူးသဖြင့် ပြင်ဆင်တော်မူ၏၊ အမှန်မှာ သေဖို့ရာ ကိစ္စဥ်သာမက ကိစ္စတိုင်းဥပင်ကြိုတင်၍ ပြင်ဆင်လေ့ရှိ၏၊ ပခုက္ကူဝယ် စာလိုက်စဉ်ကလည်း တနေ့,စာနှစ်ဝါဆိုရ၏၊ ထိုစာနှစ်ဝါဆိုဖို့ရန် ယနေ့လိုညနေက ပါဠိတော်ချည်းသက်သက်တခေါက်၊ အဋ္ဌကထာဋီကာများနှင့်တဲ့၍တခေါက် ၂-ခေါက်ကြိုတင်၍ကြည့်လေ့ရှိ၏၊နောက်တနေ့နံနက်ဥအလင်းရောင်မရမီကပင် ပေကိုကိုင်လျက် အလင်းရောင်လာသည်နှင့်တပြိုင်နက် ကြည့်နိုင်ဖို့ရန် ကြိုတင်၍အလင်းရောင်ကို စောင့်မျော်နေလေ့ရှိ၏၊ အလင်းရောင်လာသည်နှင့် တပြိုင်နက် ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို တဲ့ဖက်၍-တတိယဘကြိမ်ကြည့်ပြန်၏၊ ဤသို့ စာ ၂-ဝါဆိုဖို့ရန် ၃-ကြိမ်၃-ကြိမ် ကြိုတင်၍ ကြည့်လေ့ရှိ၏။

ဆွမ်းခံသွား။ ။ထိုသို့ကြည့်ပြီးမှ ဆွမ်းကြွလေ့ရှိရာ ဆွမ်းခံချိန်မှာ မှန်လှသဖြင့် အခြား စာသင်သားများက ''စာပို့လာပြီဟော့၊ စာပို့လာပြီဟော့''လို့ ပြောရလောက်အောင် အချိန် မှန် နေ ပါ သည်၊ မြန် လည်း မြန် ပါ သည်၊

''ဘုံလောင်း''တွေလျှင် ရပ်စောင့်မနေပဲ ကျော်သွားခြင်း သံသာများ ကုန်လောက်မှတဖန် လာ ၍ အလှူခံပါသတဲ့။ [''ဘုံလောင်း''ဆိုသည်မှာ စာဦးတယောက်အတွက် မရည်ရွယ်ပဲ ဆွမ်းခံရဟန်းသာမကောမှန်သမျှ အလှူခံနိုင်သော အများဆိုင် ဆွမ်းလောင်းအလှူဖြစ်သည်။]

ကြိုတင်ပြင်ထား။ ။စာချသော အခါလည်း စာလိုက်စဉ်ကထက်ပို၍ ကြိုးစားကာ ကြိုတင်၍ကြည့်ရပါသတဲ့၊စာချယင်း စာရေးရာအခါလည်း မှတ်ချက်,အဓိပ္ပာယ်များကို ကြိုတင်၍ပင် ရေးလေ့ရှိ၏၊ ကိစ္စတခုခုဖြင့် ဒကာတို့က ပင့်ထားလျှင်လည်း ချိန်းထားသောအချိန်မတိုင်မီ နာရီဝက်ခန့် ကြိုတင်၍ပင်ကားလာလျှင် အဆင်သင့်လိုက်နိုင်အောင်ပြင်ထားလေ့ရှိ၏၊ ပရိတ်ရွတ်ဖို့ကိစ္စရှိလျှင်လည်း ရွတ်နည်း ဖတ်နည်းနှင့်တကွ သွားလမ်းလာလမ်း စသည်ကို ကြိုတင်၍ ပြင်ဆင်လေ့ရှိပါ၏။

ရှင်လန်းတက်ကြွ။ ။မည်သည့်ကိစ္စမျိုးကိုမဆို ကြိုတင်၍ ပြင်ဆင်လေ့ရှိပါသည်၊ လုပ်ငန်းတိုင်းမှာပင် စောစောစီးစီး ပြီး၍နေသဖြင့် အချိန်ပို ရနေစမြဲပင်၊ ရောဂါဝေဒနာများ ဖိစီးနှိပ်စက်မှုကို ခံနေရစေကာမူ ရှင်ရှင်လန်းလန်း တက်ဘက်ကြွကြွဖြင့်ပင် သုတ်မဟာဝဂ္ဂ ဘာသာဋီကာနှင့် ပါရာဇိကဏ် ပါဠိတော်တို့ကို ပို့ချယင်း ရေးသားတော်မူနေသည်၊ ဩဝါဒပေးမှု, ကျောင်းတိုက်အတွင်း၌ လှည့်လည်စစ်ဆေးမှု, အထွေထွေကိစ္စများကို စီမံမှု, စာပြင်မှုများကိုလည်း

စဆောင်ရွက်ချက်။ ။ထိုနှစ် နတ်တော် လဆန်း ၅-ရက်နေ့ လောက်မှာ "ဆင်သေစီးလိုက်သည့် ကျီးမိုက်တရားတော်"ကို ဟောတော်မူ၏၊ နတ်တော်လဆန်း ၈-ရက်နေ့ စာချုပ်နှိုးကြီးတပါးဖြစ်သော အရှင်ပဏ္ဍိတာဘိဝံသအား တာဝန်ပေးထားသော ဝိနိစ္ဆယကို အပြီးသတ်ဖတ်ပြခိုင်းပြီး နားထောင်တော်မူ၏၊ နတ်တော်လဆန်း ၁၃-ရက်နေ့၌ သုတ်မဟာဝဂ် ဘာသာဋ္ဌီကာကို ချပို့ရေးသားပြီးစီးသွား၏၊ ပါရာဇိကဏ်ပါဠိတော်နိဿယကိုမူ နတ်တော်လဆန်း ၆-ရက်နေ့မှစ၍ မပို့ချပဲ ရပ်နားထား၏၊ သုတ်မဟာဝါ အဋ္ဌကထာ ဘာသာဋ္ဌီကာ ပြီးစီးအောင် အချိန်ပေးသည့်အနေဖြင့် ရပ်ထားဟန်တူ၏။

ရာသီဥတုဆိုး။ ။လပြည့်နေ့မှစ၍ ရာသီဥတုမှာ မိုးစွေနေသဖြင့် လွန်စွာအေးလှပါသည်၊ ရှင်ငယ်ရဟန်းငယ်တို့ပင် စောင်ခြုံထဲမှ မထွက်ချင်အောင် ဖြစ်နေပါသည်၊ ဆရာတော်ကား ထိုရက်များ၌ ရေပင်ချိုးလိုက်သေး၏၊ ရေချိုးသော်လည်း အဖျားမှာ အပူချိန် ကိုးဆယ့်ကိုး ကျော်ကျော် ရှိနေဆဲသာ။

အအိပ်မခံ။ ။ထိုနေ့ည၌ ဆေးကျောင်းတာဝန်ခံ ဘုန်းကြီး အရှင်သုစိတ္တနှင့် ဘုရားတိုက် အရှင်သုနန္ဒတို့ စောင်နှင့် ခေါင်းအုံးများယူ၍ ဆရာတော်ကျောင်းသို့ သွားကြသည်၊ ဆရာတော်က "ကိုယ်တော်တို့ ဘာလုပ်မလို့လဲ"ဟု မေး၏၊ "ဒီမှာအိပ်မလို့ပါ အရှင်ဘုရား"ဟု ဖြေကြ၏၊ "ရှေးသူ

နေ့စဉ်ပြုမြဲသာ၊ နာမည်ကျော် ဆရာတော်ဖြစ်၍ ဖူးမြော်လာသူတို့မှာလည်း အမြဲပင်ရှိနေ၏၊ သို့သော် စာရေး, စာချ, စာပြင်စသော, ထာဝရလုပ်ငန်းများ ပျက်မည်စိုး၍ လက်ခံ စကားပြောလေ့မရှိပါ၊ "သွားသွား ငါးပါးသီလထိန်း"ဟုသာ ပြောဆိုလေ့ရှိသည်။

စစ်ဗိုလ်နှစ်ယောက်။ ။သီတင်းကျွတ်ပြီး သော် မိတ္ထီလာလေတပ်မှစစ်ဗိုလ်နှစ်ယောက်သည် ဆရာတော် ပုံလွန်တော်မူပြီဟုကြား၍ ရောက်လာကြပါသည်၊ ဆရာတော်ကို သက်ရှင်လျက် ဖူးမြင်ရသောအခါ လွန်စွာဝမ်းမြောက်သွားကြပါသည်၊ ဖြစ်ပုံမှာ-သတင်းကြား၍ အမရပူရစစ်တပ်သို့ ဖုန်းဆက်၍ မေးပါသည်၊ မိမိတို့ အမရပူရစစ်တပ်မှပြန်၍ ပြောသူက မိမိလေးနာရီလောက်ကပင် ရောက်ခဲ့ကြောင်း၊ ပုံတော်မမူသေးကြောင်း ပြောပါသတဲ့၊ သို့ရာတွင် လေးနာရီ တဆယ့်ငါးမိနစ်လောက်မှာ လမ်းလျှောက်ယင်း လေဖြတ်၍ ပုံတော်မူသွားသည်ဟု သတင်းရသောကြောင့် သေချာအောင်လာခဲ့ခြင်းဖြစ်ကြောင်းကို ထိုစစ်ဗိုလ်တို့က လျှောက်ပါသတဲ့။

တန်ဆောင်မုန်း, နတ်တော်။ ။ထိုအချိန်များ၌ ဘုန်းကြီးဦးကုဏ္ဍလ (လေးမျက်နှာ)ကို တဘဝသံသရာ လက်ရေးမူများကို မြန်မြန်ပြီးအောင် အဖတ်ခိုင်းသည်၊ "ပျင်းစရာ, ငြီးငွေ့စရာ ပါသလား"ဟုလည်း မေးတော်မူသေးသည်။

တော်ကောင်းကြီးတွေ တောထဲလိုက်ပြီး ဘယ်သူအိပ်သလဲ'' မေးသောကြောင့် ဆရာတော် ကျောင်း၌ မအိပ်ပဲ ပြန်လာ ခဲ့ကြရသည်။

ပါဆိုကစာဝါ။ ။လပြည့်ကျော် ၁-ရက်နေ့၌ ပါဆိုကဝင် ဘာသာ၌ကာကို ဒေါ်သန်းသန်းကျောင်း အပေါ်ထပ်၌ ပို့ချတော်မူသည်၊ ရောဂါဝေဒနာများ ဖိစီးသဖြင့် ခြေထောက်များမှာ ဖိနပ်စီး၍ စီးမှန်းမသိ၊ ဖိနပ်ချွတ်လျှင်လည်း ကျွတ်မကျွတ်' မသိဖြစ်နေသည်၊ လေးလံနေသည်၊ ဒေါ်သန်းသန်းကျောင်း အုတ်ခုံမှာ အုတ် ၂-လွှာခန့်သာရှိ၏၊ သို့သော် ရုတ်ကနဲ မတက်နိုင်၍ ထိုအဖြစ်ကို အခြားသူများ မသိစေရန် ခွေးချောက်ယင်း အရှိန်ယူ၍တက်သည်၊ ထိုမျှမက အပေါ်ထပ်သို့ပင် ကြိုးစား၍ ဟန်မပျက် တက်တော်မူသည်၊ ထိုနေ့ည၌လည်း ဖော်ပြပါ ဘုန်းကြီးနှစ်ပါး အိပ်ရန် သွားကြသေး၏၊ ပြန်လာရသည်ပင်။

လပြည့်ကျော် ၂-ရက်နေ့။ ။လပြည့် ကျော် ၂-ရက်နေ့ကား သမားတော်ကြီး ဦးထွန်းသင်၏ လျောက်ထားချက်အရ အောက်ထပ်သို့ ပြောင်းရွှေ့ကာ စာချရ၏၊ ဒေါ်စုစုခေါ် ယောဂီတဦးက အေးလှသောကြောင့် အနွေးကိရိယာ တပ်ဆင်ရန် လျောက်ထား၏၊ ''ရှေးသူတော်ကောင်းကြီးတွေ တောထဲလိုက်ပြီး ဘယ်သူက အနွေးကိရိယာတပ်ပေးသလဲ၊ နာမည်ကြီးတဲ့သူတွေက ရွှေကသွားယင် နောက်ကလိုက်ပြီး အတုခိုးကြတာ'' ဟု ပြောသဖြင့် တပ်ဆင်ခွင့်မရ၊ နေ့ ၂-နာရီ၌ ထိုနေ့အတွက် စာဝါများ ပို့ချရေးသား ပြီးစီးသွား၏။

သမားတော်ကြီးလာ။ ။မန္တလေး ဆေးရုံကြီးမှ သမားတော်ကြီးများ ဆရာတော်၏ ကျန်းမာရေးကို ကြည့်ရှုရန် ရောက်လာကြ၏၊ စာမချဲ့အနားယူရန် လျောက်ထားကြ၏၊ ဆရာတော်က ရတနာသုံးပါးမှန်းပြီး ၃-ရက်တော့ ချမည်၊ ဟိုဘက်တော့ နားပါမည်ဟု ပြောလိုက်၏၊ ထိုသမားတော်ကြီးများနှင့်အတူ မြို့နယ်ဆရာဝန်နှင့် ဆရာတော်၏ အမြဲတမ်း ဆရာဝန်ဖြစ်သော ဒေါက်တာညိုညိုလည်း ပါဝင်၏၊ မန္တလေး ဒေါ်မြတို့ ညီအစ်မတစုလည်းပါဝင်၏၊ ဒေါ်မြတို့ ညီအစ်မတစုက အေးလှသဖြင့် ခြေဖဝါး လက်ဖဝါးများကို ပရုပ်ဆီဖြင့် ဆုပ်နယ်ထားပါရန် လျောက်ကြသတဲ့၊ သုံးနာရီခွဲခန့်၌ ပြန်သွားကြသတဲ့။

စေတီခေါင်းပြု။ ။ဝယျာဝစ္စ ဆောင်ရွက်သော ဦးပဉ္စင်းတပါးသည် ဆရာတော်ခုတင်ကို ခင်းပေး၏၊ ဘုရားကိုအာရုံပြု၍ ဘုရားရှင်သာသနာတော်ကို ကျက်သရေရှိအောင် ဆောင်ရွက်တော်မူနေသော ဆရာတော်သည်စေတီတော်ရှိရာ တောင်ဘက်သို့ ခေါင်းပြု၍သာ ထာဝရလျောင်း၏၊ ယခုလည်း ထိုသို့ပင်လျောင်း၏၊ ထိုဦးပဉ္စင်းသည် အနီးအပါး၌ ပြင်ဆင်ရန် လိုအပ်သမျှကို ပြင်ဆင်နေသော လက်သမားများအား ဆရာတော်နေမကောင်း၍ ရပ်နားရန် ပြောဆိုပြီးလျှင် မိမိသက်နှံများကို ဆွမ်းခံပြန်စဉ်ကမခေါက်ရသေးသောကြောင့် ခေါက်နေ၏၊ ပြီးမှ ဆရာတော်ကျောင်းပေါ်သို့ ပြန်လာခဲ့ရာ ဆရာတော်မှာ သတိမရပဲဖြစ်နေသည်ကို တွေ့ရ၏၊ သံဃာကြီး

များကို သွားရှလျှောက်၏၊ သံဃာကြီးများ ရောက်လာ၏၊ မြို့နယ်ဆရာဝန်နှင့် ဒေါက်တာညိုညိုတို့ကို အကြောင်းကြား၏၊ ပထမ မြို့နယ်ဆရာဝန် ရောက်လာ၏၊ နားကျပ်မပါ၍ ပြန်ယူနေရ၏၊ ထို့နောက် စမ်းသပ်၏။

လေးနာရီ တဆယ့်ငါး။ ။လေးနာရီခွဲ၌ ဒေါက်တာညိုညို ရောက်လာ၏၊ တဆယ့်ငါးမိနစ်ခန့် နောက်ကျသွားကြောင်း ပြောပြ၏၊ ထို့ကြောင့် ၄-နာရီ မိနစ် ၁၅-လောက်မှာ ဆရာတော် ပျံတော်မူသည်**ဟု** သတ်မှတ်ကြ၏၊ ဟံသာဝတီ သတင်း**စာ**တို့**က်မှ**တဆင့် အသံလွှင့်ဌာန**သို့** သတင်းပို့**၏**၊ ည ဂ-နာရီ ၁၅-မိနစ်၌ ဆရာတော် ပျံတော်မူကြောင်း မြန်မာ့အသံမှ အသံလွှင့်၏။

အုံဩ။ ။မြန်မာနိုင်ငံ အရပ်ရပ်ရှိ ဆရာတော်၏ တပည့်ဒကာ ဒကာမတို့မှာ အုံဩနေကြ၏၊ ရန်ကုန်မှ တပည့်ဒကာ ဒကာမတော့သည် သေချာအောင် နံနက်သတင်းစာကို **စောင့်** မျော်နေကြ၏၊ အချို့ဒကာ ဒကာမများသည် နံနက်လင်းစေချင်၏၊ လင်းလျှင်လင်းချင်း မဟာဂန္ဓာရုံကျောင်းသို့ အရောက်လာကြ၏၊ မန္တလေးမှ တပည့်ဒကာ ဒကာမတို့မှာ ကြားလျှင်ကြားချင်း ရောက်လာကြ၏။

ကြည့်ရှု။ ။ကျောင်းတိုက်တွင်း တပည့်တို့ကား ၄-နာရီ မိနစ် ၃၀-ခန့်မှစ၍ ဆရာတော်၏ ရုပ်ကလာပ်တော်ကို ကြည့်ရှုနေကြ၏၊ ပျံတော်မမူသေးပါ**ဟုလည်း** ပြောနေကြ၏၊

မျက်နှာမှာ ကြည်လင်ဝင်းပလျက် သပ္ပာယ်လှ၏၊ ကျိန်းစက်နေတာ ဖြစ်မှာပါ၊ ပျံတော်မမူသေးပါဘူးဟု တဖွဖွပြောဆိုနေကြ၏၊ **အရှင်ဇနပဒတိဿ**နှင့် အရှင်သောဟဒတို့သည် ကြည်ညိုရာကောင်းလှသော ရုပ်ကလာပ်တော်ကို ဓာတ်ပုံ မှတ်တမ်း**တင်** သင့်ကြောင်း တိုင်ပင်၍ ဆရာတော်ကျောင်းရှေ့၌ အသင့်တွေ့ရသော ဆောင်းဒါးယက်ကန်းကျောင်း မန်နေဂျာ ဒကာမောင်မောင်ကို **အ**သင့်ပါလာသော**စက်**ဘီး**ဖြင့်** ဓာတ်ပုံဆရာကောင်းကောင်း တ**ယော**က် **အလို**ရှိကြောင်း ပြောရာ ဆွေဓာတ်ပုံတိုက်မှ ဒကာကြီးကိုခေါ်လာ၏၊ ဆရာတော်ရုပ်ကလာပ်တော်ကို **အ**မျိုးမျိုးလှည့်ပတ်၍ ဓာတ်ပုံရိုက်ထား၏။

အာရုံကောင်း၌ စိတ်ထား။ ။ကျေးဇူးရှင် ဆရာတော်သည် ရောဂါဝေဒနာများ ဖိစီး**နေ** စဉ်၌လည်း စာရေးစာချ ဩဝါဒပေးခြင်း ကိစ္စများ၌ **အ**ချိန်များစွာ စိတ်ကို**ချ**ထား၍ **အား**လပ်သော **အ**ချိ**န်**များ၌ကား **မေတ္တာ**ကမ္မဋ္ဌာ**နိ်း** စီးဖြန်း**ခြင်း** ဘုရား**အာ**ရုံ ပြုခြင်းများကို **အ**ဆက်မပြတ် ပြုလုပ်နေ၏၊ လပြည့်နေ့ည လပြည့်ကျော် ၁-ရက်နေ့ညများ၌မူ ဝေယျာဝစ္စပြုသော တပည့်တို့က အိပ်ရာကို ပြင်ဆင်ရန် စောင့်ဆိုင်းနေရာ ည ၂-နာရီ**သို့**ရောက်မှ တရား**နှ**လုံးသွင်းနေသော ဆရာတော်**အ**ထံသို့**သွား**၍ ၂-နာရီ ထိုးနေပါပြီဘုရားဟု လျှောက်လေလျှင် ဒါ**ဖြင့်** ခုတင်ပြင်ဟု ပြော၍ ခုတင်ကိုပြင်ဆင်ပေးပြီးလျှင် မိမိကျောင်း**သို့**ပြန်**၍** အိပ်ကြလေသည်၊ နံနက်တုံးကြီးခေါက်၍ ဆရာတော်ကျောင်းသို့ သွားကြည့်သော

အခါ တရားနှလုံးသွင်းနေသော ဆရာတော်ကို တွေ့ရသတဲ့၊ ထို ညမျှားဌ မျှားစွာ ကျိန်းစက်ဟန်မတူ။

ရုပ်တော်ကြည်လင်။ ။ဤသို့ပရိယတ်လုပ်ငန်းနှင့် ဗုဒ္ဓါနုဿတိ အာရုံတို့ဖြင့် စိတ်အစဉ်ကို ထုံမွှမ်းထားအပ်သောကြောင့် ပျံတော်မူသောအခါ ရုပ်ကလာပ်တော် သည် လွန်စွာကြည်လင်နေခြင်း ဖြစ်ပေသည်၊ ကျေးဇူးရှင် ဆရာတော်သည် ဒီလိုသေရတယ်ဟု တပည့်ဒကာ ဒကာမတို့ကို သေနည်းပြသွား၏၊ အကောင်းဆုံးနေ၍ အကောင်းဆုံး သေသွားခြင်းပင်။

ထေရော အာစရိယော သေဋ္ဌော၊ ပဋိကစ္စေဝ ကာရကော။
ပသန္နမုခ သေယျော၊ သောဘေသိ ဇိနသာသနံ။

ကျေးဇူးတော်ရှင် ဆရာမြတ်သည်၊ မိမိသေရမည်ကို ကြိုတင်ပြင်ဆင်ထား၍၊ အလွန်ကြည်လင်သော မျက်နှာရှိသော အိပ်စက်ခြင်းဖြင့် ဗုဒ္ဓမြတ်စွာ သာသနာ၏ ကျက်သရေကို နောက်ဆုံးဆောင်တော်မူသွားပါသည်။

အရှင် သုဇာတ (သာဝတ္ထိ)
မဟာဂန္ဓာရုံတိုက်
အမရပူရမြို့
နိဂုံး

ကျောင်းတိုက်ကောင်း။ ။(၁) ကျောင်းတိုက် တည်နေရာ၏ တိတ်ဆိတ်ငြိမ်သက်၍ရေကောင်းရေသန့်၊ လေကောင်း လေသန့်တို့ဖြင့် လည်းကောင်း၊ အရိပ်ကောင်းသော သစ်ပင်မျှားဖြင့်လည်းကောင်း၊ သန့်ရှင်း သပ်ရပ်သော ဌာနဖြစ်ခြင်း၊ (၂) ကျောင်းတိုက်ကို အုပ်ချုပ်ကြသော ဆရာတော်နှင့်တကွ စာချဘုန်းကြီးမျှားက ကုသိုလ်ရေး၊ ကျန်းမာရေး၊ ပညာရေးတို့၌ စနစ်တကျညွှန်ပြနိုင်သော ဆရာကောင်းမျှားဖြစ်ခြင်း၊ (၃) တပည့်မျှားကလည်း ထိုညွှန်ပြမှုကို လေးလေးစားစား လိုက်နာတတ်သည့် ဆုံးမရလွယ်ကူသူမျှား ဖြစ်ခြင်း၊ ဤသုံးချက်စုံလျှင် စည်းကမ်းရှိ၍ သာသနာ့ ကျက်သရေကို ဆောင်နိုင်သော ကျောင်းတိုက်ကောင်းတခု ဖြစ်နိုင်ပေပြီ။

ဌေကုန်တိုင်းမဖြစ်။ ။ဤကျောင်းတိုက်မျိုးကို ဌေအကုန်ခံနိုင်ရုံမျှဖြင့်မဖြစ်နိုင်ပါ၊ နာမည်ကျော်ကြားမှုနှင့် ပစ္စည်းလာဘ်လာဘကို မငဲ့ခြင်း၊ သာသနာစိတ်ရှိခြင်း၊ ဝိနည်းလေးစားခြင်း စသောအချက်မျှားကို အခြေခံ၍ နေ့စဉ် နေ့စဉ် အပင်ပန်းခံလျက် ဆရာတပည့် နှစ်ဘက်လုံးကြိုးစားမှသာ ဖြစ်ပေါ်နိုင်ပါသည်။

တိုက်တွန်းချက်။ ။ကျေးဇူးရှင် ဆရာတော်သည် ကိုကဲ့သို့ ကျောင်းတိုက်မျိုး ဖြစ်ပေါ်လာအောင် မည်သို့ကြိုးစားတော်မူသွားသည်ကို ဤစာတမ်းဖြင့် ဖော်ပြပြီး

အရှင်သုဇာတ (သာဝတ္ထိ)
မဟာဂန္ဓာရုံတိုက်
အမရပူရမြို့

အများအမှန် ပြင်ဆင်ချက်

စာမျက်နှာ	မှား	မှန်
၉	ဝဲကိုယိမ်း	ဝဲဘက်ယိမ်း
၁၂	အစွမ်းနှစ်ခု	အစွန်းနှစ်ခု
၁၃	ကျမ်းဝန်ဆောင်	ကျမ်းပြုဝန်ဆောင်
၂၂	အရှင်ဒိန္နဝရ	အရှင်ဒိန္နဝရ
၂၅	ဥာဏောဘာလ	ဥာဏောဘာသ
၂၈	ကြီးငယ်တို့ကို ရေးသား	ကြီးငယ်တို့၏ အဖြေရေးသားမှု
၃၃	ယေခိယ	သေခိယ
၆၆	စာရင့် စာချုပ်နှိုးကြိုး	ဝါရင့်စာချုပ်နှိုးကြိုး
၇၂	အခန်းဌ ရှေးဌ ဖော်ပြအပ်	အခန်းဌ ဖော်ပြအပ်
၇၉	ရှေးသူတော်ကောင်း	ရှေးသူဟောင်း
၉၅	လိုက်တုကြကုန်မှာ၊	လိုက်တု ကုန်ကြမှာ
၉၉	စားယင်းကသွားတတ်	စားယင်း ထသွားတတ်
၁၀၆	ဦးခြူးစိန်	ဦးခြူးရှိန်
၁၁၂	ကတ္တိပါကွက်	ကတ္တိပါကွင်
၁၁၇	တပေါင်းလပြည့်တွင်	တပေါင်းလပြည့်တွင်း
၁၃၁	လေမလုံသောအရာ များဌ	လေမလုံသော နေရာများဌ

ပါပြီ၊သဒ္ဓါတရားရှိသောရဟန်းသာမဏေများနှင့် ဒကာဒကာမများသည် သာသနာတော်၌ စစ်မှန်သောသဒ္ဓါ၊ မှန်ကန်သော အသိဉာဏ်များရရှိ၍ မိမိကောင်းကျိုး အများကောင်းကျိုးကို စွမ်းနိုင်သမျှ ဆောင်နိုင်ကြပါစေ။

အရှင်ပဏ္ဍိတာဘိဝံသနှင့် သိရီဇနပွတိ
အနုနာယက, စာချဝန်ဆောင်
မဟာဂန္ဓာရုံကျောင်းတိုက်
အမရပူရမြို့။

၁၃၄၃-ခု၊ တပေါင်းလဆုတ် (၁၃) ရက်နေ့၌ ဤစာတမ်းကို စတင်ရေးသည်၊ ၁၃၄၄-ခု၊ ကဆုန်လဆန်း (၉) ရက်နေ့၌ ပြီးပါသည်။

၁၃၈	မပြုလျှင်**လည်း** ဥပုသ်ပြု**ရမည့်** **ရက်**ဖြစ်လျှင် **လည်း** ဥပုသ်ပြု**ရက်**ဖြစ်လျက်**နှင့်**	မပြု**လျှင်လ**ည်း ဥပုသ်ပြု**ရမည့်ရက်** ဖြစ်လျက်နှင့်
၁၄၅	ကြော်**ဆိုက်**အိုး	ကြော်**စိုက်**အိုး
၁၄၈	လိုအပ်**သော** သုံးစွဲနည်း	အပ်သော သုံးစွဲနည်း
၁၅၁	လူ**သာ**မာန်တို့နှင့်	လူ**သာမ**ကောတို့နှင့်
၁၅၃	ပဲဆေးတ**ဖိ**က	**ပဲစေ့**တစေ့က
၁၅၄	ကပ်ိယကုဋ္ဌိ ကရောမ	ကပ်ိယကုဋ္ဌိ**်ကရောမ**
၁၅၄	**စာ**ချတော်မူ	**ချ**တော်မူ
၁၅၇	မပေါ့မဆ သောက်ပါ	မပေါ့မဆ **စစ်သောက်**ပါ
၁၈၅	**ပေါ်လွ**တယ် မဟုတ်ရဘူး	ပေါ်လွတယ် **မ**ဟုတ်ဘူး
၁၈၇	ပဏ္ဏ**၀**တောင်ချေ	ပဏ္ဏ**ဝ**တောင်ချေ
၂၁၀	ကျက်သရေ**ရှိ**စေခြင်း	ကျက်သရေ**ရှိ**စေ**ချင်**
၂၁၁	အာ**ဂျော**ဂျပရမာ	အာ**ရော**ဂျပရမာ
၂၁၂	ဆွမ်းရည်ပြစ်ပြစ်	ဆွမ်း**ရည်**ဖြစ်ဖြစ်

အမှား အမှန် ပြင်ဆင်ချက်

စာမျက်နှာ	အမှား	အမှန်
၂၂၂	**အတူ** သာယာ**အောင်**	**အထူး** သာယာ**အောင်**
၂၂၆	အမှိ**က်**ကို	အမှိ**က်ကို**
၂၄၃	**က**၀ါငို	က၀ါ**ငံ**
၂၄၃/၄	ဒယ်အိုး**ကြီး**ရွှံ**အောင်**	ဒယ်အိုး**ကြီး**ရွှံ့**အောင်**
၂၆၇	တမွေန **အာ**ရေထ	ကမွေန **အာဒေထ**